# လူဖြစ်ရခြင်းရဲ့

## အဓိကရည်ရွယ်ချက်

မေတ္တာရှင်

(ရွှေပြည်သာ)




အရှင်ဇဝန
မေတ္တာရှင် (ရွှေပြည်သာ)

# လူဖြစ်ရခြင်းရဲ့
# အဓိကရည်ရွယ်ချက်

## မေတ္တာရှင်(ရွှေပြည်သာ)


| | |
|---|---|
| ဖြန့်ချိရေး | ရွှေပြည်သာစာပေ<br>မန္တလေးကျောင်းဥပသကာအဖွဲ့<br>၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်။<br>ဖုန်း - ၆၁၁၆၂၂၊ ၆၁၁၄၅၇ |
| ပုံနှိပ်မှတ်တမ်း | စာမူခွင့်ပြုချက်အမှတ် ၁၁၉/၀၁(ပုံနှိပ်) သသန-၀၉ |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ |
| မျက်နှာဖုံးဒီဇိုင်း | ကြေးသား |
| ကွန်ပျူတာစာစီ | မန္တလေးကျောင်း |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးငွေစိုး၊ သူရအောင်ပုံနှိပ်တိုက်၊<br>အမှတ်(၁၇၇-ခ)၊ ၆/၁၀ ရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |
| တာဝန်ခံထုတ်ဝေသူ | သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန<br>ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်မှ မှတ်ပုံတင်အမှတ်<br>(၀၃၈၄၃/၀၂၄၀၅) ဖြင့် ရိုက်နှိပ်ခွင့်ပြုသည်။ |
| စီစဉ်သူ | ဦးစိုးတင့်၊ ဦးဆန်းထွန်း |
| အတွင်းဖလင် | ကိုဦး |
| အုပ်ရေ | ၅၀၀၀ |
| တန်ဖိုး | ၁၂၀၀ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကုသိုလ်နှင့်ဝယ်ရသောဈေးကြီး | ၁၂ |
| သမင်နှင့်တူသော လူသား | ၁၃ |
| သစ်ပင်ပေါ်မှာ လမ်းလျှောက်သူ | ၁၅ |
| ကြည်ညိုစရာရဟန်းနှင့် ခင်စရာရဟန်း | ၁၆ |
| အဝီစိနှင့်ဆိုင်သောမင်း | ၁၉ |
| ဆရာကောင်းနှင့် ဒကာကောင်း | ၂၁ |
| ဘုရားမျက်နှာကြည့်သူ | ၂၃ |
| ဘုရားမျက်နှာကြည့်သော ဆုံးဖြတ်ချက် | ၂၆ |
| ဘယ်သူ ကဲ့ရဲ့ကဲ့ရဲ့ ဘုရားမကဲ့ရဲ့အောင်နေ | ၂၇ |
| မိဖုရားသာသနာမှာ နေချင်သူများ | ၂၈ |
| ပိဿလေးနှင့်ပစ်သော အနုမောဒနာတရား | ၃၀ |
| ခရစ်ယာန်တစ်ဦး၏ ပါရမီထိုက်သည့်အလှူ | ၃၂ |
| ချမ်းသာပြီး ဉာဏ်ထိုင်းရခြင်းအကြောင်း | ၃၄ |
| ပကာသနအလှူနှင့် ယမမင်းအင်တာဗျူး | ၃၆ |
| ရှိတာအကုန်လှူသော အမေရိကန်တစ်ဦး | ၃၉ |
| မိဘမဲ့ကလေးအများစု ဘာသာခြားဖြစ်ရခြင်းအကြောင်း | ၄၁ |
| နေ့-စည်းစိမ်စံ၊ ည-ခွေးစားခံရခြင်းအကြောင်း | ၄၃ |
| အသူရကာယ်ပြည်သို့ တခဏ | ၄၆ |
| သူတစ်ပါးသတ်တိုင်း အပါယ်မကျ | ၄၉ |
| ထောင်နှင့် အပါယ်လေးပါးသည် ကြောက်စရာမဟုတ် | ၅၃ |
| နတ်ပြည်ရောက် ဓါးပြများ | ၅၆ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြေပြင်ပေါ်မှ ငရဲဘုံ | ၆၂ |
| နတ်သက်တစ်ရက် လူသက်တစ်ရာ | ၆၇ |
| နေအိမ်ကိုပင် လှူနိုင်သူ | ၇၁ |
| ကြောက်ရင် လွဲ၊ ရဲရင် မင်းဖြစ် | ၇၄ |
| စိတ်သည် မကောင်းမှု၌ ပျော်ရခြင်းအကြောင်း | ၇၇ |
| သူတောင်းစားဖြစ်ရခြင်း၏ အဓိကအကြောင်း | ၇၉ |
| အကောင်းမကြိုက်ခြင်းအကြောင်း | ၈၂ |
| လူသတ်မှုကျူးလွန်ရခြင်း အဓိကအကြောင်း | ၈၅ |
| ပညာမဲ့နှင့် စည်းစိမ်ဥစ္စာ | ၈၇ |
| ကုသိုလ်လုပ်ဖို့ စည်းပွားရှာသူ | ၈၉ |
| လက်ယက်တွင်းနှင့် တူသောအရာ | ၉၂ |
| ဗုဒ္ဓပေးသော ဒါနပြုနည်း | ၉၆ |
| ဘာသာခြားဆရာမတစ်ယောက်၏ ဖွင့်ဟဝန်ခံချက် | ၉၉ |
| ရတနာသုံးပါးနှင့် သိန်းနှစ်ဆယ် | ၁၀၃ |
| အမိုက်ဆုံးနတ်ဟူသည် | ၁၀၆ |
| ဦးစိုးနိုင်၏ ကြီးပွားကြောင်းတရားများ | ၁၀၈ |
| အလုပ်ရှင်စိတ်မွေး၍ အလုပ်ရှင်ဖြစ်ရသူ | ၁၁၁ |
| ခွေးများကို အန်ကျွေးသော ကရဏာရှင် | ၁၁၄ |
| စွဲခြင်း၏ အဓိကအကြောင်းတရား | ၁၁၇ |
| ကုသိုလ်တရားကို အမြန်လုပ်ဖြစ်ခြင်းအကြောင်း | ၁၁၉ |
| ကုသိုလ်များများ ဖြစ်လိုသလား | ၁၂၁ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခြင်္သေ့လိုကျင့်မှ နိဗ္ဗာန်ရ | ၁၂၆ |
| ကျောင်းကိုမီးရှို့သူအား ကျေးဇူးတင်ရခြင်းအကြောင်း | ၁၃၀ |
| နိဗ္ဗာန်ရမည့် အနိုင်ယူနည်း | ၁၃၅ |
| ကုသိုလ်ဖြစ်ခြင်း အကြောင်းရင်း | ၁၃၇ |
| ချိုမာလွင်နှင့် ဝေမာလွင် | ၁၄၁ |
| ငါးမိနစ်တရား | ၁၄၄ |
| ထားဝယ်မြို့က လေဆင်နှာမောင်း | ၁၄၇ |
| မြန်မာဖြစ်ရခြင်းအတွက် ဝမ်းသာစရာများ | ၁၅၀ |
| သာဓုမခေါ်တတ်သော ပြိတ္တာများ | ၁၅၃ |
| ကျွတ်လွတ်အောင် အမျှပေးနည်းအစီအစဉ် | ၁၅၅ |
| ဘာသာခြားတို့၏ နောက်ဆုံးပန်းတိုင် | ၁၅၇ |
| ‘မ’ တစ်လုံး ကျေရခြင်းအကြောင်း | ၁၆၀ |
| ကွန်ပစ်သော ဆရာတော် | ၁၆၂ |
| အကောင်းဆုံးဆွမ်းနှင့် အဟောင်းဆုံးသင်္ကန်း | ၁၆၇ |
| မိမိအသက်ကို ဖြုန်းတီးနေသူများ | ၁၇၀ |
| တစ်ဘဝတာ သရဏဂုံ၏ ကောင်းကျိုး | ၁၇၃ |
| မိဘမျက်စိကွယ်တာ ဝမ်းသာစရာ | ၁၇၄ |
| ဝေမာလွင် ငါးဖမ်းနေသည် | ၁၇၆ |
| သိရမည့်အရာနှင့် ပယ်သတ်ရမည့်အရာ | ၁၇၈ |
| ဥစ္စာယူနည်း နှစ်မျိုး | ၁၈၀ |
| ထမင်းတစ်နပ်အတွက် သုံးနှစ်ကျွန်ခံသူ | ၁၈၂ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အောင်မြင်ခြင်း၏ သော့ချက်တစ်ခု | ၁၈၅ |
| ရှိလို့မလှူ သိလို့လှူသူ | ၁၈၇ |
| ဆရာနှစ်မျိုး | ၁၉၉ |
| တစ်ပြိုင်နက် သားနှစ်ယောက်ဆုံးရသူ၏ ရင်တွင်းစကား | ၂၀၁ |
| ဂျူန်ဦးစော၏ နောက်ဆုံးနေ့ | ၂၀၃ |
| ဂျူန်ဦးစော၏ နောက်ဆုံးစာတစ်စောင် | ၂၀၅ |
| ဂျူန်ဦးစော၏ နောက်ဆုံးသံဝေဂစကား | ၂၀၈ |
| ဘုရားက မခိုက်ပါ မရိုက်ပါ | ၂၀၉ |
| ကြိုးဒဏ်ပေးပုံ မြင်ကွင်းကျယ် | ၂၁၂ |
| ကြိုးသမား၏ သံဝေဂစာတမ်း | ၂၁၈ |
| ခေတ်သစ် အနာထပိဏ် | ၂၂၀ |
| ဒုစရိုက်ရှာဖြစ်ရခြင်းအကြောင်းရင်း | ၂၂၄ |
| မြေပြင်ပေါ်က ငရဲပြည် | ၂၃၀ |
| တိရစ္ဆာန်နှင့်တူသော လူများ | ၂၃၃ |
| တောင်ပေါ်ကဘုရား တောင်အောင်မှာ ဘာသာခြား | ၂၃၅ |
| ဘုရားဖူးရင်း ငိုရသည် | ၂၃၈ |
| ကာမေသုကံ၏ဆိုးကျိုးများ | ၂၄၂ |
| သုသာန်ထဲမှ မုန့်ဆွမ်းအလှူ | ၂၄၄ |

# အသက် နှင့် အချိန်

စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့၊ ရက်၊ လ၊ နှစ် စသည့်

အချိန်တိုလေးများကို

ပေါင်းစည်းထားခြင်းသည်ပင်

အသက်မည်၏။

ထို့ကြောင့် အသက်ကို တန်ဖိုးထားသူသည်

အချိန်ကို တန်ဖိုးထားရမည်။

ကုသိုလ်၊ ပညာ၊ ဥစ္စာ သုံးမျိုးအနက်

တစ်မျိုးမျိုးကိုမှ မရဘဲ

အချိန်ဖြုန်းတီးသူများသည်

မိမိအသက်ကို

ဖြုန်းတီးသူများပင်ဖြစ်၏။

မေတ္တာရှင်(ရွှေပြည်သာ)

# လူဖြစ်ရခြင်းရဲ့
# အဓိကရည်ရွယ်ချက်

သာယာဝတီမှ မောင်ရဲမြင့်သည် အခြားဘာသာဝင် ဖြစ်သည်။ စာရေးသူနှင့် ဘာသာတရားအကြောင်းကို ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးအပြီးတွင် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သွားခဲ့သည်။ သူနှင့် ဆွေးနွေးပုံအကျယ်ကို "အရှုံးမရှိသောဒဿန" စာအုပ်တွင် ဖတ်ရှုနိုင်သည်။ မောင်ရဲမြင့်သည် စာဖတ်သည်။ ထို့ကြောင့် အတွေးအခေါ် ကောင်းသည်။ သူ့ အတွေးအခေါ်လေး တစ်ခုကို ဖတ်ရှုခံစားကြည့်ပါ။

လူတစ်ယောက်မှာ တီဘီရောဂါ ဖြစ်နေသည်။ ခြောက်လလောက် စွဲသောက်လျှင် ကင်းရှင်းစွာပျောက်မည့် ဆေးလည်း သူ့အနားတွင် ရှိနေသည်။ သို့သော် သူကား ထိုဆေးကို မသောက်။ အကြောင်းကား ထိုဆေးသည် သူ့နိုင်ငံမှ ထုတ်လုပ်သောဆေး မဟုတ်သောကြောင့် ဟူ၏။ ထိုသို့ မသောက်လျှင် ထိုသူသည် တီဘီရောဂါဖြင့် သေဖို့သာ ရှိ၏။

ထို့အတူ လောဘ၊ ဒေါသ စသော ကိလေသာ ရောဂါများကို ပျောက်စေမည့် တစ်ခုတည်းသော ဆေးသည် ဗုဒ္ဓ၏ ဝိပဿနာတရားပင် ဖြစ်၏။ ထိုဝိပဿနာဆေးကို မိမိဘာသာက နည်းလမ်း မဟုတ်သောကြောင့် မသောက်သုံးနိုင်၊ မကျင့်သုံးနိုင်ဟု ဆိုလျှင် ပူလောင်သော၊ အပါယ်သို့ ဆွဲချသော ကိလေသာရောဂါများ မပျောက်ကင်းရုံသာရှိ၏။

မောင်ရဲမြင့်သည် ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် ရဟန်းပြု လိုက်သောအခါ 'ဦးဝိသုဒ္ဓ' ဖြစ်သွား၏။ ရွှေပြည်သာမြို့၊ မန္တလေး ကျောင်းမှာ ငါးဝါခန့် သီတင်းသုံးပြီးနောက် ကော့သောင်းမြို့သို့ ပြောင်း ရွှေ့သွားခဲ့သည်။ ကော့သောင်းမြို့၊ ခုနစ်မိုင်ရွာရှိ တောင်ကြီးတစ်တောင် ပေါ်တွင် တစ်ပါးတည်း ဇေကစာရီ သီတင်းသုံးပြီး ပခုက္ကူ ဝိပဿနာ သင်တန်းခွေ တရားများကို နာယူလျက် တရားကျင့်နေသည်။

ဦးဝိသုဒ္ဓသည် သူ့ထံသို့ ရောက်လာသမျှ ဒကာ၊ ဒကာမ,များ အား အတွေးအမြင်ပါသည့် တရားတိုလေးများကို ဟောပေးလေ့ရှိသည်။ သူ့တရား အများစုသည် အမေးပါသော်လည်း အဖြေမပါပေ။ အလွန် စိတ်ဝင်စားစရာ ကောင်းသဖြင့် နမူနာတစ်ခု ဖော်ပြပါအံ့။ တစ်ခါတွင် ကော့သောင်းမြို့၊ သူဌေးကျွန်းဟိုတယ်မှ ဦးဘုန်းမြင့်တစ်ယောက် ဦးဝိ သုဒ္ဓ၏ တောကျောင်းလေးသို့ ရောက်လာသည်။ ဦးဝိသုဒ္ဓက စတင် မေးမြန်းသည်။

"ဒကာကြီး . . . နာမည် ဘယ်လိုခေါ်သလဲ"

"ဦးဘုန်းမြင့်လို့ ခေါ်ပါတယ် ဘုရား"

"ဒကာကြီး အသက်မွေးဝမ်းကျောင်း ဘာလုပ်သလဲ"

"တပည့်တော် သူဌေးကျွန်းဟိုတယ် အင်ဂျင်နီယာဌာနမှာ အလုပ် လုပ်ပါတယ် ဘုရား"

"ဒကာကြီး . . လူလာဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ အင်ဂျင်နီယာလုပ်ဖို့ တစ်ခုတည်းအတွက်လား"

ဦးဝိသုဒ္ဓ၏ တရားသည် စကားလုံး ၂၇ လုံးခန့်နှင့် ပြီးဆုံးခဲ့ လေပြီ။ ကမ္ဘာ့အတိုဆုံးတရားဟု ဆိုရလေမည်လား မသိ။ ဦးဘုန်းမြင့်

အတွက်ကား အံ့သြစရာအကောင်းဆုံး နေ့တစ်နေ့ ဖြစ်သွား၏။ လူတစ်ယောက် ဖြစ်နေပါလျက် "လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်" ကို ဦးဘုန်းမြင့်တစ်ယောက် တစ်ခါမျှ မစဉ်းစားခဲ့ဖူးပေ။

ဦးဝိသုဒ္ဓသည် ထိုမေးခွန်းကို ကျောင်းသို့ ရောက်လာသူအားလုံးအား မေးမြန်းလေ့ရှိသည်။ သို့သော် အဖြေကိုကား ပြောမပြပေ။ အမေးခံရသူ ကိုယ်တိုင် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် အဖြေထုတ်ရသည်။ စာရေးသူသည် ဤတရားကို ရန်ကုန်တိုင်း၊ ဒေါပုံမြို့၊ ယမုံနာလမ်းတွင် စတင် ဟောကြားခဲ့သည်။

ထိုတရားသည် နာကြားရသူ အားလုံးအတွက် အံ့သြတုန်လှုပ်ဖွယ်ရာဖြစ်သွားသည်။ အသိဉာဏ်ပညာအလင်းတွေ အများကြီးရသွားကြသည်။ ဤတရား ဗီစီဒီအခွေကို သာကေတ၊ (၁)ဈေးလမ်း၊ ရွှေလဝင်း စတိုးဆိုင်နှင့် ဆေးဆိုင်ပိုင်ရှင် ဦးကျော်လှ၊ ဒေါ်စန်းတင့် မိသားစုတို့က ဓမ္မဒါနအဖြစ် လှူဒါန်းနေရာ ခွေပေါင်း ထောင်ချီနေပြီဟု သိရသည်။

ထိုယမုံနာလမ်းဘေးမှ မီးသွေးရောင်းသော ဘာသာခြားဒကာကြီးတစ်ဦးသည် ထိုတရားကို နာကြားမိသွားပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားသည်။ ထိုဘာသာပြောင်းလာသော ဒကာကြီးသည် ရွှေလဝင်းမိသားစုထံမှ ယင်းတရားခွေများကို ယူ၍ ထပ်ဆင့် ဓမ္မဒါနပြုနေသည်မှာလည်း ခွေပေါင်း ရာဂဏန်းအထိရှိနေပြီဟု သိရသည်။

ထို ဘာသာခြားဒကာကြီးက ဦးလှဝင်းတို့ မိသားစုအား ပြောခဲ့သော စကားမှာ မှတ်သားဖွယ် ကောင်းလှ၏။

**"ကျွန်တော် လူတစ်ယောက် ဖြစ်နေပြီးတော့ လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို တစ်ခါမှမစဉ်းစားမိဘူး၊ လူလာဖြစ်ရတာ မီးသွေး**

ရောင်းဖို့ တစ်ခုတည်းအတွက်လို့ပဲ ထင်နေမိတယ်၊ ဒီတရားကို နာရမှ လူဖြစ်ရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကို ကောင်းကောင်းကြီး သိသွားတယ်”

## ကုသိုလ်နှင့်ဝယ်ရသောဈေးကြီး

လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်သည် ဝမ်းစာရှာဖို့ မဟုတ်၊ အိပ်ဖို့ မဟုတ်၊ စားဖို့ မဟုတ်၊ ကာမဂုဏ်ခံစားဖို့ မဟုတ်။ ကုသိုလ်ပြုဖို့ အတွက်သာ ဖြစ်၏။ တိရစ္ဆာန်တွင် ဝမ်းစာရှာခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်းဟူသော အချက်လေးချက်ရှိသကဲ့သို့ လူတွင်လည်း ထို့အတူ လေးချက်ပင် ရှိ၏။ ဤလေးချက်သာ ရှိနေပါက လူသည် တိရစ္ဆာန်နှင့် ဘာမျှမထူး၊ အတူတူသာ ဖြစ်၏။

လူသားသည် ကုသိုလ် (ပရဟိတအလုပ်) ကို လုပ်တတ်၏။ တိရစ္ဆာန်ကား မလုပ်တတ်။ ဤကုသိုလ် (ပရဟိတအလုပ်)ကြောင့်သာလျှင် လူသားသည် တိရစ္ဆာန်ထက် သာလွန် မြင့်မြတ်သွားခြင်း ဖြစ်၏။ (၃၁)ဘုံတွင် လူ့ဘုံတစ်ဘုံသာ ကုသိုလ်လုပ်၍ ရသလော၊ အခြားဘုံများတွင် ကုသိုလ်လုပ်၍ မရပြီလောဟု မေးခဲ့ငြားအံ့။ ‘မရနိုင်’ဟုသာ ဖြေရပါလိမ့်မည်။ မရနိုင်ဟူသည် လူ့ဘုံကဲ့သို့ တင်းပြည့်ကျပ်ပြည့် မရနိုင်ဟု ဆိုလိုခြင်း ဖြစ်၏။

လူ့ဘုံ အောက်တွင်ရှိသော အပါယ်လေးဘုံတွင် ဆင်းရဲဒုက္ခတွေ များလွန်းအားကြီးသောကြောင့် မည်သည့် ကုသိုလ်မှ ပြုလုပ်၍ မရပေ။ လူ့ဘုံ အထက်တွင်ရှိသော နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့တွင်ကား ချမ်းသာသုခတွေ များလွန်းအားကြီးသောကြောင့် မည်သည့်ကုသိုလ်

ကိုမျှ ကောင်းကောင်းလုပ်၍ မရပြန်ပေ။ ဥပမာအားဖြင့် နတ်ပြည်နှင့် ဗြဟ္မာ့ပြည်တွင် အလှူခံပုဂ္ဂိုလ် မရှိသောကြောင့် ဒါနကုသိုလ် မည်သို့မျှ မဖြစ်နိုင်ခြင်းမျိုးပင်တည်း။

ထို့ကြောင့် ဘုရားအလောင်းများသည် နတ်ပြည်သို့ ရောက်လျှင် သက်တမ်းပြည့် မနေဘဲ သက်တမ်း၏ သုံးပုံတစ်ပုံလောက်သာ နေကာ မိမိကိုယ်ကို သေအောင်ပြု၍ လူ့ပြည်သို့ ပြန်သွားကြသည်။ လူ့ပြည်ရောက်မှ ဒါန၊ သီလ စသော ကုသိုလ်ပါရမီများကို တင်းပြည့်ကျပ်ပြည့် ဆည်းပူးကြသည်။ နတ်ပြည်သည် လူ့ဘဝက ရှာဖွေလာသော ကုသိုလ်များကို သုံးစွဲရာ ဈေးတန်းတစ်မျိုးသာ ဖြစ်သည်။

## သမင်နှင့်တူသော လူသား

မဏိံ မိဂေါ ပဿန္တောပိ၊
တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊
ကာမံ ဘုဉ္ဇံဝ ဂစ္ဆတိ။

**“သမင်သည် ပတ္တမြားကို မြင်သော်လည်း ဂရုမစိုက်ဘဲ၊ မြက်ကိုသာစားပြီး တောတွင်းသို့ ဝင်သွား၏။ ထို့အတူ ပညာမဲ့သော လူသားသည်လည်း လူ့ဘဝကို ကုသိုလ်ရဖို့ အသုံးမချဘဲ ကာမဂုဏ် ခံစားဖို့အတွက် အသုံးချ၍ အပါယ်လေးပါးသို့ သွားသည်”**

ဤကား ဗုဒ္ဓ၏ အဆုံးအမ ဒေသနာတော်လေးတစ်ခုပင် ဖြစ်၏။

လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ကို မသိသော ပညာမဲ့သည် လူ့ဘဝကို ကာမဂုဏ် ခံစားဖို့အတွက် အသုံးချ၍ အပါယ်လေးပါးသို့ သွားသည်။ လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ကို သိသော ပညာရှိ သည် လူ့ဘဝကို ကုသိုလ်ရဖို့အတွက် အသုံးချ၍ နိဗ္ဗာန်သို့ သွားသည်။

လူတစ်ရာတွင် (၉၉)ယောက်သည် ယူရသော ဘဝတွင်သာ ပျော်မွေ့ကြ၏။ ကျန် တစ်ယောက်သာ လျှူရသော ဘဝကို ပျော်မွေ့သည်။ ထို့ကြောင့် လူတစ်ရာတွင် (၉၉) ယောက်သည် လူဆင်းရဲများ ဖြစ်လာကြပြီး ကျန်တစ်ယောက်သာ လူချမ်းသာ ဖြစ်လာရ၏။ ကျွန်ုပ်သည် အတိတ်ဘဝက ဘုန်းကြီးလည်းဖြစ်ခဲ့ဖူး၏။ ဝက်တစ်ကောင်လည်း ဖြစ်ခဲ့ဖူး၏။

ယခုဘဝ ကိုယ်အမူအရာ နှုတ်အမူအရာကို ကြည့်၍ ထိုကဲ့သို့ ဖြစ်ခဲ့ဖူးကြောင်း မှန်းဆ၍ သိရခြင်း ဖြစ်၏။ ပထမဘဝသည် ဘုန်းကြီး ဖြစ်ပြီး၊ ဒုတိယဘဝတွင် ဝက်ဖြစ်ရသည်။ ယခုဘဝတွင် စောင်ကြီးကို သက်န်းလုပ် ရုံကာ တရားဟောတမ်း ကစားခြင်းသည် ဘုန်းကြီးဘဝ ဖြစ်ခဲ့ဖူးကြောင်း ပြသနေသည်။

မိုးရွာလျှင် ရွှံ့ထဲဗွက်ထဲ လူးလိမ့်နေရလျှင် အလွန်ပျော်ခြင်းသည် ဝက်ဘဝမှလာကြောင်း သက်သေပြနေသည်။ ဝက်ဘဝကို သေချာမှတ်မိသော်လည်း ရဟန်းဘဝကို သေချာ မမှတ်မိတော့ချေ။ သို့သော် ရဟန်းဘဝတွင် ရဟန်းလို မနေခဲ့သည်မှာ သေချာသည်။ အကြောင်းကား ရဟန်းဘဝမှ သေသောအခါ အပါယ်သို့ကျပြီး ဝက်ဖြစ်ခဲ့ရသော ကြောင့်ပင်တည်း။

# သစ်ပင်ပေါ်မှာ လမ်းလျှောက်သူ

ရဟန်းဘဝသည် သစ်ပင်ပေါ်တွင် လမ်းလျှောက်သူနှင့် တူ၏။ လူ့ဘဝသည် မြေပြင်ပေါ်တွင် လမ်းလျှောက်သူနှင့် တူ၏။ မြေပြင်၌ လမ်းလျှောက်ရသူသည် ချော်လဲလျှင် ပွန်းပဲ့ရုံသာရှိ၏။ ထို့ထက် မပို။ ထို့အတူ လူ့ဘဝ၌ အပြစ်သေးသေး ကျူးလွန်လျှင် မကောင်းကျိုးသေး သေးသာ ခံစားရ၏။ ထို့ထက် မပို။

သစ်ပင်ပေါ်မှ ခြေချော်ကျသူကား သေရသည်က များ၏။ မသေလျှင်လည်း ခြေကျိုး၊ လက်ကျိုး၊ ခါးကျိုးပြီး တစ်သက်လုံး လူစင် မမီသည့်ဒုက္ခကို ခံစားရ၏။ ထို့အတူ ရဟန်းဘဝ၌ကား အပြစ်သေးသေး ကျူးလွန်လျှင်ပင် မကောင်းကျိုးကား ကြီးကြီးမားမား ခံစားရ၏။

အကြောင်းကား - သူတစ်ပါးလှူသည်ကို စားနေသူ ဖြစ်သော ကြောင့်ပင်တည်း။ ဓမ္မပဒ၌ 'ဧရကပတ္တ' အမည်ရှိ နဂါးတစ်ကောင် အကြောင်းပါရှိ၏။ ထိုနဂါးသည် အတိတ်ဘဝက ရဟန်းတော်တစ်ပါး ပင် ဖြစ်၏။ တစ်ရက်တွင် လှေဖြင့် ခရီးသွားရာ လမ်းခရီးအကြားတွင် လှေလူးသောကြောင့် ဟန်ချက်ပျက်သွားသော ခန္ဓာကိုယ်ကို ပြန်ထိန်း နိုင်ရန် လှေအနီး ကမ်းစပ်တွင်ပေါက်ရောက်နေသည့် မြက်ပင်တစ်ပင်ကို ဆွဲကိုင်လိုက်မိ၏။

လှေ၏ အရှိန်ကြောင့် မြက်ပင်သည် ရဟန်း၏ လက်တွင်းသို့ ပြတ်၍ပါလာ၏။ ထို့ကြောင့် ရဟန်းတွင် ပါစိတ်အာပတ် (အပြစ်)သင့် သွား၏။ နေထိုင်ရာ ကျောင်းသို့ ရောက်သော်လည်း ဒေသနာကြားစရာ ရဟန်း မရှိသောကြောင့် မကြားဖြစ်ပေ။ တစ်ရက်တွင် ရောဂါတစ်ခုဖြင့်

ပျံလွန်တော်မူရာ မြက်ပင်ကို ဆွဲဖြတ်ခဲ့မိသော အပြစ် (အာပတ်)ကြောင့် နဂါးဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။

လူသားတစ်ယောက်အတွက် မြက်ပင်တစ်ပင်ကိုနုတ်ခြင်းသည် အပြစ် မဟုတ်သော်လည်း ရဟန်းတစ်ပါးအတွက်ကား အပါယ်သို့ပင် ကျရောက်ခဲ့ရ၏။ သစ်ပင်ပေါ်မှကျလျှင် အနည်းဆုံး ကျိုးပဲ့သွားမည်ဟု ဆိုထားသည် မဟုတ်ပါလော။ ထို့ကြောင့် ရဟန်းဘဝတွင် ရဟန်းလို နေနိုင်က ကောင်း၏။ ရဟန်းလို မနေနိုင်က လူထွက်သင့်၏။

ရဟန်းဟူသည် ကြည်ညိုစရာကောင်းသော ရဟန်း၊ ခင်စရာ ကောင်းသောရဟန်းဟု နှစ်မျိုးရှိ၏။ ကြည်ညိုစရာကောင်းသော ရဟန်း ဟူသည် 'ဗုဒ္ဓအလိုကျရဟန်း' ပင် ဖြစ်၏။ ခင်စရာကောင်းသော ရဟန်း ဟူသည် 'လူ့အလိုကျရဟန်း' ပင် ဖြစ်၏။

## ကြည်ညိုစရာရဟန်းနှင့် ခင်စရာရဟန်း

ကြည်ညိုစရာကောင်းသော ရဟန်းတွင် ခင်စရာကောင်းသော အချက်များကို မတွေ့နိုင်သလို၊ ခင်မင်စရာကောင်းသော ရဟန်းတွင် လည်း ကြည်ညိုစရာကောင်းသော အချက်များကို တွေ့နိုင်ခဲ၏။

ကြည်ညိုစရာကောင်းသော ရဟန်းသည် 'တရားရဖို့' ကိုသာ အဓိက ထား၏။ ခင်မင်စရာကောင်းသော ရဟန်းသည်ကား 'ပစ္စည်း လေးပါးရဖို့' ကိုသာ အဓိကထား၏။ တရားရဖို့ကို အဓိကမထား။ အံ့ဩ စရာကောင်းသည်ကား -

**ပစ္စည်းလေးပါးကို အဓိကထားပြီးရှာသော ရဟန်းသည် ပစ္စည်းလေးပါးကိုလည်း မရ၊ တရားလည်းမရ ဖြစ်တတ်ပြီး၊ တရားကို အဓိကထားပြီးရှာသော ရဟန်းသည် ပစ္စည်းလေးပါးလည်းရ၊ တရားလည်းရ ဖြစ်တတ်ခြင်းပင်တည်း။**

ကြည်ညိုစရာကောင်းသော ရဟန်းသည် မိမိခန္ဓာကိုယ်ကို သာသနာ ကြီးပွားရာ ကြီးပွားကြောင်းအတွက်သာ အသုံးချတတ်၏။ လမင်းကဲ့သို့ ကျင့်၏။ လမင်းသည် လူတို့နှင့် ဝေးရာမှာနေ၏။ သို့သော် လူသားတို့အား အလင်းရောင်ကိုပေး၏။ အအေးဓာတ်ကိုလည်း ပေး၏။ ထို့အတူ ကြည်ညိုစရာကောင်းသော ရဟန်းသည် လူတို့နှင့် ဝေးရာမှာ နေ၏။ သို့သော် လူတို့အား သစ္စာတရားကို ဟောကြားပေး၏။ မေတ္တာဓာတ်ကိုလည်း ပို့လွှတ်ပေး၏။

သစ္စာတရားကို ဟောကြားခြင်းဟူသည် အလင်းရောင်းကို ပေးခြင်းဖြစ်၏။ မေတ္တာဓာတ်ကို ပို့လွှတ်ပေးခြင်းဟူသည် အအေးဓာတ်ကို ပေးခြင်းဖြစ်၏။ ဘကြီးတော်မင်းတရားနှင့် နန်းမတော်မယ်နုတို့ လက်ထက်တွင် ပေါ်ထွန်းခဲ့သော ညောင်ကန်ဆရာတော် ဦးဗုဓ် (ဦးစက္ကိန္ဒ) သည်ကား ကြည်ညိုစရာကောင်းသော ဗုဒ္ဓအလိုကျ ရဟန်းတစ်ပါးပင် ဖြစ်၏။

မင်းနှင့် မိဖုရားက ကျောက်ဆောက်လျှုဒါန်း ကိုးကွယ်ခဲ့ရသော မင်းဆရာတော်တစ်ပါး ဖြစ်သော်လည်း ပစ္စည်းလေးပါးအလှူရှင် မင်းနှင့် မိဖုရားကို ပျံလွန်တော်မူသည်အထိ ငါးမိနစ် ပြည့်အောင်ပင် စကား လက်ခံ မပြောခဲ့ဖူးပေ။ အဘယ့်ကြောင့်နည်း -

မိမိ၏ လူ့ဘဝတွင် နေရမည့် အသက်နှင့် အချိန်တို့ကို သာသနာအား အပြီးအပိုင် လှူဒါန်းထားခြင်းကြောင့်ပင်တည်း။

ဘကြီးတော်မင်းတရားနှင့် နန်းမတော်မယ်နုတို့သည် ဆရာတော်ဦးဗုဓ်၏ ကျောင်းသို့ မကြာမကြာ ရောက်လာတတ်ပြီး လိုအပ်သည်ကို ကြည့်ရှုလှူဒါန်းတတ်ကြ၏။ ကျောင်းသို့ ရောက်ရောက်ချင်း ဆရာတော်ကို ဦးချရှိခိုး၏။ ဆရာတော်ကား နှုတ်ဆက် စကားပြောဖို့ဝေးစွ၊ လှည့်၍ပင် မကြည့်ချေ။ ဆရာတော်၏ မျက်လုံးများကား ကျမ်းစာအုပ်မှ မခွာပေ။

လှူစရာရှိသည်များကို လှူခဲ့ပြီး ပြန်ခါနီးတွင် တစ်ကြိမ် ဦးချသည်။ ဩဝါဒတရားလေးများ ဟောလေမလားဟု မင်းနှင့် မိဖုရားက ငံ့လင့်မိကြ၏။ သို့သော် ဆရာတော်ကား စာအုပ်ကို စိုက်ရေးနေလိုက်သည်မှာ သူတို့လာရောက် ဦးချသည်ကိုပင် သိဟန်မတူ။ တစ်နေ့တရားဟောနိုး၊ တစ်နေ့ စကားပြောနိုးနှင့် စောင့်ဆိုင်းလာကြသည်မှာ နှစ်များစွာပင် ကြာခဲ့၏။ ဆရာတော်ထံမှ နှုတ်ဆက်စကားသံကိုပင် မကြားခဲ့ပါချေ။

ထို့ကြောင့် မင်းနှင့် မိဖုရားသည် ဆရာတော်နှင့် စကားပြောခွင့်ရရန် တစ်ယောက်လျှင် တစ်ကြိမ်စီ ကြိုးစားခဲ့ကြဖူး၏။ တစ်ခါတွင် ဘကြီးတော် မင်းတရားသည် ဆရာတော်အား ဦးချပြီးသည်နှင့် အရဲစွန့်ပြီး ယခုလို လျှောက်ထားလိုက်၏။

# အဝီစိနှင့်ဆိုင်သော မင်း

"ဆရာတော် ဘုရား၊ တပည့်တော်တို့လို တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများအတွက် အဆုံးအမတရားများ ဟောကြားပေးပါ ဘုရား"

ထိုအခါ ဆရာတော် ဟောကြားလိုက်သော တရားသည် လိုရင်း တိုရှင်းနှင့် ထိမိပြီး ဆယ်စက္ကန့်အတွင်းမှာပင် ပြီးဆုံးသွား၏။

ထိုတရားကား -

'မင်းနှင့်တူအောင် ကျင့်က ငါတို့ ဆုံးမဩဝါဒပေးရန် မလို၊ မင်းနှင့်တူအောင် မကျင့်ရင်တော့ ငါနဲ့မဆိုင်၊ အဝီစိနဲ့သာဆိုင်တယ်' ဟူ၏။ အုပ်ချုပ်ရေးပိုင်းမှ လူကြီးများကို မြှောက်ကာ ပင့်ကာ တရား ဟောသော ရဟန်းတော်များ သတိပြုစရာပင် ဖြစ်၏။ ဘကြီးတော် မင်းတရားကား ပြုံးပြီး ဘာမျှ ပြန်မပြောနိုင်တော့ဘဲ ထပြန်ခဲ့ရလေ တော့သည်။

*မှတ်ချက်။ ။ (မင်းကျင့်တရား ဆယ်ပါး၊ ဒါန သီလ ပရိစ္စာဂ- မင်းမှု ထမ်းတို့အား ရိက္ခာထောက်ပံ့၊ အဇ္ဇဝ- ပြည်သူကို မလိမ်ဘဲ ဖြောင့်မတ် ခြင်း၊ မဒ္ဒဝ- နူးညံ့ခြင်း၊ တပ- ခြိုးခြံစွာ ကျင့်ခြင်း၊ တစ်လလေးကြိမ် ဥပုသ် စောင့်ခြင်း၊ မေတ္တာပွားခြင်း၊ အကောဓ - အမျက် မထွက်ခြင်း၊ အဝိဟိံသ- မညှင်းဆဲခြင်း၊ ခန္တီ- သည်းခံခြင်း၊ အဝိရောဓန- ပြည်သူ၏ အလိုဆန္ဒနှင့် မဆန့်ကျင်ခြင်းတို့ပင် ဖြစ်၏။)*

နန်းမတော်မယ်နုသည် အတ္တမာနကြီးမား၏။ သူ တောင်နန်းစံ နန်းမတော်ကြီး ဖြစ်စဉ်အခါက နှစ်ပေါင်း ထောင်နှင့်ချီ၍ ကြာအောင်

ပြောဆို သုံးနှုန်းနေကြသော အသုံးအနှုန်းများကိုပင် အမိန့်အာဏာဖြင့် ပြောင်းလဲသုံးနှုန်း ပြောဆိုစေခဲ့သည်။

'မန်ကျည်းရွက်နုနု' ကို 'မန်ကျည်းရွက် ထွင့်ထွင့်' ဟု ပြောင်းလဲ သုံးနှုန်းရသည်။ 'နုနုလှလှ သမီးတော်လေး' အစား 'အိအိလှလှ သမီးတော်လေး' ဟု ပြောင်းလဲ သုံးနှုန်းရသည်။ သူ့နာမည် 'နု' ဟူသော စကားကို မည်သူမျှ မသုံးနှုန်းစေလိုသောကြောင့်ပင် ဖြစ်၏။

ထိုသို့ မာနကြီးလှသော နန်းမတော်မယ်နုကို နိုင်သောသူသည် အင်းဝနေပြည်တော်၌ ဆရာတော်ဦးပုဓ် တစ်ပါးသာရှိ၏။ နန်းမတော်မယ်နုသည် ကျောင်းသို့ နေ့စဉ်မပြတ် လိုအပ်သော အရာများကို ရှာဖွေလှူဒါန်းလေ့ရှိသည်။ ဆရာတော်ကား ကျမ်းစာကို စိတ်ဝင်တစား ရေးနေရာ နှုတ်ဆက်ဖို့ ဝေးစွ၊ လှည့်ကြည့်ဖော်ပင် မရချေ။

ပြီးလျှင် ကပ္ပိယထံ လိုအပ်သောပစ္စည်းကို အပ်နှံသည်။ အပ်နှံပြီးသည်နှင့် နောက်ရက် လိုအပ်မည့်ပစ္စည်း ရှိ မရှိ ကျောင်းပေါ် ကျောင်းအောက် လှည့်ပတ်ကြည့်ရှုသည်။ ထိုကိစ္စပြီးသည်နှင့် ဆရာတော်ထံ သွားရောက် ဦးချပြီး နန်းတော်သို့ ပြန်သည်။ ဆရာတော် ဦးပုဓ်ကား အလာတုန်းက နှုတ်မဆက်သကဲ့သို့ အပြန်တွင်လည်း မေးမြန်းဖော်ပင် မရချေ။

နန်းမတော်မယ်နု ကျောင်းသို့လာတိုင်း ဤပုံစံအတိုင်း ဖြစ်၏။ ယခုခေတ် အနေအထားအရ ဆိုလျှင် ကျောင်းအမနှင့် ကျောင်းထိုင်ဘုန်းကြီး ရန်များဖြစ်ထားရော့သလားဟုပင် ထင်မှတ်စရာဖြစ်၏။

# ဆရာကောင်းနှင့် ဒကာကောင်း

သူတို့နှစ်ဦးကား ဆရာကောင်းနှင့် ဒကာကောင်း ပီသစွာ နေထိုင်ကျင့်သုံးကြခြင်းပင် ဖြစ်၏။ ပေးလှူတတ်သူကို 'ဒကာကောင်း' ဟု ခေါ်ရသောကြောင့် ဒကာဟုဆိုလျှင် အမျိုးသားရော အမျိုးသမီးပါ နှစ်ဦးလုံးနှင့် သက်ဆိုင်၏။ ဆရာ၏ အဓိကအလုပ်သည် 'စာပေအလုပ်'နှင့် 'တရားအလုပ်' ဤနှစ်မျိုးသာ ရှိ၏။ ညော့်ခံစကား ပြောဖို့၊ ဟေးလေးဝါးလေး နေဖို့၊ ဘုရားဖူး လိုက်ပို့ဖို့၊ တယ်လီဖုန်းရအောင် ဆိုင်ရာလူကြီးကို ချဉ်းကပ်ဖို့ အလုပ်များ မပါချေ။

ဒကာ၏ အဓိကအလုပ်သည် ပရိယတ္တိ၊ ပဋိပတ္တိ တစ်ခုခုကို အားသွန်ခွန်စိုက် အားထုတ်လျက်ရှိသော ဆရာအား လိုအပ်သောပစ္စည်းလေးပါးကို တတ်နိုင်သမျှ လှူဒါန်းဖို့ဖြစ်၏။ လူရှေ့ သူရှေ့တွင် မဏ္ဍပ်တိုင် တက်ပြဖို့၊ ဘုန်းကြီး၏ အရေးပေးခံရဖို့၊ လောကီစကားများကို ဘုန်းကြီးအား သွားပြောဖို့ အလုပ်များ မပါချေ။

ထို့ကြောင့် သူတို့ နှစ်ဦးသည် ကိုယ့်အလုပ်ကို ပီပီပြင်ပြင် ပြုလုပ်နေကြခြင်းပင် ဖြစ်၏။ သို့သော် ပုထုဇဉ်ပီပီ နန်းမတော်မယ်နုသည် တစ်ခါတစ်ရံ ဆရာတော်ပြောသော စကားလေးကို တစ်ခွန်းနှစ်ခွန်းခန့် နားထောင်လိုသည်သာ ဖြစ်၏။ ထို့ကြောင့် တစ်ခုသော ရက်တွင် ကျောင်းသို့အသွား ဤသို့ ဆုံးဖြတ်ချက် ချထား၏။

"ဒီနေ့တော့ ဆရာတော်ထံမှ စကားပြောသံ မကြားရသမျှ နန်းတော်သို့ မပြန်" ဟူ၏။ သူ့ရည်ရွယ်ချက် အောင်မြင်ရန်အတွက် အကွက်ကျကျ စီစဉ်ပြီး နှစ်နှစ်အရွယ် မြေးမလေးကို ကျောင်းသို့ခေါ်

လာခဲ့သည်။ ကျောင်းသို့ရောက်လျှင် ဆရာတော်ကို ဦးချပြီးသည်နှင့် သူစိပ်နေကျ စိပ်ပုတီးလေးကို ပေစာရွက်များ အကြားတွင် မြေးမလေး မြင်သာအောင် ညှပ်ထားလိုက်သည်။

လှူစရာရှိသည်ကို လှူ၊ ကျောင်းတွင် ကြည့်စရာရှိသည်များကို ကြည့်ပြီးသည်နှင့် ဆရာတော်ထံ သွားရောက် ဦးချသည်။ ပြီးလျှင် မြေးမလေးအား ပုလဲပုတီးကို သွားယူဖို့ လက်ညှိုးထိုးပြလိုက်သည်။ ကလေးသည် ဦးဗုဓ်သော ဘာသော နားလည်သည် မဟုတ်သောကြောင့် ထပ်ထားသော ပေစာရွက်များကို တွန်းချပြီး ပုတီးကို အရယူတော့သည်။

'ဝုန်း . . ဖြန်း . . ဖြန်း' ဟူသော ပေစာရွက်များ ပြုတ်ကျသံကြားမှ ဆရာတော်သည် စာရေးခြင်းကို ခေတ္တရပ်ဆိုင်းပြီး လှည့်ကြည့်လေသည်။ ကလေးကို မြင်သည်နှင့် -

"ဟဲ့ . . . တော်တော်ဆော့တဲ့ ဗိုင်းတာမလေးပဲ၊ ဘယ်ကကလေးလဲ"

ဟု မေးလိုက်ရာ စကားပြောချင်နေရှာသော နန်းမတော်ကြီးက-

"တပည့်တော်မရဲ့ မြေးလေးပါ ဘုရား"

ဟု အလိုက်သင့် ဖြေလိုက်သည်။ ထိုအခါကျမှ နန်းမတော်ကြီးကို မေးဖော်ရတော့သည်။

"ဟဲ့ မိနု၊ ကျောင်းကို ဘာလာလုပ်တာလဲ"

"တပည့်တော်မ လိုအပ်နေတဲ့ ပစ္စည်းလေးတွေ လာလှူတာပါဘုရား"

"ကဲ . . . မိနု၊ လှူစရာရှိတာ လှူပြီးရင် ပြန်တော့"

ဤနေ့ကား ဆရာတော်ဦးဗုဓ် စကားကို အရှည်ဆုံးပြောသော နေ့ပင် ဖြစ်၏။ 'နု' ဟူသော စကားကို မသုံးနှုန်းရဟု ဥပဒေထုတ်ပြန်ထားသော နန်းမတော်ကြီးသည် ဆရာတော်ဦးဗုဓ်၏ 'မိနု' ဟူသော ခေါ်သံကိုကား အပြစ်မမြင်သည့်အပြင် ဝမ်းသာကြည်နူးနေရှာပါ၏။

## ဘုရားမျက်နှာကြည့်သူ

ဆရာတော် ဦးဗုဓ်ကား ဒကာ၊ ရာထူး၊ ငွေ၊ ဂုဏ် မည်သည့် အရာကိုမျှ မကြည့်ဘဲ ဘုရားမျက်နှာကိုသာ ကြည့်ပြီး သာသနာပြုနေသော ဆရာတော်တစ်ပါးဖြစ်၏။ 'ပညာရှိ၏အစွမ်းကို အခက်အခဲကြုံမှ သိရသည်' ဟူ သော စကားအတိုင်း တစ်ခါတွင် သာသနာပိုင် ဆရာတော်ကစပြီး မည်သည့် တံဆိပ်ရ/မရ ဆရာတော်အားလုံး အဆုံးအဖြတ် မပေးရဲသော သာသနာရေးနှင့်ဆိုင်ရာ အမှုတစ်ခု ဖြစ်ပေါ်လာ၏။

ထိုအချိန်က အင်းဝနေပြည်တော်တွင် နန်းမတော် မယ်နုနှင့် အရှိန်အဝါ တန်ခိုးချင်း ပြိုင်နေသူမှာ ဘကြီးတော် မင်းတရားခေါ် စစ်ကိုင်းမင်း၏ ညီတော် အိမ်ရှေ့ (သာယာဝတီမင်းသား)ပင် ဖြစ်၏။ ပုထုဇဉ် မှန်သမျှ သူတစ်ပါးနှင့် ယှဉ်ပြိုင်လျှင် အနိုင်ရမှ ကျေနပ်ကြ၏။ သို့သော် ပုထုဇဉ်အများစု၏ အနိုင်ယူနည်းကား တရားနည်းလမ်း မကျသော အပါယ်ကျမည့် အနိုင်ယူမှုမျိုးသာ ဖြစ်နေတတ်၏။

ဟိန္ဒူဘာသာဝင်များချည်းသာရှိသော အိန္ဒိယနိုင်ငံကြီးတစ်ခုလုံးကို ဗုဒ္ဓဘာသာနိုင်ငံကြီးတစ်ခု ဖြစ်သွားအောင် ပြုလုပ်နိုင်ခြင်းမှာ

တခြားတန်ခိုး မဟုတ်၊ ဗုဒ္ဓ၏ မေတ္တာတန်ခိုးသာ ဖြစ်၏။ မည်သည့် ပြဿနာမျိုးမဆို ဗုဒ္ဓက မေတ္တာဖြင့်သာ အနိုင်ယူစေချင်၏။ ဤအနိုင်ယူ နည်းသည်သာလျှင် နိဗ္ဗာန်ရောက်မည့် အနိုင်ယူနည်း ဖြစ်၏။ တခြား သော အနိုင်ယူနည်းများကား အပါယ်ကျမည့် အနိုင်ယူနည်းများသာ ဖြစ်၏။

အောင်ခြင်းရှစ်ပါးသည် ဗုဒ္ဓ၏ မေတ္တာအောင်ပွဲများကို သက် သေပြုခြင်းပင် ဖြစ်၏။ မြန်မာလူမျိုး၊ မြန်မာနိုင်ငံဟု ဆိုလျှင် ကမ္ဘာက သိသူ နည်း၏။ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကပင် ထင်နေကြသဖြင့် အတော် ဖြေရှင်းပြကြရ၏။ သို့သော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဟောင်း ဦးသန့်၏ နိုင်ငံကဟု ပြောလိုက်လျှင်ကား ချက်ချင်းသိကြ၏။ ကမ္ဘာစစ်ဖြစ်မည့် အရေးများကို အောင်မြင်စွာ တားဆီးနိုင်ခဲ့ပြီး ငြိမ်းချမ်း ရေးအောင်ပွဲများကို အရယူနိုင်ခဲ့သည်မှာလည်း ဦးသန့်၏ မေတ္တာတန်ခိုး ပင် ဖြစ်၏။

ထိုကဲ့သို့ အနိုင်မယူဘဲ 'သူက ပါးရိုက်လျှင်၊ ငါက နားကိုက် မည်' ဟူသော နည်းမျိုးဖြင့် အနိုင်ယူနေသမျှ နိဗ္ဗာန်နှင့် ဝေးနေကြဦးမည် သာ ဖြစ်၏။ အိမ်ရှေ့မင်းနှင့် နန်းမတော်မယ်နုတို့သည် ရာထူးကြီးဖို့၊ အာဏာ ရဖို့၊ အသင်းအပင်းများဖို့ ပြိုင်ဆိုင်ရုံနှင့် အားမရတော့ဘဲ သံဃာတော် စာအောင်ပွဲအထိပါ ပြိုင်လာကြတော့သည်။

စစ်ကိုင်းမင်းနှင့် နန်းမတော်ကြီးတို့သည် နှစ်စဉ် ပထမပြန် စာမေးပွဲတော် ကျင်းပပေး၏။ ထိုစာပြန်ပွဲတွင် နှစ်စဉ် အိမ်ရှေ့မင်း၏ ကျောင်းမှ ပထမကျော်ပုဂ္ဂိုလ် ထွက်နေသဖြင့် နန်းမတော်မယ်နု၏မောင် စလင်း မင်းသားကြီး ဦးအိုကလည်း သူကိုးကွယ်ရာ ကျောင်းမှ ပထမ

ကျော်ဘွဲ့ ဆွတ်ခူးစေချင်သော ဆန္ဒပြင်းပြလျက်ရှိသည်။

သို့သော် သူ၏ ဆန္ဒပြည့်ရန် မတရားသောနည်းကို အသုံးပြု လေ၏။ အိမ်ရှေ့မင်း၏ ကျောင်းထိုင် ဆရာတော်ကို ချဉ်းကပ်ကာ စာ အလွန်တော်သော ရဟန်းတစ်ပါးကို သူကိုးကွယ်ရာကျောင်းသို့ ဘေးက မသိအောင် ပင့်ဆောင်သွားလေသည်။

မတရားသောနည်းဖြင့် အနိုင်ယူခြင်းသည် ဗုဒ္ဓနှင့် ဆန့်ကျင် ဘက် တိတ္ထိဆရာကြီးတို့၏ နည်းလမ်းပင် ဖြစ်၏။ ဗုဒ္ဓဘာသာဝင် မှန် သမျှ ဘုရားရှင်၏တပည့်အမည်ခံပြီး တိတ္ထိဆရာကြီးများ၏ နည်းလမ်းကို လုံးဝ အသုံးမပြုသင့်ပေ။

ကိုယ်နှင့် မထိုက်တန်ပါဘဲ ငွေထိုးပြီး ရာထူးကို အရယူခြင်း၊ ငွေထိုးပြီး နိုင်ငံခြားပညာတော်သင် ထွက်ရအောင်လုပ်ခြင်းတို့သည် တိတ္ထိဆရာကြီးများ၏ နည်းလမ်းများပင် ဖြစ်၏။

ပထမပြန် စာမေးပွဲအကြောင်းကို ပြန်ဆက်ပါအံ့။

စာမေးပွဲ နီးလာသောအခါ အိမ်ရှေ့မင်းသည် သူ့ကျောင်းမှ ပထမကျော် ဆွတ်ခူးနိုင်မည့် ရဟန်းကို ဦးအို ခိုးသွားကြောင်း သိသဖြင့် စစ်ကိုင်းမင်းထံ တိုင်တန်းလေသည်။ စစ်ကိုင်းမင်းမှာ ညီတော်နှင့် မိဖုရား ၏မောင်တော်ကြားဝယ် ဆုံးဖြတ်ချက်ပေးရန် အခက်ကြုံနေ၏။

လူမှုရေးကိစ္စ မဟုတ်ဘဲ၊ သာသနာရေးကိစ္စ ဖြစ်နေသဖြင့် နောက်ဆုံးတွင် သုဓမ္မာဆရာတော်ကြီးများနှင့် သာသနာပိုင်ထံသို့ လွှဲ အပ်လိုက်သည်။ ထိုဆရာတော်များကလည်း ဆုံးဖြတ်ချက် မချနိုင်ဖြစ် နေတော်မူကြသည်။ တကယ့်အခက်အခဲနှင့် ကြုံတွေ့ရချိန်တွင် ပညာရှိ ၏အစွမ်းကို သိရလေပြီ။

အားလုံး၏ သဘောတူ ခွင့်ပြုချက်ဖြင့် ထိုအမှုကို ဆရာတော်ဦးဗုဓ်မှ ဆုံးဖြတ်ပေးပါရန် လွှဲအပ်လိုက်သည်။ ဆရာတော်သည် ရှောင်လွှဲ၍ မရနိုင်သဖြင့် အမှုကို ဆုံးဖြတ်ပေးရန် လက်ခံလိုက်ရတော့သည်။

## ဘုရားမျက်နှာကြည့်သော ဆုံးဖြတ်ချက်

အမှုကို ဆုံးဖြတ်ရန် သုဓမ္မာဇရပ်သို့ ဆရာတော်ဦးဗုဓ် ကြွရောက်တော်မူလာလေပြီ။ သာသနာပိုင် ဦးဆောင်သော သာသနာ့ထိပ်ခေါင်များ၊ တရားလို၊ တရားခံနှင့်တကွ မဟာဒါန်ဝန် အမှုုးပြုသော မင်းပရိသတ် ရှေ့မှောက်ဝယ် -

"ဒီအမှုဟာ အိမ်ရှေ့မင်းနှင့်လည်း မဆိုင်၊ နန်းမတော်နှင့်လည်း မဆိုင်၊ မင်းသားကြီးနှင့်လည်း မဆိုင်၊ ဘုန်းကြီးချင်း တပည့်လက်သားကို ဖြားယောင်းခေါ်ယူတာဖြစ်လို့ ဝိနည်းပညတ်တော်အတိုင်း မင်းသားကြီးကျောင်းတိုက်က ဘုန်းကြီးဟာ သူတစ်ပါး တပည့်သားကို ဖြားယောင်းခေါ်ယူသဖြင့် ဒုက္ကဋ်အာပတ်သင့်တယ်၊ ဒေသနာကြားပါ၊ အနားက ဘုန်းကြီးတစ်ပါးက ဒေသနာခံလိုက်၊ ပထမကျော်ပြန်ရမည့် ရဟန်းသည် သူတစ်ပါး ဖြားယောင်းရာသို့ 'ဆန္ဒာဂတိ' လိုက်ခြင်းကြောင့် ဒီနှစ် ပထမကျော် မပြန်ဆိုရ၊ ရွာသို့ပြန်စေ"

ဟု ဆုံးဖြတ်ချက်ချလိုက်ရာ အားလုံးက ဝမ်းသာအားရ သာဓုခေါ်ကြလေသည်။

# ဘယ်သူ ကဲ့ရဲ့ ကဲ့ရဲ့၊ ဘုရား မကဲ့ရဲ့အောင်နေ

အခြားသူများ ကဲ့ရဲ့ခြင်းကြောင့် အပါယ်သို့ မကျနိုင်၊ ဘုရားရှင် အကဲ့ရဲ့ခံရမှသာ အပါယ်သို့ကျမည် ဖြစ်သည်။ ထို့ကြောင့် ဘယ်သူ ကဲ့ရဲ့ ကဲ့ရဲ့၊ ဘုရား မကဲ့ရဲ့အောင်သာ အဓိကထားပြီး နေသင့်၏။ အခြားသူများ ကဲ့ရဲ့ခြင်းသည် မှားချင်လည်း မှားနိုင်၏။ မှန်ချင်လည်း မှန်နိုင်၏။

ဘုရားရှင်၏ ကဲ့ရဲ့မှုသည်ကား အမှားဟူ၍မရှိ အမှန်ချည်းသာ ဖြစ်၏။ ဤအကြောင်းကြောင့် ဘုရားမကဲ့ရဲ့အောင် အဓိကထားပြီး နေရခြင်းဖြစ်၏။ ပစ္စည်းလေးပါးရဖို့အတွက် သာသနာ့ဘောင်သို့ ဝင်လာသူများသည် အခြားသူများ ကဲ့ရဲ့မှာသာ ကြောက်၏။ ဘုရားရှင်ကဲ့ရဲ့မှာကို မကြောက်ပေ။

ဥပမာအားဖြင့် ဘုရားပွဲတွင် ဇာတ်ထည့်လျှင် ဘုရားရှင် ကဲ့ရဲ့၏။ ဇာတ်မထည့်လျှင် အခြားသူများက ကဲ့ရဲ့၏။ မြန်မာပြည်တွင် အခြားသူများက ကဲ့ရဲ့မှာကိုကြောက်ပြီး ဇာတ်ပွဲထည့်သော ဘုရားပွဲသာ များ၏။ ဘုရားရှင် ကဲ့ရဲ့မှာကိုကြောက်ပြီး ဘုရားပွဲ၌ ဇာတ်ပွဲမထည့်သူမှာ အလွန်ရှားပါး၏။

ထိုသူနှစ်မျိုးတွင် ဆရာတော် ဦးဗုဓ်ကား ဘုရား ကဲ့ရဲ့မှာကိုသာ ကြောက်သူ ဖြစ်၏။ အများကဲ့ရဲ့မှာကို ဂရုစိုက်သော ဆရာတော်တစ်ပါး မဟုတ်ပေ။ တစ်ခုသောနှစ်၏ ကထိန်ရာသီတွင် နန်းမတော်ကြီးတို့သည် ကြီးကျယ်ခမ်းနား များပြားသော ပစ္စည်းမျိုးစုံဖြင့် ကထိန်ခင်း၏။

ဆရာတော် ဦးဗုဓ်အတွက်ရည်မှန်းပြီး သီထားသော ပဒေသာ ပင်ကြီးသည် အကြီးဆုံး၊ အကောင်းဆုံးဖြစ်နေသဖြင့် လူတိုင်း ဝိုင်းဝန်း

ကြည့်နေကြရသည်။ မင်းနှင့် မိဖုရားမှာလည်း မိမိတို့ ကြည်ညိုသော ဆရာတော် ဦးပုဓ်ကို လှူဒါန်းရခြင်းဖြစ်၍ ပီတိဝေဖြာနေကြသည်။

ကထိန်သင်္ကန်းနှင့် ပဒေသာပင် လှူဒါန်းပွဲကြီးကား စလေပြီ။ ကြွလာသော တံဆိပ်ရ,မရ ဆရာတော်ကြီးများကြားတွင် သင်္ကန်းနွမ်းနွမ်းနှင့် ရဟန်းငယ်တစ်ပါးလည်း ပါဝင်လာသည်ကို ဆရာတော်ဦးပုဓ် သတိထားမိလိုက်သည်။ ဝိနည်းဥပဒေအရ သိမ်ထဲ၌ ကထိန်ခင်းသောအခါ သင်္ကန်းရှားပါးသောရဟန်းက ကထိန်သင်္ကန်းကိုအလှူခံပြီး ခင်းရသည်။

ဆရာတော်သည် ထိုကိုယ်တော်လေးကို ရှေ့သို့ ခေါ်ကာ "ကထိန်အလှူကို ကိုယ်တော်လေး လက်ခံပါ" ဟု မိန့်ကြားပြီး ဆရာတော်အတွက် ရည်မှန်းထားသော အဖိုးအတန်ဆုံး ပဒေသာပင် ညတ်မကြီးကို လှူဒါန်းလိုက်လေသည်။ အခြား ကြွလာကြသည့် ဆရာတော်များက ဆရာတော် ဦးပုဓ်ကို ယခုလို သတိပေးကြ၏။

## မိဖုရားသာသနာမှာ နေချင်သူများ

"နန်းမတော်မိဖုရားကြီးက အရှင်ဘုရားအတွက် ရည်မှန်းထားတဲ့ ပဒေသာပင်ကြီးကို သာမာန် ရဟန်းတစ်ပါးအား ပြန်လှူပြီး ကထိန်ခံစေလို့ သင့်တော်ပါ့မလား၊ ကထိန် အလှူရှင် နန်းမတော်ကြီး စိတ်မကောင်းဖြစ်နေပါ့မယ်"

ထိုနည်းတူ ကြွလာသော ဆရာတော်ကြီးအားလုံးကလည်း အများမျက်နှာ (မိဖုရားမျက်နှာ)ကို ကြည့်ပြီး ကန့်ကွက်ကြ၏။ ထိုဆရာတော်အားလုံးအား ဆရာတော်ဦးပုဓ်က ယခုလို ပြန်မေးလိုက်၏။

**“ကိုယ်တော်တို့ အားလုံးဟာ ဘုရားသာသနာမှာ နေတာလား၊ မိဖုရား သာသနာမှာ နေတာလား”**

ကန့်ကွက်ကြသော ဆရာတော်များထံမှ မည်သည့်စကားသံမှ ထွက်ပေါ်မလာတော့ပေ။

*မှတ်ချက်။ ။(စကားအရ ဒကာက ကထိန်ခင်းသည် ဆိုရသော်လည်း အမှန်က သိမ်ထဲသို့ရောက်လျှင် ရဟန်းတော် အချင်းချင်းသာ ကထိန်ခင်း၍ ရသည်။ ဒကာက ကထိန်အလှူကို ပေးလှူရခြင်းသာ ဖြစ်၏။ ကထိန်ဒကာ မပေါ်လျှင် ရဟန်းတစ်ပါးပါးက မိမိတွင် အပိုရှိသော ခါးဝတ်သင်းပိုင် တစ်ထည်ဖြင့်လည်း ကထိန်ခင်း၍ ရသည်သာ။)*

သိမ်ထဲ၌ ကထိန်ခင်းခါနီးတွင် ကြွရောက်လာသည့် ရဟန်းများထဲမှ သင်္ကန်းရှားပါးသူဖြစ်လျှင် ဤသင်္ကန်းကို လက်ခံပြီး ကထိန်ခင်းပေးဖို့ သုံးကြိမ်တိတိ ပန်ကြားရသည်။ ထိုအခိုက်တွင် ဝိနည်းဥပဒေအရ ဝါကြီးသည် ငယ်သည် မဟူ။ မည်သူမဆို သင်္ကန်းရှားပါးသူ ဖြစ်ပါက ကထိန်သင်္ကန်းကို ခံယူရသည်။

အကယ်၍ သင်္ကန်းရှားပါးသော ရဟန်းမရှိလျှင် ထိုကထိန်ခင်းရာကျောင်းမှ ဝါအကြီးဆုံး မထေရ်ကြီးကိုဖြစ်စေ၊ (သို့မဟုတ်) ထိုမထေရ်ကြီးက ထပ်ဆင့်ညွှန်ကြားသော ကျောင်းအတွက် ကျေးဇူးများသူ ရဟန်းဖြစ်စေ ကထိန်သင်္ကန်းကို ခံယူရသည်။

# ပိသာလေးနှင့်ပစ်သော အနုမောဒနာတရား

တစ်ခါတွင် နန်းမတော် မယ်နုသည် ဆရာတော်အား ယခုလို လာရောက်လျှောက်ထား၏။

"တပည့်တော်မသည် ဤအုတ်ကျောင်းတော်ကြီးကို သုံးသိန်းကျော်မျှ အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းခဲ့ပါတယ် ဘုရား၊ ဖလုံခုံရွာတွင်လည်း တစ်သိန်းကျော်မျှ အကုန်ကျခံကာ ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့ပါသေးတယ်၊ ဤကဲ့သို့ လှူဒါန်းခဲ့ရသော်လည်း ကုသိုလ်ကောင်းမှု၌ အားရတင်းတိမ်မှု မရှိခဲ့ပါဘုရား။

အခါခပ်သိမ်း ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်စသည့် မြတ်သောဝတ္ထုတို့ကိုလည်း ထောက်ပံ့လှူဒါန်းခဲ့ပါသည် ဘုရား၊ ထိုသို့ လှူဒါန်းရသော ကောင်းမှုကုသိုလ်၏ အကျိုးကို ဟောကြားပေးတော်မူပါ ဘုရား"

ထိုအခါ ဆရာတော်ဦးပုဉ်က ကျောင်းအမအား ရေဖလားဖြင့် ရေအပြည့် ခပ်ယူလာရန် စေခိုင်းလိုက်သည်။ အနားရောက်သော် ထိုရေ ခွက်ထဲမှ ရေများကို အကုန်အစင် သွန်ပစ်ခိုင်းလိုက်ပြန်သည်။ ပြီးမှ ထို ဥပမာအတိုင်း တရားဟောပါတော့သည်။

"အခု သွန်ပစ်လိုက်သော ရေနှင့် လှူ၍ကုန်ရသော ပစ္စည်း တူ၏၊ ဖလားထဲ၌ ကပ်၍ကျန်ခဲ့သော ရေနှင့် ကောင်းကျိုးရသည်နှင့် တူ၏"

ဆရာတော်၏တရားသဘောကို ဉာဏ်မမီရှာသော နန်းမတော်ကြီးကား မျက်နှာပင် မကောင်းအောင် ဖြစ်သွားရှာ၏။ ဆရာတော်က

အကျယ်သိစေချင်သည်မှာ ဤကဲ့သို့ ဖြစ်၏။ ဒါနသည် 'ပါရမီထိုက်သော ဒါန' နှင့် 'ပါရမီမထိုက်သောဒါန' ဟု နှစ်မျိုးရှိ၏။ ထိုတွင် ပါရမီထိုက်သောဒါနဟူသည် လောက(အလှူခံ)ကောင်းစားဖို့ အဓိကထားပြီး လှူဒါန်းသောဒါနမျိုး ဖြစ်၏။

ပါရမီမထိုက်သောဒါနဟူသည် ငါကောင်းစားဖို့ အဓိကထားပြီး လှူဒါန်းသောဒါနမျိုး ဖြစ်၏။ ပါရမီထိုက်သောဒါနသည် လူချမ်းသာ၊ နတ်ချမ်းသာကို ပေးသည့်အပြင် ကိလေသာကုန်ရာ နိဗ္ဗာန်ချမ်းသာကို ပေးသောကြောင့် " ထိုက်တန်သော ကောင်းကျိုးကို ရသောဒါန " ဟု ဆိုသင့်၏။

ပါရမီမထိုက်သောဒါနသည် လူချမ်းသာ၊ နတ်ချမ်းသာလောက်ကိုသာပေးပြီး နိဗ္ဗာန်ချမ်းသာကို မပေးနိုင်သောကြောင့် 'ကောင်းကျိုးအရနည်းသောဒါန' ဟု ဆိုသင့်၏။ နန်းမတော်ကြီးသည် 'ငါ ကောင်းစားဖို့၊ ငါ ထင်ရှားဖို့' ဟူသော စိတ်ဖြင့် လှူဒါန်းခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် သာမာန်အသေးအမွှား လူချမ်းသာ၊ နတ်ချမ်းသာလောက်ကိုသာရပြီး အကျိုးပေးအကြီးမားဆုံးဖြစ်သည့် နိဗ္ဗာန်ချမ်းသာကို မရနိုင်ပေ။ ဤအချက်ကို ထင်ရှားစေရန် 'သွန်ချလိုက်သဖြင့် ကုန်သွားသောရေနှင့် လှူ၍ကုန်သွားသော လှူဖွယ်ဝတ္ထု တူသည်။ ရေခွက်၌ ကပ်ကျန်သော ရေနှင့် ရသောကောင်းကျိုး တူသည်' ဟု ဟောကြားတော်မူလိုခြင်း ဖြစ်၏။

## ခရစ်ယာန်ဘာသာဝင်တစ်ဦး၏ ပါရမီထိုက်သည့်အလှူ

တစ်နည်းအားဖြင့် ပါရမီထိုက်သောဒါနကို 'ဉာဏ်ယှဉ်သောဒါန' ဟု ခေါ်နိုင်ပြီး၊ ပါရမီမထိုက်သောဒါနကို 'ဉာဏ်မယှဉ်သောဒါန' ဟု ခေါ်သင့်ပေသည်။ လောကအတွက်၊ သာသနာအတွက် ကျေးဇူးများမည့်နေရာများကို ရွေးချယ်စိစစ်၍ လှူဒါန်းခြင်းမျိုးသည် 'ဉာဏ်ယှဉ်သောဒါန' ပင် ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် သိန်းပေါင်း လေးထောင်ကျော်ခန့် အကုန်အကျခံကာ တည်ဆောက်ထားသော ကင်ဆာဝေဒနာရှင်များ ပြုစုစောင့်ရှောက်ရာ ဦးလှထွန်း- ကင်ဆာဖောင်ဒေးရှင်း ဆေးရုံကြီးများသည် ပါရမီထိုက်သည့် 'ဉာဏ်ယှဉ်သောဒါန' ပင် ဖြစ်၏။

အလှူရှင် ဦးလှထွန်းသည် ခရစ်ယာန်ဘာသာဝင် ဖြစ်သော်လည်း သူ၏အလှူကား ဗုဒ္ဓချီးကျူးတော်မူသည့် ပါရမီထိုက်သောအလှူမျိုးပင် ဖြစ်၏။ ဘာသာခြားအချို့က လောကအတွက် ကျေးဇူးများသည့် ပါရမီထိုက်သော အလှူမျိုးကို လှူတတ်ကြသော်လည်း ဗုဒ္ဓဘာသာဝင် အများစုက မလှူတတ်ကြသည်မှာ ဝမ်းနည်း ကြေကွဲဖွယ်ကောင်းလှ၏။

ဉာဏ်ယှဉ်သောဒါနကို ပြုသည့် အလှူရှင်များသည် ဖြစ်လေရာ ဘဝများတွင် ကြီးပွားချမ်းသာရုံမျှမက ဉာဏ်ပညာပါ ထက်မြက်ထူးချွန်သဖြင့် ဘုရားရှင်၏တရားကို တစ်ကြိမ်တစ်ခါ နာရုံမျှဖြင့် ရဟန္တာအထိ ဖြစ်သွားနိုင်ပေသည်။

ဉာဏ်မယှဉ်သော ဒါနအချို့ကို ပြဉီးအံ့။ မြို့တစ်မြို့မှ ဘုရား တစ်ဆူကို မလိုအပ်ဘဲ ရွှေတွေချထားရာ ရုပ်ပွားတော်မှာ သပ္ပါယ်မှု မရှိတော့ဘဲ ယောင်ကားနေသော ခန္ဓာကိုယ်ဖြင့် အရုပ်ဆိုးသွားလေ တော့သည်။

အခြား မြို့တစ်မြို့မှ ဘုရားတစ်ဆူကိုကား မျက်စိနေရာချည်း ရွေးပြီး ရွှေတွေချလိုက်ရာ ဘုရားမျက်လုံးတော်မှာ ပြူးထွက်ပြီး ကြည်ညို ဖွယ်ရာမဖြစ်တော့ဘဲ ကြောက်စရာကြီး ဖြစ်သွားတော့သည်။ မြို့တစ်မြို့ တွင် ဘုရားအငယ်စား ရုပ်ပွားတော်လေးများကို ရွှေများ တရားလွန် ချလိုက်သည်မှာ ရုပ်ပွားပုံပျောက်ပြီး ရွှေတုံးကြီး ဖြစ်သွားတော့သည်။

ထိုသို့ ဉာဏ်မယှဉ်ဘဲ ရမ်း၍ မလှူသင့်ပေ။ ဘုရားကို ရွှေချ ခြင်းမှာ ရွှေရောင်ဝင်းပြီး သပ္ပါယ်ရန်ဖြစ်သည်။ ဘုရားပုံပျက်စေရန် ရွှေချ ခြင်းမဟုတ်။ ထို့ကြောင့် ရုပ်ပွားတော်သပ္ပါယ်ရုံ လိုသလောက်သာ ရွှေချ သင့်သည်။ မလိုအပ်ဘဲ ပုံပျက်သွားသည်အထိ ရွှေမချသင့်ပေ။

ဘုရား အာရုံခံတန်ဆောင်းထဲသို့ ဝင်လိုက်လျှင် ရုပ်ပွားတော် များမှာ ရှေ့နောက်ဝဲယာ ညှပ်သပ်နေတော့သည်။ ဘယ်ရုပ်ပွားတော်ကို ရှိခိုးရမည်မှန်း မသိ။ ရှေ့က ရုပ်ပွားကို အမှုမဲ့အမှတ်မဲ့ ရှိခိုးလိုက်လျှင် နောက်က ရုပ်ပွားများကို ဖင်နှင့်ပေါက်သလိုဖြစ်သွားရာ ဘုရားရှိခိုးဖို့ပင် အခက်တွေ့နေရသည်။

အမှန်ကား - အာရုံခံတန်ဆောင်း တစ်ခုလျှင် ရုပ်ပွားတစ်ဆူ လောက်သာ ထုလုပ်ကိုးကွယ်သင့်ပါ၏၊ မလိုအပ်ဘဲ အများကြီး မလှူ သင့်ပေ။ ထိုသို့ လှူမည့်အစား ဆေးတက္ကသိုလ် မတက်ရောက်နိုင်ဖြစ် နေသည့် ဆေးကျောင်းသား၊ ဆေးကျောင်းသူလေး တစ်ယောက်ကို

ထောက်ပံ့ပေးလိုက်မည်ဆိုလျှင် လောကအတွက် မည်မျှ ကျေးဇူးများ လိုက်လေမည်နည်း။

ဘုရားဝင်းတစ်ခုထဲတွင် ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင် အရုပ်ကြီးနှစ်ရုပ်ကို အဆောင်ကြီးကြီးနှင့်တကွ ထုလုပ်ထားသည်ကို တွေ့ရဖူး၏။ ခန့်မှန်းခြေ သိန်းပေါင်း (၅၀)ကျော်မျှ ကုန်ကျပေလိမ့်မည်။ ထိုဘုရားဝင်းထဲမှ သန့်စင်ခန်းကို သွားကြည့်သောအခါ ပျက်စီးရှုပ်ပွပြီး နံ့ဟောင်နေသည်ကို တွေ့ရသည်။

## ချမ်းသာပြီး ဉာဏ်ထိုင်းရခြင်းအကြောင်း

ထိုဘုရားဝင်းထဲ၌ တကယ် လိုအပ်နေသည်မှာ အိမ်သာ၊ လူအများ ဇွတ်လျှုနေသည်ကား ဘိုးတော် ဝိဇ္ဇာပုံများ။ ထိုဘိုးတော် ဝိဇ္ဇာရုပ်များ ထုလုပ်ရခြင်း အကြောင်းကို လေ့လာကြည့်လိုက်သောအခါ ရာထူးတက်ဖို့၊ အာဏာမြဲဖို့၊ စီးပွားတက်ဖို့ ယတြာအနေနှင့် ထုလုပ်ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ထိုဘိုးတော်ဝိဇ္ဇာပုံများသည် လောကအတွက်၊ သာသနာအတွက် ဘာမျှ ကျေးဇူးမများပေ။

ဤဒါနမျိုးကား ဉာဏ်မယှဉ်သောဒါနမျိုးပင် ဖြစ်၏။ ထိုဒါနရှင်များသည် ဖြစ်လေရာဘဝတွင် စီးပွားဥစ္စာကား ပေါများကြွယ်ဝပါ၏။ သို့သော် အကြောင်းတရားဖြစ်သော ကုသိုလ်ကို ပြုခဲ့စဉ်ကတည်းက ဉာဏ်မယှဉ်ခဲ့သောကြောင့် (တိဟိတ်ဩမကကုသိုလ်)ဖြစ်ခဲ့သောကြောင့် ထိုချမ်းသာသော ဘဝတွင် 'ဉာဏ်တုံးသူ၊ ဉာဏ်မရှိသူ' (ဒွိဟိတ်) ဖြစ်လာရတော့သည်။ သကေ ပြပါအံ့ -

စာရေးသူ၏ဇာတိမြို့တွင် မြင်မိတိုင်း ရင်နာစရာကောင်းသော သူဌေးသားတစ်ယောက်ကို တွေ့ရဖူး၏။ သူ့အသက် ဆယ့်ငါးနှစ်အရွယ် ရှိပြီဖြစ်သော်လည်း မူလတန်းအဆင့်မှ မတက်ရပေ။ အဘယ့်ကြောင့်နည်း။ စာသင်၍ မရသောကြောင့်တည်း။

သူစိတ်ချမ်းသာအောင်သာ မိဘများက ကျောင်းသို့ ဟန်ပြလိုက်ပို့နေရခြင်း ဖြစ်၏။ ထိုကလေးက စာသင်၍ ရနိုင်လောက်သော ဉာဏ်ပညာ ပါမလာသည့် 'ဒွိဟိတ်ပုဂ္ဂိုလ်' ဖြစ်နေသောကြောင့်ပင်တည်း။ သူ၏ မိဘများကား တိုက်များ၊ ကားများဖြင့် ချမ်းသာကြပါ၏။

အကျိုးတရားကို ထောက်ဆလိုက်လျှင် အကြောင်းတရားကို မလွဲတမ်း မှန်းဆနိုင်၏။ ထိုသူငယ် ချမ်းသာကြွယ်ဝနေသည်မှာ အတိတ်ဘဝက ဒါနပြုခဲ့သောကြောင့်ပင် ဖြစ်၏။ သို့သော် သူပြုခဲ့သော ဒါနများသည် လောကအတွက်၊ ဘာသာ သာသနာအတွက် ကျေးဇူးမများသော ဉာဏ်မယှဉ်သည့် ဒါနများ ဖြစ်ခဲ့၏။

ထိုဉာဏ်မပါသော ပုဂ္ဂိုလ်များသည် ယခုဘဝတွင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရနိုင်တော့ပေ။ နန်းမတော်ကြီးအား ဆရာတော်ဦးပုဓ်က နင့်နင့်သီးသီး ဆုံးမမည်ဆိုလျှင်လည်း ဆုံးမစရာပင်။ ဘကြီးတော်မင်းတရားနောက် သာယာဝတီမင်း၊ ထိုမင်းနောက် ပုဂံမင်း၊ ထိုမင်းနောက် မင်းတုန်းမင်း လက်ထက်တွင် ပေါ်ထွန်းခဲ့သော ထွဋ်ခေါင်ဆရာတော်ကြီးကလည်း ပြုပြင်သင့်သည့် မြန်မာတို့၏ အလှူအတမ်းများနှင့် ပတ်သက်၍ 'ယမမင်းထံအစစ်ခံ သံပေါက်' တွင် ယခုလို ရေးသား ဆုံးမတော်မူခဲ့သည်။

# ပကာသနအလှူရှင်နှင့် ယမမင်း အင်တာဗျူး

(ယမမင်း) သဒ္ဓါဖြောင့်တန်း၊ ဒါနခန်း၊ ပြောစမ်းပါဦးကွယ်။

(ယောကျ်ား) သားကြီးရှင်ဖြစ်၊ ကျွန်တော်စစ်၊ ညှစ်၍လှူခဲ့တယ်။

(ယမမင်း) လှူသောအခါ၊ စေတနာ၊ သုံးဖြာညီသလားကွယ်။

(ယောကျ်ား) သုံးချက်စေတနာ၊ နည်းလှပါ၊ မှန်စွာလျှောက်တော့မယ်။
ကျွန်တော့်အလှူ ကြွေးတွေပူ၊ ငွေကူမျှော်မိတယ်၊ ကူငွေ
နှင့်သာ ငါလှူတာ၊ ထေမိပါရင် တော်ရော့မယ်၊ ကျွန်တော်
မျိုးမှာ၊ သည်လိုသာ၊ အောက်မေ့မိပါတယ်။

(ယမမင်း) ယုတ်မြတ်မဟူ၊ စားသောက်သူ၊ ကြည်ဖြူပါသလားကွယ်။

(ယောကျ်ား) ငွေကူများရာ၊ လူချမ်းသာ၊ မျက်နှာလိုက်၍ ကျွေးခဲ့တယ်။
မျက်နှာနည်းပါး လူမွဲများ၊ မလွဲသာကျွေး ကျွေးရတယ်။
လူချမ်းသာပင် မဏ္ဍပ်ဝင်၊ ဖျာလျှင်သင်ဖြူး ခင်းပေးတယ်၊
သည်ကို ဟိုကို ကြွပါဗျို့၊ ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။
ကွမ်းဆေး၊ လက်ဖက်၊ ဆီအက်အက်၊ ဝက်နှင့် ကြက်သား
ကျွေးခဲ့တယ်။ ကျွန်တော်မျိုးမှာ၊ ငွေမျက်နှာ၊ သည်လိုဟာမှ
သဒ္ဓါတယ်။

(ယမမင်း) မင့်အလှူမှာ၊ ငွေတွေဟာ၊ နှမြောပါဘိကွယ်။ ပရိက္ခရာ၊
ဆောင်ရန်မှာ၊ ကောင်းစွာလှူသလားကွယ်၊

(ယောကျ်ား) ပရိက္ခရာ၊ ညံ့လှစွာ၊ ဖိုးချိုတာမှ ဝယ်ပေးတယ်။

(ယမမင်း) လှူသောအခါ၊ ပစ္စည်းမှာ၊ စင်ကြယ်ပါသလားကွယ်။

(ယောကျ်ား) ကျွန်တော်လှူတာ၊ ပစ္စည်းမှာ၊ ခိုးတာများခဲ့တယ်။

**(ယမမင်း)** ပစ္စည်းကုန်တာ၊ မင်းလှူတာ၊ ဝမ်းနည်းပါလေတယ်။
ဘုန်းကြီး ပင့်လမ်း၊ အလယ်လမ်း၊ ပြောစမ်းပါဦးကွယ်။
အကျင့်သိက္ခာ၊ ရွေးချယ်ကာ၊ မြတ်ရာကိုယ်တော် ပင့်လား
ကွယ်။

**(ယောကျ်ား)** သည်လိုဟာမှာ၊ မလေ့လာ၊ မျက်နှာနာမှ ပင့်ခဲ့တယ်။
နှုတ်ဆက်ခေါ်ငင်၊ မျက်နှာရှင်၊ ပုဂ္ဂိုလ်ကောင်းလို့ ထင်ခဲ့
တယ်။ သည်လိုဆရာ ကျွန်တော့်မှာ များစွာပင့်ခဲ့တယ်၊
တို့အမျိုးပါ၊ တို့ဆရာ၊ တို့ရွာကိုယ်တော် ပင့်ဦးမယ်။

**(အပင့်ခံဘုန်းကြီး အပြော)** ပြောင်းနှင့်စံပါး၊ မင်းတို့များ၊ ဘယ်လောက်
ရလားကွယ်။ ကျောင်းကိုများသွား၊ ရယ်
ဟားဟား၊ လက်ဖက်ကွမ်းစားတယ်။
ငှက်ပျော အုန်းသီး၊ ဒကာကြီး၊ မြည်းစမ်း
ပါဦးကွယ်။

**(ယောကျ်ား)** သည်လို ခေါ်ဆို၊ မျက်နှာချို၊ ထိုပုဂ္ဂိုလ်မှ ပင့်ခဲ့တယ်။
ကျွန်တော်တို့ရွာ၊ လှူကြတာ၊ သည်လိုချည်းသာ ပင့်ကြ
တယ်။

**(ယမမင်း)** အမောင်လှူတာ၊ ဗလချာ၊ တော်စမ်းပါဦးကွယ်။

မြန်မာဘုရင် အဆက်ဆက်မှစ၍ ယခုအစိုးရများ လက်ထက်
တိုင်အောင် မြန်မာဗုဒ္ဓသာသာ အများစု၏ အလှူသည် အထက်ပါ
သံပေါက် အတိုင်းသာ ဖြစ်နေသည်ကို သတိထားသူများ တွေ့မြင်နိုင်
ပါသည်။ ထို့ကြောင့်ပင် မြန်မာအများစုသည် လှူသလောက် မွဲနေကြ
ခြင်းဖြစ်၏။

၂၀၀၆ ခုနှစ်၊ သြစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့သို့ တရားဟောကြွစဉ်က ဗုဒ္ဓဘာသာဝင် လူငယ်များက စိတ်ဝင်စားဖွယ်ရာ မေးခွန်းတစ်ခုကို မေးကြ၏။

ထိုမေးခွန်းကား -

"မြန်မာများသည် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက်၊ ဒါနလည်း အမြဲတမ်းပြုနေပါလျက် ကမ္ဘာတွင် အဆင်းရဲဆုံးဖြစ်နေသည်မှာ အဘယ်ကြောင့်ပါနည်း" ဟူ၏။

အဖြေ (၁၁)ချက် အနက် ပထမ အဓိကအကျဆုံး အချက်တစ်ချက်မှာ "ပကာသန ဒါနတွေ များသောကြောင့်" ဟူ၍ ဖြစ်သည်။ နာဂစ်မုန်တိုင်းဒဏ်ခံရသော ဧရာဝတီတိုင်းမှ ဒုက္ခသည်များကို မြန်မာများ မလှူမဟုတ်၊ လှူပါသည်။ သို့သော် ဘာသာရေးတွင် လှူသောနှုန်းထားနှင့် တိုင်းတာကြည့်လျှင် ဆယ်ပုံ တစ်ပုံလောက်သာ လှူသည်ကများ၏။

ထိုနာဂစ်ဒုက္ခသည်များအတွက် ရှိတာအကုန် လှူသောသူမှာ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့မှ အမျိုးသားကြီးတစ်ဦးဖြစ်နေခြင်းပင်။ ဖော်ပြမည့်အကြောင်းအရာကို နယူးယောက်မှ အမျိုးသမီးကြီးတစ်ဦး လာရောက် လျှောက်ထားသောကြောင့် သိရခြင်းဖြစ်သည်။ ထိုအမေရိကန် အမျိုးသားကြီးသည် နာဂစ် ဒုက္ခသည်များအကြောင်းကို သေချာသိရသည်နှင့် ဘဏ်တွင်အပ်နှံထားသည့် သူချမ်းသာသမျှသော ငွေများကို သွားရောက်ထုတ်ယူသည်။

# ရှိတာအကုန်လှူသော အမေရိကန်တစ်ဦး

သူချမ်းသာသမျှ စုငွေအားလုံးမှာ ဒေါ်လာ တစ်သိန်းနှစ်သောင်းနှင့်ငါးရာခန့် ဖြစ်သည်။ သူသည် ဒေါ်လာငါးရာသာ လက်ကျန်ထားရှိပြီး ကျန်ဒေါ်လာ တစ်သိန်း နှစ်သောင်းကို နာဂစ်ဒုက္ခသည်များအတွက် ပရဟိတအဖွဲ့အစည်းများမှတစ်ဆင့် အားလုံးလှူဒါန်းသွားခဲ့သည်။

ဒေါ်လာ တစ်သိန်းကျော်လောက်သာရှိသည်ကို ထောက်သောအားဖြင့် ထိုသူသည် သူတို့နိုင်ငံ အနေအထားနှင့် တွက်ဆကြည့်လျှင် ဆင်းရဲသားတစ်ဦးသာ ဖြစ်ပါလိမ့်မည်။ ထိုသို့သော ဆင်းရဲသားတစ်ဦးမှ မိမိ ချမ်းသာသမျှကို တကယ်လိုအပ်သောနေရာသို့ အိတ်သွန်ဖာမှောက်လှူရဲခြင်းမှာ အံ့သြစရာ၊ ကြည်ညိုစရာကောင်းလှသည်။

အမေရိကန်နိုင်ငံ ချမ်းသာခြင်း၏ အကြောင်းတရားများစွာတို့တွင် သူတို့လှူသော အလှူများ၏ ပါရမီထိုက်သည့် ဒါနများသည်လည်း အကြောင်းတစ်ခု အနေဖြင့် ပါဝင်လိမ့်မည်ဟု ခန့်မှန်းရ၏။ လွန်ခဲ့သောနှစ်နှစ်ခန့်က ဂျာနယ်တစ်စောင်တွင် ထင်ရှားသော သူဌေးမကြီးတစ်ဦး၏ ဘာသာရေးအလှူနှင့် လူမှုရေးအလှူနှစ်မျိုးကို တစ်ပြိုင်နက်ဖော်ပြခဲ့ဖူးသည်။

ဘုရားတည်ရန်အတွက် သိန်းငါးဆယ်၊ မိဘမဲ့ပရဟိတကျောင်းအတွက် ငါးသောင်းကျပ် ဟူ၏။ အကယ်၍ ထိုသူဌေးမကြီး၏ နေရာတွင် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံသူ သူဌေးမကြီးတစ်ဦး ဖြစ်မည်ဆိုပါလျှင် ဘုရားတည်ရန်အတွက် ငါးသောင်းကျပ်၊ ပရဟိတကျောင်းအတွက် သိန်းငါးဆယ် လှူမည်မှာ သေချာနေပေသည်။

အဘယ့်ကြောင့်နည်း -

သူတို့သည် လျှူသောအခါ သဒ္ဓါသာမက၊ တွေးခေါ်မြော်မြင်သော ပညာပါယှဉ်ပြီး လျှူလေ့ရှိခြင်းကြောင့်ပင်တည်း။ အမေရိကန်နှင့် ဂျပန်များက ဘုရားတည်ရန် ကျပ်ငွေ ငါးသောင်း၊ ပရဟိတကျောင်းအတွက် ကျပ်သိန်းငါးဆယ် လျှူရခြင်း၏ အကြောင်းကို ဆန်းစစ်ဝေဖန်ပြပါဦးအံ့။

ဘုရားတည်ခြင်းသည် "မြေပြင်မှာတည်ခြင်း နှင့် နှလုံးသားမှာတည်ခြင်း" ဟူ၍ နှစ်မျိုးရှိ၏။ မြေပြင်တွင် တည်ထားသော ဘုရားများသည် နှစ်ကာလ ကြာမြင့်၍ ဆွေးမြေ့သွားခြင်းကြောင့် လည်းကောင်း၊ လေ,မိုး စသော သဘာဝဘေးဒဏ်ကြောင့် လည်းကောင်း၊ ဆန့်ကျင်ဘက် ဘာသာခြားတို့၏ ဖျက်ဆီးမှုကြောင့် လည်းကောင်း ပျက်စီးရသည်သာ ဖြစ်၏။

မိဘမဲ့ ပရဟိတကျောင်းများ တည်ထောင်၍ ကလေးများကို ပြုစုပျိုးထောင်ပေးခြင်းအလုပ်ကား ကလေးများ၏ နှလုံးသား၌ ဘုရားတည်ပေးခြင်းပင် ဖြစ်၏။ နှလုံးသားတွင်တည်သော ဘုရားများကား ဘယ်သောအခါမှ မပျက်စီးတော့ပေ။

ထိုကလေးမှတစ်ဆင့် သား,သမီးအစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင်တော့မည် ဖြစ်သောကြောင့်တည်း။ အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန် စသောနိုင်ငံများတွင် ဗုဒ္ဓဘာသာဝင် တစ်ဦးမျှ မရှိတော့ခြင်းသည် မြေပြင်တွင် ဘုရားတည်ရန်ကိုသာ သတိရကြပြီး ကလေးငယ်တို့၏ နှလုံးသား၌ ဘုရားတည်ပေးရန် မေ့လျော့ခဲ့သောကြောင့်ပင်တည်း။

# မိဘမဲ့ကလေးအများစု ဘာသာခြားဖြစ်ရခြင်းအကြောင်း

စာရေးသူသည် ဗုဒ္ဓဘာသာ ပရဟိတကျောင်း အတော်များများသို့ ရောက်ဖူးပါ၏။ ကျောင်းတိုင်းနီးပါးတွင် နွမ်းပါးချို့တဲ့ကြ၏။ တောင်ပေါ်ဒေသမှ ဘာသာခြား ကလေးငယ်များကိုပင် လာရောက်အပ်နှံကြ၏။ သို့သော် ဆရာတော်များကား လာသမျှ လက်မခံနိုင်ကြ။ ဆယ်ယောက် အပ်လျှင် နှစ်ယောက်လောက်ကိုသာ လက်ခံနိုင်ကြသည်။ စားစရာ၊ ဝတ်စရာ ပြည့်စုံအောင် မပေးနိုင်သောကြောင့် ဖြစ်၏။

ထိုအခါ ကျန်ရှစ်ယောက်သည် ပြည့်စုံသော ဘာသာခြားပရဟိတကျောင်းများသို့ ရောက်သွားတော့သည်။ ဤနည်းအားဖြင့် ချစ်စရာ မြန်မာ့ရင်သွေးငယ်များသည် ထောင်နှင့်ချီကာ ဘာသာခြားအဖြစ်သို့ ရောက်သွားကြခြင်း ဖြစ်၏။ ဤအချက်များကိုထောက်၍ အတွေးအခေါ် ရှိသူများဆိုလျှင် ဘုရားတည်ဖို့ရန် ငွေကျပ်ငါးသောင်းလှူပြီး၊ မိဘမဲ့ ပရဟိတကျောင်းအတွက် ကျပ်ငွေသိန်းငါးဆယ်ကို လှူဒါန်းမည် ဖြစ်ကြောင်း ရေးသားခဲ့ခြင်း ဖြစ်၏။

ပြခဲ့သော အချက်များကို ရေးဖြစ်ခဲ့ခြင်းမှာ စာရေးသူ ပြီးခဲ့သည့်ဘဝ ရဟန်းဖြစ်ခဲ့စဉ်က ကုသိုလ်နှင့် အကုသိုလ်တွင် အကုသိုလ်က များခဲ့ခြင်းကြောင့် အပါယ်ကျရခြင်းကို ဆက်စပ်၍ ရေးခဲ့ခြင်း ဖြစ်၏။ အတွေးအခေါ် ရှိသူသည် သူတစ်ပါး အမှားကို ကြည့်ပြီး ကိုယ်မမှားအောင် သင်ခန်းစာ ယူတတ်ရမည် ဖြစ်၏။

လူ့ဘဝကို ရသခိုက်တွင် 'ကာမဂုဏ် ခံစားဖို့သည် အဓိက၊ ကုသိုလ် လုပ်ဖို့သည် သာမည' ဟု ခံယူသူ များနေသောကြောင့် လူ့

လောကကြီးတစ်ခုလုံး မငြိမ်းချမ်းဘဲ ပူလောင်ပြီး ပွက်လောရိုက်နေခြင်း ဖြစ်၏။ 'လူ့ဘဝကို ရသခိုက်တွင် ကုသိုလ်လုပ်ဖို့သည် အဓိက၊ ကာမ ဂုဏ်ခံစားဖို့သည် သာမည' ဟု ခံယူကျင့်သုံးသူ များပြားလာမည်ဆိုလျှင် လူ့လောကကြီးသည် အမြဲတမ်း ငြိမ်းချမ်းသာယာနေမည် ဖြစ်သည်။ 'ကာမဂုဏ်ခံစားဖို့ အဓိက၊ ကုသိုလ်လုပ်ဖို့ သာမည'ဟု ခံယူထားကြ သောအခါ သီလစောင့်ဖို့ အဓိက မထားကြတော့ဘဲ ဒါနပြုဖြစ်ဖို့ တစ်ခု ကိုသာ အာရုံစိုက်ကြတော့သည်။ ထို့ကြောင့် သတ်ဖြတ်ကာ၊ ခိုးဆိုးတိုက် ခိုက်ကာ၊ လိမ်ညာ လာဘ်စားကာဖြင့် ငွေရှာပြီး ဒါနပြုနေကြခြင်းဖြစ်၏။

အမှန်ကား ကုသိုလ်သည် ကောင်းကျိုးကို ဖြစ်စေသလို၊ အကု သိုလ်သည် မကောင်းကျိုးကို ဖြစ်စေမည်သာ ဖြစ်၏။ နှစ်မျိုးလုံးကို ပြုလုပ်ခဲ့လျှင် ကောင်းကျိုး၊ ဆိုးကျိုး နှစ်မျိုးလုံးကို တစ်ဘဝတည်းမှာပင် နေ့စံ ညခံ၊ ခုနစ်ရက်ခံ ခုနစ်ရက်စံ ပုံစံမျိုးဖြင့် ပေးဆပ်ကြရမည် ဖြစ်၏။

နေ့စံ ညခံ ပြိတ္တာမတစ်ယောက်အကြောင်းကို ပေတဝတ္ထုပါဠိ တော် ကဏ္ဏမုန္ဒိပေတီဝတ္ထုတွင် တွေ့ရသည်။ အိန္ဒိယနိုင်ငံ၊ ဟိမဝန္တာ တောကြီးအတွင်း၌ အလွန်ကြီးမားသော ကဏ္ဏမုန္ဒိအမည်ရှိ အိုင်ကြီး တစ်အိုင်ရှိသည်။ ထိုအိုင်ကြီး၏ အနီးတွင် လူတို့မျက်စိဖြင့် မမြင်နိုင် သော ဗိမာန်ကြီးတစ်ခုရှိ၏။

ထိုဗိမာန်ရှင် အမျိုးသမီးသည် နေ့အခါတွင် ထိုဗိမာန်အတွင်း၌ နတ်စည်းစိမ်ကို ခံစားရသည်။ ညအခါရောက်လျှင် ရေအိုင်ကြီးထဲမှ တက်လာသော နွားပေါက် ပမာဏရှိသော ခွေးနက်ကြီး တစ်ကောင်၏ ကိုက်ဖြတ်စားသောက်ခြင်းကို ခံရ၏။ သူ၏အသားများကို ခွေးနက် ကြီးက ကုန်အောင် စားပစ်လိုက်ရာ အရိုးချည်းသာ ကျန်တော့၏။

ခွေးကြီးသည် ထိုအရိုးများကို ရေအိုင်တွင်းသို့ ယက်ချပြီး ရေအောက်ထဲသို့ ပြန်လည် ငုပ်လျှိုးသွားတော့သည်။ အံ့ဩစရာကောင်းသည်ကား အရိုးများ အိုင်ထဲကရေနှင့် ထိလိုက်သောအခါ ဗိမာန်ရှင်အမျိုးသမီးမှာ လူကောင်းပကတိ ပြန်ဖြစ်သွားခြင်းပင်တည်း။ ထိုသို့ ပြန်ဖြစ်ရသည်မှာ သူသည် ရှေးယခင် လူ့ဘဝဖြစ်စဉ်က ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံးကို ရောရှ်ပြုခဲ့သောကြောင့် ဖြစ်သည်။

## နေ့နတ်စည်းစိမ်စံ ညခွေးစားခံရခြင်းအကြောင်း

သူသည် ထိုဘဝက ဒါနလည်းပြု၏။ သီလလည်း ဆောက်တည်၏။ သို့သော် အကြံအစည်နှင့် ချဉ်းကပ်လာသော သေသောက်ကြူး စောင်းပညာရှင် ယောကျ်ားတစ်ယောက်၏ ဖျားယောင်းမှုကြောင့် ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကို ကျူးလွန်ခဲ့သည်။ ထိုအကြောင်းကို သူ၏ယောကျ်ား သိသွား၍ စစ်မေးသောအခါ လိမ်ညာသော မုသာဝါဒကံကို ဆက်လက် ကျူးလွန်ပြန်သည်။

ထိုသို့ လိမ်ညာရင်း သူ၏လိမ်ညာမှုကို ယုံကြည်စေရန် ကျိန်စာဆိုလိုက်သေးသည်။ 'ကာမေသု ကျူးလွန်ပါလျက် မကျူးလွန်ပါဘူး' ဟု လိမ်ညာခဲ့လျှင် 'နွားပေါက်ပမာဏရှိသော ခွေးနက်ကြီးသည် ညစဉ်ကိုက်သတ်ပြီး အစားခံရပါစေ' ဟု ကျိန်ဆိုခဲ့ခြင်း ဖြစ်သည်။ ကုသိုလ်ပြုခဲ့သောကြောင့် နေ့အခါတွင် နတ်စည်းစိမ်ကို ခံစားရပြီး အကုသိုလ်ကိုလည်း ပြုခဲ့သောကြောင့် ညအခါ ခွေးအစားခံရခြင်း ဖြစ်သည်။

'ဓမ္မပဒအဋ္ဌကထာ၊ လောသကတိဿဝတ္ထု' တွင်ကား ပင်လယ်ထဲတွင် ခုနစ်ရက်စံ၊ ခုနစ်ရက်ခံရသော ဝေမာနိကပြိတ္တာမများကို တွေ့ရသည်။ ထိုပြိတ္တာမများသည် ရှေးယခင် လူ့ဘဝ ဖြစ်စဉ်က ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံးကို ရောနှောပြုခဲ့ကြ၏။ ထို့ကြောင့် ယခုဘဝတွင် ခုနစ်ရက် နတ်စည်းစိမ်ကို ခံစားရပြီး၊ ကျန်ခုနစ်ရက်က ငရဲခံရခြင်း ဖြစ်သည်။

စာရေးသူသည် တရားနာပရိသတ်အား ညတရားပွဲများတွင် မိမိတို့မေးလိုရာ မေးခွန်းများကို မေးခွင့်ပြုပြီး ပြန်လည်ဖြေကြားပေးလေ့ရှိသည်။ တစ်ခါတွင် အင်မတန်စိတ်ဝင်စားဖွယ်ရာကောင်းသော မေးခွန်းတစ်ခု တက်လာသည်။

**(မေး)** သင်္ကြန်စာများ၏အဆိုအရ ခေါင်းပြတ်ကြေး အလောင်းအစားလုပ်ကြရာတွင် ဗြဟ္မာမင်းက ရှုံးသဖြင့် သိကြားမင်းက ဗြဟ္မာမင်း၏ခေါင်းကို ဖြတ်လိုက်သည်။ ထိုခေါင်းပြတ်ကြီးအား မြေပြင်ကို ချလျှင် မီးလောင်ပြီး သစ်ပင်အားလုံး သေမည်။ ပင်လယ်သို့ချလျှင် ပင်လယ်ရေအားလုံး ခန်းခြောက်မည်။ ကောင်းကင်သို့ပစ်လျှင် ရာသီဥတု ပျက်စီးပြီး မိုးခေါင်မည်။

ထို့ကြောင့် မည်သည့်နေရာကိုမှ မပစ်တော့ဘဲ နတ်သမီးများကို အလှည့်နှင့် ကိုင်ထားစေသည်။ တစ်နှစ်ပြည့်လျှင် နတ်သမီးတစ်ပါးလက်မှ အခြား နတ်သမီးတစ်ပါး လက်သို့ ပြောင်းရွှေ့ရသည်။ ထိုသို့ ပြောင်းရွှေ့ခြင်းကို 'သင်္ကြန်' ဟု ခေါ်ကြောင်း ရေးသားထားပါသည်။ ထိုစကားသည် ဗုဒ္ဓဝါဒအရ မှန်ကန်မှု ရှိနိုင်/မရှိနိုင် သိလိုပါသည်ဘုရား။

တစ်ဖန် သိကြားမင်းသည် သကြ်န်တွင် လူ့ပြည်သို့ စီးတော်ယာဉ်တစ်ခုခုကိုစီးပြီး နှစ်စဉ်လာသည်ဟူသော စကားသည် ထေရဝါဒ ပိဋကတ်တော်နှင့် ကိုက်ညီမှု ရှိ/မရှိ သိလိုပါသည်ဘုရား။

(ထားဝယ်မြို့မှ ပရိသတ်တစ်ဦး)

(ဖြေ) သင်္ဂဟကျမ်း၌ 'ရူပလောကေ ပန ဃာနာဒိတ္တိယံ နတ္ထိ' ရူပဗြဟ္မာ့ဘုံ၌ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ် မရှိဟု ဖွင့်ဆိုထားသောကြောင့် ရူပဗြဟ္မာများတွင် ခေါင်းရောဂ၊ ကိုယ်ရောဂ မရှိပါ။ ခေါင်းရောဂကိုယ်ပါ မရှိသဖြင့် ဗြဟ္မာမင်း၏ ဦးခေါင်းကိုဖြတ်သည် ဟူသော စကားသည် မဖြစ်နိုင်တော့ပေ။ မျက်စိအကြည်ရုပ် ရှိသည်မှာ ဘုရားဖူးမြင်ရန်အတွက်ဖြစ်ပြီး နားအကြည်ရုပ်ရှိသည်မှာ တရားနာရန် အတွက်သာ ဖြစ်သည်။ အဆင်း၊ အသံ၊ အရသာကို ခံစားရန် မဟုတ်။

ဘုရားထံလာသောအခါ ကိုယ်မရှိလျှင် လက်လည်းမရှိ၊ လက်မရှိဘဲနှင့် ဘုရားကို မည်သို့ ရှိခိုးမည်နည်းဟု မေးလာပါက ခန္ဓာကိုယ် ပုံသဏ္ဍာန် မဟာဘုတ်ရုပ်ကြမ်းကြီးများဖြစ်အောင် ဖန်ဆင်းပြီး ရှိခိုးကြခြင်းဖြစ်သည်။

လူ့ပြည်၏ အနှစ်တစ်ရာသည် သိကြားမင်းနေသော တာဝတိံသာနတ်ပြည်၏ တစ်ရက်သာ ရှိသည်။ လူ့ပြည် အနှစ်တစ်ရာတွင် သကြ်န် အခါတစ်ရာ ကျလေရာ သိကြားမင်းသည် နတ်ပြည် အတိုင်းအတာအရ တစ်ရက်အတွင်း လူ့ပြည်သို့ အခါတစ်ရာ ဆင်းရမလို ဖြစ်နေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော် အယူအဆအရ သကြ်န်ကျတိုင်း သိကြားမင်း လူ့ပြည်ဆင်းသည် ဆိုသည်မှာ မဖြစ်နိုင်တော့ချေ။

ပြဟ္မာမင်း၏ ဦးခေါင်းကိုဖြတ်ခြင်း၊ သကြ်န်ကျလျှင် သိကြားမင်းသည် ယာဉ်တစ်ခုခုကို စီးနင်းပြီး လူ့ပြည်သို့ ဆင်းခြင်းစသော အယူအဆများသည် ဟိန္ဒူဘာသာကျမ်းဂန်တို့မှ လာခြင်းဖြစ်သည်။

အထက်ပါ အမေးအဖြေလေးကို ထောက်ထားပြီး လူ့ဘဝ အနှစ်တစ်ရာဟူသည် တာဝတိံသာနတ်တို့၏ သက်တမ်းနှင့်တွက်လျှင် တစ်ရက်သာ ရှိသောကြောင့် ဘာမျှ မပြောပလောက်ပေ။ ထိုမပြောပလောက်သော အချိန်တိုလေးကို ကုသိုလ်မျိုးစုံ ရရေးအတွက် အသုံးချသင့်၏။ ကာမဂုဏ်ခံစားပြီး အကုသိုလ်များ ရဖို့အတွက် အသုံးမချသင့်ပေ။

အကုသိုလ်နှင့် ပတ်သက်လာလျှင် တွေးလည်း မတွေးသင့်၊ ပြောလည်း မပြောသင့်၊ ပြုလည်း မပြုသင့်ပေ။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ဟူသော ကုသိုလ်ခြောက်မျိုးလုံးကို ရအောင် ယူသင့်ပေသည်။ အကုသိုလ်ဖြစ်တိုင်းဖြစ်တိုင်း ကုသိုလ်ဖြစ်ရမည့် အချိန်များကို ဖဲ့ပေးနေရခြင်းဖြစ်ကြောင်း မမေ့သင့်ပေ။

## အသူရကာယ်ပြည်သို့ တခဏ

တကယ့်ဖြစ်ရပ်တစ်ခုဖြစ်သော ဤအကြောင်းအရာလေးကို ဖတ်ရသည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့လေပြီ။ သို့သော် စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ယခုအချိန်ထိအောင် မမေ့ခဲ့ပေ။ ရေးသူ၏ နာမည်ကိုကား မမှတ်မိတော့။ ဆောင်းပါးနာမည်နှင့် အကြောင်းအရာ

ကိုသာ မှတ်မိတော့သည်။ ရေးသူသည် နေရာဒေသကို လွှဲပြောင်း၍ ရေးထားသော်လည်း တနင်္သာရီတိုင်း၊ ကျွန်းစုမြို့နယ်၊ ယခင် မြိတ်မြို့နယ် အတွင်းပါဝင်သည့် တံငါရွာတစ်ရွာမှဖြစ်ကြောင်း စာရေးသူက အတတ် သိနေသည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က စာရေးသူသည် မြိတ်မြို့မှ စက်လှေ ကြီးဖြင့် ရှစ်နာရီကျော်ကြာ မောင်းနှင်ရသည့် ပင်လယ်တွင်းမှ တံငါရွာ များသို့ တစ်လနီးပါးခန့် တရားဟောကြွခဲ့ခြင်းကြောင့် ယခုလို ပြောပြ နိုင်ခြင်းဖြစ်သည်။

အံ့သြစရာကောင်းသော ဖြစ်ရပ်မှန် ဇာတ်လမ်းအစမှာ ဖော်ပြ ခဲ့သော မြိတ်ကျွန်းစုမြို့နယ်အတွင်းတွင် ပါဝင်သည့် တံငါရွာလေးတစ်ရွာ တွင် ဇနီးမောင်နှံ နှစ်ဦးရှိကြသည်။ သူတို့ လင်မယားနှစ်ယောက်သည် စိတ်ကောင်း၊ စေတနာကောင်း ရှိကြသဖြင့် တစ်ရွာလုံးက ချစ်ခင်ကြ သည်။ ချစ်စနိုးအားဖြင့် ကိုဖိုးထောင်၊ မဝါနုဟု ခေါ်ကြရာမှ ထိုနာမည် ပင် အတည်ဖြစ်သွားတော့သည်။

မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ် ပင်လယ်တွင် ပေါ်နေသော ကျွန်းလေးများသည် ရာနှင့်ချီ၍ ရှိပေသည်။ ရေချိုရသော ကျွန်းလေး များပေါ်တွင် တံငါရွာလေးများ တည်ထားလေ့ရှိပြီး၊ ရေချိုမရသောကျွန်း လေးများပေါ်တွင်ကား ရွာမတည်ပေ။ ကံဇာတ်ဆရာကြီး၏ စေခိုင်းချက် အရ တံငါရွာတွင် လူလာဖြစ်ရသောအခါ သူသူကိုယ်ကိုယ် တံငါအလုပ် ကို လုပ်ရတော့သည်။

ပင်လယ်တွင်းဖြစ်သောကြောင့် တခြားအလုပ် လုပ်စရာလည်း သိပ်မရှိပေ။ ဥယျာဉ်ခြံမြေ စိုက်ပျိုးသူ အနည်းငယ်တော့ရှိသည်။ ရွာ

လူဦးရေ၏ ဆယ်ပုံရှစ်ပုံကား ရေလုပ်သားများသာ ဖြစ်ကြသည်။ သို့သော် ရေလုပ်ငန်းကို လုပ်နေသော်လည်း သူတို့သည် ဗုဒ္ဓဘာသာဝင်များပင်ဖြစ်သောကြောင့် သူတို့ရွာတွင် ဘုရား၊ ကျောင်းကန် အကုန်ရှိသည်။

ကျွန်းစုမြို့နယ်ရှိ သဗောင်းတောင်ရွာကျောင်းဆိုလျှင် ရန်ကုန်မြို့ပေါ်မှ ဘုန်းတော်ကြီးကျောင်းအချို့ထက်ပင် သာလွန်ကောင်းမွန်သော မြန်မာမှုလက်ရာများဖြင့် ဆောက်လုပ် လှူဒါန်းထားသည်။ သိန်းနှစ်ထောင်ခန့် ကုန်ကျသည်ဟု သိရသည်။ အလှူရှင်ကား ထိုရွာမှ ဦးသန်းငွေအမည်ရှိ ဒကာတစ်ဦးဖြစ်သည်။ သူသည် မြိတ်မြို့ပေါ်တွင်လည်း ငါးထပ်တိုက်ကြီးတစ်လုံးကို ဆောက်လုပ် နေထိုင်နိုင်သည်အထိ ရေလုပ်ငန်းဖြင့် ကြီးပွားတိုးတက် အောင်မြင်နေသူ ဖြစ်သည်။

မြိတ်မြို့နယ်၊ သဇင်ရွာကျောင်း ဆရာတော် ဦးအာဒိစ္စ၊ မြိတ်မြို့၊ ဝက်တိုက်ကျောင်းမှ ဦးတေဇိန္ဒ၊ စာရေးသူတို့၏ အဆုံးအမ တရားများကြောင့် ယခုအခါ ရေလုပ်ငန်းကို စွန့်လွှတ်၍ ရော်ဘာပင် စိုက်ပျိုးရေးလုပ်ငန်းများကို စတင်လုပ်ဆောင်လျက်ရှိသည်။

သူ စတင်ကြီးပွားသွားခဲ့သည်မှာ သူတို့နယ်တွင် စားမည့်သူမရှိသော ကဏန်းသေးသေးလေးများကို ထိုင်းလူမျိုးများ တအားကြိုက်ကြသဖြင့် လိုအပ်သလောက် ဖမ်းဆီးရောင်းချရာမှ စတင်ကြီးပွားလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သူ ဆောက်လုပ်လှူဒါန်းသော ကျောင်း၏မုခ်ဦးတွင် ကဏန်းနှစ်ကောင်ပုံကို ထုလုပ်ပြီး ရွှေဆေးဖြင့် သုတ်ထားသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သောကြောင့် ထိုကဏာန်းများကို ကျေးဇူးဆပ်သောအားဖြင့် ကျောင်းအလှူဒါနကို ကဏာန်းများအား ရည်စူး၍ အမျှပေးဝေသည့်အပြင် ကဏာန်းရုပ်ကိုပါ ထုလုပ်ထားခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။ စာရေးသူ ပင်လယ်ရွာ တစ်ခွင်တွင် လှည့်လည်တရားဟောစဉ်က ဗောင်းတောင်ဦးသန်းဌေးသည် အစအဆုံးစက်လှေကို တာဝန်ယူပြီး လှူခဲ့သည်။

သနားစရာကောင်းသည်မှာ တံငါရွာမှန်သမျှ လူအားလုံးမှာ သူတို့ကိုယ်သူတို့ ဘဝဆုံးနေသည့် အပါယ်စာလူများအဖြစ် သတ်မှတ်ထားတတ်ကြသည်။ သူတို့တွင် သီလကုသိုလ် မရနိုင်ဟု သတ်မှတ်ထားကြသဖြင့် ဒါနကုသိုလ်ကိုသာ အားသွန်ခွန်စိုက် ပြုတတ်ကြသည်။ စာရေးသူဟောသော တရားများကို နာကြားရသောအခါတွင်မှ သူတို့မှာ အားတက်သရောဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

## သူတစ်ပါးသတ်တိုင်း အပါယ်မကျ

စာရေးသူက “ဥပရိပဏ္ဏာသပါဠိတော်၊ မဟာကမ္မဝိဘင်္ဂသုတ်” ကို အခြေခံထား၍ အောက်ပါဒေသနာ အကျဉ်းချုပ်ကို သူတို့ နားလည်လိုက်နာချင်နိုင်အောင် ဟောပြောပြလေ့ ရှိသည်။ ထိုဒေသနာမှာ သူတစ်ပါးအသက် သတ်သူများ အပါယ်ကျသည်ဟု ယေဘုယျအားဖြင့် ယူဆလျှင် ငါဘုရား လက်ခံသည်။ သို့သော် သူတစ်ပါးအသက် သတ်သူတိုင်း အပါယ်ကျသည် ဟူသော စကားကို ငါဘုရား လက်မခံနိုင်။

အကြောင်းကား -

သူတစ်ပါးအသက်ကို သတ်သူသည် နှစ်ဆယ့်လေးနာရီကာလ ပတ်လုံး မရပ်မနား သတ်ဖြတ်နေသည် မဟုတ်၊ သတ်ချိန်မှာ သတ်သလို၊ ကုသိုလ်လုပ်ချိန်မှာလည်း လုပ်နေသည်သာ ဖြစ်၏။ သေခါနီးတွင် သတ်သော အကုသိုလ်က အရင်အကျိုးပေးချိန် မရဘဲ၊ ပြုထားဖူးသော ကုသိုလ်က အရင်အကျိုးပေးလျှင် သူတစ်ပါးအသက်သတ်၍ အသက်မွေးမြူသူပင် ဖြစ်သော်လည်း ကောင်းရာ သုဂတိသို့ ရောက်နိုင်ကြောင်း ရှင်းလင်း ဟောကြားထားသည်။

ထိုဒေသနာ နှင့်အတူ 'အင်္ဂုတ္တိုရ်အဋ္ဌကထာ' ဒုတိယတွဲတွင် ဖော်ပြထားသော သီရိလင်္ကာမှ ဒမိဠတံငါသည်ကြီး၏ အကြောင်းကို သာဓက ထုတ်ပြလိုက်သည်။ ထိုသူသည် သိတတ်သော အရွယ်မှစ၍ တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းလုပ်လာသူ ဖြစ်သည်။ သူ့အသက် သတ်သူများသည် ဖြစ်ရာဘဝတွင် အသက်တိုတတ်သည်၊ အနာရောဂါများတတ်သည်။

ဒမိဠသည်လည်း အသက် ငါးဆယ်ခန့်မှာပင် ရောဂါကြီးစွာ ဖြစ်ပြီး သေမည့်အချိန်ကို ရောက်လာသည်။ သေခါနီးတွင် ငရဲကျမည် ဖြစ်သောကြောင့် ငရဲနိမိတ်များ ထင်လာသည်။ သူသည် အသံနက်ကြီးဖြင့် အော်ဟစ်အကူအညီတောင်းနေသော်လည်း မည်သူမျှကယ်တင်၍ မရပေ။ ထိုအချိန်မှာပင် ဆွမ်းခံကိုယ်တော်တစ်ပါး ကြွလာပြီး သူ့အား သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်ပေးရာ သူကလည်း လိုက်ဆို၍ ဆောက်တည်သည်။ သရဏဂုံ ဆိုအပြီးမှာပင် တံငါသည်ကြီး ကွယ်လွန်သွားခဲ့သည်။

သို့သော် သေခါနီးကပ်ပြီး ဆောက်တည်ခဲ့သော သရဏဂုံ ကုသိုလ်ကြောင့် တံငါသည်ကြီးသည် လူသက်ဖြင့်ဆိုလျှင် နှစ်ပေါင်း ကိုးသန်း အသက်ရှည်သော စတုမဟာရာဇ် နတ်ဘုံသို့ ရောက်ခဲ့သည်။ ဤအချက်ကိုထောက်၍ သေခါနီးကပ်ပြီး ဆောက်တည်သော သရဏဂုံ သည်ပင် နတ်ရွာသုဂတိသို့ ပို့ပေးသေးလျှင် နေ့စဉ် ပွားများဆောက် တည်သော သရဏဂုံဆိုလျှင် ပို၍ပင် ပို့ပေးနိုင်မည် ဖြစ်သည်။

ထိုကဲ့သို့ ဟောကြားလိုက်လျှင် ရေလုပ်သား ရွာသူ၊ ရွာသား များသည် ဝမ်းသာပျော်မြူးသွားတတ်ကြသည်။ တစ်ဖန် သီလကုသိုလ် သည် ဒါနကုသိုလ်ထက် သာကြောင်း အပါဒါန်ပါဠိတော်တွင် ငါးနှစ်သား နှင့် ရဟန္တာဖြစ်သော မထေရ်တစ်ပါးရှိသည်။ သူ့အမည်ကို 'ပဉ္စသီလ သမာဒါနိယ' ဟု ခေါ်သည်။

သူသည် လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်က ပွင့်တော်မူ ခဲ့သည့် အနောမဒဿီမြတ်စွာဘုရား လက်ထက်တော်အခါက စန္ဒဝတီ နေပြည်တော်တွင် ဆင်းရဲသားတစ်ဦး ဖြစ်ခဲ့ဖူးသည်။

- **ဥစ္စာစည်းစိမ် ဆင်းရဲလို့ အပါယ်မကျ။**
- **ကိုယ်ကျင့်သီလ ဆင်းရဲမှ အပါယ်ကျသည်။**
- **ဥစ္စာစည်းစိမ်ဆင်းရဲလို့ မည်သည့် ပညာရှိသူတော်ကောင်းကမှ အထင်မသေး။**
- **ကိုယ်ကျင့်သီလ ဆင်းရဲမှသာ ပညာရှိ သူတော်ကောင်းများ အထင်သေးသည်။**

ဤ အတွေးခေါ် ရှိသောကြောင့် ထိုဆင်းရဲသားသည် ငါးပါး သီလကို တစ်ဘဝလုံး လုံခြုံအောင် စောင့်ထိန်းခဲ့သည်။ ထိုကုသိုလ် ကြောင့် သူရရှိသောကောင်းကျိုးမှာ (၉၁)ကမ္ဘာ အပါယ်တံခါးပိတ်သည်။ အကြိမ်သုံးဆယ် သိကြားမင်းဖြစ်သည်။ (၇၅)ကြိမ် စကြာမင်းဖြစ်သည်။ ရိုးရိုး ဧကရာဇ်ဘုရင်ဘဝ မရေမတွက်နိုင်အောင် ဖြစ်သည်။

ယခု ဤဘုရားသာသနာတော် နောက်ဆုံးဘဝတွင် အိန္ဒိယ နိုင်ငံတွင် သူဌေးသား သွားဖြစ်သည်။ တစ်ရက်တွင် မိဘများနှင့်အတူ ရဟန်းတစ်ပါးထံ သရဏဂုံနှင့် ငါးပါးသီလဆောက်တည်ရာ ငါးပါးသီလ အဆုံးမှာပင် ဝိပဿနာဉာဏ်များ အဆင့်ဆင့်တက်ပြီး ရဟန္တာဖြစ်ခဲ့ ရသည်။

ဒါနကုသိုလ်နှင့် ပတ်သက်လျှင် နည်းနည်းလှူက နည်းနည်း ကောင်းကျိုးရသည်။ များများလှူက များများကောင်းကျိုးရသည်ကို လူများ သိသော်လည်း သီလကုသိုလ်နှင့် ပတ်သက်လျှင်ကား နည်းနည်း စောင့်လျှင် နည်းနည်း ကုသိုလ်ရသည်၊ များများစောင့်လျှင် များများ ကုသိုလ်ရသည်ဟူသော အချက်ကို သေချာနားလည်သူအလွန်နည်း၏။

ရှင်းအောင် ဥပမာနှင့် နှိုင်းပြရလျှင် ငွေတစ်ထောင် လှူလျှင် တစ်ထောင်ဖိုး ကောင်းကျိုးရသည်။ ငွေတစ်သောင်းလှူလျှင် တစ်သောင်း ဖိုးကောင်းကျိုးရသည်။ သီလတွင်လည်း ငါးပါးသီလကို တစ်နာရီစောင့် လျှင် တစ်နာရီစာ ကောင်းကျိုးရသည်။ ဆယ်နာရီ စောင့်လျှင် ဆယ် နာရီစာ ကောင်းကျိုးရသည်သာ ဖြစ်သည်။

ထိုနည်းတူ ငါးပါးသီလတွင် တစ်ပါးစောင့်လျှင် တစ်ပါးစာ ကုသိုလ်ရပြီး ငါးပါးလုံးစောင့်လျှင် ငါးပါးစာ ကုသိုလ်ရမည်သာ ဖြစ်၏။

ထိုအချက်နှင့်ပတ်သက်၍ ရေလုပ်သားများ ပိုမိုအားတက် ဝမ်းမြောက်စေရန် ဓမ္မပဒအဋ္ဌကထာ၌လာရှိသည့် စိတ်ဝင်စားဖွယ် ဖြစ်ရပ်ကလေးတစ်ခုကို ထုတ်ပြခဲ့သည်။

မြို့တစ်မြို့တွင် ခိုးသားဓားပြ ငါးရာသည် သာမာန်ထက် ပို၍သောင်းကျန်းကြသဖြင့် အမြစ်ဖြုတ်ပစ်ရန်အတွက် စစ်တပ်နှင့်အတူပြည်သူအားလုံး ပါဝင်သော လူထုကြီးဖြင့် ခိုးသားဓားပြတို့ ခိုအောင်းရာ တောကြီးကို ထွက်ပေါက်မရှိအောင် ဝိုင်းပိတ်လိုက်ကြပြီး တဖြည်းဖြည်းနှင့် နယ်ကျဉ်းအောင် ရှေ့သို့တိုးကာ တိုးကာ ဝိုင်းကြသည်။

ခိုးသားငါးရာသည် သူတို့ မည်သို့သောနည်းနှင့်မျှ လွတ်အောင် မပြေးနိုင်တော့သည်ကို သိသွားကြသည်။ သူတစ်ပါးအသက်ကို အလွန်အကျွံ သတ်ခဲ့သူများသည် မိမိအသက် သေမှာကိုကား တအားကြောက်ရွံ့တတ်သည်မှာ ပုထုဇဉ်တို့၏ သဘာဝတစ်ခုလို ဖြစ်နေ၏။ ယခုလည်း သူတစ်ပါးကို ထင်သလို သတ်ခဲ့ကြ၊ ခိုးခဲ့ကြသော ခိုးသားငါးရာတို့သည် ကိုယ့်အလှည့်သို့ ရောက်သောအခါ ထောက်တည်ရာမရအောင် ပူဆွေးငိုကြွေးနေကြသည်။

## ထောင်နှင့် အပါယ်လေးပါးသည် ကြောက်စရာမဟုတ်

အားကိုးရာကို အပူတပြင်းရှာဖွေကြရာ တစ်ပါးတည်း တောရဆောက်တည်နေသော ရဟန်းတော် တစ်ပါးကို တွေ့သွားကြသည်။ ရဟန်းတော်အား ဝိုင်းဝန်းဦးချကြပြီး သူတို့အား ဒုက္ခမှ ကယ်တင်ရန်လျှောက်ထားကြ၏။ ထောင်သည် ကြောက်စရာ မဟုတ်၊ ဒုစရိုက်မှု

သည်သာ ကြောက် စရာ ဖြစ်၏။ ဒုစရိုက်မှုပြုမှသာ ထောင်သို့ကျခြင်း ဖြစ်၏။ ထို့အတူ အပါယ်လေးပါးသည် ကြောက်စရာမဟုတ်၊ အပါယ် လေးပါးသို့ကျကြောင်း အကုသိုလ်သည်သာ ကြောက်စရာ ဖြစ်၏။

ဆက်၍ တွေးတောလျှင် သေခြင်းတရားသည် ကြောက်စရာ မဟုတ်၊ သေပြီးနောက် အပါယ်သို့ ကျခြင်းသည်သာ ကြောက်စရာ ဖြစ်၏။ ထို့ကြောင့် အပါယ်တံခါး ပိတ်ပြီးသော အရိယာများသည် သေ ရမှာကို ဘယ်သောအခါမှ မကြောက်ကြခြင်းဖြစ်၏။ အပါယ်လေးပါးသို့ မကျအောင် ကုသိုလ်ပြုထားသူသည်လည်း အရိယာပုဂ္ဂိုလ်များကဲ့သို့ သေခြင်းတရားနှင့် ရင်ဆိုင်ရာ၌ ကြောက်စရာမလိုပေ။

သေခါနီး အကျိုးပေးသော ကံသည် 'ဂရုကံ၊ အာသန္နကံ၊ အာ စိဏ္ဏကံ၊ ကဋတ္တာကံ' ဟု လေးမျိုးရှိ၏။ ထိုတွင် ဂရုကံအရ ကုသိုလ် အရာတွင် ဈာန်ကုသိုလ်များကို ယူရပြီး၊ အကုသိုလ်အရာတွင် ပဉ္စာနန္တ ရိယကံငါးပါးကို ယူရသည်။ ဂရုကံဟူသည် 'ကြီးလေးသော၊ အားကြီး သော ကံ'ဟု ဆိုလိုသည်။

အာသန္နကံဟူသည် သေခါနီး ကပ်ပြီးပြုသော ကံမျိုး ဖြစ်၏။ ရှေ့တွင် ဖော်ပြခဲ့သော ဒမိဠတံငါသည်ကြီး နတ်ပြည်ရောက်သည်မှာ သေခါနီးတွင် ရွတ်ဆိုဆောက်တည်သော အာသန္နကံသရဏဂုံ ကုသိုလ် ကြောင့်ပင် ဖြစ်၏။

အာစိဏ္ဏကံဟူသည် အမြဲလေ့ကျင့်အပ်သော ကုသိုလ်၊ အကု သိုလ် တစ်ခုခုကို ဆိုလိုသည်။ ဥပမာအားဖြင့် နေ့စဉ် ငါးများခဲ့သူသည် သေခါနီး ကာလတွင် ယင်းအာရုံများ ပြန်လည် ထင်လာတတ်သလို နေ့စဉ် ဘုရားရှိခိုးသူသည်လည်း ဘုရားရှိခိုးသော အာရုံများ ပေါ်လာ

တတ်သည်မှာ အာစိဏ္ဏကံပင် ဖြစ်၏။

ပြုကာမျှဖြစ်သောကံ၊ စေတနာဆိုး, စေတနာကောင်း ထက်သန်စွာ မပါဝင်သဖြင့် ကံမည် ကာမတ္တာကို 'ကဋတ္တာကံ' ဟု ခေါ်သည်။ ဥပမာအားဖြင့် နေ့စဉ်လမ်းလျှောက်သော အာရုံများ၊ ကျားကစားသော အာရုံများပင် ဖြစ်၏။ ထိုလေးမျိုးတို့တွင် အားအကောင်းဆုံး ဂရုကံက အရင်ဆုံး အကျိုးဝင်ပေး၏။

ဂရုကံမရှိလျှင် သေခါနီးပြုသော အာသန္နကံက ဒုတိယအကျိုးပေးသည်။ အာသန္နကံ မရှိလျှင် အမြဲမပြတ်ပြုသော အာစိဏ္ဏကံက တတိယ အကျိုးပေးသည်။ ထိုအာစိဏ္ဏကံမရှိလျှင် ပြုကာမျှဖြစ်သော ကဋတ္တာကံက အကျိုးပေးသည်။ အားကောင်းသော အမြဲမပြတ်ပြုသည့် အာစိဏ္ဏကံထက် အားသေးသော၊ သေခါနီးပြုသည့် အာသန္နကံက အဘယ့်ကြောင့် အရင်အကျိုးပေးရသနည်း။

အဖြေကို ထင်ရှားအောင် ဥပမာပြ၍ ရှင်းအံ့။ ညနေရောက်၍ နွားများကို ခြံထဲသို့သွင်းသောအခါ ထွားကျိုင်းသန်မာသော နွားများသည် အရင်ဝင်ရောက်ကြ၏။ အားနည်းသော နွားအိုများသည်ကား နောက်ဆုံးမှ ဝင်ရသဖြင့် နွားခြံတံခါးပေါက်တွင်သာ နေရာရကြ၏။

မနက် နွားခြံ ဖွင့်သောအခါတွင်ကား အားနည်းသည့် နွားအိုကြီးများက အရင်ထွက်ခွင့်ရကြ၏။ အကြောင်းကား ခြံပေါက်ဝနှင့် နီးနေသောကြောင့်တည်း။ ထို့အတူ အာစိဏ္ဏကံက အာသန္နကံထက် အားကောင်းနေသည် မှန်သော်လည်း သေခါနီးဖြစ်သောကြောင့် အနီးကပ်ပြုသောကံက အရင်အကျိုးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ သိအပ်ပါ၏။

ဤအချက်ကို ခိုးသားငါးရာက မသိသော်လည်း ရဟန်းတော်က သေချာသိထား၏။ ထို့ကြောင့် 'သင်တို့ကို မည်သူမျှ ကယ်၍မရ၊ သင်တို့ကိုယ်တိုင် ဆောက်တည်ထားသော သီလကသာ ကယ်တင်လိမ့်မည်၊ ငါ့ထံတွင် ငါးပါးသီလ ဆောက်တည်ကြလော့' ဟု ပြောပြီး သီလဆောက်တည်ပေးလေသည်။ သီလဆောက်တည်ပြီးသည်နှင့် 'သင်တို့တွင် အရိယာသူတော်ကောင်းတို့ နှစ်သက်သော ငါးပါးသီလကုသိုလ်ရှိနေပြီ၊ ထိုကုသိုလ်ကို အဖန်ဖန်အမှတ်ရ၍ သေခြင်းတရားကို ရင်ဆိုင်ကြကုန်လော့'ဟု ဩဝါဒပေး၏။

ရေနစ်နေသူသည် ကောက်ရိုးတစ်မျှင်မျှကိုသော်လည်း အားကိုးတကြီး ဆွဲကိုင်သကဲ့သို့ အားကိုးရာမဲ့နေသော ခိုးသားငါးရာတို့သည်လည်း ဆောက်တည်ထားသော ငါးပါးသီလကို အသက်သေသည်အထိ လုံခြုံအောင် စောင့်ထိန်းရန် ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။

## နတ်ပြည်ရောက် ခားပြများ

သူတို့သည် ငါးပါးသီလကို နာရီပိုင်းလောက်သာ စောင့်ထိန်းခွင့်ရကြပါသည်။ ဝိုင်းလာသော စစ်သားများနှင့် ပြည်သူများ ရောက်လာကြပြီး သူတို့အားလုံးကို သတ်ဖြတ်လိုက်ကြသည်။ သို့သော် နာရီပိုင်းလောက်သာ စောင့်ထိန်းခဲ့ရသော ငါးပါးသီလ ကုသိုလ်ကြောင့် သူတို့အားလုံးသည် နတ်ပြည်သို့ ရောက်ကြရသည်။

ဤသာဓကကိုထောက်၍ ရေလုပ်သားများသည်လည်း ရသမျှအချိန်ကလေးတွင် သီလကို လုံခြုံအောင်စောင့်ထိန်းရန် သင့်ကြောင်း၊

ဥပမာအားဖြင့် ညနေပိုင်းမှစပြီး ငါးပါးသီလ ဆောက်တည်လိုက်က၊ နောက်တစ်နေ့ မိုးလင်းအထိ သီလကုသိုလ်များ ရမည်ဖြစ်ကြောင်း၊ ပင်လယ်ထဲ ငါးဖမ်းသွားသည်မှာ တစ်ခါသွားလျှင် သုံးလခန့်ကြာမြင့်ကြောင်း၊ ပြန်လာသောအခါ တစ်လကျော်ခန့် အနားယူကြောင်း၊ ထိုသို့နားချိန်တစ်လတွင် ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းသင့်ကြောင်း ပြောပြရာ ရေလုပ်သားများ အလွန်ဝမ်းသာကြသည်။

ကိုဖိုးထောင်နှင့် မဝါနုတို့သည် ယခုပြောပြနေသော ပင်လယ်တံငါရွာလေး တစ်ရွာမှ ဖြစ်ပါသည်။ တစ်ခါတွင် ကိုဖိုးထောင်သည် ဝါးလတ်လှေဖြင့် ပင်လယ်တွင်းသို့ ငါးဖမ်းလိုက်သွားလေသည်။ ကမ်းမမြင် လမ်းမမြင် ပင်လယ်ထဲတွင် အနည်းဆုံး သုံးလခန့်ကြာမြင့်မည်ဖြစ်သည်။ ပင်လယ်ထဲ ရောက်၍ တစ်လကျော်ကျော် အကြာမှာပင် မုန်တိုင်းသင့်ပြီး ကိုဖိုးထောင်တို့ ဝါးလတ်လှေ ပင်လယ်တွင်း မြုပ်သွားတော့သည်။

*မှတ်ချက်။ ။ (ဝါးလတ် = ဒရွတ်ဆွဲငါးဖမ်းစက်လှေ။)*

ကိုဖိုးထောင်ကား သစ်တုံးကြီး တစ်တုံးကို ဖက်တွယ်မိပြီး ပင်လယ်ထဲတွင် လေးရက်ခန့် မျောပါနေခဲ့သည်။ ငါးရက်မြောက်တွင် သူတစ်ခါမှ မရောက်ဖူးသော ကျွန်းကြီးတစ်ကျွန်းပေါ်သို့ ရောက်သွားသည်။ ငါးရက် တိုင်တိုင် ရေတွေကိုချည်း အားငယ်ဖွယ်ရာ မြင်နေခဲ့သော ကိုဖိုးထောင်သည် မြေကြီးပေါ် ခြေနင်းမိသည်နှင့် တင်းထားသော အားကို လျှော့ချလိုက်ရာ ဝုန်းခနဲ လဲကျပြီး သတိလစ် မေ့မြောသွားလေသည်။

ကိုဖိုးထောင်ကား သတိရ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ လှပခန့်ညားသော တိုက်ကြီးတစ်တိုက်ပေါ် ရောက်နေသည်ကို တွေ့ရသည်။ သူ အိပ်နေသည်မှာလည်း တစ်ထွာကျော်ကျော်ခန့် ထူသော စပရိမ်မွေ့ယာကြီးပေါ်တွင် ဖြစ်နေသည်။ ခြုံထားသော စောင်ကြီးမှာလည်း ကတ္တီပါအနားကွပ်ထားသော အကောင်းစား သိုးမွှေးစောင်ကြီး ဖြစ်နေသည်။

ကိုဖိုးထောင် အလွန်အမင်း အံ့သြသွား၏။ သေပြီး နတ်ပြည်များ ရောက်နေသလားဟု တွေးလိုက်မိပါသေးသည်။ နောက်မှ 'ငါလိုတံငါသည်တစ်ယောက်က ဘယ်လိုလုပ် နတ်ပြည်ရောက်နိုင်မှာလဲ၊ ဒီလိုဆိုရင် အခု ရောက်နေတာ ဘယ်ဘုံလဲ၊ သို့မဟုတ် ပင်လယ်တွင်းမှ ကျွန်းရွာတစ်ရွာပေါ်များ ရောက်နေသလား' စသည်ဖြင့် မဆုံးဖြတ်နိုင်အောင်ပင် ဖြစ်နေရသည်။

ထိုအချိန်မှာပင် လှပစွာဝတ်စားဆင်ယင်ထားသော အမျိုးသမီးတစ်ဦး သူ့အိပ်ခန်းထဲဝင်လာရာ ကိုဖိုးထောင်တစ်ယောက် သူ့မျက်လုံးကို သူပင် မယုံကြည်နိုင်အောင် ဖြစ်သွားတော့သည်။ ထိုဝင်လာသူကား အခြားသူ မဟုတ်၊ သူ့မဟေသီ မဝါနုဖြစ်နေသောကြောင့်ပင်တည်း။

မဝါနု အနားရောက်သည်နှင့် ကိုဖိုးထောင်သည် အိပ်ယာမှ ဆတ်ခနဲ ထထိုင်ကာ မဝါနုလက်ကို မလွှတ်တမ်း ဖမ်းဆုပ်ထားလိုက်ပြီး-

"မဝါနု . . မင်းဘယ်လိုလုပ် ဒီကျွန်းပေါ် ရောက်နေရတာလဲ၊ ငါကရော သေပြီး ဥစ္စာစောင့်များ ဖြစ်နေရော့သလား၊ ဒီလို ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီးတစ်မြို့က ဘယ်လိုဖြစ်လို့ ဒီကျွန်းပေါ် ရောက်နေရတာလဲ" ဟု အငမ်းမရ မေးမိတော့သည်။

မဝါနု မျက်နှာက အံ့ဩဟန်မပြ၊ သိမ်မွေ့စွာ တစ်ချက်မျှ ပြုံးလိုက်ပြီး -

"ကဲ . . ကိုဖိုးထောင်၊ အဲဒါတွေ နောက်တော့သိလိမ့်မယ်၊ အခုလောလောဆယ် ကိုဖိုးထောင် ငါးရက်တိုင်တိုင် ထမင်းငတ်လာတယ် မဟုတ်လား၊ လာ . . ထမင်း အရင်သွားစားကြစို့" ဟု ပြောပြီး ကိုဖိုးထောင်လက်ကို ဆွဲကာ ခေါ်သွားတော့သည်။

ထမင်းဝိုင်းတွင်ကား ကမ္ဘာပေါ်တွင် အကောင်းဆုံးဆိုသော စားဖွယ်စုံများ အကုန်ပါဝင်နေသည်ကို တွေ့ရတော့သည်။ ကိုဖိုးထောင် တစ်ယောက် ဘာမှ ဆက်မမေးနိုင်တော့ဘဲ ထမင်းကိုသာ အငမ်းမရ စားတော့သည်။ ထမင်းစားပြီးသည်နှင့် ဘုန်းကြီးဆွမ်းကပ်သည့် ပုံစံအတိုင်း အချိုပွဲများ ချလာပြန်သည်။

ကိတ်မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံ၊ လက်ဖက်ရည်၊ ကော်ဖီ အကုန်ပါဝင်သည်။ ဗိုက်တင်းအောင် စားပြီးသည်နှင့် ကိုဖိုးထောင်တစ်ယောက် အိပ်ချင်လာသည်။ အလိုက်သိသော မဝါနုက ကိုဖိုးထောင်ကို ဆွဲပြီး အိပ်ခန်းထဲသို့ ပြန်ခေါ်လာသည်။

ကိုဖိုးထောင် ခန္ဓာကိုယ်သည် ရသာရုံကို မှီဝဲပြီးသည်နှင့် တစ်လကျော်တိတိ ကင်းကွာနေသော ဖောဋ္ဌဗ္ဗာရုံကို သိသာထင်ရှားစွာ တောင့်တလာပြန်သည်။ စိတ်နောက်ကို ကိုယ်က ပါသွားသောအခါ မဝါနုကို ဆတ်ခနဲ ပွေ့ချီလိုက်ပြီးလျှင် ပါးနှစ်ဖက်ကို အငမ်းမရ မွှေးကြူပစ်လိုက်သည်။

ပြီးတော့ အိပ်ခန်းဆီသို့ . . . . . . . . ။

ဘယ်၍ဘယ်မျှ အိပ်ပျော်သွားသည်မသိ။ ကိုဖိုးထောင် နိုးလာသောအခါ နေဝင်ရီတရောပင် ဖြစ်နေလေပြီ။ မဝါနုသည် ကိုဖိုးထောင် ဘေးမှ လူးလဲထလိုက်ရင်း အဝတ်အစားများကို ပြန်လည်ပြုပြင်နေသည်။ ပြီးသည်နှင့် ကိုဖိုးထောင် ဘယ်လိုမှ ထင်မှတ်မထားသော စကားတစ်ခွန်းကို ပြောလာသည်။

"ကိုဖိုးထောင်၊ ကျွန်မတို့ ဒီရွာရဲ့ထုံးစံက ညရောက်ရင် ရွာရှိလူကုန် ရွာပြင်မှာ သွားနေကြရတယ်၊ မနက်လင်းမှ ရွာထဲကို ပြန်လာရတယ်။ ကိုဖိုးထောင်ကတော့ ဧည့်သည်ဆိုတော့ နေ့ရော၊ ညရော ဒီတိုက်ထဲမှာ နေနိုင်ပါတယ်။ မဝါနုကို တကယ်ချစ်တယ်ဆိုရင် ဘာမှ မမေးဘဲ ဒီတိုက်ထဲမှာပဲ နေရစ်ခဲ့ပါ။ ဘယ်မှ မသွားပါနဲ့။ မနက် မဝါနု ပြန်လာတဲ့အထိ စောင့်ပါ"

ထိုသို့ ပြောပြီး မဝါနုတစ်ယောက် ညှိုးငယ်သော မျက်နှာဖြင့် ထွက်သွားလေတော့သည်။ အံ့သြစရာကောင်းသည်ကား မဝါနုသည် တစ်ဘက်သို့ လှည့်လိုက်သည်နှင့် အိမ်ဝိုင်းအပြင်သို့ ခဲနှင့်ပစ်လိုက်သလို ချက်ချင်းရောက်သွားခြင်းပင်။ ကိုဖိုးထောင် ယောကျ်ားအားဖြင့် အပြေးလိုက်သည်ပင် အိမ်ရှေ့တံခါးထိသာ ရောက်သည်။

မဝါနုကား တံခါးအပြင်ရောက်၍ အခြားရွာသူရွာသားများနှင့် အတူ ရော၍ ပါသွားပေပြီ။ ကိုဖိုးထောင်တစ်ယောက် အံ့သြကြီးစွာဖြင့် အိမ်ရှေ့လမ်းမကြီးကို လှမ်းကြည့်နေမိရာ အရပ်ထဲရှိသမျှ လူအားလုံး ညှိုးငယ်သော မျက်နှာများဖြင့် ရွာအပြင်သို့ တစ်တန်းကြီး သွားနေကြသည်ကို မြင်ရသည်။ အရပ်ထဲတွင် လူသားဆို၍ ကိုဖိုးထောင်တစ်

ယောက်သာ ကျန်တော့သည်။ ပုခက်ထဲမှ ကလေးကအစ အားလုံး ရွာပြင် ထွက်ကြရသည်မှာ အဘယ့်ကြောင့်ပါနည်း။

နောက်တစ်နေ့ မိုးလင်းတော့ မဝါနုနှင့်တကွ အရပ်သူအရပ်သားအားလုံး ကိုယ့်အိမ်ကိုယ် ပြန်ရောက်လာကြသည်။ မဝါနုကတော့ ဘာမှမဖြစ်သလို ကိုဖိုးထောင်နှင့် ရယ်စရာမောစရာပြောလိုက်၊ ကလူကျီဆယ်လိုက်နှင့် ပျော်ပါးနေသည်။ သူတို့ကို ကြည့်ရသည်မှာ နေ့ခင်းပိုင်းတစ်ချိန်လုံးကို ချမ်းမြေ့ပျော်ရွှင်စွာ ကုန်လွန်သွားစေချင်ဟန်တူသည်။ ကိုဖိုးထောင်ကတော့ မနေနိုင်၊ တစ်ရွာလုံး ညရောက်သည်နှင့် ရွာပြင်ထွက်ရခြင်းအကြောင်းကို သိချင်နေသည်။ ထို့ကြောင့်လည်း -

"မဝါနု၊ ညညရောက်တိုင်း မင်းတို့တစ်တွေ ရွာပြင်ထွက်ထွက်နေရတာ ဘာကြောင့်လဲ၊ ငါသေချာသိချင်တယ်၊ ပြောပြပါ"

"ကိုဖိုးထောင်ကလည်း ကိုယ့်အတွက် ဘာမှအကျိုးမရှိတဲ့ဟာ သိချင်မနေပါနဲ့"

မဝါနုကိုကား ဘယ်လိုမှ မေးလို့မရပေ။ သည်လိုနှင့် တစ်နေကုန်သွားပြန်သည်။ နေဝင်သွားသည်နှင့် မဝါနုမျက်နှာလေး ညှိုးလျှသွားသည်။ ပြီးတော့ ထုံးစံအတိုင်း မှာပြန်သည်။

"ကိုဖိုးထောင်၊ ဒီအိမ်ပေါ်ကနေ ဘယ်မှ မသွားပါနဲ့၊ မိုးလင်းတာနဲ့ ကျွန်မ ပြန်ရောက်လာမှာပါ"

ထိုသို့ မှာပြီးသည်နှင့် တခြားသူများနှင့်ရော၍ ရွာပြင်သို့သွားပါတော့သည်။ ထိုနေ့ညမှာတော့ ကိုဖိုးထောင် မနေနိုင်တော့၊ နောက်ဆုံးကျန်နေသော ရွာသားတစ်ဦး၏နောက် ခပ်လှမ်းလှမ်းမှ မသိမသာ လိုက်သွားလိုက်သည်။ မှောင်နေပြီဖြစ်သဖြင့် သူ့ကို မည်သူကမျှ မမြင်ကြ။

ရွာစည်းရိုးနား ရောက်သည်နှင့် ကိုဖိုးထောင် တစ်ယောက် သစ်ပင်ကြီးတစ်ပင်ပေါ် တက်လိုက်သည်။ သစ်ပင်ပေါ်ရောက်၍ ရွာပြင် လှမ်းကြည့်လိုက်သောအခါ မြင်လိုက်ရသော မြင်ကွင်းကြောင့် ကိုဖိုး ထောင် ရင်မှာ သိမ့်သိမ့် တုန်သွားပြီး သစ်ပင်ပေါ်မှ လိမ့်မကျစေရန် သစ်ကိုင်းများကို ဖျစ်ညှစ် ဆုပ်ကိုင်ထားလိုက်ရသည်။

## မြေပြင်ပေါ်မှ ငရဲဘုံ

"ရွာအပြင်ဘက်မှာ ငရဲဘုံ ဖြစ်နေပါကလား"

မဝါနှင့်အပါအဝင် ရွာသူရွာသားအားလုံး ဆင်းရဲဒုက္ခမျိုးစုံကို ခံစားနေကြရသည်။ တချို့ယောကျ်ားများကို ငရဲသားများက ပါးစောင် နှစ်ဖက်ကို သံချိတ်နှင့်ဆွဲဖြဲပြီး သံရည်ပူများ လောင်းထည့်နေကြသည်။ အရက်သမားများ ဖြစ်ဟန်တူသည်ဟု ကိုဖိုးထောင်က သုံးသပ်လိုက် သည်။

တချို့သော ယောကျ်ားများ၏ ခြေလက်တို့တွင် ဓားသွားများ ပေါ်လာကြပြီး နှစ်ယောက်တစ်တွဲ အချင်းချင်း ဓားခုတ်နေကြသည်မှာ သွေးတရွှဲရွှဲဖြင့် အသည်းတုန် အူတုန်ဖြစ်စရာကောင်းလှသည်။ အချို့ သော မိန်းမများသည်ကား မြေကြီးပေါ် ပက်လက်လန် လဲနေကြပြီး သူတို့ခေါင်းများကို ငရဲသားများက ဧရာမတင်းပုတ်ကြီးဖြင့် ထုခွဲနေ လိုက်သည်မှာ ထင်းချောင်းထက်ခြမ်းကွဲသလို သူတို့ဦးခေါင်းများလည်း ထက်ခြမ်းကွဲသွားလေသည်။

သို့သော် ခေါင်းတစ်လုံးကွဲသွားသည်နှင့် ချက်ချင်း နောက်ထပ် ခေါင်းတစ်လုံး ပြန်ထွက်လာခြင်းကား အံ့ဩစရာကောင်းလှ၏။ အချင်းချင်း ထိုးခုတ်နေကြသူများမှာ ကြက်သမားများဖြစ်နိုင်ပြီး ခေါင်းထုခံနေရသူများမှာ ငါးတို့၏ခေါင်းကို ထုခဲ့သူများဖြစ်လိမ့်မည်ဟု ကိုဖိုးထောင်က သုံးသပ်နေမိသည်။

ကိုဖိုးထောင် ဆက်မကြည့်ရဲတော့၊ ကြောက်ဒူးတွေ တဆတ်ဆတ် တုန်လျက်ရှိရာ ကြာလျှင် သစ်ပင်ပေါ်မှ ပြုတ်ကျသွားနိုင်သည်။ သစ်ပင်ပေါ်မှဆင်းပြီး အိမ်သို့ သုတ်ခြေတင်ကာ ပြေးခဲ့သည်။ အိမ်ရောက်တော့ လုံးဝ အိပ်လို့မရတော့။ စောစောက အနိဋ္ဌာရုံများသာ မျက်စိထဲတွင် ကွက်ကွက်ကွင်းကွင်း ပေါ်လျက်ရှိသည်။

မနက်လင်းသည်နှင့် မဝါနုတစ်ယောက် ညက ဘာမှမဖြစ်ခဲ့သလို ပျော်ပျော်ရွှင်ရွှင်၊ လှလှပပ ဝတ်စားပြီး အိမ်ထဲသို့ ဝင်လာခဲ့သည်။ အင်္ကျီရော၊ ထဘီပါ အဖြူရောင် ဝမ်းဆက် ဝတ်လာသည်။ အင်္ကျီမှာ လက်စကအရွယ် ချုပ်ထားသဖြင့် ယဉ်ယဉ်လေးနှင့် လှနေသည်။ ခေါင်းတွင်လည်း စံပယ်ပန်းများ ပန်ထားလိုက်သည်မှာ မွှေးနေပြီး တစ်အိမ်လုံး မွှေးကြိုင်လျက်ရှိသည်။

မဝါနု၏ အလှတွင် ခေတ္တနစ်မျောသွားသဖြင့် မေးရမည့် မေးခွန်းများကိုပင် တဒင်္ဂ မေ့လျော့သွားသည်။ ခဏကြာမှ မဝါနုက ကိုဖိုးထောင်မျက်နှာကို လှမ်းကြည့်ကာ တစ်ချက်မေးလိုက်သည်။

"ကိုဖိုးထောင် မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

"...............”

ကိုဖိုးထောင်ထံမှ ဘာစကားမှ ထွက်မလာ။ မဝါနုက ဆက်ပြောသည်။

"မဝါနု ရိပ်မိပါပြီ . . ၊ ကိုဖိုးထောင် ညက ကျွန်မတို့ရဲ့ ဒုက္ခတွေကို လိုက်ကြည့်တယ် မဟုတ်လား"

ကိုဖိုးထောင် မျက်စိထဲတွင် ညကမြင်ခဲ့ရသည့် ကြောက်မက်ဖွယ်ရာမြင်ကွင်းများ အသစ်တစ်ဖန် ပေါ်လာပြန်သည်။ ကိုဖိုးထောင် မဝါနု၏ လက်နှစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီး -

"မဝါနု၊ ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ၊ နင်တို့က ဘာဘုံသားတွေလဲ၊ နေ့မှာ စည်းစိမ်တွေ စိတ်ကြိုက်ခံစားရပြီး၊ ညကျတော့ ဘာဖြစ်လို့ ငရဲခံနေရတာလဲ" ဟု အော်ဟစ်မေးလိုက်သည်။

မဝါနုက ဘာမျှမဖြေနိုင်။ ကိုဖိုးထောင်ရင်ခွင်ထဲ မျက်နှာအပ်ချလိုက်ကာ ကလေးတစ်ဦးသဖွယ် ရှိုက်ကြီးတငင် ငိုပါလေတော့သည်။ ခေါင်းထိုးပြီး တသိမ့်သိမ့် ငိုကြွေးနေသဖြင့် ကိုဖိုးထောင်မှာ မဝါနုကို ပွေ့ဖက် နှစ်သိမ့်ရင်း အဖြေစကားကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိသည်။ မဝါနုခေါင်းမှ ဝေနေအောင် ပန်ထားသည့် စံပယ်ကုံးများသည် ငိုသည့် အရှိန်ကြောင့် လှုပ်ရှားပြီး အောက်သို့ ပြုတ်ကျမလို ဖြစ်လာသည်။

မွှေးကြိုင်နေသော စံပယ်ပန်းလေးများ မြေကြီးပေါ် ကျသွားမည်ကို စိုးရိမ်သဖြင့် ကိုဖိုးထောင်က လက်နှင့်အသာ ဆုပ်ယူထားလိုက်သည်။ အားရအောင် ငိုပြီးသည်နှင့် မဝါနုက သူတို့၏ဘဝ အဖြစ်မှန်ကို ပြောပြလေသည်။

"ကိုဖိုးထောင်၊ ကျွန်မတို့တတွေက လူတွေ မဟုတ်ပါဘူး၊ ဝေမာနိက ပြိတ္တာဘုံသားတွေပါ၊ ကိုဖိုးထောင် လှေထွက်ပြီး နှစ်ပါတ် လောက်အရမှာ ကျွန်မ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးခဲ့တယ်၊ ကျွန်မ တို့တတွေဟာ လူ့ဘဝရှိစဉ်အခါတုန်းက ကာမဂုဏ်ခံစားဖို့က အဓိက၊ ကုသိုလ်လုပ်ဖို့က သာမညလို့ သဘောထားခဲ့ကြတယ်"

"အဲဒီ သဘောထားဟာ အင်မတန် မှားပါတယ်၊ တကယ်တော့ လူ့ဘဝရောက်လာရင် ကုသိုလ်ရဖို့က အဓိက၊ အာရုံငါးပါး ကာမဂုဏ် တရား ခံစားဖို့က သာမညလို့ သဘောထားမှ လူဖြစ်ရကျိုး နပ်မှာပါ၊ သာမညထားရမယ့် ကာမဂုဏ်ခံစားမှုကို အဓိကနေရာမှာ ထားမိတော့ ငွေရပြီး စားရ၊ သောက်ရ၊ ဝတ်ရရင် ပြီးရော ဆိုပြီး ငွေရမယ် ဆိုရင် သတ်ဖြတ်၊ လိမ်ညာ၊ ခိုးဝှက်တဲ့ အလုပ်တွေကို  လုပ်မိကြတယ်"

"ဗုဒ္ဓဘာသာတွေဆိုတော့ အဆင်ပြေတဲ့အခါလည်း ကုသိုလ် လေးဘာလေး နည်းနည်းပါးပါးတော့ လုပ်တာပေါ့၊ ဒါပေမယ့် ကုသိုလ် အလုပ်ကို သာမညနေရာမှာ ထားတာဆိုတော့ အကုသိုလ်နဲ့ စာလိုက် ရင် အင်မတန် နည်းပါးပါတယ်၊ ဒီတော့ ကျွန်မတို့ဘဝမှာ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံး ရောနေတာပေါ့"

"ပြုခဲ့တဲ့ ကုသိုလ်အတွက် နေ့ခင်းပိုင်းမှာ နတ်စည်းစိမ်ကို ခံစားရပြီး၊ ပြုခဲ့တဲ့ အကုသိုလ်အတွက် ညအခါမှာ ငရဲခံနေရတယ်၊ ကိုဖိုးထောင် ဒီမှာ အမြဲမနေနိုင်ဘူးဆိုတာ ကျွန်မသိပါတယ်၊ အိမ်ကို ရောက်အောင် ကျွန်မကိုယ်တိုင် လိုက်ပို့မှာပါ၊ အရေးတကြီး မှာချင် တာက လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ ကုသိုလ်လုပ်ဖို့ ဖြစ် ကြောင်းကို ဘယ်တော့မှ မမေ့ဖို့ပါပဲ"

"လူ့ဘဝ သက်တမ်းတိုတိုလေး နေရသခိုက်မှာ ကျွန်မတို့လို နေ့စံ၊ ညခံဘဝမျိုး မရောက်အောင် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အကုန်လုပ်ပါ။ အကုသိုလ်ဆိုရင်တော့ စိတ်ထဲမှာတောင် မကူးပါနဲ့၊ ကဲ- ကိုဖိုးထောင် အိပ်တော့၊ ခဏနေ ကျွန်မ ကိုဖိုးထောင်ကို ပြန်ပို့ပေးမယ်"

ထိုသို့ ရှည်လျားစွာသော စကားများကို ပြောဆိုပြီး မဝါနုက ကိုဖိုးထောင်၏ နဖူးအလယ်တည့်တည့်ကို စိုက်ကြည့်လိုက်ရာ ကိုဖိုးထောင် တစ်ယောက် မျက်တောင်များ စင်းကျလာပြီး တခဏချင်း အိပ်ယာပေါ်တွင် အိပ်ပျော်သွားတော့သည်။

ကိုဖိုးထောင် နိုးလာတော့ သူ့အိမ်သို့ ပြန်ရောက်နေပြီ။ ကြုံခဲ့ရသောဖြစ်ရပ်များက ကိုဖိုးထောင် စိတ်ထဲသို့ အစီအရီ ဝင်လာသည်။ 'ငါကြုံခဲ့တာတွေဟာ အိပ်မက်လား၊ တကယ်လား၊ ပင်လယ်ထဲမျောပါရင်း ငါ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်တာလား၊ ပြီးတော့ ဒီအိမ်ပေါ် ငါ ဘယ်လိုနည်းနဲ့ ပြန်ရောက်လာတာလဲ။'

သူ့ညာလက်တွင် ဆုပ်လျက်ပါလာသော အရာများကို ဖြန့်၍ ကြည့်လိုက်ရာ မဝါနုခေါင်းတွင် ပန်ထားသော စံပယ်ပန်းများဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။ စံပယ်ပန်းလေးများကို နမ်းရှုပ်ရင်းဖြင့် တမလွန်ဘဝရောက်သည်အထိ သူ့ကို ယုယချစ်ခင်စွာ စောင့်ရှောက်ခဲ့သည့် မဝါနုကို လွမ်းဆွတ်သတိရကာ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် စီးကျလာသည်။ မျက်ရည် အဖြန်းခံရသော စံပယ်ပန်းတို့သည် လန်းနိုင်ပါတော့မည်လော။

ထိုမှနောက်၌ ကိုဖိုးထောင်သည် ရေလုပ်ငန်းကို လုံးဝစွန့်လွှတ် ပစ်လိုက်ပြီး အပြစ်ကင်းသော အလုပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကာ ကုသိုလ်ကို အဓိကထားရှာဖွေသော သူတော်ကောင်းကြီးတစ် ယောက် ဖြစ်သွားခဲ့သည်။

ဤဖြစ်ရပ်ကို ဖတ်ရပြီးနောက် စောဒကတစ်ခု တက်ဖွယ်ရှိ သည်။ လူနှင့် နတ် ပေါင်းသင်း၍ ရနိုင်သလား’ ဟူသော စောဒကပင်။ ဝေမာနိကပြိတ္တာများသည် နတ်စည်းစိမ် ခံစားချိန်တွင် တကယ့်နတ်များ လိုပင် ခံစားရ၍ နတ်ဟုပင် ဆိုနိုင်ပါသည်။ လူနှင့် နတ် ပေါင်းသင်းနိုင် ပါသည်။ သို့သော် အထက်တန်းစား နတ်များကား မဟုတ်၊ အောက် တန်းစား စတုမဟာရာဇ်အနွယ်ဝင် နတ်များသာ ဖြစ်သည်။ ပေတဝတ္ထု တွင် ရုက္ခစိုးနတ်နှင့် လူမိန်းမတစ်ဦး ပေါင်းသင်းပုံကို ဘုရားရှင် ဟော ကြားထားသည်။ ထိုဝတ္ထုကို ဤစာအုပ် အဆုံးပိုင်းတွင် အပြည့်အစုံ ဖော်ပြပါမည်။

မန္ဓာတုစကြာမင်းကြီးကဲ့သို့ ဘုန်းတန်ခိုးကြီးမားသော လူသား များကား အထက်နတ်ပြည်က နတ်သမီးများနှင့်ပါ ပျော်ပါးပေါင်းသင်း နိုင်ကြောင်း ကျန်းဂန်လာရှိသည်။

## နတ်သက်တစ်ရက် လူသက်တစ်ရာ

ဓမ္မပဒတွင် နောက်ဘဝကို ပြန်လည်အမှတ်ရသော ပဋိပူဇိကာ အမည်ရှိ အမျိုးသမီးလေးတစ်ဦး အကြောင်းကို စိတ်ဝင်စားဖွယ်ရာ ဟောကြားတော်မူထားသည်။ ပဋိပူဇိကာသည် တာဝတိံသာနတ်ပြည်မှ

လာခဲ့သူဖြစ်သည်။ သူ၏ လင်ယောကျ်ား နတ်သားအမည်ကား မာလာဘာရီဟု ခေါ်သည်။

ထိုနတ်သားတွင် ပဋိပူဇိကာအပါအဝင် ဇနီးမယား နတ်သမီးပေါင်း တစ်ထောင်ရှိသည်။ တစ်ရက်တွင် နတ်သမီးတစ်ထောင်နှင့်အတူ နန္ဒဝန်ဥယျာဉ်သို့ဆင်းပြီး ပျော်ပါးဆော့ကစားကြသည်။ ထိုအချိန်မှာပင် နတ်သမီးလေးတစ်ပါးသည် နတ်သက်ကြွေ (သေ)လေသည်။

နတ်တို့သည် ဖြူနုနေသော နတ်သြဇာကိုသာ စားခြင်းကြောင့် ရုပ်တရားများ သန့်ရှင်းစင်ကြယ်သည်။ အညစ်အကြေး စွန့်ရခြင်းလည်း မရှိပေ။ ထို့ကြောင့် နတ်များသေဆုံးလျှင် ရုပ်ခန္ဓာကြီး ချက်ချင်းပျောက်သွားသဖြင့် တချို့ဆိုလျှင် သေသွားမှန်းပင် မသိလိုက်ကြချေ။ နတ်များနတ်သက် ကြွေတော့မည်ဆိုလျှင် အောက်ပါ အချင်းအရာများ ပေါ်ပေါက်လာသည်။

ချိုင်းကြားမှ ချွေးများ ယိုစီးလာသည်။
အဝတ်အစားများ ဟောင်းနွမ်းလာသည်။
ပန်ထားသောပန်းများ ညှိုးနွမ်းလာသည်။
နတ်ပြည်၌ မပျော်နိုင်ဖြစ်လာသည်။

နတ်ပြည်မှ စုတေသွားသော ပဋိပူဇိကာသည် အိန္ဒိယနိုင်ငံတွင် အမျိုးသမီးလေးတစ်ယောက် သွားဖြစ်သည်။ သူသည် ဇာတိဿရဉာဏ်ကို ရသောကြောင့် သူ့အရင်ဘဝကို ပြန်လည်အမှတ်ရသွားသည်။ စည်းစိမ်၊ အချွေအရံ၊ သက်တမ်း၊ အစားအသောက်အားလုံး နတ်ပြည်က လူ့ပြည်ထက် မနှိုင်းသာအောင် သာလွန်မြင့်မြတ်နေသည်ကို လက်တွေ့

သိလာသူ ဖြစ်သောကြောင့် လူ့ပြည်တွင် ကုသိုလ်စုပြီး တာဝတိံသာသို့ ပြန်သွားရန်သာ ဆန္ဒဖြစ်နေသည်။

သူသည် သံသရာအတွက် ရည်ရွယ်ချက်ရှိသူဖြစ်သဖြင့် ငွေကို လည်းရှာ၏။ ကုသိုလ်ကိုလည်း ရှာ၏။ ငွေသည် လူ့ဘုံတွင် သုံးစွဲရန် အတွက်ဖြစ်၏။ ကုသိုလ်သည် သုံးဆယ့်တစ်ဘုံလုံးတွင် သုံးစွဲရန်အတွက် ဖြစ်၏။ ငွေသည် လူ့ဘုံ တစ်ဘုံတွင်သာ သုံး၍ရပြီး၊ ကုသိုလ်တရားသည် မည်သည့် ဘုံတွင်မဆို သုံး၍ရသည်ဟု သိသော ပညာသည် တကယ့် ပညာဖြစ်၏။

ထိုအတွေးအခေါ် ပညာမျိုးကား ဘီအေ၊ အမ်အေ၊ ပီအိတ်ချ်ဒီ ဘွဲ့ရသူများပင် ရှိချင်မှ ရှိကြ၏။ ထိုဘွဲ့များကို ရထားသော်လည်း မလျှ ရက်မတန်းရက် ဖြစ်နေသူများကို တွေ့ရသောကြောင့် ယခုလို ပြောလိုက် ခြင်းဖြစ်၏။ ကျန်သော ဘုံများကို အသာထား၍ ကုသိုလ်တရားသည် ငရဲဘုံ၌ပင် အသုံးကျပုံကို သိသာရုံတင်ပြအံ့။

ယမမင်း၏ တမန်ငါးမျိုးရှိ၏။ ထိုငါးမျိုးကို ဖော်ပြရာသုတ်ကို 'ဒေဝဒူတသုတ္တန်' ဟု ခေါ်၏။ ထိုတမန် ငါးမျိုးကား -

သူအို၊ သူနာ၊ သူသေ၊ ကလေး၊ အကျဉ်းသားတို့ပင်ဖြစ်၏။ ငရဲသို့ကျရောက်သူများ လွတ်သင့်က လွတ်စေရန် ယမမင်းကြီးက စစ် ဆေးပေးသည်။ ယမမင်းသည် ငရဲသို့ ဆွဲချသူ မဟုတ်။ ငရဲသို့ မကျသင့် သူ မကျအောင် စောင့်ရှောက်ကယ်တင်သူသာ ဖြစ်၏။

ယမမင်းသည် ငရဲသို့ ကျရောက်လာသူအား တမန်ငါးမျိုးကို မေးမြန်းလေ့ရှိ၏။ တစ်မျိုးလောက်ကို ကုသိုလ်ဆိုက်အောင် ဖြေဆိုနိုင် သူများသည် ငရဲမှ ချက်ချင်းလွတ်ပြီး နတ်ပြည်သို့ တက်သွားတတ်၏။

ယမမင်း၏ မေးမြန်းစိစစ်ပုံ နမူနာတစ်ခုကို ဖော်ပြအံ့။

“အသင်လူသား၊ အသင်သည် လူ့ဘဝတုန်းက သူသေကို တွေ့ဖူးပါ၏လော”

“တွေ့ဖူးပါသည်”

“ထိုသို့ တွေ့သည့်အခါ ငါလည်း တစ်နေ့တွင် ဤကဲ့သို့သေရမှာပါလားဟု သံဝေဂဉာဏ် ဖြစ်ဖူးပါသလား”

“ဖြစ်ဖူးပါတယ်”

ဟု ဖြေပြီးသည်နှင့် ငရဲမှလွတ်ပြီး နတ်ပြည်သို့ တန်းတက်သွားတော့သည်။ ထိုငါးမျိုးလုံး မေးမြန်းပြီးသည်အထိ မည်သည့် သံဝေဂမျှ မရဘူးဆိုမှ ငရဲသို့ ကျရသည်။ လူ့ဘဝတွင် ရခဲ့သည့် မဖြစ်စလောက် သံဝေဂဉာဏ် ကုသိုလ်လေးသည်ပင် ငရဲဘုံမှ လွတ်သွားလောက်အောင် အသုံးတည့်လှပေသည်။

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်တည်ထောင်ရန် မြေအလှူခံရရှိစဉ်က ပထမဆုံး ဆောက်လုပ်လှူဒါန်းသောကျောင်းမှာ ‘ဓမ္မဒါယာဒကျောင်း’ ဖြစ်သည်။ ယခု ပဓာနနာယကဆရာတော် ဦးရာဇဓမ္မ သီတင်းသုံးသည့် ကျောင်းပင်ဖြစ်၏။ ထိုကျောင်းကိုဆောက်လှူသူမှာ မန္တလေးမြို့မှ ဦးတောနှင့် ဒေါ်လှိုင် မိသားစုတို့ ဖြစ်သည်။

သူတို့သည် ကျောင်းဆောက်လှူသည့်အပြင် စာချ၊ စာသင် သံဃာတော်များအတွက် လိုအပ်သော ပစ္စည်းလေးပါးကို အမြဲတမ်း ထောက်ပံ့လှူဒါန်းနေကြသူများ ဖြစ်သည်။ သူတို့သည် ဆန်ရောင်းပြီး အသက်မွေးကြသည်။ ထိုစဉ်အခါက သူတို့အနားတွင် ဆန်ဆိုင် ဆယ်ဆိုင်ရှိ၏။ သို့သော် ဝယ်ယူသူများသည် ဦးတောနှင့်ဒေါ်လှိုင် တစ်ဆိုင်

တည်းတွင်သာ အများဆုံးဝယ်ယူကြသည်။

သူတို့ဆိုင်တွင် ကုန်သောအခါတွင်မှ အခြားဆိုင်သို့ ဝယ်ကြသည်။ လျှူလေ၊ ရောင်းရလေ၊ ရောင်းရလေ၊ လျှူလေဖြင့် သူတို့ဘဝသည် ပျော်စရာကောင်းနေတော့သည်။ သူတို့ အသက်အရွယ်ရလာသောအခါ သားသမီးများအား ထိုက်သင့်သော အမွေများကို အပြည့်အစုံ အညီအမျှ ခွဲဝေပေးလိုက်သည်။ လက်ရှိနေသော တိုက်တစ်လုံးသာ သူတို့ လင်မယားအတွက် ကျန်တော့သည်။

## နေအိမ်ကိုပင် လှူနိုင်သူ

သူတို့၏ သဒ္ဓါတရားကား အံ့ဩဖွယ်ကောင်း၏။ သူတို့နေသော တိုက်နှင့်ခြံကိုပင် ဆရာတော် ဦးသူရိယကို ပင့်၍ ရေစက်ချလှူဒါန်းထားသည်။ သူတို့ကို မသေခင် နေခွင့်ပြုပါ။ သူတို့ သေဆုံးသည်နှင့် ဤတိုက်နှင့် ခြံကို ရောင်းချ၍ ကျောင်းတိုက်အတွက် လိုအပ်သောနေရာတွင် အသုံးချပါဟု လျှောက်ထားသည်။

**ပညာမဲ့များသည် ယူရသည်ကို ပျော်၏။ ပညာရှိများသည် လှူရသည်ကို ပျော်၏။ မသူတော်များသည် ယူရသည်ကို ပျော်၏။ သူတော်ကောင်းများသည် လှူရသည်ကို ပျော်၏။ ရယူခြင်းနှင့် ပေးဆပ်ခြင်းတို့တွင် ပေးဆပ်ခြင်း၌ ပျော်မွေ့သူသည်သာ တကယ့်သူတော်ကောင်းဖြစ်ကြောင်းကို ဘုရားအလောင်းတော် ဖြည့်ဆည်းခဲ့ရသော ဒါနပါရမီအခန်းကို ကြည့်၍ သိနိုင်ပေသည်။**

ပဋိပူဇိကာသည် ပညာရှိသူ ဖြစ်၏။ ထို့ကြောင့် သူရှာဖွေရသမျှကို လှူလည်း လှူ၏။ စားဝတ်နေရေးအတွက်လည်း ထိုက်သလို အသုံးပြု၏။ ထိုသို့လှူရာ၌ ထူးမြတ်သော အလှူခံကိုလည်း လှူ၏။ အညတရ အလှူခံကိုလည်း လှူ၏။ များသောအားဖြင့် အလှူရှင်များသည် ထူးမြတ်သောအလှူခံကိုသာ လှူချင်၏။ အညတရအလှူခံများကို မလှူချင်ကြ။

မိမိ ဘဝသံသရာ ကျင်လည်သောအခါတွင် ထူးမြတ်သောဘဝထက် အညတရဘဝဖြင့် ကျင်လည်ရသည်က ပိုများမည် ဖြစ်၏။ အညတရဘဝတွင် ကောင်းကျိုးချမ်းသာ ခံစားရသည်မှာ အညတရ အလှူခံများကို လှူခဲ့သောကြောင့်ပင်ဖြစ်၏။

ပဋိပူဇိကာသည် အလှူဒါနပြုတိုင်း ဤကုသိုလ်ကြောင့် မာလာဘာရီနတ်သား၏ ဇနီးမယားနတ်သမီး ဖြစ်ရပါလို၏ ဟူ၍သာ အမြဲတမ်း ဆုတောင်းလေ့ရှိ၏။ ‘ပဋိပူဇိကာ’ ဟူသည် လင်ယောင်းအတွက် ရည်ညွှန်း လှူဒါန်း ပူဇော်တတ်သော မိန်းကလေးဟု အဓိပ္ပာယ်ရ၏။ သူသည် လူ့ဘဝ၏ ဓမ္မတာအတိုင်း အရွယ်ရောက်သောအခါ အိမ်ထောင်ကျ၏။ ထို့နောက် သားသမီးများ ထွန်းကား၏။ သူ၏အသက် ခုနစ်ဆယ်ခန့်မှာပင် လူကြီးရောဂါဖြင့် ဆုံးပါးခဲ့၏။

သေဆုံးသောအခါ သူ၏ ဆုတောင်းအတိုင်း မာလာဘာရီနတ်သား၏ ဇနီးမယားနတ်သမီး ပြန်ဖြစ်၏။ ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်ရောက်သည်ကား ဘာမျှမထူးဆန်း၊ ထူးဆန်းသည်က ပဋိပူဇိကာ နတ်သက် မကြွေမီကတည်းက ကျင်းပနေသော ပျော်ပွဲရွှင်ပွဲကြီးသည် ယခုအချိန်အထိ မပြီးဆုံးသေးခြင်းပင်တည်း။

လူ့ဘဝ အနှစ်ခုနစ်ဆယ်ခန့်သည် နတ်ပြည်၌ တစ်ရက်ပင် မပြည့်သေးပါတကား။ နတ်သက်တမ်းဖြင့် တွက်မည်ဆိုလျှင် တစ်ရက် ပြည့်အောင်မရှိသော လူ့ဘဝကို အကြာကြီးထင်ပြီး အကုသိုလ် ဖြစ်ခွင့် ပေးခြင်းသည် မိမိကိုယ်မိမိ ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နေပါ၏။ ပဋိပူဇိကာကို ရုတ်တရက် တွေ့လိုက်ရသော မာလာဘာရီနတ်သားသည် ယခုလို မေးလိုက်၏။

"ပဋိပူဇိကာ သင် ခဏလောက် ပျောက်သွားတယ်၊ ဘယ်ကို သွားလိုက်တာတုန်း"

"အသင်နတ်သား - တခဏ မဟုတ်၊ ငါသည် နတ်သက်ကြွေပြီး လူ့ဘုံ၌ မိန်းကလေးတစ်ယောက် သွားဖြစ်သည်။ သင့်ကို ပြန်အမှတ်ရ သောကြောင့် ကုသိုလ်မျိုးစုံလုပ်ပြီး သင်နှင့် ပြန်တွေ့ရန် အမြဲတမ်း ဆုတောင်းခဲ့သည်။ လူ့သဘာဝအတိုင်း အိမ်ထောင်ကျ၊ သားသမီးတွေ ထွန်းကားပြီး သက်တမ်းကုန်လို့ အခုလို နတ်ပြည်ကို ပြန်ရောက်လာ တာပါ"

ထိုအခါ နတ်သားသည် အံ့ဩထိန့်လန့်သော မျက်နှာဖြင့် -

"ပဋိပူဇိကာ၊ လူတို့၏ တစ်ဘဝတာ သက်တမ်းကား ငါတို့နတ် များ၏ ဥယျာဉ်တစ်ခါပျော်ချိန်တောင် မရှိပါလား။ ဒီလောက် သက်တမ်း တိုတိုလေးနေရတဲ့ လူသားတွေဟာ လူ့ဘဝတန်ဖိုးကို နားလည်ပြီး သင့် လိုပဲ ကုသိုလ်ကောင်းမှုတွေကို များများကြီး ဆည်းပူးကြရဲ့လား"

"အသင်နတ်သား၊ လူ့ဘဝတန်ဖိုးကိုနားလည်ပြီး ကုသိုလ်ကို ရယူသူသည် နည်းပါးလှပါသည်။ လူ့ဘဝသက်တမ်းကို အရှည်ကြီးထင် ပြီး ကာမဂုဏ်ခံစားဖို့ လောဘနောက် တစ်ကောက်ကောက် လိုက်ရင်း

သေဆုံးပြီး အပါယ်လေးပါးကျသူက များပါသည်”

နတ်သားသည် ကာမဂုဏ် အမှောင်ကြီး ကျနေသော လူသားတို့၏အဖြစ်ကို တွေးပြီး ကြီးစွာသံဝေဂရလေသည်။ လူ့ဘဝခန္ဓာကို ကာမဂုဏ် ခံစားဖို့အတွက် အသုံးချပြီး အပါယ်လေးပါး ကျသွားသူ၊ ဒုက္ခရောက်သွားသူများသည် ဘုရားလက်ထက်ကလည်း ရှိခဲ့၏။ ယခုခေတ်မှာလည်း ရှိ၏။ စိတ်ဝင်စားစရာကောင်းသဖြင့် နှစ်မျိုးလုံးဖော်ပြပေအံ့။

## ကြောက်ရင်လွဲ ရဲလျှင်မင်းဖြစ်

ဤခေါင်းစဉ် နာမည်လေးကို ပေးခဲ့သူမှာ တစ်ချိန်က ဓမ္မကထိကလောကတွင် ထင်ရှားကျော်ကြားသူ သာယာဝတီဆရာတော် ဦးဥ္ဇယျပင် ဖြစ်သည်။ ဘုရားဟောဂါထာ တစ်ဂါထာကို လူတိုင်းနားလည် ခံစား၍ရအောင် ဂါထာအနက်ပေးထားပုံမှာ အလွန်ကောင်းလှသဖြင့် ဓမ္မကထိက ဆရာတော်များအတွက် ဖော်ပြလိုက်ပေသည်။ မလိုအပ်ဟု ယူဆသူများ ကျော်ဖတ်နိုင်ပါသည်။

ပုညံ ဘိက္ခဝေ မာဘာယိတ္ထ၊
ပုညံ ဘာယတော သုခံ ဘာယတိနာမ။
တသ္မာ ပုညံဝ ကာတဗ္ဗံ၊
အပုညံ နစကာတဗ္ဗံ။

**ဘိက္ခဝေ** အမတမည်၊ နိဗ္ဗာန်ဆီသို့၊ ကြံစည် ရော်ရမ်း၊ မျှော်ကာ မှန်း၍ ကြိုးပမ်းကြပြား၊ အို . . . . . ချစ်သား

ချစ်သမီးတို့။

**ပုညံ** ဒါသီနိက်ညာ၊ ဝီရိယာနှင့်၊ ခန္တီသစ္စာ၊ ဓိဋ္ဌာန်ပါလျှင်၊ မေတ္တာ၊ ဥပေက္ခာ ဆယ်ဝပေါင်းစု မြတ်ကောင်းမှုကို။

**မာဘာယိတ္တာ** မကြောက်လိုက်ကြပါကုန်နှင့်။

**မဘာယိတ္တာ** လောဘ၊ ဒေါသ၊ မောဟ အမိုက် ရန်သူတွေ ကုန်းဝင်၍ တိုက်တာနှင့် မကြောက်လိုက်ကြပါကုန်နှင့်။

**ပုညံ** နိဗ္ဗာန်သောင်မြို့၊ ရောက်အောင် ပို့မည်၊ မောင်တို့သခင်၊ ကျေးဇူးရှင်စစ် ဖြစ်ကြီးဖြစ်ပေသော ကုသိုလ်ကောင်းမှုကို။

**ဘာယတော** အမြင်လွဲ၍၊ နင်ပဲတမူ၊ ငါ့ရန်သူဟု ပြုစုရှောင်ကွင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်းရှိသောသူသည်။

**သုခံ** မပျက်တန်းတဝ၊ ဘဝ အထက်တန်းကျ ကျပြီး၊ မျက်နှာပန်း လှလှနဲ့၊ လှလှကြီး ဝဝကြီး ခံစားစံစား ရမည်ဖြစ်သော ချမ်းသာကို။

**ဘာယတိနာမ** လူနတ်နိဗ္ဗာန်၊ သုံးတန်သော စည်းစိမ်ကို၊ ညီးထိန်အောင်၊ အထင် မကြွားချင်သဖြင့်၊ အထင်အရှား ကြောက်သောသူမည်၏။

**တသ္မာ** ထိုသို့မှန်စွာ၊ ဖြစ်လေပါကြောင့် (ဝါ) ထိုသို့ အမြဲ အကြောက်လွဲလေသောကြောင့်။

**အပုညံ** လူနတ်နိဗ္ဗာန်၊ သုံးတန်စလုံး၊ ရှုံးကြီးရှုံးမည့်၊ မုန်းစရာ့ အမှန်၊ အကုသိုလ်ကံကို။

**နစကာတဗ္ဗံ** အိပ်မက်တွင်မျှ မမြင်ကြဘဲ ရှောင်လွှဲထပ်ထပ်၊

မှုမမြတ်သဖြင့် မပြုအပ်သည်သာတည်း။

**ပုညံဝ** ဓိဋ္ဌာန်သမျှ စိတ်ကြံဆသဖြင့် နိဗ္ဗန္နပြည်ခေမာကို ကြည်ဝေဖြော အဟုတ်ပေးတတ်သည့်၊ ခေါ်ရေးထင်ရှား၊ ကုသိုလ်တရားကိုသာလျှင်။

**ကာတဗ္ဗံ** ပြုအပ်၏။ ပြုသင့်၏။ ပြုထိုက်၏။ ပြုကြပေတော့။

**ကာတဗ္ဗံကာတဗ္ဗံဧဝ** အပြောအလုပ် သဘောဟုတ်ပြီးတော့ လောကုတ်နှင့် လောကီ၊ ထိုနှစ်လီအမောက်မြဲကြဖို့၊ ကြောက်လွဲစရာ တကတည်းပင်၊ အဖျင်းစနစ်တွေမို့၊ သြော် . . . . ရဲလျှင်မင်းဖြစ် ပြုကြရာတော့သတည်း။

'ကြောက်ရင်လွဲ' ဆိုသည်မှာ - ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်တရားတွေကို ကြောက်ပြီး မပြုဘဲနေလျှင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့နှင့် လွဲမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ 'ရဲလျှင်မင်းဖြစ်' ဟူ သည် - ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်တရားတွေကို ရဲဝံ့စွာပြုလျှင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

'စိတ်သွားတိုင်းကိုယ်ပါ' ဟူသော ဆုပေးသည် အကောင်းဘက်ထက် အဆိုးဘက်ကို ရောက်ဖို့က ပိုများ၏။ အကြောင်းကား 'ပါပ သ္မိံ ရမတိ မနော' ဟူသော ဒေသနာအရ စိတ်သည် မကောင်းမှု အကုသိုလ်၌သာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သောကြောင့်ပေတည်း။

စိတ်သည် အဘယ့်ကြောင့် ကောင်းကျိုးပေးမည့် ကုသိုလ်၌ မပျော်ပိုက်ဘဲ မကောင်းကျိုးပေးမည့် အကုသိုလ်၌ ပျော်ရသနည်း။ ဤ

မေးခွန်းကို ဘဝသံသရာအမြင်၊ ဝိပဿနာဉာဏ်အမြင် နှစ်မျိုးဖြင့် ဖြေအံ့။ လူတစ်ယောက်၏ ဘဝသည် မည်သည့်အချိန်၊ မည်သည့်ကာလက စ,သည်ဟု မသိလောက်အောင် ရှည်လျားလှကြောင်း 'အနမတဂ္ဂ' ဟူသောပုဒ်ဖြင့် ဗုဒ္ဓက ဟောတော်မူခဲ့၏။

## စိတ်သည် မကောင်းမှု၌ ပျော်ရခြင်းအကြောင်း

ထိုများစွာသော ဘဝတို့ကို တစ်ကုဋေ့စီပုံကြည့်လျှင် ၉၉၉၉၉၉၉ ဘဝသည် အကုသိုလ်အလုပ်ဖြင့် ပျော်မွေ့ခဲ့ပြီး ကျန်တစ်ဘဝလောက်သာ ကုသိုလ်အလုပ်ဖြင့် ပျော်မွေ့ခဲ့ခြင်း ဖြစ်သည်။ အကုသိုလ်လုပ်ပြီး အပါယ်ကျခဲ့သော ဘဝတွေက များသောကြောင့် အပါယ်ကျမည့် အကုသိုလ်အလုပ်၌ စိတ်ကပျော်မွေ့နေခြင်း ဖြစ်၏။

ကလေးများကို လေ့လာကြည့်က ထိုအချက်သည် ပို၍ထင်ရှားသည်။ ငှက်ကလေးများကို လေးခွနှင့် ပစ်တတ်အောင် သင်ပေးစရာမလိုပေ။ အလိုလိုလုပ်ချင်ပြီး အလိုလိုတတ်သွားသည်။ ဒဏ်ရာရနေသော ငှက်ကလေးတစ်ကောင်ကို ဆေးကုပေးဖို့၊ ပြုစုဖို့၊ ယုယဖို့ သတိပြုမိသော ကလေးကား မရှိသလောက် ရှား၏။ တရားနာဖို့၊ တရားရှုမှတ်ဖို့ တစ်နာရီပြည့်အောင် မထိုင်နိုင်သောသူသည် ဖဲရိုက်ဖို့၊ ပွဲကြည့်ဖို့ တစ်ညလုံးထိုင်နိုင်သည်မှာ အကုသိုလ်တရားနှင့်သာ ဘဝများစွာ ပျော်မွေ့ခဲ့ကြောင်း ထင်ရှားပြနေ၏။ ကမ္ဘာတွင် လူဦးရေသန်းပေါင်း ခြောက်ထောင်ကျော် ရှိသော်လည်း အရင်းစစ်ကြည့်လျှင် လူနှစ်မျိုးသာ ရှိ၏။ ထိုနှစ်မျိုးကား -

စိတ်ခိုင်းတိုင်း လိုက်၍လုပ်ရသော စိတ်ကိုကျွန်ခံသည့် လူသားနှင့် စိတ်ကို မိမိလိုရာခိုင်းနိုင်သော စိတ်ကိုသခင်လုပ်သည့် လူသားတို့ပင်ဖြစ်၏။ စိတ်ကိုကျွန်ခံရသော လူသားသည် စိတ်ခိုင်းသမျှ မိန်းမအပျော်အပါးလိုက်စား၊ လောင်းကစားလုပ်၊ သေရည်သေရက် သောက်ရသောကြောင့် ပစ္စုပ္ပန်ဘဝတွင်လည်း အောက်တန်းကျ၊ ထောင်တန်းကျပြီး သံသရာတွင်လည်း အပါယ်လေးပါးသို့ကျရရာ ပစ္စုပ္ပန်သံသရာနှစ်ဖြာလုံး နစ်နာဆုံးရှုံးရ၏။ သခင်သည် ကျွန်ကို လိုရာခိုင်းသကဲ့သို့ စိတ်၏သခင်နှင့်တူသော လူသားသည် စိတ်ကို မိမိလိုရာ ကောင်းသောအလုပ်တို့ကို မဖြစ်မနေ လုပ်ခိုင်း၏။ တရားမနာချင် ပေနာ၏။ ဒါနမပြုချင် ပေပြု၏။ သီလမဆောက်တည်ချင် ပေဆောက်တည်၏။

ထို့ကြောင့် စိတ်၏သခင်ဖြစ်သော လူသားသည် ပစ္စုပ္ပန်ဘဝတွင်လည်း ကြီးပွားတိုးတက်၍ သံသရာတွင်လည်း ကောင်းရာသုဂတိဘဝသို့ ရောက်ရပြီး ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး ကောင်းကျိုးချမ်းသာကို ခံစားရ၏။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ ပစ္စေကဗုဒ္ဓါများနှင့် အရိယာပုဂ္ဂိုလ်မှန်သမျှတို့သည် စိတ်ကို မိမိလိုရာခိုင်းနိုင်သော စိတ်၏သခင်များပင်ဖြစ်၏။

အပါယ်လေးဘုံသည် စိတ်ကို ကျွန်ခံသော လူသားများအတွက် ဖြစ်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာသည် စိတ်ကို သခင်လုပ်နိုင်သော လူများအတွက် ဖြစ်သည်။ ယခု စိတ်ကို ကျွန်ခံရသည့်အတွက် ဒုက္ခရောက်ရသော သူဌေးနှစ်ယောက်အကြောင်းကို ဖော်ပြအံ့။

ပထမတစ်ဦးမှာ မြေပဒဲ့လာသော အာနန္ဒာအမည်ရှိ သူဌေးကြီးတစ်ဦးပင် ဖြစ်၏။ သူသည် ဝမ်းစာရှာခြင်း၊ အိပ်ခြင်း၊ စားခြင်း၊

ကာမဂုဏ် ခံစားခြင်းတို့ဖြင့်သာ လူ့ဘဝတစ်ခုလုံးကို အသုံးချခဲ့သည်။ လောကကောင်းကျိုး ပရဟိတအလုပ်ဟူ၍ တစ်ခုမျှ မလုပ်ခဲ့ပေ။

ထိုကဲ့သို့သောပုဂ္ဂိုလ်ကို 'လူ' ဟူ၍ မခေါ်ရ၊ လူ့တိရစ္ဆာန်ဟု ခေါ်ရကြောင်း ဝိမာနဝတ္ထု အဋ္ဌကထာ၌ ဖွင့်ပြထားသည်။

ဝမ်းစာရှာခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း တို့သည် တိရစ္ဆာန်၌လည်း ရှိ၏။ လူ၌လည်း ရှိ၏။ ထိုလေးချက်သာ ရှိသည်ဟုဆိုလျှင် လူသည် တိရစ္ဆာန်နှင့် ဘာမျှမထူး၊ အတူတူသာဖြစ်၏။ ပရဟိတအလုပ် ရှိသောကြောင့်သာ လူသည် တိရစ္ဆာန်ထက် မြင့်မြတ်သွားခြင်း ဖြစ်၏။ ထို့ကြောင့် လူပီသလိုသူ မှန်သမျှ မိမိ စွမ်းအားရှိသလောက် လောကကောင်းကျိုးကို လုပ်ဆောင်ရမည်သာ ဖြစ်၏။

ပညာရှိ သူတော်ကောင်း မှန်သမျှသည် လူ့ဘဝ၏ အောင်မြင်မှုကို တိုက်တာခြံမြေ၊ ရွှေငွေတို့ဖြင့် တိုင်းတာသည် မဟုတ်ပေ။ လောကကောင်းကျိုးကို မည်မျှလောက်ထိ ဆောင်ရွက်နိုင်ခဲ့သနည်း ဟူသော အချက်ဖြင့်သာ တိုင်းတာကြပေသည်။ ထိုအချက်ဖြင့် တိုင်းတာလျှင် အာနန္ဒာသူဌေးကြီးကား လူ့ဘဝ၌ အောင်မြင်မှုတစ်ခုမျှ ရမသွားခဲ့ပေ။

## သူတောင်းစားဖြစ်ရခြင်း၏ အဓိကအကြောင်း

ထို့ကြောင့် သူသေသောအခါ သူတောင်းစားရွာကြီးတစ်ရွာမှာ လူသွားဖြစ်ရသည်။ ရယူခြင်း၌ ပျော်မွေ့ခဲ့သူများသည် ဆင်းရဲသားများ ဖြစ်လာကြသည်ဟူသော စကားသည် မှန်ကန်ပေစွ။ သူသည် သူဌေး ဘဝဖြစ်စဉ်က လှူရမှာ စိုးသောကြောင့် အိမ်ရှေ့တွင် အလှူလာခံသူများ

ကို မျက်နှာထား တင်းပြတတ်သည်။ အံကြိတ်ပြတတ်သည်။ ထိုအပြုအမူ ကြောင့် ယခုဘဝတွင် ပါးစပ်ပေါက်၊ နှာခေါင်းပေါက်များသည် ရှိသင့်သည့် နေရာတွင်မရှိဘဲ အလွန်ကြောက်စရာကောင်းနေ၏။

ဓမ္မပဒအဋ္ဌကထာ၌ ပံသုပိကာစကောဝိယ-မြေဘုတ်ဘီလူးနှင့်တူသည် ဟူ၍ ဖွင့်ပြထားသည်။ သူ ရောက်လာကတည်းက ထိုရွာက လူများသည် မည်သို့မှ တောင်းရမ်း စားသောက်၍မရဘဲ ဒုက္ခရောက်ကြတော့၏။ မိုးကြိုးပစ်လျှင် စက်ကွင်းမိသူများပါ သေရသကဲ့သို့ သူ၏ အကုသိုလ်စက်ကွင်းမိသူများလည်း ဒုက္ခရောက်ကြရခြင်း ဖြစ်၏။

ရွာကို တစ်ဝက်စီခွဲရာ သူပါသောဘက်က ဆင်းရဲပြီး သူမပါ သောဘက်က အဆင်ပြေသွားသည်။ ထိုသို့ ခွဲရင်းဖြင့် သူ့အမေတစ်ဦး သာ ကျန်တော့သည်။ အမေပါထွက်ပြေးသဖြင့် နောက်ဆုံးတွင် သူသည် တစ်ယောက်တည်းသာ တောင်းစားရတော့သည်။ တစ်ရက်တွင် လမ်း တကာလည် တောင်းစားရင်း သူ အာနန္ဒာသူဌေးကြီးဘဝက နေခဲ့သော တိုက်အိမ်ကြီး ရှေ့သို့ ရောက်သွား၏။

သူသည် ဇာတိဿရဉာဏ် ပေါ်လာကာ သူ၏အတိတ်ဘဝကို ပြန်မှတ်မိသွား၏။ သူ့ကိုယ်သူ သူတောင်းစားတစ်ယောက် ဟူ၍ မသိတော့။

အာနန္ဒာသူဌေးကြီးဟုပင် အထင်ရောက်ပြီး တိုက်အိမ်ကြီး ထဲသို့ စွတ်ဝင်သွားတော့သည်။ တံခါးစောင့်တို့သည် အမူမဲ့အမှတ်မဲ့ ဖြစ်ပြီး မတားမြစ်နိုင်ဖြစ်သွားသည်။

တိုက်အိမ်ကြီးထဲ ရောက်လာသော အခါ သူ့သားမှ မွေးထားသော သူ့မြေးလေးတွေပင် သူ့အရွယ် ခုနစ်နှစ်သားခန့် ရောက်နေပေ

ပြီ။ ကြောက်မက်ဖွယ်ရာကောင်းသော သူ့မျက်နှာကို မြင်သော ကလေးများသည် ထိတ်လန့်တကြား အော်ဟစ် ငိုကြွေးကြသည်။

ထိုအခါ သူဌေးကြီးဖြစ်နေသော သူ့သား မူလသီရိသည် ပြေးထွက်လာပြီး -

"ဟေ့ - အိမ်စောင့်တွေ ဘာလုပ်နေကြတာလဲ၊ ဒီကျက်သရေမရှိတဲ့ သူတောင်းစားလေးကို အိမ်ထဲကနေ မြန်မြန်ဆွဲထုတ်သွားကြစမ်း"

ဟု အမိန့်ပေးလိုက်၏။ ထိုအခါ တံခါးစောင့်များသည် သူငယ်လေးကို တွန်းထိုး ရိုက်ပုတ်ပြီး မြေ၌လဲစေကြသည်။ ပြီးလျှင် ခွေးသေကောင်ကဲ့သို့ မြေကြီးပေါ်တွင် ဒရွတ်တိုက် ဆွဲယူလာပြီး လမ်းဘေးရှိ အမှိုက်ပုံကြီးပေါ်၌ ပစ်ထားလိုက်ကြသည်။

ထိုအချိန်မှာပင် မြို့ထဲသို့ ဆွမ်းခံကြွလာသော ဘုရားရှင်နှင့် သံဃာတော်များသည် သူငယ်လေးရှိရာ အမှိုက်ပုံသို့ ရောက်လာပြီးလျှင် သူဌေးကြီးဖြစ်နေသော မူလသီရိကို ခေါ်ယူပြီး ဤသူငယ်သည် ဘဝဟောင်းက သင်၏ဖခင်သူဌေးကြီးတည်းဟု ပြောပြရာ မူလသီရိက မယုံပေ။ ထို့ကြောင့် သူဌေးကြီးဘဝက မြှုပ်နှံသိုဝှက်ထားခဲ့သော ရွှေအိုးကြီးငါးလုံးကို သူငယ်အား ဖော်ပြစေခြင်းဖြင့် အာနန္ဒာသူဌေးကြီးဘဝမှ လာသူဖြစ်ကြောင်း ထင်ရှားစေသည်။

ထိုအခါမှစ၍ မူလသီရိသည် ရတနာသုံးပါးကို ဆည်းကပ်သူ တစ်ဦး ဖြစ်သွားလေသည်။ အာနန္ဒာသူဌေးကြီးကို အကြောင်းပြု၍ ဗုဒ္ဓကအောက်ပါဂါထာကို ဟောကြားတော်မူသည်။

ပုတ္တာ အတ္ထိ ဓနာအတ္ထိ၊
ဣတိဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တော ကုတောဓနန္တိ။

လူမိုက်သည် ငါ့မှာသားသမီးရှိ၏၊ ငါ့မှာ ပစ္စည်းဥစ္စာရှိ၏ဟူ၍ (တဏှာစွဲ)ဖြင့် စိုးရိမ်ပူပန်နေ၏။ အမှန်အားဖြင့် မိမိသည်ပင် မိမိအား စိုးပိုင်ခြင်း မရှိရကား၊ သားသမီးများသည် အဘယ်မှာ အတည်ရှိနိုင်အံ့နည်း။ ပစ္စည်းဥစ္စာသည် အဘယ်မှာ အတည်ရှိနိုင်အံ့နည်း။

## အကောင်းမကြိုက်ခြင်းအကြောင်း

တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်တစ်ခုတွင် ပစ္စည်းဥစ္စာများ ထားစရာမရှိအောင် ချမ်းသာသော သူဌေးကြီးတစ်ယောက် ရှိခဲ့ဖူးသည်။ သူ့တွင် နာမည်ရင်းရှိသော်လည်း သူ့ဗျူပွတ်နှင့် ကိုက်အောင် 'ဦးကပ်စေး' ဟုပင် ခေါ်ကြသည်။ သူ့ဘဝ တစ်သက်တာတွင် လှူဒါန်းပေးကမ်းသည်ဟူ၍ တစ်ကြိမ် တစ်ခါမှ မရှိခဲ့ဖူးပေ။

အိမ်မှ အလုပ်သမားများ၏ လစာကိုပင် အပြည့်မပေးဘဲ ကလိမ်ကကျစ်လုပ်သည်။ အလုပ်သမား၏ တန်ရာတန်ကြေး လုပ်ခကို အပြည့်မပေးလျှင် အလုပ်ရှင်သူဌေးသည် အလုပ်သမား ဆင်းရဲသားထံမှ ပြန်လည်ခိုးယူခြင်းပင် ဖြစ်သည်။ သူသည် တခြားလူအပေါ်၌သာမက မိမိကိုယ် မိမိပါ စေတနာ မရှိချေ။

ထမင်းကြမ်း၊ ဟင်းကြမ်းကိုသာ စားသည်။ ထမင်းကောင်း၊ ဟင်းကောင်းကို ဘယ်သောအခါမှ မစား။ ကြမ်းတမ်းသော၊ ညံ့သော အဝတ်ကိုသာ ဝတ်သည်။ နူးညံ့သော၊ ကောင်းသော အဝတ်ကို ဘယ်သောအခါမှ မဝတ်။ ပစ္စည်းဥစ္စာ ပေါများချမ်းသာပါလျက် ကောင်းကောင်းစားမရခြင်း၊ ကောင်းကောင်းဝတ်မရခြင်းသည် ဒါနပြုစဉ်အခါက လှူပြီး အပရစေတနာ ပျက်ခဲ့သောကြောင့် ဖြစ်၏။

ထို့ကြောင့် လှူပြီးလျှင် မိမိထွေးပြီးသား တံတွေးလို သဘောထားသင့်သည်။ ပြန်လည်ပြီး နှမြောစေးနှဲခြင်း မပြုသင့်။ ဥပမာအားဖြင့် သီတင်းဝါလကျွတ်သောအခါ သမီးကြီးနှင့် သမီးငယ်တို့သည် မိခင်အိုကြီးအား တတ်နိုင်သမျှ ပစ္စည်းများဖြင့် ကန်တော့ကြသည်။ ချမ်းသာသော သမီးကြီးက အဝတ်အထည် အကောင်းစားများ၊ ငွေကြေးများကို ကန်တော့နိုင်သော်လည်း၊ ဆင်းရဲသော သမီးငယ်ကား ကိတ်မုန့်လေး တစ်လုံးဖြင့်သာ ကန်တော့နိုင်သည်။

သမီးကြီး ပြန်သွားသောအခါ မိခင်အိုကြီးက အဝတ်အထည် အချို့နှင့် ငွေကြေးအချို့ကို ဆင်းရဲသောသမီးငယ်အား ပြန်လည်စွန့်ကြဲလိုက်သည်။ ထိုသတင်းကို သမီးကြီး ကြားသွားသောအခါ သူလှူတာကို ကိုယ်တိုင် မသုံးဘဲ သမီးငယ်အား တဆင့်ပြန်လည်ပေးရပါမည်လားဟု မိခင်အား ဆူပူပြောဆိုတော့သည်။

ဤသို့ပြောဆိုခြင်းသည် လှူပြီးပစ္စည်းအပေါ် အာလျမပြတ်သေးသောကြောင့်ပင် ဖြစ်၏။ လှူပြီးသော ပစ္စည်းသည် မိမိပစ္စည်း မဟုတ်တော့။ အလှူခံ၏ ကိုယ်ပိုင်ပစ္စည်း ဖြစ်သွားလေပြီ။ အလှူခံ ကြိုက်သလို စီမံပိုင်ခွင့်ရှိပေသည်။ မိမိနှင့် ဘာမျှမဆိုင်သောကြောင့်

မီးရှို့ပစ်သည်ဖြစ်စေ၊ သူတစ်ပါးကို ပေးပစ်သည်ဖြစ်စေ မည်သို့မျှ စိတ်ကွက်စရာအကြောင်း မရှိပေ။ စိတ်ကွက်ခြင်းသည် အပရစေတနာ ပျက်ခြင်းပင် ဖြစ်၏။

ထိုကဲ့သို့သော သူဌေးတစ်ဦး ဗုဒ္ဓလက်ထက်တော်တုန်းကလည်း ရှိခဲ့ဖူးသည်။ သူ့အမည်ကို 'အပုတ္တက' ဟု ခေါ်သည်။ သားသမီးမရှိသောသူဟု အဓိပ္ပာယ်ရသည်။ ထိုအပုတ္တကသူဌေးတွင် ဥစ္စာကြေးငွေကုဋေပေါင်းများစွာ ရှိ၏။ သို့သော် သေဆုံးချိန်ထိ အစားအသောက်ဆိုလျှင် ဆန်ကွဲထမင်းနှင့် ပုန်းရည်ကြီးဟင်းကိုသာ စားပြီး၊ အဝတ်အစားဆိုလျှင်လည်း အကြမ်းဆုံး၊ အညံ့ဆုံးကိုသာ ဝတ်သည်။

သူသေသောအခါ အမွေခံသားသမီးမရှိသဖြင့် ကျန်ရစ်ခဲ့သောဥစ္စာကြေးငွေများကို ကောသလမင်းက မင်းဘဏ္ဍာအဖြစ် သိမ်းယူရာ လှည်းအစည်း ခုနစ်ဆယ်တိုက်ခန့် ရသည်။ ထိုသူဌေးသည် ပုထုဇဉ်ဖြစ်ပါလျက် အဘယ့်ကြောင့် အကောင်း မကြိုက်ရပါသနည်းဟု ဘုရားရှင်အား မေးလျှောက်ရာ ဘုရားရှင်က ယခုလို ဖြေရှင်းဟောကြားပေးတော်မူသည်။

ထိုသူဌေးသည် အတိတ်ဘဝတစ်ခုက သူဌေးပင်ဖြစ်ခဲ့ဖူးသည်။ တစ်ရက်တွင် နန်းတော်သို့ အခစားသွားရင်း လမ်းခုလတ်တွင် တဂ္ဂရသိခီအမည်ရှိ ပစ္စေကဗုဒ္ဓါတစ်ပါး ဆွမ်းခံကြွလာသည်ကို တွေ့ရှိကြည်ညိုရသဖြင့် သူ့အိမ်သို့ကြွပြီး ဆွမ်းအလှူခံရန် လျှောက်ထားသည်။ ထိုသို့လျှောက်ထားပြီး နန်းတော်သို့ ဆက်သွားသည်။ ပစ္စေကဗုဒ္ဓါလည်း သူ့စကားအတိုင်း သူ့အိမ်သို့ ကြွသွားသည်။

သူဌေးကတော်သည် သူဌေးကြီးကိုယ်တိုင် လောင်းလှူခိုင်းလိုက်သည်ဆိုသောကြောင့် ဆွမ်းကောင်း၊ ဟင်းကောင်းများကို သပိတ်အပြည့်အလျှံ လောင်းလှူလိုက်သည်။ မထေရ်သည် ဆွမ်းအနုမောဒနာပြုပြီး ပြန်ကြွလာရာ လမ်းခုလတ်တွင် သူဌေးကြီးနှင့် ပြန်ဆုံသည်။ သူဌေးကြီးက ဆွမ်းသပိတ်ဖုံးကို ဖွင့်ခိုင်းပြီး လှမ်းကြည့်ရာ နှမြောစေးနှဲသောစိတ်များ ပေါ်သွားသည်။ "ငါ၏ ထမင်းတွေ၊ ဟင်းတွေ အလကားဖြစ်ပါပြီ၊ ဒီကိုယ်တော်က ငါလှူတဲ့ဆွမ်းတွေစားပြီး အိပ်နေမှာ၊ သူ့ကိုလှူမယ့်အစား အိမ်ကအလုပ်သမားတွေကို ကျွေးရင် အခုထက်ပိုပြီး အလုပ်လုပ်ကြမှာ။" ဤကဲ့သို့ လှူပြီး စေတနာပျက်ယွင်းခဲ့သည်။

သူသည် ဘဝတစ်ခုက အစ်ကိုရင်း၏သားကို သတ်ပြီး အစ်ကို၏ အမွေအနှစ်များကို မတရားသိမ်းယူခဲ့သည်။ ထိုကဲ့သို့ အကုသိုလ်ကိုလုပ်ရခြင်းသည် လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက် မှားယွင်းနေသောကြောင့်ဖြစ်သည်။ လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် ကုသိုလ်လုပ်ဖို့ဖြစ်သော်လည်း သူသည် အာရုံငါးပါး ကာမဂုဏ်တရားများ ခံစားဖို့ လူလာဖြစ်ခြင်းဟု လွဲမှားစွာ ယူဆခဲ့သည်။

## လူသတ်မှုကျူးလွန်ရခြင်း၏ အဓိကအကြောင်း

ထို့ကြောင့် လူဖြစ်သခိုက် ကုသိုလ်လုပ်ဖို့ အဓိက၊ ကာမဂုဏ်ခံစားဖို့ သာမညဟု သဘောထားရမည်ကို ပြောင်းပြန်လှန်ပြီး လူဖြစ်သခိုက် ကာမဂုဏ်ခံစားဖို့ အဓိက၊ ကုသိုလ်လုပ်ဖို့ သာမညဟု ခံယူကျင့်သုံးသောကြောင့် တူဖြစ်သူကိုသတ်ပြီး စည်းစိမ်ဥစ္စာများကို ယူမိခဲ့၏။

လေးနက်စွာ တွေးကြည့်ပါက လူ့လောကတွင် ဖြစ်သမျှ ပြစ်မှုများသည် လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ကို မှားယွင်းစွာ ယူဆကျင့်သုံးမိသောကြောင့်ချည်းဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။

သူသည် ထိုကဲ့သို့ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူခိုင်းခဲ့သော ကုသိုလ်ကြောင့် ခုနစ်ဘဝတိတိ သူဌေးကြီးဖြစ်ရသည်။ သို့သော် လှူပြီးသားပစ္စည်းကို ပြန်နှမြောမိသောကြောင့် ကောင်းကောင်းစားလို့မရ၊ ကောင်းကောင်း ဝတ်လို့မရသော ဒဏ်ကို ခံစားရခြင်းဖြစ်သည်။ ထို့ပြင် အစ်ကိုဖြစ်သူ၏သားကို သတ်ဖြတ်ခဲ့သောကြောင့် ဘဝတိုင်း သားသမီး မထွန်းကားခြင်း ဖြစ်သည်။

ယခု အချိန်အခါတွင်ကား သူပြုခဲ့သော ကုသိုလ်ကံသည်လည်း ကုန်ပြီ၊ တူဖြစ်သူကို သတ်ခဲ့သော အကုသိုလ်ကလည်း မကောင်းကျိုးပေးရန် ကျရောက်ပြီ ဖြစ်သောကြောင့် အပါယ်လေးပါးသို့ ကျသွားခဲ့ရပေပြီ။ ၂၀၀၇ ခုနှစ်ခန့်ကလည်း ညီအစ်မချင်း ပြန်သတ်မှုဖြစ်ပွားသည့် ရွာကြီးတစ်ရွာသို့ စာရေးသူ တရားဟောကြွခဲ့သည်။

စာရေးသူသည် ဖော်ပြပါ အင်္ဂါလေးချက်နှင့် ညီသော ဒေသများကို ဦးစားပေးပြီး တရားဟောကြွလေ့ရှိသည်။ ထိုအင်္ဂါလေးချက်မှာ-

(၁) မဟောဖူးသေးသောဒေသ ဖြစ်ခြင်း။

(၂) လူမိုက်များ ပေါများခြင်း။

(၃) အလွန်ခေါင်သောဒေသ ဖြစ်ခြင်း။

(၄) ဆင်းရဲနွမ်းပါးခြင်း။ တို့ ဖြစ်သည်။

၂၀၀၇ ခုနှစ်က မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်အတွက် ခြောက်ရက် တရားပွဲ ခွဲတမ်းရရာ ထိုအင်္ဂါလေးချက်နှင့်ပြည့်စုံ

သော ဇရပ်ကြီးရှာသည် တရားပွဲနှစ်ရက်ရသွားသည်။ ဇရပ်ကြီးရှာသည် ထိုအင်္ဂါ လေးချက်အနက် လူမိုက်များခြင်း ဟူသော အချက်က ပို၍ အားကောင်းနေသည်။

စာရေးသူမကြွခင် တစ်လအလိုခန့်က ထိုရွာတွင် ညီအစ်မချင်း ပြန်သတ်သော အမှုတစ်ခု ဖြစ်ပွားသည်။ အမွေခွဲရာမှ မကျေနပ်မှုဖြစ်ပြီး ညီမဖြစ်သူက အစ်မဖြစ်သူအား အိပ်ပျော်နေချိန်တွင် ဦးခေါင်းကို ရဲဒင်းဖြင့်ခုတ်ပြီး သတ်ခဲ့ခြင်းဖြစ်သည်။ ထိုပြစ်မှုကြောင့် သတ်သူသည် ထောင်လည်းကျရသည်။ သေသောအခါတွင်လည်း အပါယ်လေးပါးသို့ ကျရပေဦးမည်။

ပညာရှိ သူတော်ကောင်းများသည် စည်းစိမ်ဥစ္စာကို အကြောင်းပြုပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို အရယူကြသော်လည်း ပညာမဲ့ လူမိုက်များကား အပါယ်လေးပါးကို အရယူသွားကြသည်မှာ သံဝေဂဖြစ်ဖွယ်ကောင်းလှပေသည်။ ထိုအချက်ကို ကြည့်၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အပုတ္တကသေဋ္ဌိဇာတ် အဆုံးတွင် ဖော်ပြပါ အဓိပ္ပာယ်ရှိသည့် ဂါထာကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

## ပညာမဲ့ နှင့် စည်းစိမ်ဥစ္စာ

စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏။ နိဗ္ဗာန်ကို ရှာမှီးသူ (ပညာရှိ)ကို မဖျက်ဆီးနိုင်ကုန်။ ပညာမဲ့သူတို့သည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းတဏှာဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်တိုင်လည်း ဖျက်ဆီးတတ်၏။

*(ဓမ္မပဒ - ၃၅၅)*

*မှတ်ချက်။   ။ စည်းစိမ်ဥစ္စာကြောင့် သူတစ်ပါးကို ဒုက္ခပေးခြင်း၊ သတ်ဖြတ်ခြင်းသည် သူတစ်ပါးကို ဖျက်ဆီးခြင်းဖြစ်သည်။ ထိုအကုသိုလ်ကြောင့် အပါယ်သို့ကျပြီး ဒုက္ခရောက်ရခြင်းသည် မိမိကိုယ်မိမိ ဖျက်ဆီးခြင်းဖြစ်၏။*

တနင်္သာရီတိုင်းမှ သူဌေးကြီးအကြောင်းကို ပြန်ဆက်အံ့။ ထိုသူဌေးကြီးနေသောမြို့တွင် စာရေးသူအား ပစ္စည်းလေးပါး အမြဲလှူဒါန်းသော ဒါယိကာမကြီးတစ်ယောက် ရှိ၏။ ထိုဒါယိကာမကြီးကား လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ကို သိသူ ဖြစ်၏။ ထို့ကြောင့် ကုသိုလ်လုပ်ဖို့ အဓိက၊ ကာမဂုဏ်ခံစားဖို့ သာမညဟု သဘောထားပြီး ကုသိုလ်မျိုးစုံ လုပ်၏။

ရှာရသမျှ ငွေများကိုလည်း စားဝတ်နေရေးနှင့် အရင်းအနှီးအတွက် ချန်ထားပြီး ကျန်သမျှ တကယ်လိုအပ်သော နေရာတို့တွင် လှူဒါန်း၏။ သိန်းတစ်ထောင်ရှိလျှင် သိန်းငါးရာအထိ လှူဒါန်းရဲသော ဝိသာခါလို အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ သူ၏အမည်ကို 'ဒေါ်မြရှင်' ဟု ခေါ်၏။

ဒေါ်မြရှင်ကား သိန်းတစ်ထောင်ခန့်သာ ချမ်းသာပြီး၊ ဦးကပ်စေးကား သိန်းပေါင်း သောင်းချီ၍ ချမ်းသာသူ ဖြစ်၏။ ဒေါ်မြရှင်သည် သိမ်ဆောက်သည်၊ ကျောင်းဆောက်သည်၊ ဇရပ်ဆောက်သည်၊ ဆေးရုံများ၊ ဒုက္ခသည်များကို လှူဒါန်းသည်။ ထိုသို့ လှူသည်ကို ဦးကပ်စေး မြင်သောအခါ ယခုလိုပြောသည် ဆို၏။

"နင်ကတော့ လှူရဲလိုက်တာ၊ ငါတော့ အဲဒီလိုမလှူရဲဘူး"ဟူ၏။

တကယ်လည်း လောကအတွက်၊ သာသနာအတွက် ဘာမျှ လျှမသွားပေ။ သူ သေသောအခါ စုဆောင်းထားသမျှ ပစ္စည်းဥစ္စာများကို သားသမီးများနှင့် ဆွေမျိုးသားချင်းများက ပြောင်တစ်မျိုး၊ ခိုးဝှက်၍တစ် သွယ်၊ တရားရင်ဆိုင်၍ တစ်နည်းဖြင့် အမျိုးမျိုးယူငင်ကြရာ အိမ်တွင် ဘာမျှမကျန်တော့ပေ။ သူသေဆုံးသည်မှာ ဆယ်နှစ်ကျော်ကြာခဲ့ပြီ ဖြစ် သော်လည်း သူ့သားသမီးများ၏ အမွေအတွက် တရားရင်ဆိုင်နေသည် မှာ ယခုအချိန်ထိ မပြီးဆုံးသေးပေ။ ထို့အတူ ဦးကပ်စေးသည်လည်း သူဆောက်ခဲ့သော တိုက်ကြီးတွင် ပြိတ္တာဖြစ်နေသည်မှာ ယခု အချိန်ထိ မကျွတ်သေးပေ။ ဤကား စိတ်ကို ကျွန်ခံခဲ့သော သူဌေးနှစ်ယောက် အကြောင်း ဖြစ်၏။ ယခုတဖန် စိတ်ကို သခင်လုပ်နိုင်သော သူဌေးနှစ် ယောက်အကြောင်းကို ဆက်လက်ဖော်ပြအံ့။

## ကုသိုလ်လုပ်ဖို့ စီးပွားရှာသူ

'အနာထပိဏ်' ဟူသည် သူ၏ နာမည်ရင်း မဟုတ်။ သူ၏ လုပ်ဆောင်ချက်ကို ဂုဏ်ပြုခေါ်ဝေါ်ထားခြင်း ဖြစ်၏။ အနာထပိဏ်၏ အဓိပ္ပါယ်မှာ 'ကိုးကွယ်အားထားရာ မရှိသူများကို ထမင်းကျွေးတတ်သူ' ဟု ဆိုလိုသည်။ ယခုခေတ် အသုံးအနှုန်းဖြင့် ပြောမည်ဆိုလျှင် မိဘမဲ့ ကလေးများကို စောင့်ရှောက် ကျွေးမွေးတတ်သူဟု ဆိုလိုပေသည်။

သူ၏ အမည်ရင်းမှာ သုဒတ္တ ဖြစ်သည်။ သူသည် ရာဇဂြိုဟ်မြို့ သို့ ကုန်ရောင်းကုန်ဝယ်သွားရင်း ဘုရားရှင်တရားတော်ကို နာကြားကာ သောတာပန် တည်လာသူ ဖြစ်သည်။ သူနေသော သာဝတ္ထိမြို့တွင်လည်း

ဗုဒ္ဓ၏တရားတော်များကို ပြန့်ပွားစေချင်သည်။ ထို့ကြောင့် ဘုရားရှင်ကို သာဝတ္ထိမြို့သို့ ကြွရောက်သီတင်းသုံးပေးပါရန် လျှောက်ထားပြီး ကျောင်းဆောက်ရန် နေရာရှာလေသည်။

သာဝတ္ထိမြို့နှင့် မနီးမဝေးသော နေရာ၌ တည်ရှိသည့် ဇေတမင်းသား၏ ဥယျာဉ်ခြံကြီးကို မြေပြင်နှင့်အပြည့် ရွှေဒင်္ဂါးများခင်းကာ ဝယ်ယူလေသည်။ ငွေသားနှင့်တွက်လျှင် ကျောင်းမြေဖိုးသည်ပင် (၁၈) ကုဋေရှိသည်။ သံဃာများ ရာနှင့်ချီပြီး သီတင်းသုံးနိုင်သည့် ဇေတဝန်ကျောင်းကြီးကို ဆောက်လုပ်သည်မှာ (၁၈)ကုဋေ ကုန်ကျသည်။ ကျောင်းရေစက်ချပွဲတွင် လှူဒါန်းသည်မှာလည်း (၁၈)ကုဋေပင် ကုန်ကျသည်။

စုစုပေါင်း (၅၄)ကုဋေ ကုန်ကျပေသည်။ ထို့အပြင် ကျောင်းသို့ နံနက်၊ နေ့လယ်၊ ည သုံးခေါက်တိတိ သွားသည်။ ထိုသို့ ကျောင်းသို့ သွားသည့်အခါတိုင်း လှူစရာ တန်းစရာတစ်ခုခု အမြဲပါသွားလေ့ရှိ၏။ ထို့အပြင် နေ့စဉ်နေ့တိုင်း သူဌေးကြီးအိမ်တွင် သံဃာအပါးငါးရာကို ဆွမ်းကျွေးလေ့ ရှိသည်။ ထိုသို့ လှူဒါန်းနိုင်အောင်လည်း ကုန်ရောင်းကုန်ဝယ်အလုပ်ကို ဖိဖိစီးစီးလုပ်ပေသည်။

ဤအချက်များကိုထောက်ဆ၍ အနာထပိဏ် စီးပွားရှာခြင်းမှာ ကုသိုလ်လုပ်ဖို့ အဓိကဖြစ်ကြောင်း ထင်ရှား၏။ ထိုမျှ လှူနေရာ ဥစ္စာကြေးငွေတွေ ကုန်မသွားဘူးလားဟု မေးစရာရှိ၏။ လှူ၍ ကုန်သွားသည် မွဲသွားသည်ဟူ၍ မရှိ။ ကြီးပွားတိုးတက်လာခြင်းသာ ရှိ၏။ ထိုအကြောင်းကို ပါရာဇိကဏ်ပါဠိတော်၊ ဝေရဉ္ဇာပုဏ္ဏားကြီး၏ဝတ္ထု၌ ဟောကြားဖူး၏။

ဝေရဉ္ဇာပုဏ္ဏားကြီးသည် ဘုရားရှင်နှင့် သံဃာတော် ငါးရာကို ဝေရဉ္ဇာပြည်၌ ဝါဆိုဝါကပ်ရန် တောင်းပန်လျှောက်ထား၏။ သူ၏

တောင်းပန် လျှောက်ထားချက်အတိုင်း ဘုရားရှင်နှင့် သံဃာတော်အပါး ငါးရာတို့ ဝေရဥ္စာပြည်တွင် ဝါဆိုဝါကပ်ကြသည်။ မာန်နတ်သည် ဘုရားရှင်နှင့် သံဃာတော်များ စားရေးသောက်ရေး ဒုက္ခရောက်စေရန် ဘုရားရှင်နှင့် သံဃာတော်များကို မေ့လျော့ရန် ဝေရဥ္စာပုဏ္ဏားကြီးအား တန်ခိုးနှင့် လုပ်ထားလိုက်သည်။

ထို့ကြောင့် ပုဏ္ဏားကြီးသည် ဘုရားရှင်နှင့် သံဃာတော်များကို တစ်ဝါတွင်းလုံး မေ့လျော့နေပြီး ဘာမျှ မလှူဖြစ်တော့ပေ။ ထိုအချိန်မှာ ဝေရဥ္စာပြည်ကြီးတွင် ရာသီဥတုဖောက်ပြန်ကာ ကောက်ပဲသီးနှံများ ပျက်စီးပြီး အငတ်ဘေးကြီး ဆိုက်လေသည်။ လူများမှာ နေ့စဉ် ရာနှင့်ချီပြီး အငတ်ဘေးကြောင့် သေဆုံးကြရသည်။ ပရပင္မိုဇဒ္ဓ- သူတစ်ပါးကို မှီခို၍ သာသနာပြုကြရသော ဘုရားရှင်နှင့် သံဃာတော်များကား ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နေ့စဉ် ဆွမ်းခံကြွနေကြရသည်။

ဘုရားရှင်၏အပြစ်ကို ဆီလိုအပေါက်ရှာနေသော တိတ္ထိဆရာကြီးတစ်ဦးက သူ့တပည့် ရွာသူကြီးတစ်ဦးအား ပြောရမည့် စကားကို သင်ပေးပြီး ဘုရားရှင်ထံ လွှတ်လိုက်သည်။ ထိုရွာသူကြီးက ဘုရားရှင်ကို လာလျှောက်သည်မှာ -

"မြတ်စွာဘုရားဟာ တစ်လောကလုံးကို သနားကရုဏာထားသူလို့လည်း ကြားဖူးပါတယ်၊ ဒါပေမယ့် အခုလို လူသားတွေ အငတ်ဘေးဆိုက်နေချိန်မှာ ဆွမ်းခံကြွတာဟာ လူသားတွေအပေါ် အကြင်နာကင်းရာ မရောက်ပါလော"

ထိုအခါ ဘုရားရှင်က -

"ငါ သံသရာ၌ ကျင်လည်ခဲ့သမျှသော ကာလပတ်လုံး ဒါန ပြု၍ ဆင်းရဲသွားသူ ဟူ၍ တစ်ယောက်မျှ မတွေ့ဖူးပေ။ ဒါနကြောင့် စီးပွားဥစ္စာ ပေါများသွားသူများကိုသာ တွေ့ဖူးသည်။ အသောက်အစား၊ အပျော်အပါး၊ လောင်းကစားကြောင့် ဆင်းရဲသွားသူများကိုသာ တွေ့ဖူး သည်" ဟု မိန့်ကြားတော်မူလေသည်။

## လက်ယက်တွင်းနှင့်တူသောအရာ

ဒါနပြုခြင်းသည် လက်ယက်တွင်းက ရေကို ခပ်ယူခြင်းနှင့် တူ ပေသည်။ ထိုဥပမာကို ထင်ရှားအောင်ပြအံ့။ မန္တလေးတိုင်း၊ မကွေးတိုင်း ကဲ့သို့သော အညာဒေသတွင် နွေကာလရောက်ပြီဆိုလျှင် မိုးတွင်းက ရေများ တလဟောစီးဆင်းခဲ့သည့် ချောင်းများမှာ သဲဖြူများသာ ကျန်ရစ် တော့သည်။ ရေဟူ၍ မရှိတော့ပေ။

အညာသူလေးများသည် သောက်ရေသန့်ရရန်အတွက် ညနေ နေဝင်ရီတရောတွင် အိုးကိုယ်စီခါးမှာပိုက်၍ သဲဖြူများဖုံးလွှမ်းနေသော ချောင်းများဆီသို့ ဆင်းလာကြသည်။ ချောင်းထဲရောက်လျှင် သဲများကို တစ်တောင်ကျော်ကျော်ခန့်အထိ နက်အောင် လက်ဖြင့်တွင်းတူးရသည်။ ထိုအခါ ချောင်းအောက်တွင် စိမ့်ကျန်နေသောရေသည် သုံးလက်မခန့် ပေါ်လာပေသည်။ ထိုရေကို လက်ယက်တွင်းရေဟု ခေါ်သည်။

ထိုရေကို အုန်းမှုတ်ခွက်ဖြင့် တစ်ခွက်ချင်းခပ်ယူကာ သောက် ရေအဖြစ် အသုံးချကြရသည်။ ဒါနပြုခြင်းသည် ထိုလက်ယက်တွင်းမှ ရေကို ခပ်ယူခြင်းနှင့် တူသည်။ ထိုလက်ယက်တွင်းမှ ရေလေး သုံးလက်

သစ်ကို နည်းနည်းလေးရယ်၊ ခပ်လိုက်ရင် ကုန်သွားမှာပဲဟု ယူဆပြီး မခပ်ဘဲနေလျှင်လည်း လက်ယက်တွင်းရေက သုံးလက်သစ်ထက် ပိုတိုး မလာပေ။ တစ်ဖန် ခပ်လိုက်ပြန်လျှင်လည်း ထူးပြီးလျော့မသွားပေ။ တစ်ခွက်ခပ်ပြီးတိုင်း ရေသုံးလက်သစ်ကား ပြန်တိုးလာသည်သာ။

သိန်းတစ်ရာ ချမ်းသာသူသည် ကုန်မှာကြောက်ပြီး မလှူဘဲ နေသည့်အတွက်ကြောင့် သိန်းတစ်ရာထက် ထူးခြားစွာ ပို၍မလာပေ။ လှူလိုက်သည့်အတွက်လည်း သိသာစွာ ကုန်၍မသွားပေ။ တခြားသော နည်းများဖြင့် ထိုငွေများ ပြန်၍ရောက်လာသည်သာ ဖြစ်၏။

ဤအတွေးအခေါ်များကို လှူဖူးတန်းဖူးသူများသာ လက်ခံနိုင် သည်။ မလှူဖူးမတန်းဖူးသူများ လက်မခံနိုင်ပေ။ မြိတ်မြို့သစ်၊ ဇေယျာ သီရိရပ်ကွက်တွင် ကုန်စုံရောင်း၍ အသက်မွေးသော ကိုထွန်းဝင်း + မ . . . တို့ ဇနီးမောင်နှံ နှစ်ယောက်ရှိ၏။ ကိုထွန်းဝင်းသည် လှူတိုင်း လှူတိုင်း ပါရမီထိုက်သောဒါနဖြစ်အောင်၊ ဉာဏ်ယှဉ်သောဒါနဖြစ် အောင် အားထုတ်ပြင်ဆင်လေ့ရှိ၏။ လောက (အလှူခံ)ကောင်းစားဖို့ အဓိကထား၍ လှူဒါန်းလျှင် ပါရမီထိုက်သောဒါန ဖြစ်သည်။ လောက အတွက်၊ သာသနာအတွက် တကယ်အကျိုးများမည့်နေရာကို ရွေးချယ် ၍ လှူဒါန်းလျှင် ဉာဏ်ယှဉ်သော (အသင်္ခါရိက)ဒါန ဖြစ်သည်။

ငါကောင်းစားဖို့၊ ငါချမ်းသာဖို့ အဓိကထား၍ လှူဒါန်းသော ဒါနမျိုးသည် ပါရမီမထိုက်သောဒါနဖြစ်သည်။ ဗေဒင်ဆရာ ယတြာချေ ခိုင်းသည့်အတွက်၊ သူတစ်ပါး တိုက်တွန်းသည့်အတွက် မလိုအပ်ဘဲ ရမ်း လှူသော ဒါနမျိုးသည် ဉာဏ်မယှဉ်သော (သသင်္ခါရိက)ဒါန ဖြစ်သည်။ ထိုတွင် ပါရမီထိုက်သောဒါနသည် လူချမ်းသာ၊ နတ်ချမ်းသာကိုလည်း

ပေးသည်။ နိဗ္ဗာန်သို့လည်း ပို့သည်။

ပါရမီမထိုက်သောဒါနကား လူချမ်းသာ၊ နတ်ချမ်းသာကိုသာ ပေးသည်။ နိဗ္ဗာန်သို့ မပို့။ အကြောင်းကား ပါရမီမထိုက်သောဒါနတွင် ကိလေသာအငွေ့အသက်အချို့ ပါနေသောကြောင့်ပင် ဖြစ်၏။ သူသည် ငါကောင်းစားဖို့ဟူသော ရည်ရွယ်ချက်ဖြင့် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ 'ငါ' ဟူသည် ဒိဋ္ဌိကိလေသာ။ 'ကောင်းစားဖို့' ဟူသည် လောဘကိလေသာ။ ထို ဒိဋ္ဌိကိလေသာနှင့် လောဘကိလေသာတို့ ဝင်ရှုပ်လိုက်ခြင်းကြောင့် ပါရမီမထိုက်သောဒါနသည် ကိလေသာကင်းရာ နိဗ္ဗာန်သို့ ရောက်အောင် မပို့နိုင်ခြင်း ဖြစ်၏။

ဉာဏ်ယှဉ်သောဒါနသည် ဖြစ်ရာဘဝတွင် ပစ္စည်းဉစ္စာပေါများ ချမ်းသာစေသည့်အပြင် ဉာဏ်ပညာထက်မြတ်သူအဖြစ်သို့လည်း ပို့ပေးသည်။ ထို့ကြောင့် မြတ်စွာဘုရား၏တရားကို တစ်ကြိမ်နာရုံနှင့် ရဟန္တာအဖြစ်သို့ ရောက်ကြခြင်းဖြစ်သည်။ အကြောင်းတရား ဒါနကုသိုလ်ပြုစဉ်ကတည်းက ကျေးဇူးများမည့်နေရာကို ဉာဏ်ဖြင့် ဆန်းစစ်ရွေးချယ်ကာ လှူဒါန်းခဲ့သောကြောင့် အကျိုးတရား ဘဝချမ်းသာကို ရသောအခါတွင် ဉာဏ်ကောင်းခြင်း ဖြစ်၏။

ဉာဏ်မယှဉ်သောဒါနကား ဖြစ်ရာဘဝတွင် စည်းစိမ်ဉစ္စာပေါများကြွယ်ဝစေသော်လည်း အကြံတုံး၊ ဉာဏ်တုံး ဘဝသို့ ရောက်စေသည်။ မြတ်စွာဘုရား၏တရားကို နာယူကျင့်သုံးသော်လည်း မဂ်ဖိုလ်ကို မရနိုင်တော့ပေ။ ထိုပုဂ္ဂိုလ်မျိုးကို ဒွိဟိတ်ပုဂ္ဂိုလ်ဟုလည်း ခေါ်ကြသည်။ အကြောင်းတရား ကုသိုလ်ပြုစဉ်ကတည်းက ဉာဏ်မပါခဲ့သောကြောင့် အကျိုးတရား ခန္ဓာလာဖြစ်ရာတွင်လည်း ဉာဏ်မပါခြင်း ဖြစ်၏။

ထိုအချက်တို့ကို သေချာသိသော ကိုထွန်းဝင်းသည် လှူဖို့ တန်းဖို့ကြုံလာလျှင် တကယ်လိုအပ်သော နေရာသို့သာ ရှာဖွေ၍ လှူသည်။ သူတို့ရပ်ကွက်အစွန်ရှိ တောင်စောင်းတစ်ခုပေါ်တွင် နိဂြောဓာရုံအမည်ရှိ စာသင်တိုက် တစ်တိုက်ရှိ၏။ ထိုစာသင်တိုက်တွင် စာသင်သားသံဃာတော် ငါးဆယ်ကျော်ရှိသော်လည်း နေထိုင်စရာကျောင်း မလုံလောက်ပေ။

ထို့ကြောင့် ကိုထွန်းဝင်းသည် ဆရာတော်ကို လျှောက်ပြီး ပေငါးဆယ်၊ ရှစ်ဆယ်ခန့်ရှိသော ကျောင်းကြီးတစ်ကျောင်းကို မတည်ပြီး ဆောက်၏။ သူကိုယ်တိုင် သိန်းငါးဆယ်ခန့် မတည်၍ ဆောက်သော်လည်း နောက်ကလိုက်မည့်သူများ မရှိ၍ ထိုကျောင်းကြီးမှာ အုတ်မြစ်မှ ဆက်၍ မတက်နိုင်အောင် ဖြစ်နေသည်။ တစ်နေ့ စာရေးသူနှင့် တွေ့သောအခါ ကိုထွန်းဝင်းသည် ထိုအကြောင်းကို လျှောက်၏။

"တပည့်တော်၊ ဆရာတော့်စာထဲ ပါတဲ့အတိုင်း တကယ်လိုအပ်လို့ သာသနာအတွက် တကယ် ကျေးဇူးများလို့ ဒီကျောင်းကြီးကို ဦးဆောင် ဆောက်လုပ်တာပါဘုရား၊ တပည့်တော်ဟာ သိန်းပေါင်းရာနှင့်ချီပြီး ချမ်းသာတဲ့သူ မဟုတ်ပါဘူး။ တပည့်တော် တတ်နိုင်သလောက် သိန်းငါးဆယ် မတည်ပြီး ဆောက်လိုက်တာ အုတ်မြစ်ထိတော့ ပြီးသွားပါရဲ့။ နောက်က ထိထိရောက်ရောက် ပံ့ပိုးမယ့်သူက ပါမလာဘူး ဘုရား။ ဒီအဆောက်အဦ ပြီးတဲ့အထိဆိုရင် သိန်းလေးရာကျော်တော့ ကုန်မယ် ဘုရား။ တပည့်တော် ဘယ်လိုဆက်လုပ်ရမှန်းတောင် မသိပါဘူး"

# ဗုဒ္ဓပေးသော ဒါနပြုနည်း

"ကိုထွန်းဝင်းကလည်း - ဘုရားရှင်က ဒါနပြုဆိုတဲ့နေရာမှာ မနိုင်မနင်း လှူခိုင်းတာမှ မဟုတ်ဘဲ။ ကိုယ်စားမယ့်ထဲက တတ်နိုင်သလောက် ဖဲ့လှူလို့ ပြောတာပဲ။ မန္တလေးမြို့က မစိုးရိမ်တိုက်ကြီးကို တည်ထောင်လှူဒါန်းခဲ့တဲ့ ကျောင်းဒကာကြီး ဦးသက်ရှည်ဟာ တစ်ကြိမ်တည်း တစ်နှစ်တည်းနဲ့ လှူခဲ့တာ မဟုတ်ပါဘူး။"

"ငွေကြေး အမြတ်အစွန်းရလာလိုက် ဆောက်လိုက် လုပ်ရင်းနဲ့ နှစ်ထပ်တိုက်ကြီးပေါင်း ဆယ့်လေးလုံးလောက်ဟာ ပြီးသွားရတာပါ။ ထို့အတူပဲ လူပျံတော်ပတ္တမြား သွေးဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်ဟာလည်း ကျောင်းတိုက်ကြီးတွေ၊ ဓမ္မာရုံကြီးတွေ၊ စေတီကြီးတွေကိုရတဲ့ အမြတ်ငွေအလိုက် ဖြည်းဖြည်းချင်းဆောက်ရင်းနဲ့ ပြီးသွားတာပါပဲ။"

"ကိုထွန်းဝင်း- စကားတစ်ခွန်းရှိတယ်။ ခရီးမိုင်တစ်သောင်းကို ပထမခြေလှမ်း တစ်လှမ်းက စ,ရတာတဲ့။ ခုလည်း သိန်းလေးရာကျော် ကုန်မယ့်ကျောင်းကြီးကို တစ်နှစ်လေးသိန်းကုန်လောက်ကနေ စဆောက်သွားပါ။ ကိုထွန်းဝင်း အရင်းအနှီးငွေကိုလည်း မထိခိုက်ဘဲ ကျောင်းကြီးပြီးသွားပါလိမ့်မယ်။ လက်ယက်တွင်းကရေကို ခပ်သလိုပေါ့ ကိုထွန်းဝင်းရယ်"

ကိုထွန်းဝင်းကား စာရေးသူ၏စကားကို နားထောင်ပြီး လုပ်ငန်းလည်း မထိခိုက်အောင် အမြတ်ငွေထဲမှခွဲခွဲပြီး ဖြည်းဖြည်းချင်းဆောက်လာရာ သိန်းပေါင်းလေးရာကျော် ကုန်ကျသည့် အဆောက်အဦကြီးမှာ အချောပင်ကိုင်နေပေပြီ။ ၂၀၀၈ ခုနှစ်၊ (၉)လပိုင်းအတွင်းက သူ့ကုသိုလ်

ကျောင်းကြီးထဲတွင် တရားပွဲတစ်ည ဟောပေးခဲ့ရသေးသည်။

အနာထပိဏ်သူဌေးကြီး အကြောင်းကို ပြန်ဆက်အံ့။ တစ်ခါတွင် အနာထပိဏ်သူဌေးကြီးသည် အဆိုးလောကဓံ တစ်ခုကို ကြုံရ၏။ တခြားသူများက သူ့ထံမှ ငွေဆယ့်ရှစ်ကုဋေ ချေးထား၏။ ထိုငွေများကို ပြန်မဆပ်ကြသဖြင့် ငွေ အလွန် ကြပ်တည်းသွားလေသည်။ ထို့အပြင် သူ၏ မိဘဘိုးဘွားများက သူ့အတွက် အရေးပေါ် ကိစ္စရှိလျှင် သုံးရအောင် မြေတွင်မြှုပ်နှံထားသော ဆယ့်ရှစ်ကုဋေတန်ဖိုးရှိသည့် ရတနာအိုးများမှာလည်း မြစ်ရေတိုက်စားရာတွင် ပါသွားလေသည်။

သို့သော် အနာထပိဏ်ကား သူ၏ အလှူဒါနများကို ရပ်မပစ်ပေ။ တတ်နိုင်သမျှ လှူနေဆဲပင် ဖြစ်၏။ တစ်ခုကားရှိ၏။ ယခင်က သံဃာတော်ငါးရာ ဆွမ်းကပ်သည့်အခါ အသားဟင်းတို့ဖြင့် ကောင်းကောင်းမွန်မွန် ကပ်လှူနိုင်၏။ ယခုအချိန်တွင်ကား ဆန်ကွဲထမင်းနှင့် ပုန်းရည်ကြီးဟင်းကိုသာ ကပ်လှူနိုင်တော့သည်။

အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင်ပြေနေခြင်းသည် ကုသိုလ်ကံကြောင့်၊ တစ်နည်း စေတနာကောင်းဖြင့်ပြုလုပ်သည့် ကောင်းသောအလုပ်ကြောင့် ဖြစ်သည်။ အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင်မပြေခြင်းသည် အကုသိုလ်ကံကြောင့် ဖြစ်သည်။ တစ်နည်း စေတနာဆိုးဖြင့် ပြုလုပ်သည့် မကောင်းသော အလုပ်ကြောင့် ဖြစ်သည်။ အကုသိုလ်သည် မီးနှင့်တူ၏။ ကုသိုလ်သည် ရေနှင့် တူလေသည်။

ထို့ကြောင့် အကုသိုလ်မီးလောင်၍ အိမ်ထောင်ရေး၊ စီးပွားရေးစသည် အဆင်မပြေသည့်အခါ ကုသိုလ်ကို များများ ပိုလုပ်ရသည်။

အကုသိုလ်မီးကို ကုသိုလ်ရေများများဖြင့် ငြိမ်းသတ်ရသည်။ ထိုကမ္ဘာသကတာ သမ္မာဒိဋ္ဌိ အဖြစ်မှန်ကို ပိုင်နိုင်စွာသိထားသည့် သူဌေးကြီးသည် မည်သည့်အရာကိုမှ ဥပဒ်ရောက်မနေဘဲ ကုသိုလ်ကိုသာ တစိုက်မတ်မတ် ပြုလုပ်နေခြင်း ဖြစ်၏။

ထိုအချိန်မှာပင် အကွက်ကောင်းကို စောင့်နေသော တံခါးမုခ်စောင့်နတ်သည် ကိုယ်ထင်ပြကာ သူဌေးကြီးကို ယခုလို ပြော၏။

"သူဌေးကြီး၊ သင်သည် ရတနာသုံးပါးကို အတိုင်းအဆမရှိ လှူဒါန်းသောကြောင့် ယခုလို ဆင်းရဲသွားခြင်း ဖြစ်သည်။ ဒီနေ့မှစ၍ ရတနာသုံးပါးအား လှူဒါန်းကိုးကွယ်ခြင်းကို မပြုပါနှင့်။ အဲသလို ရတနာသုံးပါးကို စွန့်မယ်ဆိုရင် အကြွေးဆယ့်ရှစ်ကုဋေ ပြန်ဆပ်အောင် ငါ အကျိုးဆောင်ပေးမယ်။ ပြီးတော့ မြစ်ထဲပါသွားတဲ့ ဆယ့်ရှစ်ကုဋေရှိတဲ့ ရတနာအိုးတွေကိုလည်း ပြန်ဆယ်ပေးမယ်။"

သူဌေးကြီးအား ရတနာသုံးပါးနှင့် သုံးဆယ့်ခြောက်ကုဋေ ကြိုက်ရာကို ရွေးခိုင်းနေခြင်းပင် ဖြစ်၏။ သူဌေးကြီးကား တစ်ဘဝစာ သုံးဆယ့်ခြောက်ကုဋေကို မရွေး။ တစ်သံသရာလုံးအားကိုးရမည့် ရတနာသုံးပါးကိုသာ ရွေးချယ်ခဲ့၏။ ထိုနတ်ကိုလည်း သူ့အိမ်ထဲတွင် မနေရန် နှင်ထုတ်ပစ်လိုက်လေသည်။ မိစ္ဆာဒိဋ္ဌိနတ်သည် သူ့အပြစ်နှင့်သူ သူဌေးကြီးအိမ်မှ ထွက်သွားရလေသည်။

# ဘာသာခြားဆရာမတစ်ယောက်၏ ဖွင့်ဟဝန်ခံချက်

ရွှေပြည်သာမြို့တွင် ဘာသာခြားဘဝမှ ဗုဒ္ဓဘာသာသို့ ပြောင်းလာသော မိသားစုတစ်စုရှိ၏။ သူတို့ မိသားစုတွင် မိခင်၏ မိဘနှစ်ပါးလုံးသည် ဘာသာခြားများ ဖြစ်သည်။ ဖခင်က ကပြား ဖြစ်သည်။ အဖေအခြားဘာသာဝင်၊ အမေ ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ သို့သော် သူကား ဖခင်ဘက်လိုက်ပြီး အခြားဘာသာဝင် ဖြစ်သွားသည်။

သို့သော် သူ့အမေကား သူနှင့် လိုက်နေသည့်တိုင်အောင် ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်လျက်ရှိသည်။ ဗုဒ္ဓဘာသာပီပီ သူ့သားကို တစ်ကြိမ်လောက် ဒုလ္လဘရဟန်း ဝတ်စေချင်သည်။ သို့သော် သူ့ချွေးမက ခွင့်မပြု။ သူ့ ချွေးမကား ဘာသာရေးခေါင်းဆောင် ဆရာမကြီးတစ်ယောက်ဖြစ်သည်။ ယခု ထိုအမျိုးသမီးကိုယ်တိုင် စာရေးသူအား ရင်ဖွင့်ပြောကြားသော စကားများကို အရင်းအတိုင်း ဖောက်သည်ချလိုက်ရပေသည်။

"ဆရာတော်က 'ဘာသာတန်ဖိုး' ဆိုတဲ့ အမည်နဲ့ စာအုပ်တစ်အုပ် ရေးဖို့ စီစဉ်နေတယ်။ အခု တစ်ဝက်လောက်တော့ ရေးပြီးနေပြီ။ ဒီစာအုပ်ထဲမှာ ဘာသာခြားကနေ ဗုဒ္ဓဘာသာကို ပြောင်းလာသူတွေရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ ရေးမှာ။ ဒါယိကာမကြီးတို့က မိသားစုအကုန်လုံး ဗုဒ္ဓဘာသာကို ပြောင်းလာကြတာဆိုတော့ ပိုပြီး စိတ်ဝင်စားတယ်။ ဘယ်လိုကြောင့် ဗုဒ္ဓဘာသာထဲ ပြောင်းလာတယ်ဆိုတာကို သိခွင့်ရှိရင် သိပါရစေ။"

“တပည့်တော် အပါအဝင် မိသားစုအားလုံး ဗုဒ္ဓဘာသာထဲ ရောက်အောင် လုပ်ပေးသူဟာ လူလည်း မဟုတ်ဘူး။ ရဟန်းသံဃာ လည်း မဟုတ်ဘူး။”

“ဒါဖြင့် ဘယ်သူက ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်ပေးတာလဲ”

“ပြိတ္တာဘုံ ရောက်နေတဲ့ တပည့်တော်မရဲ့ ယောက္ခမကြီးပါ”

“စိတ်ဝင်စားစရာပဲ။ ဆက်ပြောပါဦး”

“တပည့်တော်ရဲ့ ယောက္ခမကြီးဟာ ဆွေစဉ်မျိုးဆက် ဗုဒ္ဓဘာ သာဝင်တွေပါ။ သူ့ကျမှ ဘာသာခြားနဲ့ အိမ်ထောင်ကျခဲ့ရတာ။ ဒါပေ မယ့် ဗုဒ္ဓဘာသာကို မစွန့်ပါဘူး။ ဘာသာ မပြောင်းတဲ့အတွက် မယား တစ်ယောက် ရမယ့် အခွင့်အရေးတွေကို ဘာမျှ မရခဲ့ပါဘူး။ သူဟာ ဘာသာခြား မိသားစုအသိုက်အဝန်းထဲမှာ အစေခံမတစ်ယောက်လိုပဲ နေခဲ့ရပါတယ်”

“တပည့်တော်မနဲ့ ရတာ သူ့ရဲ့ တစ်ဦးတည်းသော သားပါ။ သားလေး အရွယ်ရောက်တာနဲ့ သူဟာ ဗုဒ္ဓဘာသာပီပီ ရှင်ပြုချင်ခဲ့ပါ တယ်။ ဒါပေမယ့် ခွင့်မရခဲ့ပါဘူး။ ယောကျ်ားဘက်က ဘာသာအတိုင်းပဲ ရိုးရာပွဲတွေ လုပ်ခဲ့ရပါတယ်။ ဒီတုန်းကလည်း မျက်ရည်နဲ့မျက်ခွက်ပါပဲ”

“တပည့်တော်မနဲ့ သူ့သား လက်ထပ်ပြီးတဲ့ နောက်မှာလည်း သားကိုချစ်တဲ့ဇောနဲ့ တပည့်တော်မရဲ့ အိမ်မှာလိုက်နေတယ်။ ယောက္ခမ ကြီးဟာ တပည့်တော်မ စိတ်ကြည်လင်တဲ့အချိန်ကို အမြဲတမ်း ချောင်းနေ တယ်။ တပည့်တော်မ မျက်နှာ ကြည်ကြည်လင်လင်ရှိပြီဆိုတာနဲ့ အနား ကိုလာပြီး သူ့သားကို ဒုလ္လဘရဟန်း ခုနစ်ရက်လောက် ဝတ်ခွင့်ပြုပါလို့ အနူးအညွတ် တောင်းဆိုတော့တာပဲ”

"တပည့်တော်မကလည်း တဇွတ်ထိုး တစ်ယူသန်ဆိုတော့ တစ်ခါမှ ခွင့်မပြုပါဘူး။ သတိထားမိတာ တစ်ခုကတော့ သူဟာ အဲဒီလို ခွင့်တောင်းလို့ မရတဲ့အခါတိုင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျပြီး ရှိုက်ကြီးတငင် ငိုကျွေးတာပါပဲ။ အဲဒီလိုအချိန်ကျရင် အသည်းမာတဲ့ တပည့်တော်မတောင် သူ့အတွက် စိတ်မကောင်း ဖြစ်ဖြစ်သွားတယ်"

"စိတ်ဆင်းရဲလို့ ထင်ပါတယ်။ အသက်မရှည်ရှာပါဘူး ဘုရား။ ခုနစ်ဆယ် မပြည့်ခင်မှာပဲ ဆုံးသွားတယ်။ သူဆုံးပြီးတဲ့အချိန်မှာ တပည့်တော်မကို သုံးကြိမ်တိတိ ဝင်ပူးပြီး လူ့ဘဝက သူ့ဆန္ဒကို ဖြည့်ပေးဖို့ တောင်းဆိုပြန်ပါတယ်"

"ဘာလဲ - သူ့သားကို ဒုလ္လဘရဟန်းခံပေးဖို့လား"

"ဟုတ်ပါတယ် ဘုရား။ သူ့သားကို ရဟန်းခံပေးမှ သူ ဒီပြိတ္တာ ဘဝက လွတ်မယ်။ သူ့ကို သနားရင်၊ မိခင်ချင်း ကိုယ်ချင်းစာရင် သူ့ ဆန္ဒကို တစ်ကြိမ်တစ်ခါလောက် ဖြည့်ပေးပါလို့ ငိုယိုပြီးပြောရှာပါတယ်။ ဒီလို သုံးကြိမ်တိတိ ဝင်ပူးပြောတဲ့အခါမှာတော့ သားတစ်ယောက်ရှိနေပြီ ဖြစ်တဲ့ တပည့်တော်မဟာ မိခင်ချင်းကိုယ်ချင်းစာပြီး ခင်ပွန်းဖြစ်သူကို ဒုလ္လဘရဟန်းခံခွင့် ပေးလိုက်ပါတယ်"

"ရဟန်းခံပွဲမှာ အလှူပေးပြီး အမျှဝေတဲ့အတွက် ကျွတ်သွားတယ် ထင်ပါတယ်။ နောက်ထပ် ဘာမှမပြတော့ပါဘူး။ 'ရတနာသုံးပါးဟာ ပြိတ္တာဘဝ ရောက်နေသူကိုတောင် ကျွတ်လွတ်နိုင်စွမ်း ရှိပါလား' ဆိုတာ တပည့်တော်မ ကိုယ်တွေ့သိလိုက်ရပါတယ်။ နောက် ရဟန်းခံပွဲမှာဟောတဲ့ တရားတွေကို နာရပြီး တပည့်တော်မတို့ တစ်အိမ်သားလုံး ဗုဒ္ဓဘာသာ ဖြစ်ခဲ့ရတာပါ"

“အမှန်အတိုင်း ဝန်ခံရရင် မြို့ထဲမှာနေတုန်းက ဖြစ်ခဲ့တဲ့ ဗုဒ္ဓဘာသာဆိုတာ မိရိုးဖလာဗုဒ္ဓဘာသာပါ။ ရွှေပြည်သာရောက်မှ ဆရာတော် စွန့်ကြဲလိုက်တဲ့ မျက်ရည်မကျခင်သိစေချင်၊ မြန်မာတို့၏အသက်ဆိုတဲ့ စာအုပ်နှစ်အုပ်ကို ဖတ်ပြီးမှ တကယ့် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြတာပါ။

လူတစ်ယောက်ဟာ အပြေးဘယ်လောက်မြန်မြန် တစ်ယောက်တည်း ပြေးတာဆိုရင် မြန်မှန်း မသိသာပါဘူး ဘုရား။ တခြား အပြေးသမားတွေနဲ့ ယှဉ်ပြီး ပြေးတဲ့အခါကျမှသာ သူ့အပြေးမြန်တာဟာ ပေါ်လွင်လာပါတယ် ဘုရား။ ဒီဥပမာအတိုင်းပဲ မြန်မာအများစုဟာ မွေးကတည်းက ဗုဒ္ဓဘာသာ ဖြစ်လာကြပြီး တစ်ခြား ဘယ်ဘာသာကိုမှလည်း မလေ့လာဖူးတော့ ဗုဒ္ဓဘာသာရဲ့ တန်ဖိုးကြီးပုံကို သိပ်မသိကြပါဘူး ဘုရား”

“တပည့်တော်တို့လို ဘာသာခြားကနေ ဗုဒ္ဓဘာသာဖြစ်လာသူတွေကတော့ ဘာသာနှစ်မျိုးကို အလိုလို ယှဉ်ကြည့်ပြီးသား ဖြစ်တဲ့အတွက် ဗုဒ္ဓဘာသာရဲ့ တန်ဖိုးကြီးမားပုံ၊ မြင့်မြတ်ပုံတွေကို တကယ်သိနေပါတယ် ဘုရား။ ဒါကြောင့် ဗုဒ္ဓဘာသာအဖြစ်ကို အသက်ထက်တောင် တန်ဖိုးထားပါတယ် ဘုရား”

# ရတနာသုံးပါးနှင့် သိန်းနှစ်ဆယ်

"တပည့်တော်တို့ မိသားစု ရတနာသုံးပါးကို အသက်ထက် တန်ဖိုးထားတယ်ဆိုတာကို ဘာသာခြားဖြစ်တဲ့ တပည့်တော်မရဲ့ညီမဟာ မသိရှာပါဘူး။ ဒါ့ကြောင့်လည်း တပည့်တော်မကို ရတနာသုံးပါးနှင့် သိန်းနှစ်ဆယ် ကြိုက်တာ ရွေးခိုင်းခဲ့ဖူးတယ်"

"ဩော် . . စိတ်ဝင်စားစရာပဲ။ ဘယ်လိုယှဉ်ပြီး ရွေးခိုင်းတာလဲ ပြောပြပါဦး"

"တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် ဖြစ်သွားကတည်းက ဆွေမျိုး အားလုံးက သေခန်းဖြတ်လိုက်ကြတယ်။ ဘာသာရေး အဖွဲ့အစည်းတွေ ဆီကလည်း ဘာအကူအညီမှ မရတော့ပါဘူး။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အလေ့အထကလည်း ကျောင်းကန် ဘုရားကိုသာ လှူတတ်ကြတာ။ ဆင်းရဲ ဒုက္ခရောက်တဲ့သူကို စီးပွားရေး အကူအညီပေးတယ်ဆိုတာ မရှိသလောက် ရှားပါတယ် ဘုရား။"

"ဒါကြောင့် တပည့်တော်တို့ ရွှေပြည်သာမြို့သစ်ကို ရောက်တဲ့ အချိန်ကစပြီး ဆင်းရဲကြပ်တည်းသွားပါတယ်။ တပည့်တော်မရဲ့ သား လေးဟာ ညီမမိသားစုရဲ့ အထောက်အပံ့နဲ့ မလေးရှားမှာ အလုပ်သွား လုပ်နေပါတယ်။ သားလေးပို့တဲ့ ငွေနဲ့ဆိုရင် တော်တော်ချောင်လည် မှာပါ။ ဒါပေမယ့် တပည့်တော်မ သားပို့တဲ့ငွေကို တပည့်တော်မတို့က ကိုယ်တိုင် တိုက်ရိုက် ထုတ်ယူလို့မရဘူး ဘုရား"

"ဟင် - ကိုယ့်သားက ပို့တဲ့ ငွေပဲ၊ ဘာဖြစ်လို့ ကိုယ်တိုင် ထုတ်ယူလို့ မရတာလဲ"

"တပည့်တော်မရဲ့ ညီမက လမ်းစရိတ်ကအစ ကုန်ကျစရိတ် အားလုံးကို စိုက်ထားတာဆိုတော့ ကုမ္ပဏီက ငွေလွှဲပြီဆိုရင် ညီမနာမည် နဲ့ပဲ လွှဲပါတယ်။ အခု တပည့်တော်တို့ ဗုဒ္ဓဘာသာဖြစ်တဲ့အချိန်ကစပြီး ညီမဖြစ်သူက သားလွှဲတဲ့ငွေတွေကို အပိုင်သိမ်းပစ်လိုက်ပါတယ်။ တပည့် တော်တို့ကို မပေးတော့ပါဘူး"

"အို- တရားဥပဒေမရှိတဲ့ တိုင်းပြည်မှ မဟုတ်ဘဲ၊ ဒါယိကာမ ကြီးတို့က တရားမစွဲဘူးလား"

"တရားစွဲကြည့်ပါတယ်။ သားပို့တဲ့ငွေကို မရတဲ့အပြင် တပည့် တော်မတို့ မရှိမဲ့ရှိမဲ့ငွေလေးပါ ထပ်ကုန်သွားလို့ အခုတော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲဆိုပြီး ငြိမ်နေလိုက်ပါတယ်။ တစ်နေ့တော့ တပည့်တော်ရဲ့ ညီမက တပည့်တော်ကို လှမ်းခေါ်ပြီးပြောပါတယ်။ ဗုဒ္ဓဘာသာကိုစွန့်ပြီး အရင်ဘာသာထဲ ပြန်ဝင်ပါ။ သားပို့ထားတဲ့ သိန်းနှစ်ဆယ်ကျော် တစ်ခါ တည်း ထုတ်ပေးမယ်တဲ့ ဘုရား"

*(မှတ်ချက်) ဤဖြစ်ရပ်သည် ၂၀၀၄ ခုနှစ်ခန့်က ဖြစ်၍ သိန်းနှစ်ဆယ် ကျော် တန်ဖိုးသည်မသေးကြောင်း ခန့်မှန်းကြည့်နိုင်သည်။*

"ဒီတော့ ဒါယိကာမကြီးက ဘာပြန်ပြောလိုက်လဲ"

"သိန်းနှစ်ဆယ် မပြောနဲ့၊ သိန်းနှစ်ရာပေးလည်း ဗုဒ္ဓဘာသာကို မစွန့်ဘူးလို့ ပြောပြီး တစ်ခါတည်း ပြန်လာခဲ့ပါတယ်။ တပည့်တော်မ ဟာ ဗုဒ္ဓဘာသာကို အသက်ထက် တန်ဖိုးထားလို့ အခုလို ပြောနိုင်တာ ပါ။ တပည့်တော်တို့မိသားစု ဆင်းရဲနေတာ တပည့်တော်မ အသိဆုံးပါ။ သမီးနှစ်ယောက် အထည်ချုပ်စက်ရုံမှာ လုပ်တဲ့ လစာလေးနဲ့ပဲ မိသားစု ငါးယောက် လောက်အောင် စားနေရတဲ့ ဘဝပါ ဘုရား"

“သမီးနှစ်ယောက်ရဲ့ လစာကလည်း ဆုကြေးရော ဘာရော ပေါင်းမှ တစ်လ ငါးသောင်းဆိုတာ အများဆုံးပါ။ တပည့်တော်နဲ့ အမျိုးသားကလည်း အသက်ကြီးကြပြီဆိုတော့ ဘာမှ မလုပ်နိုင်တော့ပါဘူး။ သမီးလေး နှစ်ယောက်ကလည်း တော်ရှာပါတယ်။ သူတို့လစာနဲ့တင် အိမ်စရိတ် မလောက်မှန်း သိလို့ ငွေလေးသိန်းချေးပြီး ဖိနပ်နဲ့အထည်စတွေကို အလုပ်သမားချင်း လပေးနှင့် ရောင်းပါတယ်”

“ရောင်းတော့ ရောင်းရပါတယ် ဘုရား။ ဒါပေမယ့် အတိုးပေးရတာက များတယ် ဘုရား။ တစ်ရာ တစ်ဆယ်တိုးဆိုတော့ တစ်လပြည့်တိုင်း အတိုးက လေးသောင်း ပေးနေရတော့ မြတ်တဲ့အမြတ်ကလေးက ကိုယ်မသုံးရဘဲ အတိုးထဲ ပါသွားတာပေါ့ ဘုရား”

ဒါယိကာမကြီးက စာရေးသူ မေးသဖြင့် သူ့ရင်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပြနေခြင်း ဖြစ်သည်။ အနာထပိဏ်သူဌေးကြီးကဲ့သို့ ရတနာသုံးပါးကို ငွေထက် တန်ဖိုးထားသော ဗုဒ္ဓဘာသာဝင်များ ရှိကြောင်း လက်တွေ့ မြင်ရသည့်အတွက် အားတက်ဝမ်းမြောက်မိသည်။ အနားတွင် ထိုင်လျက်ရှိသော ကပ္ပိယဖြစ်သူ ညီတော်မောင်စိုးတင့်အား ငွေလေးသိန်း ထုတ်ခိုင်းပြီး သူတို့မိသားစုကို ဂုဏ်ပြုလိုက်ပါသည်။

ယခု ၂၀၀၈ ခုနှစ်တွင်ကား သူတို့သည် ရွှေပြည်သာမြို့၌ ဆန်ဆီ ကုန်စုံဆိုင်ကြီးဖွင့်ကာ ရောင်းချနိုင်သောအဆင့်သို့ ရောက်နေလေပြီ။ ထိုသို့ ဖွင့်နိုင်ရန်အတွက်လည်း စာရေးသူ၏ နဝကမ္မထဲမှ ဆယ်သိန်းကျပ်ကို အတိုးမဲ့ စိုက်ထုတ်ကူညီခဲ့ပေသည်။ အပေါ်ယံကြည့်လျှင် ထိုမိသားစု ငွေလေးသိန်း ရသွားခြင်းသည် စာရေးသူက ပေးခြင်းဖြစ်

သည်။ နက်နဲစွာကြည့်လျှင်ကား ရတနာသုံးပါးကို ကြည်ညိုသော သူတို့၏ စေတနာက ပေးခြင်းသာ ဖြစ်သည်။

ဤမိသားစုကဲ့သို့ပင် အနာထပိဏ်သူဌေးကြီးကိုလည်း ရတနာသုံးပါးကို ကြည်ညိုသော သူ၏ စေတနာနှင့် သဒ္ဓါတရားတို့က (၅၄) ကုဋေသော အသပြာတို့ကို ပြန်လည် ဂုဏ်ပြုပေးအပ်ခဲ့ပေသည်။ တံခါးမုခ်စောင့်နတ်သည် သူဌေးကြီး နှင်ထုတ်သဖြင့် ထွက်ခဲ့ရသော်လည်း နောက်ထပ် နေစရာ အိမ်မရှိပေ။ ထိုအခါကျမှ သူ့အပြစ်ကို မြင်ပြီး နောင်တရကာ မြို့စောင့်နတ်ကို သွားပြီးအကူအညီတောင်း၏။

မြို့စောင့်နတ်ကလည်း သူဌေးကြီးကို လိုက်မပြောရဲပေ။ တဖန် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးထံ အကူအညီတောင်းပြန်၏။ သူတို့ကလည်း မပြောရဲကြပေ။ နောက်ဆုံး သိကြားမင်းထံ သွားအကူအညီတောင်းသောအခါ အကြံကောင်းတစ်ခုကို ရခဲ့၏။ သိကြားမင်းက တံခါးမုခ်စောင့်နတ်အား အခုလို အကြံပေး၏။

## အမိုက်ဆုံးနတ်ဟူသည်

"မင်းဟာ တော်တော် မိုက်မဲတဲ့ နတ်ပဲ။ ရတနာသုံးပါးကို အသက်နဲ့လဲပြီး ကြည်ညိုတဲ့ အရိယာ သူတော်ကောင်းကိုမှ ရတနာသုံးပါးကို သွားပြီး စွန့်ခိုင်းတာ ဘယ်လောက် မိုက်မဲရာ ရောက်သလဲ။ ငါကိုယ်တိုင်လည်း သူဌေးကြီးကို လိုက်ပြီး မပြောရဲဘူး။ သို့သော် သူဌေးကြီး ကျေနပ်စေမယ့် အကြံတစ်ခုကိုတော့ ပေးလိုက်မယ်။

သူဌေးကြီး ရစရာရှိတဲ့ (၁၈)ကုဋေသော အသပြာတွေကို ပြန်ဆပ်အောင် လုပ်ပေးပါ။ ပြီးရင် မြစ်ထဲမျောပါသွားတဲ့ (၁၈)ကုဋေ

သော ရတနာပစ္စည်းတွေရယ်၊ ပိုင်ရှင်မဲ့နေတဲ့ (၁၈)ကုဋေတန်သော တခြား ရတနာပစ္စည်းတွေရယ်ကို တန်ခိုးနဲ့ ဆယ်ယူပြီး သူဌေးကြီးရဲ့ ဘဏ္ဍာတိုက်ထဲမှာ ထည့်ပေးပါ။ အဲဒါတွေအားလုံးလုပ်ပြီးပြီဆိုမှ ရတနာ သုံးပါးကို ဘယ်သောအခါမှ စော်ကားမော်ကား မပြောတော့ဘူးဆိုတာ ကို သူဌေးကြီးထံ တောင်းပန်လိုက်ပါ။ သူတော်ကောင်းဆိုတာ တောင်း ပန်ရင် ကျေအေးကြပါတယ်"

သိကြားမင်းပြောသည့်အတိုင်း လိုက်နာခဲ့သည့်အတွက် တံခါး မုခ်စောင့်နတ်သည် သူဌေးကြီး ခြံဝင်းအတွင်း၌ ပြန်လည်နေထိုင်ခွင့် ရရှိသွားခဲ့သည်။ ဗုဒ္ဓဘာသာဝင်အားလုံးသည် အနာထပိဏ်သူဌေးကြီး ၏ စိတ်ဓါတ်ကို အတုယူသင့်သည်။ ရတနာသုံးပါးနှင့် (၁၆)ကုဋေကို ရွေးခိုင်းစဉ်က လောဘဘက်လိုက်ပြီး (၁၆)ကုဋေကိုရွေးခဲ့လျှင် တစ်ဘဝ စာသာ ချမ်းသာပြီး သံသရာတွင် အပါယ်သို့ ကျမည် ဖြစ်သည်။

မှန်ကန်စွာ ရတနာသုံးပါးကို ရွေးချယ်ခဲ့သောကြောင့် (၅၄) ကုဋေထိအောင်ရပြီး သံသရာတွင် နိဗ္ဗာန်ထိ ရောက်ဦးမည် ဖြစ်သည်။ ဗုဒ္ဓလက်ထက်က အနာထပိဏ်သူဌေးကြီးကား လူ့ဘဝကို နိဗ္ဗာန်ရဖို့ အတွက် အသုံးချခဲ့သူဖြစ်၏။ အနာထပိဏ်သူဌေးကြီးကဲ့သို့ပင် လူ့ဘဝ ကို နိဗ္ဗာန်ရဖို့အတွက် အသုံးချသူ မန္တလေးမြို့မှ ကျောက်တွင်းသူဌေး တစ်ဦးအကြောင်းကို အကျဉ်းချုပ် တင်ပြပါဦးမည်။

သူ့နာမည်ကို 'မောင်စိုးနိုင်' ဟု ခေါ်နိုင်ပါသည်။ စစ်ကိုင်းမြို့ နယ်၊ ဒေါင်းမရွာသား ဖြစ်သည်။ မြန်မာနိုင်ငံမှ နှစ်စဉ် ကျင်းပသော ကျောက်မျက်ရတနာ လေလံတင် ရောင်းချပွဲတွင် မြန်မာတစ်ပြည်လုံးမှ လာပြသော ရတနာမျိုးစုံကို တာဝန်ခံတင်ပြသူမှာ ကျောက်တွင်းသူဌေး

ဦးစိုးနိုင်ပင် ဖြစ်သည်။ သူသည် ရတနာကုမ္ပဏီကြီးတစ်ခုကို ပိုင်ဆိုင်သော သူဌေးဘဝသို့ လွယ်ကူစွာ ရောက်ခဲ့ရခြင်း မဟုတ်ပေ။

သာမာန် ကျောက်တူးအလုပ်သမားလေး ဘဝမှ ကုမ္ပဏီပိုင်ရှင် သူဌေးကြီးဘဝသို့ ပို့ပေးသော အကြောင်းတရားများမှာ -

## ဦးစိုးနိုင်၏ ကြီးပွားကြောင်းတရားများ

- အလုပ်ကို စိတ်ရှည်ရှည်ထားပြီး ကြာမြင့်စွာလုပ်ခြင်း။
- စွမ်းအားကို အကုန်စိုက်ထုတ်ပြီး လုပ်ခြင်း။
- မရပ်မနား တရစပ် လုပ်ခြင်း။
- အလုပ်ကို လေးလေးစားစား လုပ်ခြင်း။
- ပျော်ရွှင်ကြည်နူးစွာ လုပ်ခြင်း။
- ကိုယ်ကျင့်သီလ ကောင်းခြင်း။
- ပေးပြီးသားကတိကို ဘယ်သောအခါမှ မဖျက်ခြင်း။
- အလုပ်ရှင်အပေါ် သစ္စာရှိခြင်း။
- သူတစ်ပါး၏အလုပ်ကို မိမိအလုပ်လို သဘောထားခြင်း။
- အလုပ်ကို ပိုကောင်းအောင် နေ့စဉ် ကြံစည်စိတ်ကူးခြင်း။
- အလုပ်သမားများကို မိမိ မိသားစုလို သဘောထားပြီး တတ်နိုင်သမျှ ပြုစုစောင့်ရှောက်ခြင်း။
- မိမိနှင့်ပတ်သက်သမျှ အရောင်းအဝယ်သမားများအပေါ် မေတ္တာစစ်၊ မေတ္တာမှန်ထားခြင်း။

- ပတ်ဝန်းကျင်ရှိ အပေါင်းအသင်းအားလုံးကို မိမိကဲ့သို့ ချမ်းသာအောင် နည်းကောင်းများကို လျှို့ဝှက်မထားဘဲ ရက်ရက်ရောရောပေးခြင်း။
- ကြီးပွားချမ်းသာခြင်းသည် ဒါနရှိခဲ့သောကြောင့်ဟု နားလည်သဖြင့် တကယ် လိုအပ်သော နေရာများကို ကိုယ်တိုင်ရှာဖွေ၍လှူဒါန်းခြင်း။
- အကျိုးများမည့် စာအုပ်များကို ညအိပ်ယာဝင်ခါနီးတိုင်း ဖတ်ရှုခြင်း။
- ဒေသန္တရ ဗဟုသုတနှင့် နိုင်ငံတကာ ဗဟုသုတရှိခြင်း။

တို့ပင် ဖြစ်သည်။

ကြီးပွား တိုးတက်ခြင်းသည် အကျိုးတရား ဖြစ်၏။ ထိုအကျိုးတရားသည် ဖော်ပြပါ အကြောင်းတရားတို့ကြောင့် ရရှိလာခြင်း ဖြစ်၏။ အကြောင်းမဲ့ ရရှိလာခြင်း မဟုတ်။ ကိုစိုးနိုင်ကို စာရေးသူ သဘောအကျဆုံးကား စာပေဗဟုသုတရှိခြင်းပင် ဖြစ်၏။ သူဌေးအဓိပ္ပါယ်ကို အတွေးအခေါ်ပညာရှင်တစ်ဦးက ယခုလိုရေးသားဖူးသည်။ ငွေမှတစ်ပါး အခြားဘာမျှမရှိသောသူကို သူဌေးဟု ခေါ်သည်။ များသောအားဖြင့် သူဌေးအများစုမှာ ထိုအတွေးအခေါ်ပညာရှင် ပြောသလို ငွေမှတစ်ပါး အခြားအသိဉာဏ် ဘာမျှမရှိသူသာ များပေသည်။ စာပေဗဟုသုတရှိသူသည် စာပေ ဗဟုသုတမရှိသူထက် အမြဲတမ်း ခေါင်းတစ်လုံး မြင့်နေတတ်သည်။

အနောက်တိုင်းသားများက အရှေ့တိုင်းသားများထက် နေရာတိုင်းတွင် သာနေခြင်းမှာ စာဖတ်ခြင်းကြောင့်ပင် ဖြစ်သည်။ အင်္ဂလန်၌

ရပ်ကွက်တစ်ခုဖော်တိုင်း မဖြစ်မနေ ပါရသောအရာမှာ စာကြည့်တိုက်ပင် ဖြစ်သည်။ ရပ်ကွက်စာကြည့်တိုက်ပင် ဖြစ်သော်လည်း ထိုစာကြည့်တိုက်တွင် ကမ္ဘာ့ဂန္ထဝင်စာအုပ်အားလုံး ရှိနေရသည်။ ထိုစာပေဗဟုသုတအားကြောင့်လည်း ကျွန်းနိုင်ငံလေးတစ်ခုသာဖြစ်သော အင်္ဂလန်သည် တစ်ကမ္ဘာလုံးနီးပါးကို သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကိုစိုးနိုင်သည် မိုးကုတ် ကျောက်တွင်း တစ်တွင်းမှ သာမာန်ကျောက်တူးသမားလေးတစ်ယောက်ပင် ဖြစ်သည်။ သူသည် စာဖတ်သူဖြစ်သောကြောင့် " မိမိကိုယ်ကို နိုင်အောင် မအုပ်ချုပ်နိုင်သူသည် သူတစ်ပါးကို အုပ်ချုပ်သော ခေါင်းဆောင်ကောင်း ဘယ်သောအခါမှ ဖြစ်မလာနိုင်' ဟူသော ဒဿနလေးကို အမြဲသတိရသူ ဖြစ်၏။ ထို့ကြောင့် လူငယ်ပီပီ အသောက်အစား၊ အပျော်အပါးကို လိုက်စားချင်သော်လည်း မိမိကိုယ်ကို နိုင်အောင်ထိန်းပြီး မလိုက်စားခဲ့ပေ။

ခေါင်းဆောင်စိတ်ရှိသူသည် ဘဝပေးအခြေအနေအရ နောက်လိုက်ဘဝသို့ ရောက်နေရသော်လည်း ခဏသာဖြစ်၏။ အချိန်ကျလာသောအခါ မိမိနှင့်ထိုက်တန်သည့် ခေါင်းဆောင်ဘဝသို့ ရောက်ရမည်သာ။ ပတ္တမြားအစစ် နွံ့မနစ် ဟူသော စကားပုံသည် ထိုသို့ခေါင်းဆောင်စိတ်ရှိသူများကို ရည်ညွှန်းခြင်း ဖြစ်၏။

တစ်ဖန် နောက်လိုက်စိတ်ရှိသူသည် ဘဝပေးအခြေအနေအရ ခေါင်းဆောင်ဘဝသို့ ရောက်နေရသော်လည်း ခဏသာဖြစ်၏။ အချိန်ကျလာသောအခါ မိမိနှင့် ထိုက်တန်သည့် နောက်လိုက်ဘဝသို့ ပြန်ရောက်ရသည်သာ။ ခွေးရူးကောင်းစား တစ်မွန်းတည့် ဟူသော စကားပုံသည် နောက်လိုက်စိတ်ရှိသူတစ်ယောက် ခေါင်းဆောင်ဘဝ၌ ကြာကြာ

နေမရသည်ကို ပြဆိုလိုရင်းပင် ဖြစ်၏။

မခိုင်းဘဲ လုပ်ခြင်း၊ အလုပ်ကို အများကြီးလုပ်ပြီး အခွင့်အရေးကို အနည်းငယ်သာ ယူခြင်းတို့သည် ခေါင်းဆောင်ကောင်းဖြစ်မည့်သူ၏ ထူးခြားသော အချက်များပင် ဖြစ်၏။ ခိုင်းမှလုပ်ခြင်း၊ အလုပ်ကို အနည်းငယ်သာ လုပ်ပြီး အခွင့်အရေးကို အများကြီးယူခြင်းတို့သည် နောက်လိုက်ဖြစ်မည့်သူ၏ အင်္ဂါလက္ခဏာများပင် ဖြစ်၏။

## အလုပ်ရှင်စိတ်မွေး၍ အလုပ်ရှင်ဖြစ်ရသူ

ကိုစိုးနိုင်သည် သာမာန် ကျောက်တူးသမားလေး တစ်ယောက်သာဖြစ်သော်လည်း ကျောက်တူးလုပ်ငန်းကြီး တစ်ခုလုံးကို မိမိအလုပ်လိုသဘောထား၏။ လစာ ရှစ်သောင်းခန့်သာ ရသော်လည်း ရှစ်သိန်းမကတန်အောင် အလုပ်လုပ်၏။ ငွေကို အဓိကမထားဘဲ အလုပ်ကို အဓိကထားခြင်းသည်လည်း ခေါင်းဆောင်ကောင်း၏ အင်္ဂါတစ်ခုပင် ဖြစ်သည်။

အမှန်အားဖြင့် အလုပ်သမားမှန်သမျှသည် မိမိလစာကို မိမိကိုယ်တိုင် သတ်မှတ်ခြင်း ဖြစ်၏။ အလုပ်ကို ငါးသောင်းတန်အောင်သာလုပ်သူကို အလုပ်ရှင်သည် ငါးသောင်းသာပေးမည်ဖြစ်သည်။ အလုပ်ကို ငါးသိန်းတန်အောင် လုပ်သူကိုကား အလုပ်ရှင်သည် ငါးသိန်းပေးမည်သာ ဖြစ်၏။ ကိုစိုးနိုင်သည် အလုပ်သမားဖြစ်သော်လည်း အလုပ်ရှင်စိတ်မွေး၏။

သူတို့ ကျောက်တွင်းမှ ကျောက်ကောင်းတွေ ထွက်အောင်၊ လေလွင့်မှု မရှိအောင်၊ ဈေးကောင်းရအောင် သူစွမ်းအားရှိသမျှ ကြိုးစား

၏။ ထိုသို့ အလုပ်ကို ပိုလုပ်နေခြင်းသည် သူဌေးထံမှ အခွင့်အရေးရယူလို၍ မဟုတ်။ လုပ်ချင်စိတ်ရှိသောကြောင့် လုပ်နေခြင်းသာ ဖြစ်သည်။ ခေါင်းဆောင်စိတ်ရှိသူနှင့် ဖားသူသည် တခြားစီဖြစ်၏။

ခေါင်းဆောင်စိတ်ရှိသူသည် အလုပ်ရှင်၏ ကွယ်ရာမှာဖြစ်စေ၊ ရှေ့မှာဖြစ်စေ အလုပ်ကို ပုံမှန်အတိုင်း ကြိုးစားလုပ်၏။ ဖားသူကား အလုပ်ရှင်ရှေ့မှာသာ ပင်ပန်းအောင်လုပ်ပြပြီး အလုပ်ရှင်ကွယ်ရာတွင် ဘာမျှ မလုပ်ဘဲနေသူ ဖြစ်၏။ ထိုသူမျိုးသည် အကဲမခတ်တတ်သော အလုပ်ရှင်အချို့ကြောင့် ခေါင်းဆောင်ဘဝ ရောက်သော်လည်း လျှပ်စီးလက်သလို ခဏသာ ဖြစ်၏။ ထိုသူမျိုး၏ လုပ်ရပ်ကား အားကျစရာမဟုတ်။ ရှောင်ရှားစရာသာ ဖြစ်၏။

စိတ္တေန နီယျတေ လောကော - စိတ်သည် လောကကြီးကိုပင် မိမိလိုရာသို့ ဆောင်နိုင်သည်ဟု ဘုရားဟောရှိရာ အလုပ်ရှင်စိတ်ရှိသူသည် အလုပ်ရှင်ဘဝသို့ အဘယ်မှာ မရောက်ဘဲရှိပါမည်နည်း။ နှစ်ကြာလာသည်နှင့်အမျှ ကိုစိုးနိုင်သည် သာမာန်အလုပ်သမားဘဝမှ အလုပ်သမားများကို အုပ်ချုပ်ရသူ ဖြစ်လာသည်။

ထို့ထက် နှစ်ကြာလာသောအခါ သူဌေး၏ မန်နေဂျာ (သို့မဟုတ်) မျက်နှာလွှဲထားရသူ ဖြစ်လာသည်။ ဤအချက်များကို ထောက်၍ အလုပ်သမားများသည် မိမိ၏ လစာကို မိမိကိုယ်တိုင် သတ်မှတ်ခြင်း ဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်၏။ အလုပ်ရှင်သူဌေးသည် တရုတ်ပြည်သို့ အပြီးပြန်သွားသောအခါ ကိုစိုးနိုင်ကို ကျောက်တွင်းကြီးတစ်တွင်းလုံး လွှဲအပ်ခဲ့လေသည်။ အလုပ်သမားပင်ဖြစ်သော်လည်း အလုပ်ရှင်စိတ်ရှိသူသည် အလုပ်ရှင်ဖြစ်ရသည်ဟူသောစကားကို ကိုစိုးနိုင်က လက်တွေ့

ပြသလိုက်ခြင်းပင် ဖြစ်၏။

"လူချင်း တူပါလျက် တချို့က ဆင်းရဲပြီး၊ တချို့က ချမ်းသာသည်မှာ အဘယ့်ကြောင့်ပါနည်း" ဟု သုဘလုလင်က မေးခဲ့ရာ- ဗုဒ္ဓက ဒါနရှိသူများသည် ချမ်းသာပြီး၊ ဒါနမရှိသူများသည် ဆင်းရဲကြောင်း ဖြေဆိုတော်မူခဲ့သည်။ စာဖတ်များသော ဦးစိုးနိုင်က ထိုအချက်ကို သေသေချာချာ သိထားသောကြောင့် ဗုဒ္ဓ၏ ညွှန်ကြားချက်အတိုင်း သာသနာအတွက်၊ လောကအတွက် ကျေးဇူးများမည့် နေရာများသို့ တတ်နိုင်သမျှ ရှာဖွေလှူဒါန်းလေ့ရှိသည်။

ဥပမာအားဖြင့် - ကျောက်တွင်းမှ အလုပ်သမားများ နေထိုင်မကောင်းဖြစ်လျှင် သူ့အိတ်ထဲမှ စိုက်ထုတ် ကုသပေးလေ့ရှိသည်။ သူကိုယ်တိုင် လမ်းပြလိုက်သောကြောင့် နောင်တွင် အလုပ်ရှင်သူဌေးလည်း မနေသာတော့ဘဲ စိုက်ထုတ်ကုသပေးသောအလေ့ကို ရရှိသွားခဲ့သည်။

တစ်ခါတွင် ဦးစိုးနိုင်သည် ခရီးသွားရင်း စိတ်မကောင်းစရာမြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။ ခွေးမကြီးတစ်ကောင်နှင့် ခွေးလေးသုံးကောင်တို့သည် အစာရေစာပြတ်ပြီး ချုံပုတ်ထဲတွင် ခွေလဲနေကြခြင်းပင်။ မမွေးချင်သဖြင့် ခွေးမကြီးရော ခွေးလေးသုံးကောင်ကိုပါ တောထဲလာပစ်ထားရာ လူနေအိမ်ခြေမရှိသဖြင့် အစာရေစာပြတ်ကာ လဲနေကြခြင်းပင် ဖြစ်သည်။

ယခုအချိန်တွင် အစာတစ်နပ်လောက်သာ စားရပါက လူနေအိမ်ခြေများရှိသော နေရာသို့ သူတို့သားအမိတစ်တွေ သွားနိုင်ကြမည်ဖြစ်သည်။ ဦးစိုးနိုင်သည် ဖြစ်ပေါ်လာသော သဒ္ဓါတရားကြောင့် ကားပေါ်သို့ အမြန်ပြေးကာ ကျွေးမွေးစရာများကို ရှာကြည့်သည်။ မည်သည့်

အစာကိုမျှ မတွေ့ရ။ မျက်စေ့တစ်ဆုံး၊ တစ်မျှော်တစ်ခေါ် လှမ်းမျှော်ကြည့်သော်လည်း အိမ်ခြေယာခြေမပြောနှင့် တဲအိမ်တစ်လုံးပင် မတွေ့ရပေ။ ကျွေးမွေးချင်သော မေတ္တာစေတနာသည် ပြင်းထန်နေပြီ ဖြစ်သောကြောင့် ဖက်သန့်သန့်များကိုခူးကာ ခွေးများရှေ့တွင် ဖြန့်ချလိုက်သည်။

## ခွေးများကို အန်ကျွေးသော ကရုဏာရှင်

အရိုးပေါ်အရေတင်ဖြစ်ကာ ချိနဲ့နေသော ခွေးမကြီးနှင့် ခွေးလေး သုံးကောင်သည် ဦးစိုးနိုင်ကို ရန်သူလား၊ မိတ်ဆွေလားဟု မခွဲခြားနိုင်သော အကြည့်ဖြင့် လှမ်းကြည့်နေကြသည်။ ရန်သူဖြစ်နေပါက ထွက်ပြေးနိုင်စွမ်း မရှိတော့ပြီဖြစ်သဖြင့် အသေခံဖို့ရန်သာ ရှိပေသည်။ ဦးစိုးနိုင်သည် သူ၏အာခေါင်ကို လက်ညှိုးထိုးကာ အသင့်ချထားသော ဖက်ရွက်ကြီးပေါ်သို့ ထိုးအန်ချလိုက်သည်။

ခွေးမကြီးနှင့် ခွေးလေး သုံးကောင်သည် အန်ဖတ်များကို အတင်းထိုးဟပ် စားလိုက်ကြရာ ခဏနှင့်ကုန်သွားသည်။ ငါးရက်တိုင်တိုင် အစာနှင့် ပြတ်နေကြသော သူတို့၏ ဝမ်းဗိုက်များသည် တစ်ကြိမ်စားရရုံနှင့် မတင်းတိမ်နိုင်ကြပေ။ ထို့ကြောင့် သူတို့၏ မျက်လုံးလေးစုံက ဦးစိုးနိုင်၏ မျက်နှာကို တိုင်ပင်မထားဘဲ တစ်ပြိုင်တည်း စိုက်ကြည့်လျက်သား ဖြစ်နေကြသည်။

ထိုအဖြစ်ကို ရိပ်မိသွားသော ဦးစိုးနိုင်က ဒုတိယအကြိမ် အန်ချပြီး ကျွေးလိုက်ပြန်သည်။ ထိုအချိန်တွင်လည်း မိသားစုလေးကောင် အလုအယက်စားကြရာ ခဏနှင့်ကုန်သွားပြန်သည်။ ထို့ကြောင့် တတိယ

အကြိမ် အာခေါင်ကို လက်ညှိုးထိုး အန်ချလိုက်ပြန်ရာ ခွေးလေးကောင် စားကြပြန်သည်။ သို့သော် ဤအကြိမ် စားရာတွင် ဣန္ဒြေရသွားသည်။

အလုအယက် မဟုတ်တော့။ ထို့ကြောင့် သူတို့အားရတင်းတိမ် သွားပြီကို ဦးစိုးနိုင် ရိပ်မိသွားသည်။ သူ့ဝမ်းထဲတွင်လည်း စားထားသော ထမင်းများ တစ်စေ့မျှ မကျန်တော့ပေ။ နောက်ဆုံးအကြိမ် အန်ရာတွင် ပင်ပန်းလွန်းသဖြင့် သွေးစအနည်းငယ်ပင် ပါလာသည်ကို တွေ့ရသည်။

ထိုကုသိုလ် ပြုပြီးသည်မှစ၍ ဦးစိုးနိုင်၏ လုပ်ငန်းများသည် တစ်ရှိန်ထိုး အောင်မြင်လာခဲ့သည်။ သူပိုင် ကျောက်စိမ်းတွင်းမှ မထင်မှတ်ဘဲ ပတ္တမြားများပင် ထွက်လာသဖြင့် စီးပွားရေးမှာ ထောင်တက် လာခဲ့ သည်။ အလှူခံပုဂ္ဂိုလ် (၁၄)ယောက်တွင် တိရစ္ဆာန်များလည်းပါသည်။ တိရစ္ဆာန်တစ်ကောင်ကို ကျွေးလှူလျှင် ဘဝတစ်ရာ ချမ်းသာကြောင်း 'ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်' တွင် ဘုရားရှင် ဟောကြား တော်မူထားသည်။

ဦးစိုးနိုင်၏ ဘာသာရေးနှင့် ပတ်သက်သော အလှူများမှာ သိန်း ပေါင်းထောင်နှင့်ချီ၍ ရှိပါသည်။ ဦးစိုးနိုင်ကို စာရေးသူ အထူးလေးစား မိသည်မှာ လူမှုရေးနှင့် ပတ်သက်သော နေရာများတွင် ထိရောက်စွာ လှူတတ်မှုကြောင့်ပင်ဖြစ်သည်။ မြန်မာပြည်အတွက် မဖြစ်မနေလိုအပ် နေသော လမ်းများ၊ တံတားများကို တတ်အားသမျှ လှူဒါန်းနေသည်မှာ လည်း သိန်းတစ်ထောင်ထက် နည်းမည် မဟုတ်ပေ။

မန္တလေးမြို့ရှိ စိန်ပန်းဘက်သို့တိုက်ရိုက်ပေါက်သော (၄၁)လမ်း လမ်းမကြီးကို ဦးစိုးနိုင်က သိန်းတစ်ရာမတည်ပြီး လှူဒါန်းရာ ကတ္တရာ လမ်းချော်ကြီး ပြီးသွားသည်မှာ မကြာသေးပေ။ ဤဒါနမျိုးကား ပါရမီ

ထိုက်သော ဒါနမျိုးပင် ဖြစ်၏။

သူ၏ လူမှုရေးအလှူဒါန များစွာအနက်မှ မြန်မာတိုင်း အတုယူသင့်သည့် လေးစားကြည်ညို အားကျဖွယ်ရာ ဒါနတစ်ခုကို ဖော်ပြပါဦးမည်။ စစ်ကိုင်းမြို့နယ်တွင် အလွန် ဆင်းရဲနွမ်းပါးသော နောက်ကြည့်ကျွန်းအမည်ရှိ ရွာလေးတစ်ရွာ ရှိသည်။ ထိုရွာလေးသည် ပစ္စည်းဥစ္စာသာမက ကိုယ်ကျင့်သီလ စာရိတ္တပါ ဆင်းရဲသောရွာလေး ဖြစ်သည်။

- **ဥစ္စာစည်းစိမ် ဆင်းရဲလို့ အပါယ်မကျ၊**
- **ကိုယ်ကျင့်သီလ ဆင်းရဲမှ အပါယ်ကျသည်။**
- **ဥစ္စာစည်းစိမ် ဆင်းရဲလို့ ဘယ်ပညာရှိ သူတော်ကောင်းကမှ အထင်မသေး၊**
- **ကိုယ်ကျင့်သီလ ဆင်းရဲမှ အထင်သေးသည်။**

စသော အဆုံးအမများကိုပေးမည့် ဆရာဘုန်းကြီးများသည် သူတို့ရွာတွင်မရှိ။ အကြောင်းကား နှစ်အတန်ကြာက မြစ်ရေတိုက်စားပြီး ကမ်းပါးများပြိုရာ သူတို့ ရွာဦးကျောင်းနှင့် စေတီများ ရေထဲပါသွားခြင်းကြောင့်တည်း။ သူတို့ အားကိုးတကြီး လုပ်ကိုင်စားသောက်နေသော လယ်ယာကိုင်းကျွန်းများသည် ကမ်းပြိုသည့်ထဲ ပါသွားသဖြင့် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး အောက်တန်းကျသွားတော့သည်။

ကိုယ်ပိုင်လယ်ယာများ မရှိသဖြင့် တခြားရွာမှ လယ်များ၊ ကိုင်းများသို့ နေ့စား ဝင်လုပ်ဖို့ ကြိုးစားကြသော်လည်း ကရုဏာထားပြီး ခိုင်းမည့်လူက မရှိ။ 'မရှိ ခိုးနိုး' ဟူသော စကားကို ဘုရားဟောပမာ လက်ကိုင်ပြုပြီး ရေနစ်သူကို ဝါးကူထိုးနေကြသည်။ သမ္မာအာဇီဝ

နည်းဖြင့် စားသောက်ရန် မလွယ်သောအခါ ခိုးဝှက်စားသောက်သော အဆင့်သို့ ရောက်လာကြသည်။

## စွဲခြင်း၏ အဓိကအကြောင်းတရား

ကောင်းသောအလုပ် ဖြစ်စေ၊ မကောင်းသောအလုပ် ဖြစ်စေ ကြာကြာလုပ်လျှင် စွဲတတ်၏။ အရက်စွဲခြင်း၊ ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်း တို့သည် ထိုအလုပ်ကို ကြာကြာ လုပ်သောကြောင့် ဖြစ်၏။ ပရဟိတ အလုပ်၊ မေတ္တာပွားသော အလုပ်၊ ဂုဏ်တော်ပွားသော အလုပ်များကို ကြာကြာလုပ်လျှင်လည်း စွဲသည်သာ ဖြစ်၏။

အာဖရိက၊ တောနက်ကြီးထဲမှ ဆင်ခြေထောက်ရောဂါသည်၊ အနာကြီးရောဂါသည်တို့အား သေတပန်သက်တစ်ဆုံး ဘဝကိုမြှုပ်နှံကာ ဆေးကုသပေးသည့် ကရုဏာရှင် 'အဲလ်ဘတ်ရွိုက်ဇာ' သည် ဂျာမဏီ သွေးပါသည့် ဥရောပတိုက်သား တစ်ယောက်သာ ဖြစ်သည်။ ချမ်းသာ သောနိုင်ငံတွင် လူဖြစ်ပါလျက် တောနက်ကြီးထဲတွင် ဒုက္ခသည်များကို တစ်သက်လုံးပြုစုစောင့်ရှောက်နိုင်သည်မှာ ပရဟိတအလုပ်ကို ကြာကြာ လုပ်သောကြောင့် စွဲသွားခြင်းသာ ဖြစ်သည်။

တစ်ကမ္ဘာလုံးက လေးစားကြည်ညိုကြသော ရောဂါသည်အား လုံး၏မိခင်ကြီး 'မာသာထရီဇာ' သည် အိန္ဒိယမှ လမ်းဘေးတွင် သေလု မျောပါးဖြစ်နေသော ဒုက္ခသည်များကို အိမ်ထောင်ပင်မပြုဘဲ သက်တမ်း ကုန်သည်အထိ ပြုစုစောင့်ရှောက်နိုင်သည်မှာလည်း ကောင်းသော အလုပ်ကို နှစ်ရှည်လများ လုပ်သည့်အတွက် စွဲသွားခြင်း ဖြစ်၏။

ထို့ကြောင့် စွဲမည့်စွဲလျှင် မိမိ၊ သူတစ်ပါး နှစ်ဦးစလုံးအတွက် ကျေးဇူးများသော အလုပ်ကိုသာလျှင် စွဲအောင်လုပ်သင့်သည်။ လောကကို ဖျက်စီးမည့် မကောင်းသောအလုပ်များကို စွဲသွားအောင် ကြာကြာမလုပ်သင့်ပေ။ နောက်ကြည့်ကျွန်း ရွာသားများသည်လည်း ခိုးသောအလုပ်ကို ကြာကြာလုပ်သောအခါ စွဲသွားကြ၏။ ခိုးဝှက်သောအလုပ်မှ တစ်ပါး တခြားမည်သည့် အလုပ်မျှ မလုပ်တော့ပေ။

သူတို့အတွက် တစ်နယ်လုံးဒုက္ခရောက်လာသောအခါ မြို့နယ်အတွင်းရှိ ရဲများ အားလုံးစုပေါင်းပြီး ထိုရွာထဲမှ အိမ်ထောင်ဦးစီး အမျိုးသား (၃၁)ယောက်ကို ဖမ်းဆီး၍ ထောင်ချလိုက်ရသည်။ မိသားစုချင်းကိုယ်ချင်းစာသော ဦးစိုးနိုင်သည် ကျန်ရစ်ခဲ့သော လူမမယ် ကလေးငယ်များ၏ အခြေအနေကို လေ့လာရန် ထိုရွာထဲသို့ ညအချိန်တွင်ဝင်ရောက်ကြည့်ရှုခဲ့သည်။ သူ၏ တွေ့မြင်ခံစားရမှုများကို ဦးစိုးနိုင်က ယခုလိုဖွင့်ဟပြောကြားခဲ့သည်။

“ဆရာတော်ဘုရား၊ တပည့်တော်ဘဝမှာ ဒီလောက် ဆင်းရဲဒုက္ခရောက်နေတဲ့ ရွာမျိုးကို တစ်ခါမှ မတွေ့ဖူးပါဘူး။ အိမ်တွေကိုကြည့်လိုက်ရင် ယိုင်နဲ့နေတဲ့ သက်ကယ်မိုး၊ ထရံကာလေးတွေချည်းပဲ။ တချို့အိမ်လေးတွေဆိုရင် အကာနဲ့ အခင်းတောင် မရှိဘူး။ လူမမယ်၊ ကလေးငယ်လေးတွေဟာ မြေကြီးပေါ်မှာ ဒီအတိုင်း အိပ်နေကြတယ်”

“တချို့ ကလေးတွေက အင်္ကျီပဲပါတယ်၊ ဘောင်းဘီ မပါဘူး။ တချို့ကလေးတွေက ဘောင်းဘီပဲ ပါတယ်၊ အင်္ကျီမပါဘူး။ တချို့ကလေးတွေကတော့ ဘောင်းဘီရော၊ အင်္ကျီရော ဘာမှမပါဘူး။ ကိုယ်လုံးတီးလေးတွေနဲ့ ဒီအတိုင်းပဲ အိပ်နေကြတယ်။ တပည့်တော် စိတ်မကောင်း

လွန်းလို့ မျက်ရည်တောင် ကျမိတယ်။ စုစုပေါင်း ကလေး (၄၇)ယောက်လုံးကို တပည့်တော်ရဲ့ သားသမီးအဖြစ် မွေးစားလိုက်တယ်။ အခုရန်ကုန်မှာ သီးသန့်တိုက်နဲ့ထားပြီး ပညာသင်ပေးနေပါတယ်”

## ကုသိုလ်တရားကို အမြန်လုပ်ဖြစ်ခြင်းအကြောင်း

“ကျန်ခဲ့တဲ့ မိခင်နဲ့ အရွယ်ရောက်ပြီး ကလေးတွေအတွက်လည်း လစဉ် ဆန်(၆)ပြည်နဲ့ ငွေငါးထောင် ပို့ပေးနေပါတယ်။ ငါ အမြဲတမ်း သေနိုင်တယ်ဆိုတဲ့ မရဏာနုဿတိ ဘာဝနာကို တပည့်တော်နေ့တိုင်း ပွားများပါတယ်။ သေခြင်းတရားကို အမြဲပွားများပြီး အမြဲသေကြည့်နေတဲ့အတွက် တပည့်တော်ခံစားရတဲ့ လက်တွေ့ကောင်းကျိုးတွေကတော့ ကုသိုလ်တရားကို အချိန်မဆွဲဘဲ ချက်ချင်းလုပ်ဖြစ်ပါတယ်”

“အကုသိုလ် ဒုစရိုက်အလုပ်များကို ကြံလည်းမကြံ၊ ပြောလည်းမပြော၊ လုပ်လည်း မလုပ်ဖြစ်တော့ပါဘူး။ ပြီးတော့ သေရမှာလည်းလုံးလုံး ကြောက်စိတ် မရှိတော့ပါဘူး။ တပည့်တော်များ ရုတ်တရက်သေဆုံးသွားရင် ဒီကလေး (၄၇)ယောက်အတွက် ရင်လေးစရာကောင်းပါတယ်။ ကျန်ရစ်ခဲ့တဲ့ သားမယားတွေက တပည့်တော်စိတ်မျိုး မရှိရင်သူတို့လေးတွေအားလုံး ဒုက္ခရောက်ကြမှာပါ”

“အစိုးရိမ်ဆုံးကတော့ သူခိုးသူဝှက်ဘဝကို ပြန်ရောက်သွားမှာကိုပါပဲ။ တပည့်တော် ဒီကလေးတွေ မွေးစားတဲ့ ရည်ရွယ်ချက်ကဒီရွာမှာ သူခိုးမျိုးဆက်တွေ ပြတ်သွားစေချင်လို့ပါပဲ။ ဒါ့ကြောင့် ဒီကလေးတွေအတွက် ဘဏ်မှာ သိန်းငါးရာ ကြိုတင် အပ်နှံပေးထားပါတယ်။

တပည့်တော် ရှုတ်တရက် သေသွားတောင် ဒီသိန်းငါးရာက သူတို့လေး တွေရဲ့ ဘဝခရီးကို အောင်မြင်အောင် ဆောင်ကြဉ်းပေးသွားမှာပါ”

“တပည့်တော် ဆရာတော်တို့ ဓမ္မကထိကတွေဟောတဲ့ တရား ကို အမြဲနာနေတော့ တချို့ ပါဠိလေးတွေဆိုရင် အလွတ်ရနေတယ် ဘုရား။ တပည့်တော် အလွတ်ရနေတဲ့ စာပိုဒ်တစ်ခုက ‘အသဿဝနတာ ဓမ္မဿ ပရိဟာယန္တိ’ - မကြားနာရခြင်းကြောင့် ကိုယ်ကျင့်တရားများ ဆုတ်ယုတ် ပျက်စီးရသည် ဆိုတာပါပဲ။ ဒီရွာသူရွာသားတွေ ကိုယ်ကျင့် သီလ ပျက်သွားကြတာဟာ တရားမနာရလို့ပါပဲ။ သူတို့ဟာ အမည်ခံ အားဖြင့် ဗုဒ္ဓဘာသာတွေဖြစ်ပေမယ့် ဗုဒ္ဓတရားတွေကို တစ်ခါမှ မနာ ကြားဖူးကြပါဘူး။ ဒါကြောင့်လည်း သီလတွေ ပျက်ကုန်တာပါ”

“အခု တပည့်တော် သူတို့ရွာမှာ ဆရာတော်မျိုးစုံပင့်ပြီး တရား ပွဲကြီးကျင်းပဖို့ ကြိုးစားနေပါတယ်။ ချိတ်ဆိုတာ မီးပူအမြဲပေးနေမှ ပျော့ ပြောင်းတာပါ။ မီးနဲ့ဝေးတာနဲ့ မာသွားတာပါပဲ။ ထို့အတူ ပုထုဇဉ်တွေ ဟာ တရားဆိုတဲ့ မီးပူအမြဲပေးနေမှ စိတ်ဓာတ်တွေ ပျော့ပြောင်းပြီး သူတော်ကောင်း ဖြစ်ကြတာပါ။ တရားနဲ့ ဝေးတာနဲ့ စိတ်တွေဟာ မာ ကျော ခက်ထန်ပြီး မသူတော်ဘဝကို ပြန်ရောက်သွားတတ်ပါတယ်”

“ဒါကြောင့် သူတို့ရွာမှာ ဘုန်းကြီးကျောင်း တည်ထောင်ပေးဖို့ မြေကွက်ဝယ်ပြီးပါပြီ။ ဟောတတ်ပြောတတ်တဲ့ ဆရာတော်တစ်ပါးပါးကို တောင်းပန်ပြီး ပင့်ရမှာပဲ။ မိုက်နေတဲ့လူတွေကို လိမ္မာလာအောင် ဟော ပြောဖို့ဆိုတာ တော်တော်တန်တန် ဟောပြောတတ်ရုံနဲ့ မအောင်မြင်ဘူး ဘုရား”

*(မှတ်ချက်) ယခု ထိုကျောင်းတည်ထောင်ပြီးလျှင် လိုအပ်ပါက စာရေးသူ ကိုယ်တိုင် ဝါဆိုပြီး တရားဟော၊ တရားပြဖို့ တာဝန်ယူထားပါသည် စေတီတစ်ဆူနှင့် တစ်ထပ်ကျောင်း တစ်ကျောင်းကား ဆောက်ပြီးပေပြီ။*

ဤကား စိတ်ကို သခင်လုပ်သော သူဌေးနှစ်ဦး၏ အကြောင်း ကို ရှာဖွေ ဖော်ပြခြင်း ဖြစ်၏။ ဤနေရာထိ ဖတ်ပြီးလျှင် စာရှုသူသည် လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်သည် ကုသိုလ်ပြုလုပ်ဖို့ ဖြစ် ကြောင်း လက်ခံနိုင်လောက်ပေပြီ။ ကုသိုလ်ဖြစ်ဖို့အတွက် ဗဟိဒ္ဓထက် မိမိ အဇ္ဈတ္တသည် ပို၍အရေးကြီး၏။ သောတာပန်တည်ဖို့ အင်္ဂါလေး ချက်တွင် "ယောနိသော မနသိကာရ" - သင့်တင့်အောင် နှလုံးသွင်းခြင်း (သို့မဟုတ်) ကုသိုလ်ဖြစ်အောင် နှလုံးသွင်းခြင်း ဟူသော အချက်တစ် ချက် ပါရှိ၏။

## ကုသိုလ်များများဖြစ်လိုသလား

ထို့ကြောင့် လူ့ဘဝ နေရသခိုက် ကုသိုလ်များများ ဖြစ်လိုသူ သည် ယောနိသောမနသိကာရခေါ် အကောင်းမြင်ဝါဒ စိတ်ထားရှိဖို့ အလွန်အရေးကြီး၏။ ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်တွင် ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် ယောနိသောမနသိကာရ၊ အကုသိုလ်ဖြစ် ခြင်း၏ အနီးဆုံးအကြောင်းသည် အယောနိသောမနသိကာရ ဖြစ် ကြောင်း တိကျစွာ ဟောကြားထား၏။

- မကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာပုဂ္ဂိုလ် မရှိ။

- ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် မပေါင်းနိုင်စရာပုဂ္ဂိုလ် မရှိ။
- ဒေါသစာတ်ဖြင့် သူတစ်ပါး၏ မကောင်းကွက်ကို ရှာကြည့်လျှင် အကုသိုလ်လည်း ဖြစ်သည်၊ စိတ်လည်း ဆင်းရဲသည်၊ အရုပ်လည်း ဆိုးသည်၊ အသက်လည်း တိုသည်။ စီးပွားလည်း ပျက်သည်၊ ငရဲသို့လည်း ကျရသည်။
- မေတ္တာဓာတ်ဖြင့် သူတစ်ပါး၏ ကောင်းကွက်ကို ရှာကြည့်လျှင် ကုသိုလ်လည်း ဖြစ်သည်၊ စိတ်လည်း ချမ်းသာသည်၊ ရုပ်လည်း လှသည်၊ အသက်လည်းရှည်သည်၊ စီးပွားလည်း တက်သည်၊ နိဗ္ဗာန်သို့လည်း ရောက်သည်။

ဖော်ပြပါ ဓမ္မဒေသနအတိုင်း ကျင့်သုံးသော ဓမ္မပဒ၌လာရှိသည့် သုမင်္ဂလအမည်ရှိ သူဌေးကြီးတစ်ဦးအကြောင်းကို တင်ပြပါမည်။ ကဿပဘုရားရှင် လက်ထက်တော် အခါကပင် ဖြစ်၏။ တစ်ခါတွင် သူဌေးကြီးသည် ကိစ္စတစ်ခုဖြင့် မြို့ထဲသို့သွားရာ ဇရပ်တစ်ခုပေါ်တွင် အိပ်နေသော အမျိုးသားတစ်ယောက်ကို တွေ့ရသဖြင့် နောက်က ပါလာသော အခြွေအရံများကို ယခုလို ပြောလိုက်၏။

"ဒီလူဟာ ခိုးဝှက်စားသောက်တဲ့ လူတစ်ယောက် ဖြစ်တယ်။ သူ့ခြေထောက်မှာ ရွှံ့တွေ၊ အမှိုက်တွေ ပေကျံနေတာဟာ ခိုးဝှက်စားသူတစ်ယောက်ဖြစ်ကြောင်း သက်သေပြနေတယ်"

ထိုစကားကို ကြားသည်နှင့် သူခိုးသည် မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ သူဌေးကြီးကို မြင်သွား၏။ သူခိုးဖြစ်သော်လည်း ခိုးသည်ဟု ပြောခြင်းကို မကြိုက်ပေ။ ထို့ကြောင့် သူဌေးကြီး၏ ဘဝတစ်ခုလုံးကို

ဖျက်ဆီးပစ်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။ သူဌေးကြီးကား မှန်သော်လည်း အကျိုးမရှိသော စကားတစ်ခွန်းကို ပြောလိုက်မိသောကြောင့် ဥစ္စာစည်းစိမ်များ ပျက်စီးဆုံးရှုံးရပေတော့မည်။

မဖြစ်မနေ စကားပြောရတော့မည် ဆိုလျှင် - မှန်လည်း မှန်၊ အကျိုးလည်းရှိ၊ သူတစ်ပါးလည်း နှစ်သက်သော စကားမျိုးကိုသာ ရွေးချယ်ပြောနိုင်လျှင် အကောင်းဆုံးပင် ဖြစ်၏။ ဘုရားရှင်က ရာဟုလောဝါဒသုတ်တွင် -

"ချစ်သား ရာဟုလာ၊ စကားပြောတော့မည်ဆိုလျှင် မစဉ်းမစားမပြောအပ်။ ပြောတော့မည့် စကားသည် မိမိကို ထိခိုက်မည်လား၊ သူတစ်ပါးကို ထိခိုက်မည်လားဟု တွေးတောအပ်၏။ မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့တွင် တစ်ဦးဦးကို ထိခိုက်မည့်စကားဖြစ်ပါက အပြောအပ်။ မိမိ၊ သူတစ်ပါး နှစ်ဦးသားလုံးကို မထိခိုက်သော စကားကိုသာ ပြောကြားအပ်၏"

ဟူ၍ ဟောကြားတော်မူထားသည်။ စကားပြောသူတိုင်း သတိထားသင့်သော အချက်တစ်ခုပင် ဖြစ်၏။ ထိုသူခိုးသည် နောက်ရက်မှစ၍ သူဌေးကြီး၏ ဥစ္စာပစ္စည်းများ ပျက်စီးစေရန် ကြိုးစားအားထုတ်တော့၏။ ပထမအနေဖြင့် သူဌေးကြီး ပိုင်ဆိုင်သော ရင့်မှည့်နေပြီဖြစ်သည့် ဧကများစွာသော စပါးခင်းများကို မီးတိုက်ပစ်၏။ ဧက ရာနှင့်ချီသော စပါးခင်းများသည် နာရီပိုင်းအတွင်း မီးလောင် ပြာကျသွား၏။ သူဌေးကြီးကား စပါးခင်းသာ သဘာဝမီး အလောင်ခံ၏။ သူ့စိတ်ခာတ်ကို ကိလေသာ ဒေါသမီး အလောင်မခံပေ။ နောက်တစ်ဖန် စပါးများကို ပြန်စိုက်စေသည်။

ဒုတိယအကြိမ် စိုက်ပြီးသော စပါးများ ရင့်မှည့်ချိန်ရောက်သည်နှင့် သူခိုးသည် မီးတိုက်ပြန်လေသည်။ စပါးခင်းများအားလုံး ပြာကျသွားပြန်၏။ သူဌေးကြီးကား ဥစ္စာပစ္စည်းသာ အပျက်စီးခံ၏။ စိတ်ဓာတ်ကိုကား အပျက်အစီး မခံပေ။ တတိယအကြိမ် ပြန်စိုက်သည်။ ထိုသို့ စပါးခင်းများ မီးလောင်အဖျက်အဆီးခံရသည်မှာ ခုနစ်ကြိမ်တိတိဖြစ်၏။ သူခိုးသည် ယခုလို စပါးခင်းများကို မီးရှို့ဖျက်ဆီးရခြင်း၏ ရည်ရွယ်ချက်မှာ သူဌေးကြီးကို စိတ်ဆင်းရဲစေလိုသောကြောင့် ဖြစ်သည်။

ယခု သူ ထင်သလို သူဌေးကြီးက စိတ်ဆင်းရဲခြင်း မရှိသောအခါ သူ့ရည်ရွယ်ချက် မအောင်မြင်ဖြစ်နေ၏။ ထို့ကြောင့် သူဌေးကြီးပိုင်ဆိုင်သော လယ်ထွန်သည့်နွားများ လယ်မထွန်နိုင်အောင် ဒူးကောက်ကြောများကို ဖြတ်ပစ်ပြီး ဒုက္ခိတဖြစ်အောင် လုပ်လိုက်လေသည်။ သူဌေးကြီးက စိတ်ဆင်းရဲခြင်း မဖြစ်ဘဲ နောက်ထပ် နွားများကို ထပ်ဝယ်လေသည်။ ထိုကဲ့သို့ နွားများ၏ ဒူးကောက်ကြောများကို ဖြတ်လိုက်၊ နောက်ထပ် အသစ်ဝယ်လိုက်နှင့် ခုနစ်ကြိမ်တိတိ ရှိလေသည်။

ထိုမျှနှင့် သူဌေးကြီး စိတ်ဆင်းရဲသည်ကို မတွေ့ရသောအခါ သူခိုးသည် သူဌေးကြီးနေသည့်အိမ်ကို မီးရှို့ဖျက်ဆီးလိုက်လေသည်။ သူဌေးကြီးက အိမ်ကိုလောင်သည့် သဘာဝမီးကို ဂရုမစိုက်၊ စိတ်ကိုလောင်သည့် ဒေါသခေါ် သောကမီးကိုသာ မလောင်အောင် ဂရုစိုက်လေသည်။ မှန်၏။ သဘာဝမီး လောင်ခြင်းသည် တစ်ဘဝ တခဏသာ ဆင်းရဲစေနိုင်၏။ ဒေါသကိလေသာ မီးလောင်ခြင်းကား အပါယ်ကျပြီး သံသရာ တစ်လျှောက်လုံး ဆင်းရဲစေနိုင်သောကြောင့်တည်း။

ထို့ကြောင့် သူဌေးကြီးသည် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်မနေဘဲ ဒုတိယအကြိမ် အိမ်ကို ပြန်ဆောက်လေသည်။ အိမ်ဆောက်ပြီးသည်နှင့် သူခိုးက မီးရှို့ပြန်သည်။ ထိုသို့ မီးရှို့လိုက်၊ ပြန်ဆောက်လိုက်နှင့် ခုနစ်ကြိမ်တိတိရှိလေသည်။ သူလုပ်သမျှ သူဌေးကြီး၏စိတ်ကို မည်သို့မျှ မထိခိုက်သောအခါ ပြုလုပ်သူ သူခိုးသာလျှင် နေမထိထိုင်မသာ ဖြစ်နေရ၏။

ဧည့်သည်က မစားလျှင် အိမ်ရှင်အတွက် ပြန်ဖြစ်သည် ဟူသော စကားပုံအသစ်လေး တစ်ခုကို စာရှုသူအား မျှဝေချင်၏။ တစ်ခါက ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရားအား မကြားဝံ့ မနာသာအောင် လာရောက် ဆဲရေးနေ၏။ ဆဲရခြင်းအကြောင်းမှာ သူ့ညီတစ်ယောက်ကို အကျွတ်တရားရအောင် တရားဟောသောကြောင့် ဟူ၏။ မြတ်စွာဘုရားသည် သူ ဆဲဆိုသမျှ တစ်ခွန်းမျှပြန်မပြောဘဲ ငြိမ်သက်စွာ သီတင်းသုံးနေသည်။ ပုဏ္ဏားဆဲ၍ မောသွားသောအခါတွင်မှ ယခုလို မိန့်ကြားသည်။

"ပုဏ္ဏား၊ သင့်အိမ်သို့ ဧည့်သည်များ လာသောအခါ စားစရာ၊ သောက်စရာများကို ချကျွေးဖူးပါသလော"

"ကျွေးဖူးပါသည်"

"ဧည့်သည်များ မစားဘဲ ပြန်သွားသောအခါ ထိုစားစရာများသည် မည်သူ့အတွက် ဖြစ်သွားသနည်း"

"အိမ်ရှင်ဖြစ်သော ကျွန်ုပ်အတွက်သာ ဖြစ်သွားသည်"

"ထို ဥပမာအတိုင်းပင်၊ သင်သည် ငါ့အား ဒေါသနှင့် ဆဲရေး၏။ ငါသည် သင်၏ ဆဲရေးခြင်းကို လက်မခံ။ ဒေါသ မဖြစ်။ ထို့ကြောင့်

သင်ဆဲရေးသမျှ အကုသိုလ်ကံများသည် သင့်အတွက်သာ ဖြစ်သွား၏”

ထိုစကားတစ်ခွန်းနှင့်ပင် ဆဲရေးတတ်သည့် အက္ကောသကဘာရဒွါဇအမည်ရှိသော ပုဏ္ဏားသည် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သွားခဲ့ရသည်။ ယခုဖြစ်ရပ်၌လည်း သူခိုးပြစ်မှားသမျှကို သူဌေးကြီးက ဒေါသမဖြစ်သောအခါ၊ လက်မခံသောအခါ ပြစ်မှားသမျှ အားလုံးသည် ပြစ်မှားသူ သူခိုးအတွက်သာ ဖြစ်နေ၏။

ဝိပဿနာ တရားသဘောဖြင့်ကြည့်လျှင် ပြစ်မှားဆဲရေးသူ၏ ရုပ်နာမ်သည် ပြစ်မှားဆဲရေးပြီးသည်နှင့် မရှိတော့ပေ။ ချုပ်ပျောက်ပျက်စီးသွားလေပြီ။ မိမိကို ဆဲရေးပြစ်မှားသော ရုပ်နာမ်သည် မရှိတော့သည့်အတွက် မည်သူ့ကို သွား၍ စိတ်ဆိုးတော့မည်နည်း။ နောက်ထပ်အသစ်ဖြစ်သည့် ရုပ်နာမ်ကို စိတ်ဆိုးမည်၊ တုန့်ပြန်မည်ဆိုလျှင် မိဘနှင့်ဖြစ်သော ပြဿနာအတွက် သားသမီးကို သွားရန်ရှာသလိုသာ ဖြစ်ပေမည်။

## ခြင်္သေ့လိုကျင့်မှ နိဗ္ဗာန်ရ

တစ်ဖန် ဆဲရေးခံရသော ရုပ်နာမ်သည် ဆဲရေးခံရပြီးသည်နှင့် မရှိတော့ပေ။ ထို့ကြောင့် မည်သူ့အတွက် နာကြည်းတော့မည်နည်း။ ဝိပဿနာပညာရှိသူသည် ခြင်္သေ့ကဲ့သို့ ကျင့်၏။

ဝိပဿနာပညာ မရှိသူသည် ခွေးကဲ့သို့ ကျင့်၏။ ရန်သူက တုတ်၊ ခဲ၊ လက်နက်တို့ဖြင့် ပစ်ခတ်သောအခါ ခွေးသည် အကျိုးတရားဖြစ်သော တုတ်၊ ခဲ၊ လက်နက်တို့ကိုသာ လိုက်ကိုက်၏။ အကြောင်း

တရားဖြစ်သော ရန်သူကို ကိုက်သတ်ခြင်းမရှိ။ ထို့ကြောင့် တုတ်၊ ခဲ၊ လက်နက်တို့ဖြင့် ပစ်ခတ်မှုကို အမြဲတမ်းခံရ၏။

ခြသေ့်သည် ရောက်ရှိလာသော အကျိုးတရားဖြစ်သည့် တုတ်၊ ခဲ၊ လက်နက်တို့ကို ဂရုမစိုက်၊ အကြောင်းတရားဖြစ်သော တုတ်ခဲ တို့ ပစ်ခတ်သူအားသာလျှင် ပြေးဝင်ကိုက်သတ်ပစ်လိုက်၏။ ထို့ကြောင့် တုတ်၊ ခဲ၊ လက်နက်တို့သည် နောက်တစ်ကြိမ် ပြန်မလာတော့ပေ။ ထို့အတူ မိမိကို ဆဲရေးစော်ကားသူသည် တုတ်၊ ခဲ၊ လက်နက်နှင့် တူသော အကျိုးတရားသာ ဖြစ်၏။

မိမိ သန္တာန်မှာ ဖြစ်ပေါ်လာသော ဒေါသ ကိလေသာကား အပါယ်ပို့မည့် အဓိကအကြောင်းရင်းတရား ဖြစ်သည်။ ပညာမဲ့သည် အကျိုးတရားဖြစ်သော ပြင်ပရန်သူကိုသာ လိုက်လံဖြေရှင်းနေသဖြင့် သံသရာ မဆုံးနိုင်တော့ပေ။ ပညာရှိကား အကြောင်းတရားဖြစ်သည့် ဒေါသ ကိလေသာကိုသာ ဘာဝနာဖြင့် ပယ်သတ်လိုက်သောကြောင့် အနှောင့်အယှက်များသည် ဘဝတစ်လျှောက်လုံး ကင်းရှင်းသွားလေ သည်။

ဆဲရေးသောရုပ်နာမ်က ဆဲရေးပြီးသည်နှင့် မရှိတော့ပေ။ မိမိ သန္တာန်မှာ ဖြစ်ပေါ်နေသော ဒေါသက ငါ့ကိုဆဲရေးသည်၊ ငါ့ကိုဆဲရေး သည်ဟု အဖန်ဖန်ဖြစ်ပေါ်နေသောကြောင့် ငရဲသို့ကျရခြင်း ဖြစ်သည်။ ထို့ကြောင့် ပယ်သတ်ရှင်းလင်းရမည့် တရားသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဒေါသကိလေသာ,သာဖြစ်ကြောင်း ပညာရှိတိုင်း သတိပြုသင့်၏။

သူဌေးကြီးသည် ပစ္စည်းဥစ္စာသာ ချမ်းသာသည်မဟုတ်၊ အတွေး အခေါ်ပညာပါ ချမ်းသာသူ ဖြစ်၏။ အကျိုးတရားဖြစ်သည့် ပုဂ္ဂိုလ်

သတ္တဝါကို ပယ်သတ်ခြင်း မပြုဘဲ အကြောင်းတရားဖြစ်သည့် ဒေါသ ကိလေသာကိုသာ အဖြစ်မခံသောအားဖြင့် ပယ်သတ်နိုင်သောကြောင့် သည်းခံနိုင်ခြင်းဖြစ်၏။ သူခိုးသည် သူဌေးကြီး မည်သည့်အရာကို တန်ဖိုး ထားနိုင်သနည်းဟု လေ့လာရင်းဖြင့် ကဿပဘုရားရှင်၏ ကျောင်းဒကာ ကြီးဖြစ်ကြောင်း သိသွားပြန်လေသည်။

သူလျှုသော ကျောင်းကြီးကို မီးရှို့ ဖျက်ဆီးလျှင် ဧကန်မုချ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရမည်ဟု ယူဆပြီး ဘုရားရှင်သီတင်းသုံး သည့် ကျောင်းတော်ကြီးကို မီးတင်ရှို့လိုက်လေသည်။ အလွန်ကြီးသော ကျောင်းတော်ကြီး ဖြစ်သဖြင့် နာရီအတော်ကြာအောင် လောင်နေလေ သည်။ မြို့ထဲမှာရှိသည့် ရဟန်းရှင်လူ အားလုံးတို့သည် မီးလောင်နေ သော ကျောင်းတော်ကြီးကို စိတ်မကောင်းစွာဖြင့် ဝိုင်းကြည့်နေကြသည်။

ထို ဝိုင်းကြည့်သူများထဲတွင် ကျောင်းဒကာ သူဌေးကြီးကိုယ်တိုင် ပါဝင်၏။ ကျောင်းကြီး မီးလောင် ပြာကျပြီးသွားသည်နှင့် ကျောင်းဒကာ ကြီးသည် လက်ပမ်းပေါင်း ထခတ်ပြီး ‘ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား’ ဟု အားရပါးရ ဟစ်ကြွေးလေ၏။ ထိုအခါ ဘေးမှ လူများသည် ထိတ် လန့်တကြားဖြစ်သွားပြီး သူဌေးကြီးကို သတိပေးကြသည်။

“သူဌေးကြီး သတိထားပါ၊ စိတ်မကောင်းမဖြစ်ပါနဲ့”

“ဘာလဲ၊ ကျုပ်ကို စိတ်ဖောက်ပြန်သွားတယ် မှတ်လို့လား”

“ဟုတ်ပါတယ်”

“တကယ်တော့ ကျုပ် လက်ပန်းပေါင်းခတ်တာဟာ စိတ်ဆင်း ရဲလို့ မဟုတ်ဘူး၊ စိတ်ချမ်းသာလို့ပါ”

“သူဌေးကြီး၊ မိမိအမြတ်တနိုးလှူထားတဲ့ ကျောင်းဆောင်ကြီး

တစ်ဆောင် မီးလောင်သွာတဲ့ကိစ္စမှာ စိတ်ချမ်းသာစရာအချက်ရှိတယ် ဆိုတာ ဟုတ်နိုင်ပါ့မလား”

“ဟုတ်နိုင်ပါတယ်၊ အကောင်းမြင်ဝါဒနဲ့ ကြည့်မယ်ဆိုရင် ဘယ်နေရာကို ကြည့်ကြည့် ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာဆိုတာ ရှိပါတယ်”

“သူဌေးကြီး မိမိလှူတဲ့ကျောင်းကြီး မီးလောင်သွားတဲ့ကိစ္စမှာ ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာဆိုတာ ဘယ်အချက်တွေပါလဲ”

“မိတ်ဆွေတို့၊ ကျွန်ုပ်ကား ကျောင်းကြီးမီးလောင်သော စိတ်ဆင်းရဲစရာအကြောင်းကို မကြည့်ပေ၊ ကျောင်းကြီးမီးလောင်သွားသည့်အတွက် ဒုတိယအကြိမ် ကျောင်းလှူခွင့်ရပေသည် ဟူသော အချက်ကိုသာ ကြည့်သည်။ ရခဲလှသော မြတ်စွာဘုရား သာသနာတွင် ဘုရားရှင်အတွက် နှစ်ကြိမ်တိုင်တိုင် ကျောင်းလှူခွင့်ရခြင်းမှာ နဲနဲနောနော အခွင့်အရေးမဟုတ်ပေ။ ထိုအချက်များကြောင့် ကျောင်းဆောင်ကြီးမီးလောင်ခြင်းသည် ကျွန်ုပ်အတွက် ဝမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာဟု မှတ်ယူခြင်းဖြစ်၏”

သူဌေးကြီးသည် ဘုရားရှင်အတွက် ကျောင်းတော်ကြီးကို ဒုတိယအကြိမ် ပြန်လည်ဆောက်လုပ်သည်။ ကျောင်းတော်ကြီး ပြီးသွားသောအခါ ရေစက်ချအလှူပွဲကြီးကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ ထောင်နှင့် ချီသော ပရိသတ်ထဲတွင် သူဌေးကြီးကို ဘဝပျက်အောင် ဖျက်သော သူခိုးလည်း ပါနေသည်။ သို့သော် ကျောင်းတော်သို့ သူလာခြင်းမှာ ကောင်းသောလာခြင်း မဟုတ်။

သူ မကောင်းကြောင်းကို သူဌေးကြီးက လူကြားထဲတွင် ထုတ်ဖော်ပြောပါက ဓားနှင့် ထိုးသတ်မည် ဟူသော အကြံဖြင့် ဓားမြောင် ခါးကြားထဲ ထိုးပြီး လာခဲ့ခြင်း ဖြစ်သည်။ ဘုရားရှင် ကျောင်းအနုမောဒနာတရား ဟောပြီးသည်နှင့် ရေစက်မချမီ အချိန်လေးတွင် သူဌေးကြီးသည် လက်အုပ်ချီပြီး မတ်တပ် ထ,ရပ်လိုက်ရာ ပရိသတ်အားလုံး၏ မျက်လုံးများသည် သူဌေးကြီးထံသို့ ရောက်သွားကြသည်။ သူခိုး၏ ညာလက်သည် ဓားမြောင်အရိုးပေါ်သို့ လှစ်ခနဲ ရောက်သွားခဲ့သည်။ သူ မကောင်းကြောင်း ပြောသည်နှင့် သူဌေးကြီးကို အဆုံးစီရင်ရန် အသင့်ပြင်လိုက်ခြင်းပင်။ သူဌေးကြီးက သူ့ ခံစားချက်များကို ဘုရားရှင်အား တစ်ခုချင်း လျှောက်ထားနေသည်။

"မြတ်စွာဘုရား၊ တပည့်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြစ်မှားစော်ကားခြင်း မပြုလုပ်ခဲ့ပါ။ ထို့ကြောင့် တပည့်တော် ဘဝကို ဖျက်ဆီးမည့် ရန်သူ ရှိမည် ဟုလည်း မထင်ခဲ့ပါ။ ယခုအခါ တပည့်တော်၏ ဘဝကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီးမည့်ရန်သူ ရှိနေကြောင်း သိရပါပြီ။ ထိုရန်သူသည် တပည့်တော်၏ လယ်များကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ ဖျက်ဆီးခဲ့ပါသည်"

## ကျောင်းကိုမီးရှို့သူအား ကျေးဇူးတင်ရခြင်းအကြောင်း

"တပည့်တော် နွားများကို ခုနစ်ကြိမ်တိုင်တိုင် ဒုက္ခိတဘဝသို့ ရောက်စေခဲ့ပါသည်။ တပည့်တော် နေအိမ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ ဖျက်ဆီးခဲ့ပါသည်။ ထိုနှင့်မျှ အားမရသေးဘဲ တပည့်တော် လှူထားသည့်

ဘုရားကျောင်းတော်ကြီးကိုပင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။”

“သို့သော် တပည့်တော်သည် သူ့ကို စိတ်မဆိုးပါ။ ကျောင်းတော်ကြီးကို မီးရှို့ခဲ့သည့်အတွက် ကျေးဇူးပင် တင်ပါသေးသည်”

“အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်၏ ကျောင်းတော်ကြီးကို နှစ်ကြိမ်တိုင်တိုင် ဆောက်လုပ် လှူဒါန်းခွင့်ရသောကြောင့် ဖြစ်ပါသည်။ ထိုကျေးဇူးကို ထောက်ထား၍ ယခုကျောင်းအလှူကို အမျှပေးဝေသည့်အခါ ကျောင်းကို မီးရှို့သော ရန်သူအား ဦးတည်၍ အမျှပေးစေလိုပါသည် ဘုရား”

ဘုရားရှင်သည် သူဌေးကြီး၏ ဆန္ဒအတိုင်း ကျောင်းကိုမီးရှို့သူ ရန်သူအား အဓိကထား၍ အမျှပေးဝေလေသည်။ ရေစက်ချပွဲကြီး ပြီးဆုံးသောအခါ တခြားသူများ မိမိတို့အိမ်သို့ ပြန်သွားကြသော်လည်း မပြန်နိုင်ဘဲ ဝမ်းနည်းပက်လက် ငိုကြွေးနေသူမှာ ရန်သူ သူခိုးကြီးပင် ဖြစ်၏။ ဘုရားရှင်ကိုလည်း ကန်တော့၏။ သူဌေးကြီး၏ ခြေဖမိုးပေါ် မျက်နှာအပ်ကာ ကန်တော့ရင်း တရှုပ်ရှုပ်ငိုကြွေး၏။

သူ၏အပြစ်များကိုလည်း ခွင့်လွှတ်ရန် အကြိမ်ကြိမ်တောင်းပန်၏။ သူသည် အဖြူစင်ဆုံး သူတော်ကောင်းကြီးကိုမှ အကြီးမားဆုံးသော အပြစ်များကို ကျူးလွန်မိခြင်း မဟုတ်ပါလော။

**နူးညံ့သော မှိုပွင့်သည် ခက်မာသော မြေပြင်ကို ဖောက်ထွက်လာနိုင်စွမ်းရှိ၏။ အကောင်အထည် ရှာမရလောက်အောင် သိမ်မွေ့လှသည့် ရေလှိုင်းလေးများသည် မာကျောတောင့်တင်းလှသော ကျောက်တောင်ကျောက်စောင်းများကို သဲမှုန်လေးများဖြစ်သွားအောင် တိုက်စားနိုင်စွမ်းရှိ၏။**

**ထို့အတူ သူတော်စင်များ၏ မေတ္တာ၊ ကရုဏာဖြင့် ထုံမွမ်းသည့် နူးညံ့သော နှလုံးသားသည် မသူတော်များ၏ ခက်မာသော နှလုံးသားကို ပျော့ပျောင်းစေနိုင်စွမ်းရှိပေသည်။**

ယခုလည်း သူဌေးကြီး၏ နူးညံ့သော နှလုံးသားသည် သူခိုးကြီး၏ ခက်မာသောနှလုံးသားကို ပျော့ပျောင်းစေခဲ့လေပြီ။ သူခိုးကြီး၏ အပြစ်ကို သူဌေးကြီးက ခွင့်လွှတ်သော်လည်း သူပြုသော အကုသိုလ်ကံက ခွင့်မလွှတ်ပေ။ သေသောအခါ အဝီစိငရဲသို့ ကျရသည်။ အဝီစိငရဲမှ လွတ်သောအခါ မီးလောင်ခံနေရသော (၂၅)ယူဇနာရှိ မြွေပြိတ္တာကြီးဘဝသို့ ရောက်ခဲ့ရသည်။ သူဌေးကြီးကား သူပြုခဲ့သော ကုသိုလ်များအတိုင်း လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကို ခံစားရပေသည်။

*(ဓမ္မပဒ၊ ဒဏ္ဍဝဂ် ခြောက်ခုမြောက် စပါးကြီးမြွေပြိတ္တာဝတ္ထု)*

သူဌေးကြီးနှင့် သူခိုးကြီးတို့၏ ဖြစ်ရပ်ကိုကြည့်၍ စာရှုသူများသည် ကံအကျိုးပေးနှင့် စစ်မှန်သောအနိုင်ယူမှုတို့ကို သတိပြုသင့်သည်။ ရှေ့တွင်ဖော်ပြခဲ့သော အနာထပိဏ်သူဌေးကြီး၏ ဝတ္ထုအဆုံးတွင် ဗုဒ္ဓက ဤဂါထာ နှစ်ဂါထာကို ဟောကြားတော်မူခဲ့သည်။ ပထမ ဂါထာမှာ -

ပါပေါပိ ပဿတိ ဘဒြံ၊
ယာဝပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိပါပံ၊
အထ ပါပေါ ပါပါနိ ပဿတိ။ ဟူ၍ ဖြစ်၏။

အဓိပ္ပါယ်မှာ -

အကုသိုလ်ကံ အကျိုးပေးချိန် မရောက်သေးလျှင် မကောင်းမှုပြုသူသည် ကောင်းကျိုးကို ခံစားနိုင်၊ တွေ့မြင်ရနိုင်သည်။ အကုသိုလ်ကံ အကျိုးပေးချိန် ရောက်လျှင်ကား မကောင်းမှုပြုသူသည် မကောင်းကျိုးကိုသာ တွေ့မြင် ခံစားရတော့သည် ဟူ၍ ဖြစ်သည်။

ယခုဖြစ်ရပ်၌ ခိုးသူကြီးသည် စေတနာဆိုးဖြင့် သူဌေးကြီး၏ ဥစ္စာစည်းစိမ်များကို ဖျက်ဆီးခဲ့သည်။ သို့သော် အကုသိုလ်ကံက အကျိုးပေးချိန် မရောက်သေးသောကြောင့် သူသည် ယခုဘဝ တစ်ဘဝလုံး ကောင်းကျိုးတွေကို ခံစားနေရသေးသည်။ အကုသိုလ်ကံ မကောင်းကျိုးပေးချိန် ရောက်သော အခါတွင်ကား သူသည် မြေပြိုတ္တာကြီး ဘဝဖြင့် နှစ်သိန်းပေါင်းများစွာ မီးလောင်ခံနေရလေပြီ။

ဤသာဓကကို ထောက်၍ အကုသိုလ်ဖြင့် စီးပွားလမ်းဖြောင့်နေသူများကို အားမကျအပ်။ သူပြုသောအကုသိုလ် အကျိုးမပေးခင်သာ စီးပွားလမ်းဖြောင့်ပြီး ကောင်းကျိုးကို ခံစားနေရခြင်း ဖြစ်၏။ အကုသိုလ် အကျိုးပေးချိန် ရောက်လာလျှင်ကား မကောင်းကျိုးကိုသာ ခံစားရမည် ဖြစ်၏။ ဒုတိယ ဂါထာမှာ -

ဘဒြောပိ ပဿတိ ပါပံ၊
ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊
အထ ဘဒြော ဘဒြာနိ ပဿတိ။ ဟူ၍ ဖြစ်၏။

အဓိပ္ပါယ်မှာ -

ကုသိုလ်ကံ အကျိုးပေးချိန် မရောက်သေးလျှင် ကောင်းမှုပြုသူပင် ဖြစ်သော်လည်း မကောင်းကျိုးကို တွေ့မြင်ရ၊ ခံစားရနိုင်သည်။

ကုသိုလ်ကံ အကျိုးပေးချိန် ရောက်လျှင်ကား ကောင်းမှုပြုသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ခံစားရတော့သည်’ ဟူ၍ ဖြစ်သည်။

ယခုဖြစ်ရပ်၌ သူဌေးကြီးသည် စေတနာကောင်းဖြင့် ကောင်းမှုကုသိုလ်တွေကိုသာ ပြုလုပ်ခဲ့၏။ သို့သော် ကုသိုလ်ကံ အကျိုးပေးချိန် မရောက်သေးသောအခါ ဥစ္စာစည်းစိမ်ပျက်စီးခြင်း ဟူသော မကောင်းကျိုးများကို ခံစားရသည်။ ကုသိုလ်ကံ ကောင်းကျိုးပေးချိန် ရောက်သောအခါတွင်ကား သူဌေးကြီးသည် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကို ခံစားနေရပြီ ဖြစ်သည်။

ဤသာဓကကိုထောက်၍ ကုသိုလ်ကောင်းမှုလုပ်ပါလျက် ဒုက္ခရောက်နေသူ၊ စီးပွားပျက်နေသူများကို အထင်မသေးအပ်။ သူပြုသော ကုသိုလ်က ကောင်းကျိုးမပေးခင်သာ ဒုက္ခရောက်ရခြင်း ဖြစ်၏။ ကုသိုလ် အကျိုးပေးချိန် ရောက်လျှင်ကား ကောင်းကျိုးကိုသာ ခံစားရမည် ဖြစ်၏။

အမျိုးသားကြီးတစ်ဦး စေတီပျက်တစ်ဆူကို ပြုပြင်ရာမှ ရောဂါတစ်ခုဖြစ်ပြီး သေဆုံးသွားသည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမြင်မှန် မရှိသူများက စေတီပျက်ကို ပြင်သောကြောင့် သေရသည်ဟု သတင်းလွှင့်ကြ၏။ ထိုအတိုင်း စေတီပြင်လို့ သေရသည် ဟူသော အယူအဆမှန်၊ မမှန်ကို စာရေးသူအား မေးမြန်းဖူး၏။ မမှန်ဟုသာ ဖြေရမည်။

စေတီပြင်ခြင်းသည် ကုသိုလ်ဖြစ်၏။ ကုသိုလ်ဖြစ်လျှင် ကောင်းကျိုးကိုသာ ပေးရမည်ဖြစ်၏။ တခြား အကုသိုလ်ကံ ဝင်အကျိုးပေးသောကြောင့် (သို့မဟုတ်) အနေအထိုင် မဆင်ခြင်သောကြောင့် သေဆုံးရခြင်းဖြစ်၏။ ကုသိုလ်ကံက ကောင်းကျိုးပေးရန် စောင့်နေတုန်းသာ ဖြစ်၏။ ကုသိုလ်ကံသည် ကောင်းကျိုးပေးရုံသာမက အကုသိုလ်အကျိုး

များကိုလည်း ပယ်ဖျောက်ပေးနိုင်စွမ်းရှိ၏။

ထိုအမျိုးသားကြီးတို့ မိသားစုသည် စေတီပြင်သော ကုသိုလ်ကိုသာ မပြုလျှင် မိသားစုအားလုံး သေရမည့် အကုသိုလ်တွေ ရှိနေ၏။ သို့သော် ထာဝရကုသိုလ် အမျိုးအစားတွင် ပါဝင်သော စေတီပြင်သည့် ကုသိုလ်ကို မချိန်မီ ပြုလုပ်လိုက်သောကြောင့် အကုသိုလ် အကျိုးပေး လျော့နည်းသွားရခြင်းဖြစ်ကြောင်း ဉာဏ်ဖြင့် ဆင်ခြင်အပ်၏။

## နိဗ္ဗာန်ရမည့် အနိုင်ယူနည်း

**အနိုင်ယူနည်းသည် စစ်မှန်သော အနိုင်ယူနည်း၊ မှားယွင်းသော အနိုင်ယူနည်းဟု နှစ်မျိုးရှိ၏။ စစ်မှန်သော အနိုင်ယူနည်းဟူသည် နိဗ္ဗာန်ရမည့် အနိုင်ယူနည်းပင် ဖြစ်၏။ မှားယွင်းသော အနိုင်ယူနည်းဟူသည် အပါယ်ကျမည့် အနိုင်ယူနည်းပင်ဖြစ်၏။**

သူတစ်ပါးနှင့် ယှဉ်လာလျှင် ပုထုဇဉ်တိုင်း အနိုင်ယူချင်ကြ၏။ သို့သော် မှားယွင်းသော အနိုင်ယူနည်းဖြင့်သာ အနိုင်ယူတတ်ကြခြင်းကြောင့် သံသရာ တစ်လျှောက်တွင် အပါယ်ကျလို့မဆုံးနိုင် ဖြစ်ရတော့၏။

ဗုဒ္ဓက ဓမ္မပဒတွင် နိဗ္ဗာန်ရမည့် အနိုင်ယူနည်း လေးမျိုးကို ဟောကြားတော်မူခဲ့၏။ ယင်းတို့ကား -

- **အမျက်ဒေါသဖြစ်သူကို မေတ္တာဖြင့် အနိုင်ယူ**
- **အကျင့်ယုတ်သူကို အကျင့်ကောင်းဖြင့် အနိုင်ယူ**
- **နှမြောစေးနဲသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူ**

- လိမ်ညာပြောဆိုသူကို အမှန်အတိုင်းပြောခြင်းဖြင့် အနိုင်ယူ ဟူ၍ဖြစ်၏။

ဤစစ်မှန်သော အနိုင်ယူနည်းဖြင့်သာ အနိုင်ယူကြမည်ဆိုလျှင် နိဗ္ဗာန်သို့ အလျှင်အမြန်ရောက်ကြမည်ဖြစ်၏။ ဤစစ်မှန်သောနည်းဖြင့် တစ်ဦးနှင့်တစ်ဦး အနိုင်ယူကြမည်ဆိုလျှင် နိုင်သူလည်း ဝမ်းသာ၊ ရှုံးသူလည်း သံဝေဂဖြစ်ကာ နှစ်ဦးလုံး ကုသိုလ်တရား တိုးပွားကြမည် ဖြစ်၏။ ထိုသို့ မဟုတ်ဘဲ -

- အမျက်ဒေါသကြီးသူကို ရန်ငြိုးအာဃာတဖြင့် အနိုင်ယူလျှင်
- အကျင့်ယုတ်သူကို အကျင့်ဆိုးဖြင့် အနိုင်ယူလျှင်
- နှမြောစေးနဲသူကို တွန့်တိုခြင်းဖြင့် အနိုင်ယူလျှင်
- လိမ်ညာပြောဆိုသူကို မုသားစကားဖြင့် အနိုင်ယူလျှင်

နိုင်သူမှာလည်း ရန်များ၊ ရှုံးသူမှာလည်း ကြေကွဲပြီး၊ နှစ်ဦးစလုံး အကုသိုလ်ဖြင့် ဇာတ်သိမ်းကြရပေမည်။

ယခု ဖြစ်ရပ်၌ သူဌေးကြီးသည် သူခိုးကြီးအပေါ် နိဗ္ဗာန်ရမည့် စစ်မှန်သော အနိုင်ယူနည်းဖြင့် အနိုင်ယူခဲ့ခြင်း ဖြစ်၏။ သူခိုးကြီးက အမျက်ဒေါသဖြင့် ပြစ်မှားဖျက်ဆီးသည်ကို သူသည် မေတ္တာဖြင့် အနိုင်ယူခဲ့သည်။ သူခိုးကြီးက အကျင့်ယုတ်လာသည်ကို သူသည် အကျင့်ကောင်းဖြင့် အနိုင်ယူခဲ့သည်။ ထို စစ်မှန်သော အနိုင်ယူနည်းဖြင့် အနိုင်ယူခဲ့သောကြောင့် နိုင်သူ သူဌေးကြီးလည်း ဝမ်းသာ၊ ရှုံးသူ သူခိုးကြီးလည်း သတိသံဝေဂရပြီး ကုသိုလ်တရားများ တိုးပွားခဲ့ရလေသည်။

# ကုသိုလ်ဖြစ်ခြင်းအကြောင်းရင်း

သောတာပန်တည်ဖို့ အင်္ဂါလေးချက် လိုအပ်၏။ ယင်းတို့ကား ပညာရှိ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ ထိုသူတော်ကောင်း ဟောသော တရားကို နာကြားခြင်း၊ ကုသိုလ်ဖြစ်အောင် နှလုံးသွင်း ဆင်ခြင်ခြင်း၊ တရားနှင့်လျော်စွာ ကျင့်သုံးခြင်းတို့ပင် ဖြစ်၏။ ထိုအချက် လေးချက်တွင် ကုသိုလ်ဖြစ်အောင် နှလုံးသွင်း ဆင်ခြင်ခြင်း ဟူသော အချက်တစ်ချက် ပါရှိ၏။

ထိုအချက်သည် လောကီကုသိုလ် ဖြစ်ဖို့ အချက်ရော၊ လောကုတ္တရာ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် ဖြစ်ဖို့အတွက်ပါ အရေးကြီးသော အချက်ပင်ဖြစ်၏။ ဗုဒ္ဓက အင်္ဂုတ္တိုရ် ပါဠိတော်တွင် ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် ယောနိသောမနသိကာရ၊ အကုသိုလ်ဖြစ်ခြင်း ၏ အနီးဆုံးအကြောင်းသည် အယောနိသောမနသိကာရ ဖြစ်ကြောင်း ဟောကြားထား၏။

နားရှင်းအောင် ရေးရလျှင် အကောင်းမြင်ဝါဒ ရှိသူသည် ကုသိုလ်ချည်း အမြဲတမ်းဖြစ်၍၊ မကောင်းမြင်ဝါဒရှိသူသည် အကုသိုလ် ချည်း အမြဲတမ်းဖြစ်သည်ဟု ဆိုလိုခြင်းပင် ဖြစ်၏။ ဤဒေသနာကို ထောက်၍ ကုသိုလ်ဖြစ်ဖို့၊ အကုသိုလ်ဖြစ်ဖို့တွင် ဗဟိဒ္ဓထက် အဇ္ဈတ္တက ပို၍ အဓိကကျကြောင်း ထင်ရှားပေသည်။ သို့သော် **ကောင်းကွက်ကို မြင်တတ်ဖို့ သူ့အလိုလို အလကားရသည် မဟုတ်၊ မေတ္တာဘာဝနာကို ထုံနေအောင် ပွားများသူသာ ရသည်။**

စရိယာပိဋကအဋ္ဌကထာ၌ မေတ္တာ၏ဌာန်လေးချက်ကို ဤသို့ ဖွင့်ပြထား၏။

ဟိတာကာရ ပဝတ္တိလက္ခဏာ မေတ္တာ
ဟိတူပ သံဟာရ ရသာ၊ အာဃာတ ဝိနယရသာဝါ
သောမ္မကာဝ ပစ္စုပဋ္ဌာနာ၊ သတ္တာနံ မနာပ ပဘာဝ
ဒဿန ပဒဋ္ဌာနာ

မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ဤကား မေတ္တာ၏လက္ခဏာ။ မေတ္တာသည် သတ္တဝါတို့၏အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်းကိစ္စရှိ၏။ တစ်နည်း- မေတ္တာသည် ရန်ငြိုးအာဃာတကို ပယ်ဖျောက်ခြင်းကိစ္စရှိ၏။ ဤကား မေတ္တာ၏ လုပ်ဆောင်ချက်ကိစ္စ။

မေတ္တာသည် အေးမြငြိမ်းချမ်းသော စိတ်သဘောလျှင် ဉာဏ်အား ရှေးရှုထင်လာတတ်သော အခြင်းအရာရှိ၏။ ဤကား မေတ္တာ၏ ပစ္စုပဋ္ဌာန်။ မေတ္တာသည် သူတစ်ပါး၏ နှစ်သက်ဖွယ်သောဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။ ဤကား မေတ္တာ၏ ပဒဋ္ဌာန်။

ဤ၌ မေတ္တာ၏ ဌာန်လေးချက်တွင် 'ယောနိသော မနသိကာရ'ဟူသော အင်္ဂါတစ်ချက် ပါနေသည်ကို အထူးသတိပြုသင့်ပါသည်။ နောက်ချေးပုံကြီးကို တွေ့တာချင်း တူသော်လည်း အကောင်းမြင်ဝါဒရှိသူက ကုသိုလ်ဖြစ်၍ မကောင်းမြင်ဝါဒရှိသူက အကုသိုလ် ဖြစ်ရပုံသာဓကကို ထင်ရှားအောင် ထုတ်ပြအံ့။

ကျောက်ဆည်မှ ဝေဘူဆရာတော်ဘုရားကြီး ထင်ရှားစဉ်အခါကပင် ဖြစ်၏။ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များသည် ဆရာတော်ကြီးကို နေ့စဉ် လူအုပ်ကြီး ရာထောင်ချီ၍ လာရောက် ဖူးမြော်

နေချိန်ပင် ဖြစ်၏။ တစ်ခါတွင် မိသားတစ်စုသည် နွားလှည်းကြီးဖြင့် လာရောက်ဖူးမြော်ကြ၏။ ပြန်သောအခါ သူတို့နွားများ ယိုချခဲ့သော နွားချေးများကို ကျုံးပစ်ချိန် မရခဲ့ပေ။

မကောင်းမြင်ဝါဒရှိသော ကပ္ပိယတစ်ယောက်က ထိုနွားချေးပုံကြီးကို မြင်လိုက်သောအခါ -

"အလကား လူတွေ၊ ဆရာတော်ကြီးကိုတော့ လာဖူးချင်ကြတယ်၊ သူတို့နွားတွေက ယိုချတဲ့ မစင်တွေကိုတော့ မသိမ်းချင်ကြဘူး"

ဟု မြည်တွန်တောက်တီးလိုက်သည်။ ထိုအခါ အကောင်းမြင်ဝါဒရှိသော ဆရာတော်ကြီးက ထိုအသံကို ကြားသွားသောအခါ ယခုလိုချက်ချင်း ပြန်ပြောလိုက်သည်။

"ဟာ . . . ဒကာကြီးနှယ်၊ အဲဒါ သူတို့ကို ကျေးဇူးတင်ရမှာ။ ဘာကြောင့်လဲဆိုတော့ မစင်ပုံကို သူတို့ကျုံးပစ်ရင် သူတို့ ကုသိုလ်ရမယ်။ ကိုယ်ကျုံးတော့ ကိုယ် ကုသိုလ်ရမယ်။ ကိုယ်ကုသိုလ်ရအောင် ထားပစ်ခဲ့တာလို့ မှတ်ပြီး သူတို့ကို ကျေးဇူးတင်လိုက်စမ်းပါ။ ဖယ်ပါ၊ ဖယ်ပါ၊ ဒကာကြီး မကျုံးချင်ရင် ဘုန်းကြီး ကျုံးလိုက်ပါ့မယ်"

ထိုသို့ ပြောပြီး ဆရာတော်က နောက်ချေးပုံနားသို့ ကြွလာရာ ထိုအခါမှ ကပ္ပိယမှာ သူ၏ မကောင်းမြင်ဝါဒကို သတိထားမိသွားကာ "တပည့်တော် မှားပါတယ်ဘုရား"ဟု လျှောက်ပြီး နွားချေးပုံကိုချက်ချင်း ထကျုံးလိုက်လေတော့သည်။

ကိုယ့်နွားကယိုချတဲ့ နွားချေးကိုတောင် ကျုံးမသွားဘူးဟု နှလုံးသွင်းခြင်းသည် မကောင်းမြင်ဝါဒဖြစ်သည်။ အယောနိသောမနသီကာရ ဖြစ်သည်။ ထို့ကြောင့် နွားချေးပုံကို မြင်ရသောကာလမှာ အကုသိုလ်ဖြစ်

ရသည်။ နွားချေးပုံကို ငါကျုံးခွင့်ရတော့ ငါပဲ ကုသိုလ်ရမှာပါလားဟု နှလုံးသွင်းခြင်းသည် အကောင်းမြင်ဝါဒ ဖြစ်သည်။ ယောနိသောမနသိကာရ ဖြစ်သည်။ ထို့ကြောင့် နွားချေးပုံကို မြင်ရသော ဆရာတော်မှာ ကုသိုလ်ဖြစ်ရသည်။

(၁၉၉၁) ခုနှစ်ခန့်ကပင် ဖြစ်၏။ ထိုအချိန်က စာရေးသူမှာ ရွှေပြည်သာတွင် စာသင်တိုက် တည်ထောင်ခါစ ဖြစ်သည်။ နှစ်ဆယ့်ရှစ်နှစ်၊ ရှစ်ဝါသာ ရသေးသည်။ တစ်ခါတွင် တောင်တွင်းကြီးမြို့နယ် အတွင်းရှိ ဆည်ကြီးရွာသို့ ဝတ်ဆောက်တည်ကြွသည်။ ဝတ်ဆောက်တည်ခြင်းဟူသည် ရဟန်းများ သင့်ရောက်သော အာပတ်ခုနစ်မျိုးအနက် ဒုတိယအကြီးဆုံး အာပတ်ကို ပြေပျောက်အောင် ဝိနည်းနှင့်အညီ ကုစားခြင်းပင် ဖြစ်သည်။

တစ်ပြည်လုံးမှ ကြွလာသော ကျောင်းထိုင်ဘုန်းကြီးများမှာ အပါးတစ်ရာ နီးပါးခန့် ရှိသည်။ နေ့စဉ် အခက်အခဲ တွေ့ရသည်မှာ ကုဋီ(အိမ်သာ)သုံးရေ မပြည့်စုံခြင်းပင်ဖြစ်သည်။ ကိုရင်၊ ကျောင်းသားတို့မှာလည်း ငယ်ရွယ်သူများဖြစ်သောကြောင့် သတိရသည့်အခါ ရေခပ်ထည့်ဖော်ရသော်လည်း သတိမရသည့်အခါ ရေခပ်ထည့်ဖော် မရပေ။

သန့်သက်ရေ မရှိသောအိုးကို မြင်ရတာချင်း တူသော်လည်း မကောင်းမြင်ဝါဒရှိသော ဘုန်းကြီးအချို့မှာ ကုဋီရေတောင် ပြည့်စုံအောင် လုပ်မပေးကြဘူးဟု အပြစ်မြင်ကာ အကုသိုလ် ဖြစ်ကြသည်။ စာရေးသူကား ထိုကဲ့သို့ မမြင်။ ငါ ကုသိုလ်ရဖို့ အခွင့်အရေး ကြုံလာတာပဲဟု သဘောပိုက်ပြီး ရယ်နှစ်ဆယ်လုံးလုံး ကုဋီရေများကို ခပ်ထည့်ခဲ့ပါသည်။ ထို့ကြောင့် ရက်နှစ်ဆယ်လုံးလုံး ကုသိုလ်ချည်း ဖြစ်ခဲ့ရ

ပါသည်။

**သူတစ်ပါး မလုပ်ချင်သော ဝေယျာဝစ္စကုသိုလ်ကို လုပ်သူများသည် သူတစ်ပါးမရနိုင်သော ကောင်းကျိုးများကို ရသည်မှာ သဘာဝပင်ဖြစ်၏။ သူတစ်ပါးမရသော ဘဝအောင်မြင်မှုအချို့ကို စာရေးသူ ရသည်မှာ သူတစ်ပါးမလုပ်ချင်သော ဝေယျာဝစ္စကုသိုလ်များကို ပြုလုပ်ခဲ့သောကြောင့်ဟု ယုံကြည်နေပါသည်။**

## ချိုမာလွင်နဲ့ ဝေမာလွင်

သူတို့သည် ညီအစ်မ မဟုတ်ပါ။ တစ်ဦးနှင့်တစ်ဦး သိပင်မသိကြပါ။ ချိုမာလွင်က တနင်္သာရီတိုင်း၊ ထားဝယ်မြို့တွင် နေထိုင်ပြီး ဝေမာလွင်က အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် နေထိုင်ပေသည်။ အသက်အားဖြင့် ထက်ဝက်ခန့် ကွာပေသည်။ ချိုမာလွင်က အသက်လေးဆယ် ဝန်းကျင်ခန့်ရှိပြီး ဝေမာလွင်က နှစ်ဆယ် ဝန်းကျင်ခန့်သာ ရှိပေသည်။

သူတို့နှစ်ဦးတွင် တူတာဆို၍ စာရေးသူဟောသော တရားကို နာဖူးတာတစ်ခုသာ ရှိသည်။ ထူးခြားချက် တစ်ခုကား မြန်မာပြည်မှာနေသော ချိုမာလွင်က စာရေးသူ၏ တရားကို အသက် လေးဆယ်နားရောက်မှ နာဖူးပြီး အမေရိကန်မှာနေသော ဝေမာလွင်က အသက်နှစ်ဆယ်အရွယ်မှာပင် အင်တာနက်မှတဆင့် နာရခြင်း ဖြစ်သည်။

ချိုမာလွင်ကို ၂၀၀၃ ခုနှစ်ခန့်က စတင် တွေ့ဖူးခြင်း ဖြစ်သည်။ ထိုအချိန်က ချိုမာလွင်သည် ငွေရှာဖို့တစ်ခုအတွက် လူလာဖြစ်ခြင်းဟု

ခံယူထားသူ ဖြစ်သည်။ ကော့သောင်းမြို့သို့ အရောင်းအဝယ်ကိစ္စတစ်ခု ဖြင့်လာရင်း ကော့သောင်းမြို့မှ အမျိုးသားတစ်ဦးနှင့် လက်ထပ်လိုက်ကြသည်။ ထိုအမျိုးသားသည် စာရေးသူ၏တရားပွဲများကို ကော့သောင်းတွင် ကမကထပြု၍ ကျင်းပခဲ့သူ ဖြစ်သည်။

ထိုအမျိုးသားနှင့် ပတ်သက်ပြီး စာရေးသူကျောင်းသို့ ချိုမာလွင် ရောက်ခဲ့ဖူးခြင်း ဖြစ်သည်။ သို့မဟုတ်ပါက ဘုန်းကြီးကျောင်းသို့ ရောက်ဖို့ရန်ပင် မလွယ်ပေ။ ထိုမှ နောက် လေးနှစ်ကျော်ခန့် အကြာတွင် ထားဝယ်မြို့သို့ စာရေးသူ တရားပွဲကြွရောက်ရသည်။ ဝါပတွင် ရက်မရသဖြင့် ဝါဆိုလမှာပင် ဝါပန်ပြီး ကြွခဲ့ရသည်။

ထားဝယ်မြို့၊ ဘုရားကြီးဝင်း အတွင်းမှာပင် မိုးထဲလေထဲ၌ တရားပွဲကြီး သုံးည အောင်မြင်စွာ ကျင်းပခဲ့ကြသည်။ ဓမ္မာရုံကြီးအတွင်းနှင့် ဘုရားတန်ဆောင်း နတ်လမ်းများတွင် တရားနာပရိသတ်များ အပြည့်အကျပ် နာယူခဲ့ကြသည်။ တရားပွဲ ဒုတိယရက် ညနေမှာပင် ထားဝယ်သူ ချိုမာလွင်တစ်ယောက် စာရေးသူထံ ရောက်လာခဲ့သည်။

“ဆရာတော်၊ တပည့်တော်ကို မှတ်မိပါသလား”

“မှတ်မိတာပေါ့၊ ကော့သောင်းမှာ တွေ့ခဲ့ဖူးတဲ့ ချိုမာလွင် မဟုတ်လား”

“ဟုတ်ပါတယ် ဘုရား၊ တပည့်တော်မ အခု သံဝေဂဉာဏ်တွေ ရသွားလို့ ငွေတင်မကဘူး၊ ကုသိုလ်တရားတွေပါ ရှာမှီးနေပါပြီ ဘုရား”

“ဘယ်လို အတွေ့အကြုံကြောင့် သံဝေဂဉာဏ်တွေ ရသွားတာလဲ”

"အမျိုးသားနဲ့ လက်ထပ်စဉ်က သူရော တပည့်တော်ရော အသက် သုံးဆယ်ကျော်ပဲ ရှိကြသေးတာဆိုတော့ သေခြင်းတရားနဲ့ အဝေးကြီးလို့ ထင်ခဲ့ကြတယ် ဘုရား။ အနောက်တိုင်း စကားပုံအရ အသက် လေးဆယ် ကျော်မှ လူ့ဘဝ စတယ်ဆိုတာ မမှန်ပါဘူး ဘုရား။ တပည့်တော်မ အမျိုးသားဟာ အသက်သုံးဆယ့်ငါးမှာပဲ ဆုံးပါးသွားပါတယ်"

"ကိုယ့်အမျိုးသား ဆုံးတာကို လက်တွေ့ကြုံရတော့မှပဲ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်းတရားဟာ ရောက်လာနိုင်တယ်ဆိုတဲ့ တရားကို လက်ခံမိတော့တာပါ၊ ဆရာတော်ရဲ့ တရားခွေတွေ နာရ၊ စာအုပ်တွေကို ဖတ်ရတော့ အသိဉာဏ်တွေဟာ ပိုပြီးတော့ ရင့်ကျက်လာပါတယ်"

**"လူမှုရေးအလုပ်၊ စီးပွားရေးအလုပ်ဆိုတာ ဘယ်တော့မှ ပြီးတယ်လို့ မရှိဘူး။ သေတဲ့အထိ လုပ်ကြရတာ။ ဒါ့ကြောင့် လူမှုရေးအလုပ်တွေ၊ စီးပွားရေးအလုပ်တွေပြီးမှ ကုသိုလ်ရေးကို လုပ်မယ်ဆိုရင် ဘယ်တော့မှ မလုပ်ဖြစ်တော့ဘူး။**

လူမှုရေး၊ စီးပွားရေး အလုပ်တွေကြားထဲကပဲ ကုသိုလ်ရေးကို ရသလောက် လုပ်ယူရတယ်ဆိုတဲ့ ဆရာတော်ရဲ့ တရားခွေထဲက အဆုံးအမကြောင့်လည်း တပည့်တော်မဟာ စီးပွားရေးအလုပ်တွေ ကြားထဲက ကုသိုလ်ရေးအလုပ်တွေကို လုပ်နိုင်နေပါပြီ ဘုရား"

# ငါးမိနစ်တရား

“ပြီးတော့ ဆရာတော်ရဲ့ တရားခွေ တစ်ခွေထဲက ငါးမိနစ်နဲ့ အပြီး ဟောတဲ့ တရားလေးဟာလည်း တပည့်တော်ရဲ့ ဘဝကို အကြီး အကျယ် ပြောင်းလဲသွားစေခဲ့ပါတယ်”

*(မှတ်ချက်) ထိုတရားမှာ ရွှေပြည်သာမြို့တွင် စက်ရုံကြီးသုံးခု တည် ထားသော သူဌေးကြီးတစ်ဦးကို ဟောခဲ့ခြင်း ဖြစ်သည်။ ထိုသူဌေးကြီး သည် စီးပွားရေးတစ်ခုကိုသာ စိတ်ဝင်စားပြီး ကုသိုလ်ရေးကို လုံးဝစိတ် မဝင်စားခဲ့ပေ။ တစ်ရက်တွင် သူ့မိတ်ဆွေတစ်ဦးက စာရေးသူကို ပင့် သွားပြီး သတိသံဝေဂ ရစေမည့် လိုရင်းတိုရှင်း တရားတစ်ပုဒ်ကို ဟော ပေးဖို့ တောင်းပန်ခဲ့သည်။*

စာရေးသူကို အအေးတစ်ခွက် ကပ်ထားပြီး သူဌေးကြီးသည် သူ့မိတ်ဆွေနှင့် စီးပွားရေးဈေးကွက်အကြောင်းတွေကိုသာ ဆက်တိုက် ပြောနေသဖြင့် စာရေးသူအလှည့်ကို ရောက်မလာခဲ့ပေ။ ပြန်ခါနီး သူ ဦးလာချသောအချိန်မှပင် တရားဟောခွင့်ရခဲ့သည်။ ငါးမိနစ်တာအချိန် တွင် စာရေးသူ ဟောခဲ့သော တရားမှာ -

“ဒကာကြီး၊ ဘုံဆိုင်အလုပ်တွေချည်း လုပ်မနေပါနဲ့၊ ကိုယ်ပိုင် အလုပ်တွေကိုလည်း တွဲလုပ်ပါ”

“ဒီ စက်ရုံတွေ အားလုံးဟာ တပည့်တော် တစ်ယောက်တည်း ပိုင်တဲ့ ကိုယ်ပိုင်အလုပ်တွေပါ ဘုရား”

“ဒကာကြီး၊ စီးပွားရေးအလုပ်မှန်သမျှ ဘုံဆိုင်အလုပ်၊ အများ ဆိုင်အလုပ်ချည်းပါ။ ကုသိုလ်ရေးအလုပ်ကိုသာ ကိုယ်ပိုင်အလုပ်လို့

ခေါ်ပါတယ်။ ဒါ့ကြောင့် လှူပြီးတဲ့ ကုသိုလ်မှန်သမျှ ကိုယ်ပိုင်ပစ္စည်း ဖြစ်သွားပြီး မလှူရသေးတဲ့ ဥစ္စာပစ္စည်းမှန်သမျှကို ဘုံဆိုင်ပစ္စည်းလို့ မှတ်ပါ။ ဒကာကြီး ပိုင်ဆိုင်ထားတဲ့ ဥစ္စာပစ္စည်းအားလုံးဟာ မိသားစုပိုင် ဘုံဆိုင် ပစ္စည်းချည်းပါ။ ဒါ့ကြောင့် မိသားစု ဆွေမျိုးသားချင်းအားလုံး စုပေါင်းပြီး သုံးစွဲနေကြတာပါ”

“ဒကာကြီး သေဆုံးသွားပြီဆိုတာနဲ့ ပစ္စည်းဥစ္စာအားလုံးဟာ ဒကာကြီးနဲ့ ဘာမျှ မဆိုင်တော့ပါဘူး။ ကျန်တဲ့ မိသားစုနဲ့သာ ဆိုင်ပါတော့တယ်။ ဒီအချိန်ကျမှ ဘုံဆိုင်ပစ္စည်းဆိုတာ ပိုသေချာသွားပါတယ်။ ဘုံဆိုင်ပစ္စည်းမှန်သမျှ မိမိကလည်း ပစ္စည်းကို စွန့်ရပါတယ်။ ရုတ်တရက် သေရတာမျိုးပေါ့။ ပစ္စည်းကလည်း မိမိကို စွန့်ပါတယ်။ မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံဆိုးကြောင့် ပျက်စီးဆုံးရှုံးသွားရတာမျိုးပါ”

“၂၀၀၈ ခုနှစ်က ကမာရွတ်မှာ ဓားပြမှုဖြစ်သွားတယ်။ အိမ်ရှင် သူဌေးလင်မယားရော၊ သားသမီးတွေရော၊ အစေခံမလေးပါ စုစုပေါင်း ငါးဦးအသတ်ခံရတယ်။ ခေါင်းကို သေနတ်နဲ့ချည်း အပစ်ခံရတာ၊ ဓားပြတိုက်မှုကတော့ တိုးတက်လာတယ်လို့ ဆိုရမှာပေါ့။ ဒီအိမ်ရှင်တွေဟာ ပြီးခဲ့တဲ့ ရက်အနည်းငယ်က တိုက်တစ်လုံးပါတဲ့ ခြံဝင်းကြီးတစ်ခုကို ရောင်းခဲ့တယ်။

သိန်းပေါင်း တစ်သောင်းလေးထောင်နဲ့တဲ့။ အဲဒီထဲက သိန်းပေါင်း လေးထောင်ကို အကုန်ယူလာခဲ့တယ်။ အခု ဓားပြအတိုက်ခံရတော့ အဲဒီ သိန်းပေါင်းလေးထောင် အကုန်ပါသွားတယ်။ ရတနာပစ္စည်းတွေလည်း ကုန်တာပဲ။ သူတို့ဟာ ဒီသိန်းပေါင်းလေးထောင်ထဲက သိန်းပေါင်းလေးဆယ်လောက်များ လှူထားရင် သူတို့အတွက် သံသရာမှာ

ပါသွားမှာပါ။ အခုတော့ သံသရာကို တစ်ပြားမှ ပါမသွားတော့ဘူး”

“ရွှေမန်းတင်မောင်နဲ့ တွဲကခဲ့တဲ့ အောင်သန်းတင်ဆိုတဲ့ မင်းသမီးကြီးဟာ အရွယ်ကလည်းတင့်၊ ပညာကလည်း ကောင်းတဲ့အတွက် ဝင်းဗိုလ်၊ ဆန်းဝင်းတို့လက်ထက်ထိ တွဲပြီးကတုန်းပဲ။ သူဟာ ရသမျှငွေတွေကို ရွှေတိုရွှေစလုပ်ပြီး ဗူးတစ်ဗူးနဲ့ သေချာစုထားတယ်။ ရွှေတွေစုဖို့က အဓိက၊ ကုသိုလ်လုပ်ဖို့က သာမညလို့ သဘောထားခဲ့တာပေါ့။ တစ်ရက်တော့ ရွှေမန်းသဘင် ဇာတ်စင်ကြီး မီးလောင်လိုက်တာ အောင်သန်းတင် မစားရက်၊ မဝတ်ရက်၊ မလှူရက် စုထားတဲ့ ရွှေတွေဟာ မီးထဲပါသွားတယ်။ နဲနဲမှကို ပြန်ရှာလို့ မရတော့ဘူး”

“အဲဒီအချိန်ကစပြီး မင်းသမီးကြီး အောင်သန်းတင်ဟာ ရသမျှကို လှူဖို့ အဓိကထားတော့တယ်၊ ဒါကတော့ ပစ္စည်းက ကိုယ့်ကိုစွန့်သွားတဲ့ သဘောပေါ့။ ဒီနေ့အတွက် ဒကာကြီးရဲ့ ကိုယ်ပိုင်ပစ္စည်းအစစ်ဟာ ဆရာတော်ကို အခုကပ်လှူခဲ့တဲ့ ငါးရာတန် အအေးတစ်ခွက်ပဲ။ ဒီငါးရာတန်ကုသိုလ်ဟာ ဒကာကြီး ကိုယ်ပိုင် အစစ်ပဲ။ ကိုယ်ပိုင်ပစ္စည်းဖြစ်တဲ့ အတွက် ဒီငါးရာတန်ကုသိုလ်ကို မီးလောင်လို့ မရဘူး”

“ရေမျောလို့ မရဘူး။ မင်းကသိမ်းလို့ မရဘူး။ သူခိုးက ခိုးယူလို့ မရဘူး။ သားဆိုးသမီးဆိုးက ဖျက်ဆီးလို့ မရဘူး။ မိမိသေရင်လည်း သံသရာတစ်လျှောက် နောက်ကလိုက်ပြီး ကောင်းကျိုးတွေ ပေးပါလိမ့်မယ်။ ဘုရားရှင်ရဲ့ ဒေသနာအရ ဥစ္စာက လေးမျိုးရှိပါတယ်။ ရွှေ့ပြောင်းလို့မရနိုင်တဲ့ တိုက်တာခြံမြေ စတာတွေကို ထာဝရဥစ္စာလို့ ခေါ်ပါတယ်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရွှေငွေ စတဲ့ ရွှေ့ပြောင်းလို့ရတဲ့ ဥစ္စာကိုတော့ ဇင်္ဂမဥစ္စာလို့ ခေါ်ပါတယ်”

"ပန်းရံ၊ လက်သမား၊ စာရေး စတဲ့ အသက်မွေးဝမ်းကျောင်း အတတ်ပညာ မှန်သမျှကိုတော့ အင်္ဂသမဉစ္စာလို့ ခေါ်ပါတယ်။ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကိုတော့ အနုဂါမိကဥစ္စာလို့ ခေါ်ပါတယ်။ ဒီဘဝ၊ ဒီခန္ဓာနဲ့ သားတွေ၊ မယားတွေရှိနေတော့ ရှေးဉစ္စာ သုံးမျိုးကိုလည်း ရှာရပါမယ်။ နောက်ဘဝ နောက်ခန္ဓာနဲ့ အနာဂတ် သံသရာ ရှိနေသေးတဲ့အတွက် ကုသိုလ်ဉစ္စာကိုလည်း ရှာရပါမယ်"

ချိုမာလွင် ပြောသော ငါးမိနစ်တရား ဆိုသည်မှာ ဖော်ပြပါ တရားလေးပင် ဖြစ်၏။ နောက်တွင် ထိုသူဌေးကြီးသည် ကုသိုလ်တရား ကိုလည်း စိတ်ဝင်တစား လုပ်လာကြောင်း သိရပေသည်။ နောက်နေ့ မနက် အရုဏ်ဆွမ်းစားပင့်ရန် လျှောက်ထားပြီး ချိုမာလွင်ပြန်သွားသည်။ စာရေးသူအပါအဝင် သံဃာခုနစ်ပါးပင့်ထားပြီး သင်္ကန်းအကောင်းစား ခုနစ်စုံ ကပ်လှူမှာဖြစ်ကြောင်းလည်း အထူးလျှောက်ထားသွားသည်။

## ထားဝယ်မြို့က လေဆင်နှာမောင်း

နောက်တစ်နေ့ မနက် အာရုဏ်ဆွမ်းစားကြွရန် သင်္ကန်းရုံပြီး ကားပေါ်အတက်မှာပင် မိုးနှင့်အတူ လေးပြင်းပါ ကျရောက်လာသဖြင့် ကားဆရာက အန္တရာယ်ရှိနိုင်သဖြင့် ခဏနေမှကြွရန် လျှောက်ထားပြီး ကားပေါ်မှာပင် မိနစ်နှစ်ဆယ်ခန့် ထိုင်နေလိုက်သည်။ နာရီဝက်နီးနီး ကြာမှ လေငြိမ်သွားသဖြင့် ကားကိုကျောင်းထဲမှ မောင်းထွက်လိုက်သည်။

ချိုမာလွင်တို့ အိမ်ရှေ့ ရောက်သည်နှင့် စိတ်မကောင်းစရာ မြင်ကွင်းတစ်ခုကို မြင်တွေ့ရတော့သည်။ ချိုမာလွင်တို့၏ နှစ်ထပ်တိုက်

အိမ်အမိုးသည် လေဆင်နှာမောင်းဒဏ်ကြောင့် တစ်ခြမ်းမှာ ပွင့်ထွက်သွားသည်။ အပေါ်ထပ်၊ အောက်ထပ် နှစ်ခုလုံး ရေတွေ စိုရွှဲနေသည်။ ကြွလာသော ရဟန်းခုနစ်ပါးမှာလည်း ထိုင်စရာနေရာမရှိသဖြင့် မိုးတိုး မတ်တပ် ဖြစ်နေသည်။

မဲ့မဲ့လေးဖြစ်နေသော ချိုမာလွင်၏ မျက်နှာက ခဏကြာလျှင် ချုံးပွဲချပြီး ငိုတော့မည်ဖြစ်ကြောင်း သိသာနေသည်။ စာရေးသူ ကူညီမှ ဖြစ်တော့မည်။ သို့မဟုတ်လျှင် စိတ်ချမ်းသာပြီး ကုသိုလ်ရမည့်ပွဲက စိတ်ဆင်းရဲပြီး အကုသိုလ်ဖြစ်ရမည့်ပွဲ ဖြစ်သွားပေလိမ့်မည်။

"ချိုမာလွင် မငိုနဲ့၊ ကုသိုလ်ပြုတဲ့ပွဲမှာ အကုသိုလ်တွေ ပါမလာစေချင်ဘူး။ ကိုယ့်ကိုယ်ကိုတောင် အစိုးမရတာ ဒီရာသီဥတုကို ဘယ်လိုလုပ်ပြီး အစိုးရနိုင်မှာလဲ။ နားကြားရှုပ္ပွားထားတဲ့ ဝိပဿနာတရားဆိုတာ သောက (ဒေါသ) ဖြစ်စရာ နေရာမှာ သောက (ဒေါသ) မဖြစ်အောင်၊ လောဘ ဖြစ်စရာနေရာမှာ လောဘ မဖြစ်အောင် အသုံးချတတ်မှ နာကြားရကျိုး၊ ရှုပ္ပွားရကျိုး နပ်မှာပေါ့"

"လောလောဆယ် အထက်ထပ်၊ အောက်ထပ် ရေတွေရွှဲနေတော့ ဘယ်နေရာမှာ ဆွမ်းကပ်ရမှန်း မသိအောင် ဖြစ်နေတယ် ဘုရား"

"မပူပါနဲ့၊ ကြမ်းပြင်ပေါ် ကပ်မရရင်၊ စားပွဲအမြင့်မှာ ထိုင်ခုံအမြင့်နဲ့ ကပ်မှာပေါ့။ ဟိုမှာ ထိုင်ခုံနှစ်လုံးတွေ့တယ်၊ ရေတွေခြောက်သွားအောင် အဝတ်နဲ့သုတ်ပါ။ ပြီးတော့ စားပွဲအမြင့်တစ်လုံး ဒီထောင့်မှာ ချပါ။ ဒီနေရာက မိုးလုံတယ်"

စာရေးသူ စီစဉ်ပေးမှုကြောင့် အခက်အခဲကြားမှာပင် ဆွမ်းကပ်ပွဲမှာ အောင်မြင်စွာ ပြီးဆုံးသွားသည်။ ထိုအချိန်မှာပင် မိုးလည်းတိတ်

သွားသဖြင့် ဘေးအိမ်မှ တရားနာ ပရိသတ်များပင် ရောက်လာသဖြင့် ဆွမ်းကျွေးပွဲမှာလည်း ပြန်လည် အသက်ဝင် လှုပ်ရှားလာသဖြင့် ချိုမာလွင်၏ မျက်နှာလေး ပြန်လည် ကြည်လင်လာသည်ကို တွေ့ရသည်။ အိမ်တွင်းတရားပွဲကား စလေပြီ။ စိတ်ဆင်းရဲသည့်ဘက် ရောက်နေသောသူအား (၁၅) မိနစ် အတွင်း စိတ်ချမ်းသာသည့်ဘက် ရောက်အောင် ဟောပြောရသည့် အလုပ်ကား ခဲယဉ်းသော အလုပ်တစ်ခုသာ ဖြစ်ပါ၏။

**"ချိုမာလွင်၊ ပုထုဇဉ်တွေရဲ့ သဘာဝက - စိတ်ချမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာက ဆယ်ခုရှိတယ်။ စိတ်ဆင်းရဲစရာ၊ အကုသိုလ် ဖြစ်စရာက တစ်ခုရှိတယ်ဆိုရင်တောင် စိတ်ချမ်းသာစရာ ဆယ်ခုကို မတွေးဘူး။ စိတ်ဆင်းရဲစရာတစ်ခုကိုပဲ တွေးပြီး အမြဲတမ်း စိတ်ဆင်းရဲနေတတ်တယ်။ ဒါကြောင့်လည်း ရောဂါများတဲ့သူ၊ အသက်တိုတဲ့သူ၊ အပါယ်ကျတဲ့သူတွေက များနေတာပေါ့"**

**"စိတ်ဆင်းရဲရင် ကိုယ်ဆင်းရဲတာပဲ။ ကိုယ်ဆင်းရဲရင် ရောဂါများပြီး အသက်တိုတာပဲ။ စိတ်ချမ်းသာရင် ကိုယ်ချမ်းသာတယ်။ ကိုယ်ချမ်းသာရင် ရောဂါကင်းပြီး အသက်ရှည်တာပဲ။ ကမ္ဘာ့ ဘိုးသက်ရှည်၊ ဘွားသက်ရှည်ကြီးတွေရဲ့ ဘဝနောက်ကြောင်းကို လေ့လာကြည့်တဲ့အခါ စိတ်ချမ်းသာအောင်နေခြင်းဟာ အသက်ရှည်ခြင်းရဲ့ အဓိကအကြောင်း ဖြစ်နေတာကို တွေ့ရတယ်"**

သက်တော် (၁၀၂)နှစ် နေသွားရတဲ့ စစ်ကိုင်းရွှေဟင်္သာတောရ ဆရာတော်ကြီးက အသက်ရှည်အောင်နေနည်း ခဏခဏ မေးမြန်းလွန်းလို့ 'နည်းနည်းစား များများလျှောက်၊ ခေါင်းကြည်အောင်ထား' ဆိုပြီး သက်ရှည်ကျန်းမာခြင်းရဲ့ အဓိကအချက်သုံးချက်ကို ဟောပြထားတယ်။

ခေါင်းကြည်အောင်ထားဆိုတာ စိတ်ချမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာကိုသာ တွေးပါ။ စိတ်ဆင်းရဲစရာ၊ အကုသိုလ်ဖြစ်စရာကို မတွေးပါနဲ့လို့ ပြောလိုရင်းပါပဲ"

"ဒီနေ့ ဒီအချိန်မှာ ချိုမာလွင်အတွက် စိတ်ဆင်းရဲစရာ၊ အကုသိုလ်ဖြစ်စရာက တစ်ခုပဲရှိပါတယ်၊ စိတ်ချမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာကတော့ အများကြီးရှိနေပါတယ်"

## မြန်မာဖြစ်ရခြင်းအတွက် ဝမ်းသာစရာများ

ထိုစကားအရောက်တွင် ချိုမာလွင်ရော၊ ပရိသတ်များပါ စာရေးသူကို တပြိုင်နက် တအံ့တဩ မော့ကြည့်လိုက်ကြသည်ကို တွေ့ရသည်။ စာရေးသူက တရားကို ပြန်ဆက်လိုက်သည်။

"စိတ်ဆင်းရဲစရာ အကုသိုလ်ဖြစ်စရာကတော့ မုန်တိုင်းကြောင့် အိမ်အမိုးတစ်ခြမ်း လန်သွားတာပါပဲ။ ဒါကလည်း နောက်နေ့ ပြင်လိုက်ရင် ပြီးသွားမှာပါပဲ။ အခု ချိုမာလွင်ရဲ့ စိတ်ချမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာတွေကို ပြောပါတော့မယ်။ ပထမဆုံး စိတ်ချမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာကတော့ လူ့ဘဝမှာ လူဖြစ်ရတာပါပဲ။ ဒီလူ့ဘဝတစ်ခုပဲ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာကုသိုလ်၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် ဆိုတဲ့ ကုသိုလ်ခြောက်မျိုးလုံးကို တင်းပြည့်ကျပ်ပြည့် အရယူနိုင်တာပါ။ တခြား ဘယ်ဘုံမှ ဒီကုသိုလ်တွေကို တင်းပြည့်ကျပ်ပြည့် အရမယူနိုင်ပါဘူး"

"ဒုတိယ ဝမ်းသာစရာ၊ ကုသိုလ် ဖြစ်စရာကတော့ ရပ်ပြစ်ရှစ်ပါးက လွတ်ပြီး မြန်မာပြည်မှာ လူလာဖြစ်ရတာပါပဲ။ မရောက်သင့်တဲ့ အရပ်ရှစ်ပါးကို ရပ်ပြစ်ရှစ်ပါးလို့ ခေါ်တယ်။ မဖြစ်သင့်တဲ့ဘဝမျိုးမှာ ဖြစ်ရတာကိုလည်း ရပ်ပြစ်ရှစ်ပါးထဲမှာပဲ ထည့်ထားပါတယ်။ လင်္ကာလေး စရွတ်ပြမယ် -

ဘုရားပွင့်ရာ၊ ပယ်သုံးရွာနှင့်၊
ဒီဃာယုနတ်၊ ရောက်လတ်ပစ္စန်၊
မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊
ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊
ကျွန်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ်ပါး သရုပ်တည်း - တဲ့။

အဓိပ္ပါယ်က မရောက်သင့်တဲ့ ရပ်ပြစ်ရှစ်ပါးဆိုတာ ဘုရားပွင့်သောကာလ ဖြစ်သော်လည်း -

(၁) ငရဲဘုံ ရောက်နေသူ
(၂) တိရစ္ဆာန်ဘုံ ရောက်နေသူ
(၃) ပြိတ္တာဘုံ ရောက်နေသူ
(၄) ရုပ်သာရှိသော အသညသတ်ပြဟ္မာ့ဘုံ ရောက်နေသူ
နာမ်သာရှိသော အရူပပြဟ္မာ့ဘုံ ရောက်နေသူ
(၅) ရတနာသုံးပါး မရှိသော နိုင်ငံသို့ ရောက်နေသူ
(၆) အယူမှားသော မိစ္ဆာဒိဋ္ဌိဘဝသို့ ရောက်နေသူ
(၇) ဉာဏ်မပါသော ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်နေသူ
(၈) ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သောအခါ၌ လူဖြစ်သူ

ဒီရှစ်မျိုးကို ရပ်ပြစ်ရှစ်ပါးလို့ ခေါ်ပါတယ်။ ဘုန်းကြီးက စာစုံ ဖတ်တယ်။ နိုင်ငံတကာဝတ္ထု ဘာသာပြန်တွေကိုလည်း အများကြီးဖတ်တယ်။ အဲဒီလို ဖတ်တဲ့အခါ ဘာသွားတွေ့သလဲဆိုတော့ အမေရိကန်တို့၊ အင်္ဂလန်တို့လို အနောက်နိုင်ငံတွေမှာ ပြိတ္တာဘဝ ရောက်သွားသူတွေဟာ လွတ်လမ်းကျွတ်လမ်း မရှိတော့တာကို သွားတွေ့ရတာပဲ”

“ဘာကြောင့်လဲဆိုတော့ သူတို့ကိုးကွယ်တဲ့ ဘာသာက ပြိတ္တာဘဝ ရောက်နေသူကို ကျွတ်အောင် လွတ်အောင် လုပ်ပေးနိုင်စွမ်း မရှိတဲ့အတွက်ပဲ။ အခု လက်တွေ့ ဖြစ်ရပ်တစ်ခုကို ပြောပြပါဦးမယ်။ ၂၀၀၈ ခုနှစ်၊ မေလလောက်က အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့မှာ နေတဲ့ မြန်မာမိသားစု တစ်စုက ဘုန်းကြီးဆီ စာတစ်စောင်နဲ့ ဓာတ်ပုံတစ်ပုံ ပို့လိုက်တယ်”

“ဓာတ်ပုံကတော့ သူတို့ ဝယ်လိုက်တဲ့ နှစ်ထပ်တိုက်ပုံပါပဲ။ စာထဲမှာ ဘာရေးထားလဲဆိုတော့ သူတို့ဟာ ဈေးသက်သာတဲ့အတွက် အဲဒီတိုက်ကို ဝယ်လိုက်ကြတာတဲ့။ တိုက်ဝယ်ပြီး နေကြည့်တဲ့အခါကျမှ ဒီတိုက်ဟာ ဘာကြောင့် ဈေးသက်သာတယ်ဆိုတာ သိရတော့တယ်။ ဒီတိုက်ကို စတင်ဆောက်ခဲ့တဲ့ မိသားစုသုံးယောက်ဟာ သေပြီး မကျွတ်မလွတ် ဖြစ်နေကြတယ်”

“နှစ်ကလည်း တော်တော်ကြီးကို ကြာနေပြီ။ ပုထုဇဉ်တွေဆိုတာ ကိုယ်နေတဲ့နေရာ၊ ကိုယ်လုပ်တဲ့အလုပ်ကို သိပ်စွဲလမ်းတယ်။ ဒီလင်မယားဟာ သူတို့ကိုယ် သူတို့ လူလို့ပဲ ထင်နေကြတယ်။ ဒါ့ကြောင့် အရင်အတိုင်း အလုပ်သွားချိန် သွားကြတယ်။ အလုပ်ပြန်ချိန် ပြန်လာကြတယ်။ သူတို့ရဲ့ ဆယ်နှစ်အရွယ်လောက်ရှိတဲ့ သားလေးကလည်း

သူတို့လိုပဲ။ ကျောင်းသွားချိန် သွားတယ်။ ပြန်လာချိန် ပြန်လာတယ်။ ခြောက်တယ်လို့တော့ မဟုတ်ဘူး။ သူတို့ နေ့စဉ် လုပ်နေကျအလုပ်ကို လူ့ဘဝကအတိုင်း လုပ်နေကြတာပဲ”

“ဒီတိုက်ကို ဝယ်လိုက်တဲ့ မြန်မာမိသားစုမှာလည်း ဆယ်နှစ်အရွယ် သားလေးတစ်ယောက် ရှိတယ်။ ဒီကလေးက အမေရိကန်မှာပဲ မွေးတာဆိုတော့ အင်္ဂလိပ်စကားကတော့ မွတ်နေတာပေ့ါ။ ကလေးနှစ်ယောက် တွေ့တဲ့အခါ အပြင်မှာ လူအချင်းချင်းတွေ့သလို အေးအေးဆေးဆေး ပြောဆို နှုတ်ဆက်နေကြတာပဲတဲ့”

## သာဓုမခေါ်တတ်သော ပြိတ္တာများ

“ဒီမိသားစု ကျွတ်သွားအောင် ဘယ်လိုလုပ်ရမလဲ ဘုရားလို့ ဘုန်းကြီးကို မေးကြတယ်။ ဘုန်းကြီးလည်း ဘယ်လိုမှ အကြံမပေးတတ်ဘူးဖြစ်နေတယ်။ သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေဆိုရင်လည်း သူတို့ကိုယ်စား ကုသိုလ်ပြုပြီး အမျှပေးဝေလိုက်ရင် သာဓု ခေါ်လိုက်တာနဲ့ ကျွတ်သွားမှာပါ။ အခုတော့ ဘာသာခြားတွေ ဖြစ်နေတော့ အမျှပေးလည်း သာဓုခေါ်ရမှန်း မသိတော့ ကျွတ်လမ်း လွတ်လမ်းဟာ မရှိသလောက်ဖြစ်သွားတာပေ့ါ”

“အခု ချိုမာလွင်ဟာ ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာပြည်မှာ လာဖြစ်ရတော့ တစ်စုံတစ်ခုစွဲလမ်းပြီး သေလို့ ပြိတ္တာဘဝရောက်တောင် သိပ်ပူစရာ မရှိပါဘူး။ သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်း၊ လပါတ်ဆွမ်း တစ်ခုခုမှာ အမျှပေးတာကို သာဓုခေါ်လိုက်တာနဲ့ ပြိတ္တာဘဝက

ချက်ချင်းကျွတ်နိုင်ပါတယ်။ အဲဒါ မြန်မာပြည်မှာ လူဖြစ်ရတဲ့အတွက် စိတ်ချမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာ တစ်ကွက်ပေါ့”

“မြန်မာပြည်မှာ လူဖြစ်သော်လည်း ဘာသာခြားဖြစ်နေပြီဆိုရင်တော့ ကျွတ်လွတ်ဖို့ ခဲယဉ်းပြန်တာပဲ။ မအူပင်မြို့နယ်၊ လေးအိမ်စုရွာမှာ ဗုဒ္ဓဘာသာရော၊ ခရစ်ယာန်ရော နှစ်မျိုးလုံးရှိတယ်။ ဒါပေမယ့် တစ်ယူ မသန်ကြဘူး။ ဘာသာ မတူပေမယ့် အားလုံး ချစ်ချစ်ခင်ခင်နေကြတာပဲ။ ကရင်တွေဆိုတော့ သိပ်ချစ်စရာ ကောင်းတယ်။ ပွင့်လည်းပွင့်လင်းကြတယ်”

“တစ်ခါတော့ ခရစ်ယာန်ဘာသာဝင် အမျိုးသားတစ်ယောက် ဆုံးသွားတယ်။ ဗုဒ္ဓဘာသာအလိုဆိုရင်တော့ အိမ်မှာ ပြိတ္တာပြန်ဖြစ်နေတာပေါ့။ မကျွတ်မလွတ် ဖြစ်နေတာကို ကိုယ်တိုင် မြင်တွေ့နေရတာဆိုတော့ ကောင်းကင်ဘုံမှာ ရောက်သွားပါတယ်လို့ ဘယ်လိုမှ ငြင်းလို့မရတော့ဘူး။ ဒါ့ကြောင့် ရိုးသားပွင့်လင်းတဲ့ သူတို့ရွာသား ဓမ္မဆရာနဲ့ သူတို့ ဘာသာနည်းအတိုင်း ကုသိုလ်ပြု အမျှဝေပါတယ်။ ဒါပေမယ့် မကျွတ်ဘူး။”

“မကျွတ်တာကို သူတို့ ဓမ္မဆရာကိုယ်တိုင် သိတယ်။ ဘယ်ဘာသာနည်းနဲ့ လုပ်လုပ်၊ သူတို့လူ ပြိတ္တာဘဝက ကျွတ်သွားဖို့ အရေးကြီးတယ်လို့ သုံးသပ်ပြီး ဗုဒ္ဓဘာသာ ဘုန်းကြီးတွေ ပင့်ပြီး ကုသိုလ်ပြု အမျှဝေကြတယ်။ အဲဒီတော့မှ ကျွတ်သွားတယ်။ ဒီအခါ သူတို့ဓမ္မဆရာက ရယ်ရယ်မောမောနဲ့ ဘာပြောသလဲဆိုတော့ စောသာထူး မကျွတ်တာလည်း အဆိုးမဆိုသာဘူးပေါ့၊ ဘာ့ကြောင့်လဲဆိုတော့ စောသာထူးနဲ့ ငါနဲ့က အတူအရက်သောက်ဖော် သောက်ဖက်တွေကိုးတဲ့။

အဲဒီလို ရေထဲမိုးထဲ အဆင့်မျိုး ရောက်လာပြီဆိုရင် ကိုယ့်ဗုဒ္ဓဘာသာကို အထင်မသေးအောင် သေချာ လုပ်ပေးရတယ်။ တမလွန်က ပုဂ္ဂိုလ် ကျွတ်လွတ်ဖို့အတွက် လှူမယ်ဆိုရင် ဘုန်းကြီးကိုတောင် ရွေးပင့်ရတယ်။ ကိုယ်နဲ့ ဘယ်လောက် ခင်ခင်၊ ဘယ်လောက် ဆွေးမျိုးတော်တော် သီလမရှိတဲ့ ဗရုတ်သုတ်ခနေတဲ့ ဘုန်းကြီးဆို မပင့်ရဘူး”

“သီလမရှိတဲ့ ဘုန်းကြီးမျိုးပင့်ပြီး လှူရင် မကျွတ်ဘူး ဖြစ်နေတတ်တယ်။ ဒါ့ကြောင့် တမလွန်ကပုဂ္ဂိုလ် ကျွတ်လွတ်ဖို့အတွက် လှူဒါန်းနည်းအင်္ဂါတွေက -

## ကျွတ်လွတ်အောင်အမျှပေးနည်းအစီအစဉ်

(၁) အလှူခံပုဂ္ဂိုလ်က သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပြည့်စုံတဲ့သူ ဖြစ်ရမယ်။ လူထဲမှာလည်း ငါးပါးသီလ လုံအောင်စောင့်သူဆိုရင် အလှူခံနေရာမှာ ပါဝင်နိုင်တယ်။ ဘုန်းကြီးမရှိတဲ့နေရာဆိုရင် အသုံးပြုနိုင်ပါတယ်။ ‘ပေတဝတ္ထုပါဠိတော် ခလ္လဋိယပေတီဝတ္ထု’ မှာ ပင်လယ်ထဲ မကျွတ်မလွတ်ဖြစ်နေတဲ့ ပြိတ္တာမတစ်ယောက် အဝတ်အစားရဖို့အတွက် ငါးပါးသီလလုံတဲ့ သဘော်သားတစ်ယောက်ကို အဝတ်တွေလှူပြီး အမျှပေးလိုက်တာ အဝတ်အစားတွေ ရသွားခဲ့တယ်။

(၂) အပ်စပ်တဲ့ ဆွမ်းတို့၊ သင်္ကန်းတို့၊ ဆေးတို့ ဖြစ်ရမယ်။ ဒီလို အလှူပွဲမှာ ငွေတွေ မလှူသင့်ဘူး။ အလှူခံမယ့် ရဟန်းမှာ ကပ္ပိယဒကာ ပါမယ်ဆိုရင်တော့ လှူကောင်းပါတယ်။

(၃) ဘယ်နေ့ ဘယ်ရက် ဘယ်နှစ်နာရီမှာ အမျှပေးမယ့်အကြောင်း

သေသူကို တိတိကျကျပြောဆိုပြီး ဖိတ်ကြားရမယ်။

(၄) ဖြစ်နိုင်ရင် အလှူရှင်ကိုယ်တိုင် ဖြစ်စေ၊ တရားပေးမယ့် ဆရာတော်ကဖြစ်စေ၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို အခုလို မေတ္တာရပ်ခံပန်ကြားရမယ်။

"အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်အပေါင်းတို့ သေဆုံးသူ မောင်နီတစ်ယောက် ပေးဝေသောအမျှကို သာဓုခေါ်နိုင်ရန် ဤမြို့တွင်း၊ ဤအိမ်တွင်းသို့ လာခွင့်ပြုကြပါ။ ကျွန်ုပ်တို့ ပေးဝေသော အမျှကို မောင်နီတစ်ယောက် သာဓု ခေါ်နိုင်အောင် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ကို ဦးထိပ်ထားပြီး အသင်တို့ကိုယ်တိုင် ဖိတ်ကြားပေးကြပါ။ အသင်တို့ ကိုယ်တိုင် အသိပေး,ပေးကြပါ။

"ဒီလေးချက်နဲ့ ညီအောင် လုပ်ပေးရင် ပြိတ္တာဘဝက ကျွတ်လွတ်သွားမှာ အသေအချာပါ။ ချိမာလွင်အတွက် တတိယဝမ်းသာစရာအချက်ကတော့ ဗုဒ္ဓဘာသာ ဖြစ်ခွင့်ရတာပါပဲ။ ဗုဒ္ဓဘာသာ ဖြစ်ရတဲ့အတွက် လူချမ်းသာ၊ နတ်ချမ်းသာကိုသာမက နိဗ္ဗာန်ချမ်းသာအထိ ယူနိုင်တာဟာ တွေးကြည့်လိုက်တိုင်း ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ"

# ဘာသာခြားတို့၏ နောက်ဆုံးပန်းတိုင်

"ချင်းလူမျိုး ဘွဲ့ရဓမ္မဆရာတစ်ယောက်ဟာ ဗုဒ္ဓဘာသာထဲဝင်ရုံတင် မကဘူး။ ရဟန်းပါ ဝတ်လိုက်တယ်။ သူပြောတဲ့ တရားခွေထဲမှာ ဘာပါလဲဆိုတော့ ခရစ်ယာန်ဘာသာဝင်တွေရဲ့ နောက်ဆုံးပန်းတိုင် ကောင်းကင်ဘုံနန်းဆိုတာ ဗုဒ္ဓဘာသာအရ နတ်ပြည်ပါပဲတဲ့။ အစ္စလာမ်ဘာသာဆိုတာကလည်း ခရစ်ယာန်ဘာသာကို မဏ္ဍိုင်ထားပြီး ဇိုရိုအက်စတားဘာသာထဲက အချက်အလက်အနည်းငယ်နဲ့ ရောစပ်ထားတာဆိုတော့ အစ္စလာမ်ဘာသာဝင်တွေရဲ့ နောက်ဆုံးပန်းတိုင်ဟာလည်း နတ်ဘုံပါပဲ"

"ဟိန္ဒူဘာသာဝင်တွေရဲ့ နောက်ဆုံးပန်းတိုင်ဆိုတာ ဗြဟ္မာ့ဘုံဆိုတာကတော့ ထင်ရှားပါတယ်။ ဒီတော့ အကျဉ်းချုပ်ပြောရင် ဗုဒ္ဓဘာသာမှတစ်ပါး ကျန်ဘာသာဝင်တွေရဲ့ နောက်ဆုံးပန်းတိုင်ဟာ နတ်ပြည်နဲ့ ဗြဟ္မာ့ပြည်ပါပဲ၊ နိဗ္ဗာန် မပါပါဘူး၊ ဒါ့ကြောင့် ကိလေသာကုန်ရာ ခန္ဓာချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာအထိ အရယူနိုင်တဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာဟာ ချိုမာလွင်အတွက် တတိယမြောက် ဝမ်းသာစရာပေါ့"

"စတုတ္ထဝမ်းသာစရာကတော့ ရဟန်းတော်ခုနစ်ပါးကို အခုလို စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့်ရတာပဲ။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတယ်။ သီလရှိတဲ့ ရဟန်းတော်များ အိမ်ကိုကြွလာရင် ဒကာ၊ ဒကာမတွေမှာ ကောင်းကျိုးများစွာ ရရှိတယ်တဲ့။ တစ်အချက်ကတော့ ရဟန်းတော်တွေကိုမြင်ရရင် ကြည်ညိုတဲ့ သဒ္ဓါစိတ်တွေ ပေါ်ထွန်းလာတယ်။ ဒီသဒ္ဓါစိတ်ကြောင့် ဖြစ်ရာဘဝမှာ ရုပ်ရည်ချောမောလှပတဲ့ အကျိုးကို ရတယ်"

“ရဟန်းတော်တွေ ကြွလာရင် ခရီးဦးကြိုတယ်၊ နေရာထိုင်ခင်း ခင်းပေးတယ်၊ ရှိခိုး ဦးချတယ်၊ ဒါကို ‘ဂါရဝ၊ နိဝါတ’ လို့ ခေါ်တယ်။ ‘ဂါရဝ၊ နိဝါတ’ ဆိုတာ မာနကိလေသာကို အလုပ်နဲ့ ပယ်သတ်တာပဲ။ ဒီအချက်ကြောင့် ချီမာလွင်တို့ မိသားစုဟာ ဖြစ်ရာဘဝမှာ အမျိုးမြတ်ခြင်းဆိုတဲ့အကျိုးကို ခံစားရတယ်။ ရဟန်းတော်များကြွလာရင် တတ်နိုင်သမျှ လှူဒါန်းကြတာပဲ။ ဒီလိုလှူဒါန်းတဲ့အတွက် ဖြစ်ရာဘဝမှာ ပစ္စည်းဥစ္စာပေါများချမ်းသာခြင်းဆိုတဲ့ အကျိုးတရားကို ခံစားရတာပေါ့”

“ပဋ္ဌမဝမ်းသာစရာအချက်ကတော့ ဓမ္မကထိကဆရာတော်ကို ပင့်ပြီး တရားအလှူကို လှူခွင့်ရတာပဲ။ ညတရားပွဲကြီးလုပ်နိုင်မှ တရားအလှူလို့ခေါ်နိုင်တာ မဟုတ်ပါဘူး။ အခုလို ကိုယ့်အိမ်အတွင်းမှာ လူအစိတ်သုံးဆယ်နဲ့ တရားပွဲလုပ်တာဟာလည်း တရားအလှူပါပဲ။ တရားအလှူဆိုတာ အသိပညာအလှူပါပဲ။ အသိပညာအလှူ ဖြစ်တဲ့အတွက် ဖြစ်ရာဘဝမှာ အသိဉာဏ်ပညာ ကြီးမားတာပေါ့။ ဘုရားရှင်ရဲ့ တရားကို တစ်ကြိမ်တစ်ခါ နာရုံနဲ့ ရဟန္တာဖြစ်သွားသူတွေဟာ အသိဉာဏ်ပညာ လှူခဲ့သူတွေပေါ့။

တရားစာအုပ်တွေလှူတာ၊ တရားပွဲတွေ ကျင်းပတာ၊ ကိုယ်တိုင်တရားဟောပေးတာတွေဟာ အသိပညာအလှူတွေပါပဲ။ ဒီအချက်နဲ့ ပတ်သက်ပြီး ဘုရားရှင်ရဲ့ ဒေသနာတစ်ခုရှိတယ် -

> အန္နဒေါ ဗလဒေါ ဟောတိ၊
> ဝဏ္ဏဒေါ ဟောတိ ဝတ္ထဒေါ၊
> ယာနဒေါ သုခဒေါ ဟောတိ၊
> ဒီပဒေါ ဟောတိ စက္ခုဒေါ။

သောစ သဗ္ဗ ဒဒေါ ဟောတိ၊
ယေဒဒါတိ ဥပဿယံ။
အမတံဒဒေါ စ သောဟောတိ၊
ယော ဓမ္မ အနုသာသတိ။

နားလည်အောင် ပြောရရင် -

ထမင်း အဖျော်ကို လှူတာ ခွန်အားကို လှူရာရောက်တယ်။ အဝတ်ကို လှူတာက အဆင်းလှခြင်းကို လှူရာရောက်တယ်။ စီးစရာ ယာဉ်ကို လှူတာဟာ ချမ်းသာကို လှူရာရောက်တယ်။ ဆီမီးကို လှူတာ ဟာ မျက်စေ့ကို လှူရာရောက်တယ်။ ကျောင်းကို လှူတာကတော့ အား လုံးကို လှူရာရောက်တယ်။ အဆုံးအမ၊ အသိပညာ ဓမ္မကို လှူတာက တော့ မသေရာ နိဗ္ဗာန်ကို လှူရာရောက်တယ်တဲ့။

**'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ' - အလှူအားလုံးထဲမှာ တရား အလှူဟာ အအောင်နိုင်ဆုံး၊ အမြတ်ဆုံးလို့ ဘာကြောင့် ဟောကြား ရတာလဲဆိုရင် ဒီတရားကိုနာရမှ ဒါနပြုဖြစ်တာ၊ သီလဆောက်တည်ဖြစ် တာ၊ ဘာဝနာပွားများဖြစ်တာ။ တရားနာကြားခွင့်မရရင် ဘာကုသိုလ်မှ မဖြစ်တော့ဘူး။ ဒါ့ကြောင့် အလှူအားလုံးထဲမှာ တရားအလှူဟာ အမြတ် ဆုံးလို့ ဟောထားတာပါ"**

# မတစ်လုံးကျေရခြင်းအကြောင်း

ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ဆိုတဲ့ မြန်မာ့သမိုင်း ခေတ်လေးခေတ်ထဲမှာ 'မကာရလောပ' - မ,တစ်လုံးကျေ မသိတာမရှိ ဆိုတဲ့ ပညာရှင် တစ်ဦးတည်းပဲ ရှိတယ်။ အမည်ကတော့ မကာရလောပအကျော် ခင်ကြီးပျော်တဲ့။ မောင်ပျော်ဆိုတာ လူနာမည် ပေါ့။ ရှေးခေတ်က ဘုန်းကြီးကို ခင်ကြီးလို့ သုံးတတ်ကြတယ်။ ရဟန်းဘွဲ့ ကတော့ 'အရှင်ဉာဏဝရ' လို့ ခေါ်တယ်"

ခင်ကြီးပျော်ကို ၁၀၈၆ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့မှာ မွေးဖွားတယ်။ ဇာတိက တောင်တွင်းကြီးမြို့နယ်၊ ပုတီးကုန်းရွာပေါ့။ ဖခင်က ဗိသုကာဆရာကြီး ဦးပြေ၊ မိခင်က ဒေါ်ကြာလို့ ခေါ်တယ်။ ခင်ကြီးပျော်ရဲ့ ဂုဏ်သတင်းတော်ကို ကြားသိကြည်ညိုတော်မူတဲ့အတွက် နောင်တော်ကြီးမင်းက ရွှေဘိုကိုပင့်ပြီး ရတနာရွှေဘုံတုလွတ်ကျောင်း တော်ကြီးကို တင်လှူကိုးကွယ်တော်မူတယ်။

မြန်မာသက္ကရာဇ် ၁၁၂၂ ခုနှစ်မှာ အလောင်းမင်းတရားကြီးရဲ့ အရိုက်အရာကို နောင်တော်ကြီးမင်းက ဆက်ခံယူတော်မူတယ်။ နောင် တော်ကြီးမင်းဟာ စစ်ကိုင်းမင်းဆိုတဲ့ အမည်နဲ့လည်း ထင်ရှားတယ်။ သူကိုးကွယ်တဲ့ ခင်ကြီးပျော်ဆရာတော်ဟာ မကာရလောပ - မ,တစ်လုံး ကျေတယ်။ မသိတာမရှိဘူးဆိုတာ နောင်တော်ကြီးမင်းက လက်တွေ့ စမ်းသပ်ချင်တယ်။

မင်းကြီး ယူဆထားတာက မသိတာမရှိ ဆိုရင်လည်း လောကုတ္တရာ စာပေကျမ်းဂန်များမှာဆိုရင် ဟုတ်ချင် ဟုတ်နိုင်တယ်။ လောကီ

ကိစ္စတွေမှာတော့ မသိတာ၊ မတတ်တာတွေ ရှိဦးမှာပဲပေါ့။ ဒါနဲ့ပဲ ဆရာတော်ရဲ့ ကျောင်းဝိုင်းထဲမှာ ဆိုင်းသွားတီးခိုင်းတယ်။ ရဟန်းဖြစ်တဲ့အတွက် အတီးအမှုတ်နဲ့ ပတ်သက်ရင်တော့ ဘာမှမသိနိုင်ဘူးလို့ ယူဆထားလို့ပေါ့။

ဆရာတော်ဟာ ဆိုင်းတီးတာကို တစ်ခဏ ကြည့်ရှုနဲ့ အကုန်တတ်ကျွမ်းသွားတယ်။ ဆိုင်းဆရာတွေ လက်စွမ်းကုန် တီးပြီးတဲ့အခါ ဆရာတော်က အနားလာပြီး ဒီအလုံးနဲ့ ဒီအလုံးပေါင်းစပ်၊ တီးတဲ့လက်ကို ဘယ်လိုထား၊ ဗုံများကို အဘယ်ကဲ့သို့ညှိ စသဖြင့် ပြင်ဆင်ပေးပြီး တီးခိုင်းလိုက်တဲ့အခါ အင်မတန် သုတိသာယာတဲ့ တီးကွက်တစ်ကွက်ကို ရသွားကြတယ်။ အဲဒီ တီးကွက်ဟာ သမ္မာဒေဝနတ်ချင်း တီးကွက်လို့ ခေါ်သတဲ့။ အံ့သြလွန်းလို့ ဆိုင်းသမားတွေရော၊ စီစဉ်ပေးရတဲ့ မဟာဒါန်ဝန်ပါ ပါးစပ်အဟောင်းသားနဲ့ ဖြစ်နေကြတယ်။

နောင်တော်ကြီးမင်းလည်း အတော်ကို အံ့သြသွားသတဲ့။ ဗုံတွေ၊ ပတ်လုံးတွေရဲ့ မျက်နှာပေါ်မှာ အသံသာအောင် လုပ်ရတဲ့ ပတ်စာလုပ်နည်းတောင် ခင်ကြီးပျော်ပေးခဲ့တာလို့ တစ်ဆင့်စကားနဲ့ မှတ်သားရဖူးတယ်။ နောင်တော်ကြီးမင်းက မကျေနပ်သေးဘူး။ ဉာဏ်အလုပ်၊ အတွက်အချက်အလုပ်ဖြစ်တဲ့ စစ်တုရင်ကစားနည်းကိုတော့ ဆရာတော် မသိနိုင်ပါဘူးလို့ပြောပြီး အတော်ဆုံး စစ်တုရင်သမားတစ်ယောက်ကို ဆရာတော်ထံ လွှတ်လိုက်တယ်။

ဆရာတော်က စစ်တုရင်ကို အခုမှ မြင်ဖူးတာပါ။ ထို့ကြောင့် ပထမပွဲ စ,ကစားတဲ့အခါမှာ ဆရာတော်က ရှုံးပါတယ်။ ဒါပေမယ့် နောက် ဆက်ကစားတဲ့ ပွဲအားလုံး ဆရာတော်ကချည်းပဲ နိုင်ပါတယ်။

နောက်ဆုံးတော့ စစ်တုရင်ချန်ပီယံဟာ ဘယ်လိုမှ နိုင်အောင် မထိုးနိုင်တော့ကြောင်း ဝန်ခံပြီး စစ်တုရင်ထိုးနည်းကို ပေးဖို့ တောင်းပန်လျှောက်ထားပါတယ်။ ဆရာတော်က စစ်တုရင် ကစားတယ်ဆိုတာ အတွက်ပဲ။ အတွက်ကို နားလည် သဘောပေါက်ရင် နိုင်ရမည်သာလို့ အမိန့်ရှိပြီး စစ်တုရင်ထိုးနည်းလက်ာကို ရေးပေးတော်မူတယ်။

## ကွန်ပစ်သောဆရာတော်

တစ်ခါတော့ ဆရာတော်ဟာ လေမိုးသာတာနဲ့ မြစ်ဆိပ်သို့ လမ်းလျှောက် ကြွတော်မူတယ်။ ဒီအချိန်မှာ တံငါတစ်ယောက်က ပိုက်ကွန်ပစ်ပြီး ငါးဖမ်းလျက်ရှိတယ်။ ဒါပေမယ့် အချိန်တွေသာ ကြာသွားတယ်။ ငါးက တစ်ကောင်မှ ပါမလာဘူး။ နောက်ဆုံး တံငါသည်ဟာ စိတ်ပျက်ပြီး အိမ်ပြန်သွားတယ်။ ဆရာတော်ဟာ တံငါသည် ကွန်ပစ်တာကို တစ်ခဏ ရပ်ကြည့်လိုက်တာနဲ့ အကုန် ကျွမ်းကျင်သွားတယ်။ ဒါကြောင့် အနားက ဒကာတစ်ယောက်အား ပိုက်ကွန်တစ်ခု ရှာခိုင်းလိုက်တယ်။

ထိုဒကာ ပြန်ရောက်လာတဲ့အခါ ဆရာတော်က ကွန်ပစ်နည်းကို လက်တွေ့သင်ပေးတယ်။ ပိုက်ကွန်ကို ဒီလိုဖြန့်၊ ဒီလိုကိုင်၊ ရေထဲကို ဒီလိုပစ်ချ စသည်ဖြင့်ပေါ့။ ဒကာဟာ ဆရာတော် သင်ပြတဲ့အတိုင်း ပိုက်ကွန်ကို မြစ်ထဲ ပစ်ချလိုက်တယ်။ ပြန်ဆွဲတင်တဲ့အခါ ငါးကြင်း၊ ငါးသိုင်းစတဲ့ ငါးကြီးငါးကောင်းတွေ ပိုက်ကွန်ထဲမှာ အများကြီးပါလာတယ်။ ဆရာတော်ဟာ လောကီပညာကို မတတ်တာ မရှိဆိုတာကို လက်တွေ့ပြသခြင်း ဖြစ်ပါတယ်။

မိလာတဲ့ ငါးတွေအားလုံး မြစ်ထဲပြန်လွှတ်ခဲ့ပါတယ်။ စစ်ကိုင်းမြို့မှာ ထင်းသည် လင်မယားနှစ်ယောက်ရှိကြတယ်။ သူတို့နှစ်ယောက်ဟာ ညအိပ်တဲ့အခါ ထင်းပုံကို ခေါင်းဆိုက်ပြီး အိပ်လေ့ရှိကြတယ်။ တစ်ည သန်းခေါင်အချိန်မှာ ဝတ်ဖြူစင်ကြယ်ဝတ် လူသူတော်ကောင်းတစ်ယောက် ပေါ်လာပြီး 'အသုခ' ဆိုတဲ့ စကားသုံးခွန်းကို ပြောကာပျောက်သွားတယ်။ စကားသုံးလုံး အဓိပ္ပါယ်ကို သူတို့ လင်မယားနှစ်ယောက် ဘယ်လိုမှ စဉ်းစားလို့မရဘူး ဖြစ်နေကြတယ်။

နီးစပ်ရာ ပညာရှိတွေကို မေးကြည့်တော့လည်း ကျေနပ်လောက်တဲ့အဖြေကို မပေးနိုင်ကြဘူး။ ဒါနဲ့ နောက်ဆုံး နာမည်ကြီးနေတဲ့ ခင်ကြီးပျော်ဆီကို ရောက်လာတယ်။ ဆရာတော်ကတော့ ချက်ချင်းအဓိပ္ပါယ်ပြန်ပေးလိုက်တယ်။

အ - အမ္ဗမူလေ = သရက်ပင်ရင်း၌

သု - သုဝဏ္ဏကုမ္ဘံ = ရွှေအိုးကို

ခံ - ခဏာဟိ = တူးယူလော့ - တဲ့။

ဒ့ါကြောင့် ဒကာရဲ့ အိမ်ဝိုင်းထဲက သရက်ပင် ခြေရင်းမှာတူး၊ ရွှေအိုး ရလိမ့်မယ်လို့ ပြောလိုက်သတဲ့။ ဒကာလည်း တစ်ချက်တော့ တွန့်သွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့အိမ်ဝိုင်းထဲမှာ သရက်ပင်မရှိတာ သူသိနေလို့ပေ့ါ။ ဒါနဲ့ ဒီတစ်ခါလည်း အဟောလွဲပြန်ပြီထင်တယ်လို့ စိတ်ပျက်သွားတယ်။ အိမ်ရောက်တော့ မရှာဘဲနဲ့ကို သရက်ပင်တစ်ပင်ကို သွားတွေ့တယ်။

သူ ပြန်ရောက်လာတဲ့အချိန်မှာ ဇနီးဖြစ်သူက ထင်းပုံကြီးကိုရောင်းပစ်လိုက်တဲ့အတွက် ပြောင်ရှင်းသွားတယ်။ အဲဒီ ထင်းပုံကြီး

အောက်မှာ ရောက်နေတဲ့ သရက်စေ့က အပင်သေးသေးလေး ထွက်နေတာကို တွေ့ကြရတာပဲ။ အဲဒီ သရက်ပင်လေးအောက်က မြေကိုတူးလိုက်တဲ့အခါ ရွှေအိုးတစ်အိုးကို ရသွားတယ်။ အထဲမှာ ရွှေသုံးပိဿာလောက်ပါတယ်။ ထင်းသည် လင်မယားလည်း သူဌေးဖြစ်သွားတာပေါ့။

ဆရာတော်ဟာ အခုလို မသိတာ မရှိလောက်အောင် ဉာဏ်ပညာကြီးမားရခြင်းဟာ အတိတ်ဘဝတစ်ခုက အသိပညာလို့ ခေါ်တဲ့ ဓမ္မအလှူကို လှူခဲ့ရတဲ့အတွက်ကြောင့်ပဲ။ ဆရာတော်က ဘဝတစ်ခုတုန်းက ရဟန်းတစ်ပါး ဖြစ်ခဲ့ဖူးသတဲ့။ အဲဒီဘဝတုန်းက ကျောင်းသားတွေ၊ ကိုရင်တွေကို သင်ပုန်းကြီးတို့၊ ပရိတ်ကြီးတို့ကို စေတနာအပြည့်နဲ့ သင်ပေးခဲ့တယ်။

အဲဒီ ကုသိုလ်ကြောင့် ဒီဘဝမှာ မသိတာ မရှိအောင် ဉာဏ်ကောင်းတာ။ ချိုမာလွင်ဟာ ဆရာတော်ကိုပင့်ပြီး တရားပွဲလုပ်တာဖြစ်တဲ့အတွက် ဉာဏ်ပညာအလှူကို လှူပြီးသားဖြစ်ပြီလို့ တွေးပြီး ဝမ်းသာစမ်းပါ။”

(မှတ်ချက်)

**ဆရာတော်ပြုစုခဲ့သော ဓာတ်ကျမ်း (၁၇)ကျမ်း**

| | |
|---|---|
| (၁) လောကီကျမ်း | (၂) အာဒိကပ္ပကျမ်း |
| (၃) ဒွါဒရာသီကျမ်း | (၄) ဓာတုဗေဒကျမ်း |
| (၅) ဓာတုဝိဘာဂကျမ်း | (၆) နေမိတ္တကကျမ်း |
| (၇) နရတန်ဆောင်ကျမ်း | (၈) နရမာလာကျမ်း |
| (၉) လက္ခဏ သင်္ဂြိုဟ်ကျမ်း | (၁၀) နရသုခိကျမ်း |
| (၁၁) ဝေနေယျသုခကျမ်း | (၁၂) မဟာနရီကွန်ချာကျမ်း |

(၁၃) ပဋ္ဌိစ္စသမုပ္ပါဒ်ခါတ်ကျမ်း (၁၄) ဓါတုသင်္ဂဟကျမ်း
(၁၅) ဓါတုဒီပနီကျမ်း (၁၆) အရသာကျမ်း
(၁၇) အင်္ဂဝိဇ္ဇာကျမ်း

## ဆေးကျမ်း (၁၅)ကျမ်း

(၁) ကဝေသာရကျမ်း (၂) လက္ခဏာဒီပကျမ်း
(၃) ဆနဝုတိကျမ်း (၄) ဓါန္တန္တြီကျမ်း
(၅) မဏိဇောတိရသ်ကျမ်း (၆) ပရမီသွာကျမ်း
(၇) စူဠဇောတိရသ်ကျမ်း (၈) ဘေသဇ္ဇကျမ်း
(၉) ဇမ္ဗူကျောက်သရေကျမ်း (၁၀) သာသနာသိုက်ကျမ်း
(၁၁) သဗ္ဗသာရနရကျမ်း (၁၂) ယောမနကျမ်း
(၁၃) ပဥ္စာပုဒ်ကျမ်း (၁၄) သြဠာရိက သုခုမခါတ်ကျမ်း
(၁၅) သဗ္ဗမဥ္ဇရီဆေးကျမ်း

## ပိဋကတ်ဆိုင်ရာကျမ်းများ

(၁) ဂဏိပဗ္ဗ သမ္ဗန္ဓဆက္က သံဝဏ္ဏနာကျမ်း
(၂) ပုဒ်စစ်၊ သဒ္ဒါစစ်၊ သံဝဏ္ဏနာနည်းလေးဆယ်ကျမ်း
(၃) သုတ္တမာလာ၊ ဝုတ္တိမာလာကျမ်း
(၄) သဒ္ဒါငယ် ကစ္စာယန သာရအရကောက်ကျမ်း
(၅) ဉာသ်ကောက်ကျမ်း
(၆) နေတ္တိဟာရအရကောက်ကျမ်း
(၇) ဝီထိလက်ရိုးကျမ်း

(၈) အဘိဓမ္မ ဂမ္ဘီရတ္ထဒေသနာကောက်ကျမ်း
(၉) သဒ္ဒဗျူဟာကျမ်း
(၁၀) မြန်မာသဒ္ဒါပဟောမှတ်စု (မြန်မာဝစ္စဝါစက)

**လူပုဂ္ဂိုလ်များအတွက်ရေးသောကျမ်းများ**
(၁) ကပ္ပါလင်္ကာရကျမ်း
(၂) သုတဝဏ္ဏနာဘုရားရှိခိုး
(၃) ကပ္ပဝဏ္ဏနာကျမ်း
(၄) လက်ရိုးပေဒင်ဋီကာ

ကိုရင်ဉာဏ ငယ်စဉ်က အလွန်အစားကြီး၏။ ရလာသောဆွမ်းသပိတ်တစ်လုံးကို ကုန်အောင်စားသည် ဟူ၏။ ထို့ကြောင့် ပထမကျော်အောင်စံထားဆရာတော်ကြီးက ယခုလို ခေါ်ယူ၍ ဆုံးမတော်မူသည်။

"ငါ့ရှင် . . . ဉာဏ၊ ငါ့ရှင်သည်ကား ပညာဉာဏ်အရာ၌ သူတကာထက် သာလွန်ထူးကဲလှပေ၏။ အံ့ဖွယ်ရှိလှပေ၏။ သို့တစေ ငါ့ရှင်ကား ပညာရှိ သတိဖြစ်ခဲဟူသည်နှင့်အညီ ဆွမ်းဘုဉ်းပေးရာတွင် လွန်ကျူးလှပေ၏။ သို့ မဖြစ်စကောင်းချေ။ သို့အတွက်ကြောင့်ပင် ငါ့ရှင်သည် အသက်လေးဆယ်အရွယ်အထိ နေရလိမ့်မည် မဟုတ်။"

ဆရာတော်ကြီး မိန့်တော်မူသည့်အတိုင်းပင် အရှင်ဉာဏသည် ၁၁၂၄ ခုနှစ်၊ သက်တော် (၃၈)နှစ်အဝင်တွင် လေနာရောဂါဖြင့် ပျံလွန်တော်မူခဲ့သည်။ ဘုရားရှင်က ဓမ္မပဒတွင် အစားကြီးသူများသည် ရောဂါများသည်၊ အရွယ်ကျသည်၊ အသက်တိုသည်။ အစားကို ပုံမှန်မျှတ

အောင် မှီဝဲသူများသည် ရောဂါနည်းသည်၊ အရွယ်တင်သည်၊ အသက်ရှည်သည်ဟု ဟောကြားတော်မူထားသည်။

*(ရွှေမင်းဝန်ဦးဘုန်းမြင့်ရေး - တောင်တွင်းကြီးဆရာတော်ခင်ကြီးပျော် လောကီလောကုတ္တရာ အမေးအဖြေကျမ်းမှ)*

## အကောင်းဆုံးဆွမ်းနှင့် အဟောင်းဆုံးသင်္ကန်း

"ဆဌမမြောက် ဝမ်းသာစရာ အချက်ကတော့ - သံဃာခုနစ်ပါးကို သင်္ကန်းနှင့်ဆွမ်း လှူဒါန်းခွင့်ရတာပဲ။ များသောအားဖြင့် ဒကာ၊ ဒကာမအများစုဟာ ဆွမ်းကိုတော့ အကောင်းဆုံးဖြစ်အောင် စီမံလှူဒါန်းတတ်ကြပေမယ့် သင်္ကန်းကိုတော့ ဖြစ်သလို လေးငါးခြောက်ထောင်တန်သင်္ကန်းကို ဝယ်လှူကြတာက များပါတယ်။ လေးငါးခြောက်ထောင်တန် သင်္ကန်းဆိုတာ အဟောင်းတွေပဲ များပါတယ်"

"ချိုမာလွင်ကတော့ ဆွမ်းရော၊ သင်္ကန်းရော အကောင်းဆုံးတွေကို ဝယ်လှူခဲ့တယ်။ သင်္ကန်းဆိုရင် တစ်စုံကို သုံးသောင်းလောက်ပေးရတာဆိုတော့ အကောင်းဆုံးပါပဲ။ ဆွမ်းလှူရင် ဘဝအဆက်ဆက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ ဉာဏ်ပညာကြီးမားခြင်းဆိုတဲ့ ကောင်းကျိုးတွေကို ဆုမတောင်းဘဲနဲ့ ရတယ်။ ဗုဒ္ဓလက်ထက်က ဥပ္ပလဝဏ်ထေရီ ရဟန္တာမကြီးဟာ သင်္ကန်းလှူခဲ့တဲ့ ကုသိုလ်ကြောင့် ယောကျ်ားတွေ ရှူးလောက်အောင် လှပတဲ့ ဥမ္မာဒန္တီဆိုတဲ့ အမျိုးသမီးဘဝကို ရောက်ခဲ့ရတယ်"

"ဒါ့အပြင် ဒီဘုရားသာသနာကျတော့လည်း ရဟန္တာမကြီးလာဖြစ်ပါတယ်။ သတ္တမမြောက် ဝမ်းသာစရာအချက်ကတော့ သရဏဂုံနဲ့ သီလဆောက်တည်ရင်း ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးသားဖြစ်သွားတာပဲ။

နမောတဿ,ဟာ အကောင်းဆုံး၊ အတိုဆုံး၊ အနှစ်သာရအပြည့်စုံဆုံး ဘုရားရှိခိုးပဲ။ အမည်သုံးမျိုးရတဲ့ ဘုရားရှိခိုးလို့ခေါ်တယ်။ သိကြားမင်းကိုယ်တိုင် ဘုရားထံလာတိုင်း ဒီနမောတဿနဲ့ ရှိခိုးလေ့ရှိတဲ့အတွက် 'သိကြားမင်းရဲ့ဘုရားရှိခိုး' လို့ ခေါ်တယ်။

နောက်တစ်ဖန် အရိယာဖြစ်သွားကြတဲ့ သူတော်ကောင်းကြီးတွေဟာ ဘုရားရှင်ကို သတိရတိုင်း ဘုရားရှိရာ လက်အုပ်ချီပြီး ဒီနမောတဿနဲ့ပဲ ရှိခိုးလေ့ရှိတဲ့အတွက် 'အရိယာဘုရားရှိခိုး' လို့လည်း ခေါ်တယ်။ နောက်တစ်ဖန် ဒီနမောတဿဘုရားရှိခိုးထဲမှာ ဘဂဝါဂုဏ်တော်၊ အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ရယ်လို့ ဂုဏ်တော်သုံးပါးပါတဲ့အတွက်ကြောင့် 'ဂုဏ်တော်သုံးပါးဘုရားရှိခိုး' လို့လည်း ခေါ်တယ်။"

"ဗုဒ္ဓလက်ထက်က သုဘူတိလို့ခေါ်တဲ့ ရဟန္တာတစ်ပါး ပေါ်ထွန်းခဲ့တယ်။ သူဟာ တစ်ခုသော ဘဝတုန်းက ဂုဏ်တော်ပွားခဲ့တယ်။ အဲဒီကုသိုလ်ကြောင့် နတ်ပြည်မှာ နတ်သားဘဝနဲ့ အကြိမ်သုံးသောင်း နတ်စည်းစိမ် ခံစားရတယ်။ သိကြားမင်းဘဝ အကြိမ်ရှစ်ဆယ်ဖြစ်ခဲ့ရတယ်။ စကြာမင်းဘဝ အကြိမ်ပေါင်းတစ်ထောင် ဖြစ်ခဲ့ရတယ်။ ရိုးရိုးဧကရာဇ်ဘုရင်ဘဝ အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့ရတယ်။ ကမ္ဘာနဲ့ချီပြီး အပါယ်တံခါးပိတ်ခဲ့တယ်။ ဖြစ်ရာဘဝ စည်းစိမ်တွေဟာ တိုးတက်လာတယ်၊ မလျော့ဘူး။"

"အခု နောက်ဆုံးဘဝမှာလည်း ဘုရားရှင်ပြီးရင် အဘိညာဉ်ဝင်စားတဲ့နေရာမှာ အပြစ်ကင်းစွာ နေတဲ့နေရာမှာ အတော်ဆုံးဆိုတဲ့ ဘွဲ့ထူးကြီးရပြီး ပရိနိဗ္ဗာန်ဝင်စံခဲ့ရတဲ့ ကောင်းကျိုးတွေဟာ ဘဝတစ်ခုက ဂုဏ်တော်ပွားခဲ့တဲ့ ကုသိုလ်ကြောင့်ပါပဲ။ အခု သီလဆောက်တည်ပြီး သွားတာနဲ့ ဒီဂုဏ်တော်သုံးပါးကို ချိုမာလွင်က သုံးကြိမ်တောင်ရွတ်ဆို ပွားများပြီးသွားပါပြီ။ ခုထက် များများပွားရင် ကောင်းကျိုးတွေ များများ ရမှာပေါ့"

"သီလယူတဲ့ အချိန်တိုလေးအတွင်းမှာ ဂုဏ်တော်ပွားတဲ့ကုသိုလ်ပါ တစ်ခါတည်း ရသွားစေချင်တဲ့အတွက် ရှေးဆရာတော်ကြီးများက သီလပေးတဲ့ အစီအစဉ်ထဲမှာ ဒီနမောတဿဘုရားရှိခိုးကို တမင်ထည့်ပေးထားတာပါ။ ဒကာ၊ ဒကာမတွေအပေါ်မှာ မေတ္တာထားပြီး အမြင်ကျယ်လှတဲ့ ဆရာတော်ကြီးတွေကို ကျေးဇူးတင်စရာကောင်းလှပါတယ်။ စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့၊ ရက်၊ လ၊ နှစ် ဒီအချိန်တိုလေးတွေ ပေါင်းစုထားတာကို အသက်လို့ ခေါ်တာပါ။ ဒါ့ကြောင့် အချိန်ဆိုတာ အသက်၊ အသက်ဆိုတာ အချိန်ပါပဲ"

"လူသား အများစု တန်ဖိုးအထားဆုံး အရာဟာ အသက်ပါ။ အသက် မသေဖို့အတွက်ဆိုရင် ရှိသမျှ စည်းစိမ်ဥစ္စာတွေလည်း အကုန်ခံနိုင်ပါတယ်။ ခြေလက်အင်္ဂါတွေဖြတ်ကုမှ အသက်ရှင်မယ်ဆိုရင်လည်း ဖြတ်ပစ်ရပါတယ်။ ဘာ့ကြောင့်လဲဆိုရင် စည်းစိမ်ဥစ္စာ၊ ခြေလက်အင်္ဂါထက် အသက်ကို ပိုပြီး တန်ဖိုးထားတဲ့အတွက်ကြောင့်ပါပဲ"

# မိမိအသက်ကို ဖြုန်းတီးနေသူများ

“အံ့ဩစရာကောင်းတာက အသက်ကို သိပ်တန်ဖိုးထားတဲ့ လူသားဟာ အချိန်ကျတော့ တန်ဖိုးထားရကောင်းမှန်း မသိဘဲ၊ အလကား ဖြုန်းတီးပစ်နေတဲ့ အချက်ပါပဲ၊ မိမိအသက်ကို တန်ဖိုးထားရင် အချိန်ကို တန်ဖိုးထားရပါမယ်။ အချိန်ကို တန်ဖိုးထားတယ်ဆိုရင် အချိန်မှန်သမျှ ထဲက ကုသိုလ်သော်လည်းကောင်း၊ ဥစ္စာသော်လည်းကောင်း၊ ပညာ သော်လည်းကောင်း တစ်မျိုးမျိုးကို အမြဲတမ်းရအောင် ယူတတ်ရပါမယ်။

အချိန်တိုင်း မိမိကိုယ်ကို မေးပါ။ အခုအချိန်မှာ ငါ ဘာရနေ သလဲ။ ကုသိုလ်လား၊ ဥစ္စာလား၊ ပညာလားပေါ့။ ဒီသုံးခု တစ်ခုမှ ရမနေ ဘူးဆိုရင် အဲဒါ အချိန်ကိုဖြုန်းတာပဲ။ အချိန်ကို ဖြုန်းတယ်ဆိုတာ မိမိ လူ့ဘဝနေရမယ့် အသက်တွေကို ဖြုန်းပစ်ရာရောက်တယ် ဆိုတာကို လူသားတိုင်း သတိထားသင့်တယ်။”

“ဘုရားဂုဏ်တော်ပွားတယ်ဆိုတာ စိပ်ပုတီးကြီးပါမှ၊ ဘုရား ရုပ်ပွားရှေ့မှာ ထိုင်နိုင်မှ ပွားရမယ်လို့ မဆိုလိုပါဘူး။ အချိန်ရရင်လည်း အဲဒီလိုပွားပေါ့။ အဲဒီလို အချိန်ရတယ်ဆိုတာက တစ်ထောင်မှာ တစ် ယောက်လောက်ပဲ ရှိမှာပါ။ အဲဒီလို အချိန်မရတဲ့သူတွေက သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း၊ ချက်ရင်း၊ ပြုတ်ရင်း၊ ရောင်းရင်း၊ ဝယ် ရင်းနဲ့ စိတ်ထဲကနေ နမောတဿလေး ရွတ်နေမယ်ဆိုရင် ဒါ အချိန် ထဲက ကုသိုလ်တွေ ထုတ်ယူနေတာပါပဲ”

“ဒီလို စိတ်ထဲက ရွတ်တဲ့အခါ နမောတဿရဲ့ မြန်မာပြန် လေးကို သိထားရင် ကောင်းကျိုးတွေ ပိုရနိုင်တယ်။ ဒ့ါကြောင့် နမော

တသရဲ့ မြန်မာပြန်လေး လိုက်ဆိုပါ”

**လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို ရှိခိုးပါ၏။**

အဋ္ဌမမြောက် ဝမ်းသာစရာအချက်က သရဏဂုံသုံးပါးကို ရွတ်ဆို ဆောက်တည်လိုက်ရတာပဲ။ ‘ဝိမာနဝတ္ထု အဋ္ဌကထာ’ မှာ ဘာသာခြား လူငယ်တစ်ယောက်ဟာ သေခါနီးကပ်ပြီးတော့ ဆောက်တည်တဲ့ သရဏဂုံကြောင့် အပါယ်တံခါးပိတ်ပြီး နတ်ပြည်ရောက်သွားဖူးတယ်။ သူဟာ အိန္ဒိယနိုင်ငံ၊ သေတဗျမြို့ကပဲ။ ဗြဟ္မဏဘာသာဝင်ပေ့ါ။ ရတနာသုံးပါးကို မကိုးကွယ်ဘူး။ ခုခေတ်လို ပြောရရင်တော့ ဟိန္ဒူဘာသာဝင်လို့ ပြောရမှာပေ့ါ။ သူ့နာမည်ကို ‘မောင်ဆတ္တ’ လို့ ခေါ်တယ်။

တစ်ရက် သူဟာ ဆရာကန်တော့ရအောင် ငွေတစ်ထောင်ယူပြီး တောလမ်းတစ်ခုက လာခဲ့တယ်။ သူဖြတ်သွားမယ့် တောအုပ်ထဲမှာ ခိုးသားဓားပြငါးရာက အဆိပ်လူးမြားတွေနဲ့ အသင့်ပြင်ပြီး စောင့်နေကြတယ်။ သူကတော့ မသိရှာဘူး။ ဘယ်သူက သိသလဲဆိုတော့ ဘုရားရှင်က သိတယ်။ ဘယ်လောက်ထိ သိလဲဆိုတော့ မောင်ဆတ္တဟာ အတိတ်ဘဝက သူတစ်ပါးကို သတ်ဖြတ်ခဲ့တဲ့ ကံရှိတယ်။

ဒါ့ကြောင့် ဒီဘဝမှာ သူတစ်ပါးသတ်လို့ သေရမယ်။ ဘယ်သူမှ ကယ်လို့ မရနိုင်ဘူး။ နောက်တစ်ခါ သူ့မှာအားကိုးရမယ့် ဘုရား၊ တရား၊ သံဃာလည်းမရှိဘူး။ သေရင်အပါယ်ကျလိမ့်မယ်။ ဒါကိုလည်းသိတယ်။ နောက်ဆက်သိတာက မောင်ဆတ္တဟာ အခုလောလောဆယ် ဘာသာခြား ဖြစ်နေသော်လည်း ပါရမီ အနည်းငယ် ရှိတယ်။ ငါဘုရားထံမှာ

သရဏဂုံသုံးပါး ဆောက်တည်ပြီးမှ၊ ဗုဒ္ဓဘာသာဖြစ်ပြီးမှ သေရင်တော့ နတ်ပြည်ကို ရောက်လိမ့်မယ်။ ဒီအထိ ဗုဒ္ဓက သိမြင်တော်မူတယ်။ ဒါ့ကြောင့် တောအုပ်မရောက်ခင် ခပ်လှမ်းလှမ်း တစ်နေရာကနေ မောင်ဆတ္တကို စောင့်ကြိုပြီး သရဏဂုံတည်တဲ့ ကောင်းကျိုးတွေ ဟောပြလိုက်တော့ မောင်ဆတ္တဟာ ရတနာသုံးပါးကို ကြည်ညိုသွားပြီး ဗုဒ္ဓဘာသာအဖြစ် ခံယူလိုက်တယ်။ ဗုဒ္ဓဘာသာအဖြစ် ခံယူလိုက်တယ် ဆိုတာ သရဏဂုံသုံးပါး ဆောက်တည်လိုက်တာပါပဲ။ သရဏဂုံ ဆောက်တည်ပေးပြီးတာနဲ့ ဗုဒ္ဓလည်း ပြန်ကြွသွားတယ်။ မောင်ဆတ္တလည်း ခိုးသားတွေရှိရာ တောအုပ်ထဲသို့ ဝင်သွားတယ်။

တောအုပ်ထဲရောက်တော့ ခိုးသားတွေပစ်တဲ့မြားထိပြီး ကွယ်လွန်ရှာပါတယ်။ ဒါပေမယ့်လို့ သေခါနီးဆောက်တည်ခဲ့တဲ့ တစ်ခဏတာ သရဏဂုံကုသိုလ်ကြောင့် လူသက်နဲ့ဆိုရင် သုံးကုဋေနဲ့ အနှစ်ခြောက်သန်း အသက်ရှည်တဲ့ တာဝတိံသာနတ်ပြည်ကို ရောက်ခဲ့တယ်။ ဒါဟာ တစ်ခဏတာတည်တဲ့ သရဏဂုံရဲ့ ကောင်းကျိုးပါ။

တစ်ခဏတာ သရဏဂုံတည်တာတောင် ဒီလောက် ကောင်းကျိုးတွေရရင် တစ်ဘဝတာတည်တဲ့ သရဏဂုံဆိုရင် ကောင်းကျိုးတွေ ဘယ်လောက်ထိ ရနိုင်တယ်ဆိုတာ ချိုမာလွင်တို့ စဉ်းစားကြည့်ပေါ့။ အပါဒါန်ပါဠိတော်မှာ တစ်ဘဝတာ သရဏဂုံတည်တဲ့အတွက် ကောင်းကျိုးများစွာရပြီး ခုနစ်နှစ်သားနဲ့ ရဟန္တာဖြစ်သွားတဲ့ ရဟန္တာတစ်ပါးရှိခဲ့တယ်။ သူဟာ လွန်ခဲ့တဲ့ (၉၁)ကမ္ဘာက ပွင့်တော်မူတဲ့ အနောမဒဿီမြတ်စွာဘုရား လက်ထက်အခါတုန်းက စန္ဒဝတီနေပြည်တော်မှာ မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးခဲ့တဲ့ သားလိမ္မာတစ်ယောက် ဖြစ်ခဲ့တယ်။

# တစ်ဘဝတာ သရဏဂုံ၏ ကောင်းကျိုး

အဲဒီဘဝတုန်းက တစ်ဘဝလုံး သရဏဂုံတည်ခဲ့တယ်။ ဘုရား၊ တရား၊ သံဃာမှတစ်ပါး ဘာကိုမှ မကိုးကွယ်ဘူး။ အဲဒီ တစ်ဘဝတာ သရဏဂုံတည်တဲ့ ကုသိုလ်ကြောင့် (၉၁)ကမ္ဘာ အပါယ်တံခါးပိတ်တယ်။ အကြိမ် (၈၀) သိကြားမင်းဖြစ်တယ်။ (၇၅) ကြိမ် စကြာမင်းဖြစ်တယ်။ ရိုးရိုးဧကရာဇ်ဘုရင်ဘဝ အကြိမ်ပေါင်းများစွာဖြစ်တယ်။

ဒီဘုရားသာသနာကျတော့ အိန္ဒိယနိုင်ငံမှာ သူဌေးသား လာဖြစ်တယ်။ သူ ခုနစ်နှစ်သားအရွယ်မှာ ရဟန်းတစ်ပါး ဆောက်တည်ပေးတဲ့ သရဏဂုံကို လိုက်ဆိုရင်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီး ရဟန္တာဖြစ်သွားတယ်။ သူ့ဘွဲ့ကို သရဏဂုံအဆုံးမှာ ရဟန္တာဖြစ်ခဲ့လို့ 'တိသရဏဂမနိယမထေရ်' လို့ ခေါ်တယ်။"

"ဒါက အကျိုးရင်းပေါ့။ သရဏဂုံတည်သူဟာ အကျိုးဆက်အနေနဲ့ ဘယ်ဘုံဘဝရောက်ရောက် တစ်ခြားသူများထက် ကောင်းကျိုးရှစ်မျိုးကို ရတယ်။ အဲဒီ ကောင်းကျိုးတွေကတော့ အပူဇော်ခံရတယ်၊ ဉာဏ်ကောင်းတယ်၊ မိမိအလိုသို့ အများက လိုက်ရတယ်၊ အားလုံးက နှစ်သက်တယ်၊ အားလုံးက ချစ်ခင်တယ်၊ ရွှေအဆင်းလို လှပတယ်၊ ကျော်ဇော ထင်ရှားတယ်၊ စီးပွားဥစ္စာ ပေါများချမ်းသာတယ်။ ဒီနေ့ဟာ ဒီကောင်းကျိုးတွေရအောင် ဆည်းပူးတဲ့နေ့မို့လို့ ချိုမာလွင်က ဝမ်းသာစရာ အကောင်းဆုံးနေ့လို့ မှတ်ရမယ်။"

"နဝမမြောက် စိတ်ချမ်းသာစရာ အချက်ကတော့ ငါးပါးသီလ ဆောက်တည်ခွင့်ရတာပဲ။ သောတာပန်တွေ အပါယ်တံခါးပိတ်တာဟာ

ငါးပါးသီလ လုံလို့ပဲ။ ဝိပဿနာစကားနဲ့ပြောရင် ကမ္မဝဋ်ချုပ်လို့ ဝိပါက ဝဋ်ချုပ်ရတဲ့ သဘောပါ။ ပုထုဇဉ် ဖြစ်သော်လည်း ငါးပါးသီလ လုံရင် အပါယ်တံခါး ပိတ်တာပါပဲ။ ဒီနေ့ဟာ ငါးပါးသီလကုသိုလ်ကြီးကိုလည်း အရယူတဲ့နေ့ပါ။ ဒါ့ကြောင့် ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာ ကိုးခု ထဲက တစ်ခုခုကိုတွေးပြီး ကုသိုလ်တွေအရယူပါ။”

“အကုသိုလ် ဖြစ်စရာ၊ စိတ်ဆင်းရဲစရာ တစ်ခုလေးကိုချည်း တွေးပြီး အကုသိုလ်ဖြစ်မနေပါနဲ့၊ စိတ်ဆင်းရဲမနေပါနဲ့။ ဘုရားလောင်း သုဝဏ္ဏသာမ,ဟာ မျက်စိကွယ်သွားတဲ့ အဖေနဲ့အမေကို ကြည့်ပြီး ဝမ်း သာအားရ ရယ်ဖူးတယ်။ မိဘမျက်စိကွယ်တာ ဝမ်းသာစရာလားလို့ မေးလာရင် ဝမ်းသာစရာကို ရှာတွေ့လို့ ရယ်တာလို့ပဲ ဖြေရမှာပါ။ သုဝဏ္ဏသာမ,က မိဘနှစ်ပါးကို လုပ်ကျွေးချင်တယ်။ မိဘနှစ်ပါးက လက် မခံဘူး။ ငါတို့ငယ်သေးတယ်၊ ငါတို့ကြီးမှ မင်းကလုပ်ကျွေး။ အခုအချိန် မှာ မိဘဖြစ်တဲ့ တို့က မင်းကို လုပ်ကိုင်ရှာဖွေကျွေးဦးမယ်တဲ့။”

## မိဘမျက်စိကွယ်တာ ဝမ်းသာစရာ

“မိဘနှစ်ပါး မျက်စိကွယ်သွားပြီဆိုတော့ သားဖြစ်တဲ့ သုဝဏ္ဏ သာမက တစ်သက်လုံး ပြုစုလုပ်ကျွေးခွင့်ရသွားပြီ။ အဲဒီအချက်ကို မြင် အောင် ကြည့်နိုင်ခဲ့လို့ ဝမ်းသာတာပါ။ ဒါ့ကြောင့် ကြည့်တတ်မယ်ဆိုရင် မိဘ မျက်စိကွယ်တာတောင် ကိုယ့်အတွက် ကုသိုလ်ဖြစ်စရာ၊ ဝမ်းသာ စရာ ဖြစ်ရပါတယ်။ ကဲ . . . ရေစက်ချ အမျှဝေကြပါစို့။”

ဒဿနပါသော ပုံပြင်လေးတစ်ပုဒ် ဖတ်ဖူးသည်။ ငါးဖမ်းပြီး အသက်မွေးရသော တံငါသည် မိတ်ဆွေနှစ်ယောက်ရှိသည်။ တစ်ယောက်က လုပ်ငန်း အဆင်ပြေသည်။ ကျန်တစ်ယောက်က အဆင်မပြေ။ တစ်ခုသော ဥပုသ်နေ့တွင် အဆင်ပြေသော တံငါသည်,သည် ဥပုသ်သွားစောင့်သည်။ အဆင်မပြေသော တံငါသည်,သည်ကား ငါးကိုသာ ဆက်ဖမ်းနေရသည်။

သို့သော် ဥပုသ်စောင့်သော တံငါသည်,သည် ခန္ဓာကိုယ်ကသာ ဘုန်းကြီးကျောင်း ရောက်နေသည်။ သူ့ စိတ်ကား ငါးဖမ်းသော အလုပ်ဆီ ပြန်ရောက်နေသည်။ ငါ ဥပုသ်လာစောင့်တာ မှားပြီ၊ ဒီနေ့အတွက်ရတဲ့ ငါးတွေ ငါမရတော့ဘူး။ ဟိုကောင် တစ်ယောက်တည်း ရတော့မှာ စသည်ဖြင့် တွေးပြီး အကုသိုလ်စိတ်တွေသာ ဝင်နေသည်။

ကျန်ခဲ့သော တံငါသည်,သည်ကား ဝမ်းရေး မပြည့်စုံ၍သာ ငါးဖမ်းနေရသည်။ စိတ်က ဘုန်းကြီးကျောင်း ရောက်နေသည်။ ခုချိန်ဆိုရင် ငါ့မိတ်ဆွေ သီလယူနေလောက်ပြီ။ ခုချိန်ဆိုရင် ငါ့မိတ်ဆွေ တရားနာနေလောက်ပြီ စသည်ဖြင့် တွေးကာ ဘုရား၊ တရား၊ သံဃာ အကြောင်းတွေးပြီး ငါးဖမ်းရင်း ကုသိုလ်တွေသာ ဖြစ်နေသည်။

# ဝေမာလွင် ငါးဖမ်းနေသည်

ထိုနေ့မှာပင် သူတို့နှစ်ယောက် ဆုံးပါးကြရာ ဥပုသ်စောင့်သော တံငါသည်,သည် အပါယ်သို့ကျရပြီး ငါးဖမ်းနေသော တံငါသည်သည် နတ်ပြည်သို့ ရောက်ခဲ့ရသည်ဟု ဆိုသည်။ ထိုပုံပြင်လေးနှင့် ဟတ်ကြည့်လိုက်လျှင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့မှ အသက်နှစ်ဆယ်ကျော် မိန်းမငယ်လေးတစ်ဦးဖြစ်သော ဝေမာလွင်သည် ဝမ်းရေးအခက်အခဲကြောင့် ဥပုသ်မစောင့်နိုင်ဘဲ ငါးဖမ်းနေရသည့် တံငါသည်နှင့် တူသည်။

မြန်မာပြည်က ဗုဒ္ဓဘာသာဝင်အများစုကား ဥပုသ်သွားစောင့်သော တံငါသည်နှင့် တူသည်။ မြန်မာပြည်တွင် ညတရားပွဲများ နေ့စဉ်ရှိသည်။ တရားစခန်းများ အချိန်တိုင်းရှိသည်။ တရားခွေများ အချိန်မရွေးနာနိုင်သည်။ သို့သော် တရားပွဲများအလယ်တွင် ရောက်နေသော မြန်မာအများစုကား တရားနာဖို့ အချိန်မရကြပေ။ အပျော်အပါး၊ အမော်အကြွားအတွက် အချိန်မလောက်နိုင်အောင် ဖြစ်နေကြသည်။

ငွေကို ရေလိုသုံးနေသော အရာရှိတစ်ဦး၏ သမီးတစ်ယောက်သည် ထားဝယ်၊ မောင်းမကန်ကမ်းခြေသို့ အပန်းဖြေခရီး ရောက်လာခဲ့သည်။ အလှပြင်ဆိုင် ဝင်ချင်တယ်ဟု တစ်ချက်ပြောလိုက်ရာ ရန်ကုန်မှ အလှပြင်ဆိုင်တစ်ဆိုင်ကို ချက်ချင်း လေယာဉ်ဖြင့် တင်ယူလာပြီး သူတစ်ဦးတည်းအတွက် အလှပြင်ဆိုင် ဖွင့်ပေးရသည်။ ထိုအလှပြင်ဆိုင်အရေးပေါ် သယ်ယူစရိတ် သိန်း (၁၅၀)ခန့် ကုန်ကျခဲ့သည်။ နယ်ခံအောက်လက်ငယ်သားများက ထိုကုန်ကျစရိတ်ကို တာဝန်ယူရသည်။

ထိုငွေသည် မူလတန်းကျောင်းဆောင် တစ်ဆောင်ကို ဆောက်လုပ်နိုင်ပေသည်။

ထိုကဲ့သို့ မြန်မာပြည်မှ သူဌေးတို့၏ သားသမီးများ၊ အရာရှိတို့၏ သားသမီး အများစုက တရားပွဲများသို့ စိတ်မရောက်ဘဲ အာရုံငါးပါး၌ ယစ်မူးပျော်ပါးနေချိန်တွင် ဗုဒ္ဓဘာသာတရားပွဲ လုံးဝမရှိသော နယူးယောက်မြို့မှ မိန်းမပျိုလေး ဝေမာလွင်ကား ကျောင်းပညာလည်း သင်နေသည်။ တစ်ပါတ်လျှင်ငါးရက် ကွန်ပျူတာဌာနတွင် အလုပ်လည်း ဝင်လုပ်နေသည်။

ထိုကဲ့သို့ အလုပ်လုပ်နေရင်းပင် စာရေးသူ၏ တရားခွေများကို အမ်ပီဖိုးဖြင့် နာကြားနေသည်။ စာရေးသူဟောသော အပုဒ်ပေါင်း တစ်ရာကျော် နာကြီးပြီးပြီဟု သိရသည်။ အမေရိကန်နိုင်ငံသည် အာရုံငါးပါးနှင့်ပတ်သက်၍ အပေါ်များဆုံးနိုင်ငံ ဖြစ်သည်။ ထိုကဲ့သို့သော နိုင်ငံမှာ ရောက်နေသော မြန်မာမလေးသည် အာရုံငါးပါးနောက်သို့ မလိုက်ဘဲ၊ ဓမ္မနောက်သို့ လိုက်နေသည်မှာ အံ့ဩစရာကောင်းလှသည်။

**တရားမသိသူအတွက် တစ်ယောက်တည်း နေရသော်လည်း လူတစ်ထောင်နှင့် နေရသကဲ့သို့ အကုသိုလ်များလှပါ၏။ တရားသိသူအတွက်ကား လူတစ်ထောင်နှင့် နေရသော်လည်း တစ်ယောက်တည်း နေရသကဲ့သို့ ကုသိုလ်တွေသာ ဖြစ်နေပါ၏။ နတ်ဩဇာသည် ဝမ်းမီးမကောင်းသော သာမာန် ပုဂ္ဂိုလ်များအတွက် အသက်သေစေနိုင်သည့် အဆိပ် ဖြစ်သော်လည်း၊ ဝမ်းမီး ကောင်းသော ဘုရားရှင်အတွက်ကား အလွန်ကောင်းသော အာဟာရသာဖြစ်၏။**

## သိရမည့်အရာနှင့် ပယ်သတ်ရမည့်အရာ

ထို့အတူ တရားခေတ်ခံ မကောင်းသောသူများအတွက် အဆင်း အသံစသော အာရုံများသည် လောဘ ဒေါသစသော ကိလေသာများကို ဖြစ်ပေါ်စေကာ အပါယ်လေးပါးသို့ ဆွဲချသော်လည်း တရားခေတ်ခံရှိသူ များအတွက်ကား ဖြစ်ပျက်ရှုဖို့ ကုန်ကြမ်းများဖြစ်ကာ မဂ်ဖိုလ် နိဗ္ဗာန် သို့ ပို့ပေးတတ်ပါ၏။ တရားမသိသူသည် အာရုံကို အတင်းပယ်နေ၏။ ကိလေသာကို မပယ်။ တရားသိသူကား အာရုံကို မပယ်၊ ကိလေသာကို ပယ်၏။ ကိလေသာ မဖြစ်အောင်နေ၏။

အာရုံသည် ရုပ်တရားဖြစ်သောကြောင့် ဒုက္ခသစ္စာ ဖြစ်၏။ ဒုက္ခသစ္စာမှန်လျှင် မမြဲဟု၊ ဆင်းရဲဟု၊ အစိုးမရဟု သိရုံ (ရှုရုံ)သိရမည့် တရားဖြစ်၏။ ပယ်သတ်ရမည့် တရားမဟုတ်။ ပယ်သတ်၍လည်း မရ ပေ။ ပယ်သတ်ရမည့်တရားကား ထိုအာရုံကို အကြောင်းပြုပြီး ဖြစ်ပေါ် လာမည့် လောဘ၊ ဒေါသစသော ကိလေသာများသာတည်း။ ထူးခြား သော ဥပမာတစ်ခုကို ပြအံ့။ မြန်မာပြည်မှ အချို့သောသူဌေးကြီးများ၊ အချို့သောအရာရှိကြီးများနှင့် သူတို့၏သားသမီးများသည် ဗာရာဏသီ ပြည်မှ ဂန္ဓသူဌေးကြီးနှင့် တူ၏။

သူတို့သည် လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို မသိသော ကြောင့် ရလာသော လူ့ဘဝခန္ဓာကို ကာမဂုဏ်ခံစားဖို့အတွက် အသုံး ချပြီး အပါယ်လေးပါးသို့ သွားရမည့်သူများ ဖြစ်၏။ နယူးယောက်မှာ နေသော ဝေမာလွင်သည်ကား ခုနစ်နှစ်သားနှင့် ရဟန္တာဖြစ်သော သုခ သာမဏေအလောင်း စာရင်းငှါး ဘတ္တဘတိကနှင့် တူ၏။ ဝေမာလွင်

သည် လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို သိသောကြောင့် ရလာသော လူ့ဘဝခန္ဓာကို ကုသိုလ်အားလုံးရဖို့အတွက် အသုံးချပြီး နိဗ္ဗာန်သို့ သွားမည့်သူ ဖြစ်၏။

ဓမ္မပဒတွင် ထမင်းတစ်နပ် စားဖို့အတွက် သုံးနှစ်တိတိ ကျွန်ခံရသော အမျိုးသားတစ်ဦးအကြောင်းကို ဖတ်ရ၏။ သူစားချင်သော ထမင်းတစ်နပ်မှာလည်း ရိုးရိုးထမင်း မဟုတ်။ ထိုခေတ်ကပင် တစ်သိန်းတန်သော ထမင်းမျိုးဖြစ်၏။ ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ သူဌေးကြီးတစ်ဦးတွင် သားတစ်ယောက်ရှိ၏။ ဂန္ဓဟုခေါ်၏။ သူ့ဖခင် ကွယ်လွန်သောအခါ ဘဏ္ဍာစိုးက သူ၏ ဆွေစဉ်မျိုးဆက် ဥစ္စာဘဏ္ဍာများကို စာရင်းဇယားနှင့်တကွ အပ်နှံ၏။

သူ ပိုင်ဆိုင်သော ဘဏ္ဍာတိုက်မှ ရွှေငွေရတနာပစ္စည်း အပုံလိုက်ကြီးကို ကြည့်၍ ဂန္ဓသူဌေးသည် ယခုလို တွေး၏။ ငါ၏ မိဘဘိုးဘွားများကား ညဏ်ပညာ နည်းပါးကြ၏။ မိမိ ရှာထားသော ဥစ္စာပစ္စည်းများကို သည်အတိုင်း ထားခဲ့ကြ၏။ ငါးကား ငါပိုင်သော ပစ္စည်းများကို တစိုးတစိမျှမထားဘဲ အကုန်ယူငင်၍သွားအံ့။ သူသည် ထိုသို့ ကြံစည်ပြီး လပြည့်နေ့တိုင်း မည်သူမျှ မစားနိုင်သည့် တစ်သိန်းတန် ထမင်းကို စားလေ့ရှိ၏။

သူထမင်းစားပွဲ ကျင်းပနေစဉ် လာရောက်ကြည့်ရှုနိုင်ရန် တစ်မြို့လုံးကို စည်တီးပြီး လှည့်လည်ကြေညာစေ၏။ ထမင်းစားခါနီး ရေချိုးရန် တစ်သိန်းတန် ဖန်ရေချိုးအိမ်ကို ဆောက်၏။ တစ်သိန်းတန် ဖန်အင်းပျဉ်ဝယ်ထိုင်ပြီး နံ့သာရေ (၁၆)လုံးတို့ဖြင့် ရေချိုးသည်။ ပြီးလျှင် တစ်သိန်းတန် ထမင်းစားဆောင်ပေါ်သို့ တက်၍ တစ်သိန်းတန် ဖန်

ပလ္လင်၌ ထိုင်သည်။ ပြီးလျှင် တစ်သိန်းတန် ပန်းကန်ခွက်ယောက်များ ထဲသို့ တစ်သိန်းတန် ထမင်းဟင်းတို့ကို ထည့်ပြီး စားသောက်လေ့ ရှိသည်။

## ဥစ္စာယူနည်းနှစ်မျိုး

**မသူတော်သည် သောက်စားသုံးဖြုန်းခြင်းဖြင့် ဥစ္စာစည်းစိမ်ကို မိမိအတွက် အရယူသည်။ သူတော်ကောင်းသည် ဒါနပြုခြင်းဖြင့် ဥစ္စာ စည်းစိမ်ကို မိမိအတွက် အရယူသည်။** ဤဒသနနည်းဖြင့် ကြည့်လျှင် ဂန္ဓသူဌေးသည် သူပိုင်စည်းစိမ်ဥစ္စာများကို မသူတော်နည်းဖြင့် အရယူ နေခြင်းသာ ဖြစ်သည်။ ဗုဒ္ဓသည် အလောင်းတော်ဘဝကတည်းက မိမိ ပိုင်ဥစ္စာစည်းစိမ်ကို သံသရာအထိ အပါယူနည်းကို သင်ပြပေးခဲ့သည်။

အလောင်းတော် သုမေဓာသူဌေးဘဝဖြစ်စဉ်က မိဘဘိုးဘွား များထားခဲ့သော ဥစ္စာစည်းစိမ်များကို သံသရာအထိ အကုန်ယူဆောင် တော့အံ့ဟုတွေးပြီး ဘဏ္ဍာတိုက်တံခါးများကို ဖွင့်လှစ်လိုက်သည်။ ပြီး လျှင် မြို့ထဲသို့ စည်တီးစေသည်။ သုမေဓာသူဌေးပိုင်သော ဥစ္စာရွှေငွေ များကို မည်သူမဆို အလိုရှိသလောက် လာရောက်ယူနိုင်သည်။ ဤကား သူတော်ကောင်းများ၏ ဥစ္စာစည်းစိမ်ကို မိမိအတွက် ယူဆောင်နည်းပင် ဖြစ်၏။

တစ်ခုသော လပြည့်နေ့၌ ဂန္ဓသူဌေး၏ တစ်သိန်းတန် ထမင်း စားပွဲကြီး ကျင်းပရာတွင် လာကြည့်သူ ပရိသတ်များဖြင့် ပြည့်ညပ်နေ သည်။ ထိုပရိသတ်ထဲတွင် ယနေ့မှ မြို့သို့တက်လာပြီး ထင်းရောင်း

သော ဆင်းရဲနုံချာလှသည့် တောသားတစ်ယောက်လည်းပါ၏။ ထိုတော သားသည် ထမင်းဟင်းတို့၏ အနံ့ကိုရသောအခါ မစားရမနေနိုင် ဖြစ် လာ၏။ ထို့ကြောင့် သူ့ကို လိုက်ပို့သော မြို့မှမိတ်ဆွေကို အကူအညီ တောင်း၏။

"သူငယ်ချင်း၊ ငါတော့ ဒီထမင်း တစ်လုတ်တစ်ဆုပ်ကိုမှ မစား ရရင် သေရတော့မယ်။ သူဌေးကြီးထံ ထမင်းတစ်လုတ်တစ်ဆုပ် တောင်း ပေးပါ"

တံတွေးတမျိုမျို ပါးစပ်တပြင်ပြင်ဖြင့် ဖြစ်နေသော တောသား မိတ်ဆွေကိုကြည့်၍ မြို့သားမိတ်ဆွေသည် အတော်သနားသွားရှာ၏။ ထို့ကြောင့် အရဲစွန့်ပြီး သူဌေးကြီးကြားလောက်အောင် လှမ်းအော်လေ တော့သည်။

"သူဌေးကြီး ခင်ဗျာ၊ ကျွန်တော့် မိတ်ဆွေက သူဌေးကြီး ယခု စားနေတဲ့ ထမင်းဟင်းကို တစ်လုပ်တစ်ဆုပ်မှ မစားရရင် အသက်သေ တော့မလောက် ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော့် မိတ်ဆွေအသက် ကို ကယ်သောအားဖြင့် ထမင်းတစ်လုတ်တစ်ဆုပ်ကို စွန့်ကြဲပါခင်ဗျား"

ဆင်းရဲသား၏ ကရုဏာသံဖြင့် တောင်းခံမှုကို သူဌေးကြီးကား အသပြာသံဖြင့် တုံ့ပြန်လိုက်သည်။

# ထမင်းတစ်နပ်အတွက် သုံးနှစ်ကျွန်ခံသူ

"ဤ ထမင်း ဟင်း အားလုံးသည် တစ်သိန်းတန်သောကြောင့် တစ်လုပ်တစ်ဆုပ်ဆိုလျှင်ပင် ငါးရာလည်းဟုတ်သည်။ တစ်ထောင်လည်း ဟုတ်သည်။ ထို့ကြောင့် တောင်းလာသူတိုင်းကို အလကား မကျွေးနိုင်။ ဤ ထမင်းဟင်းမျိုး တစ်နပ်စားချင်လျှင် ငါ၏ထံတွင် သုံးနှစ်ကျွန်ခံရမည်။ အမှုကိစ္စများကို သုံးနှစ်တိတိ မခိုမကပ်လုပ်နိုင်လျှင် သုံးနှစ်ပြည့်သောနေ့တွင် ယခုလို ထမင်းတစ်နပ်ကို ကျွေးမည်။"

တောသားကား ထိုထမင်းတစ်နပ်အတွက် အသက်ပင် အသေခံဖို့ ဝန်မလေးရာ သုံးနှစ်ကျွန်ခံဖို့အတွက် အလွယ်တကူပင် သဘောတူလိုက်လေသည်။ ဥစ္စာအတွက် ကျွန်ခံခြင်း မဟုတ်ဘဲ ထမင်းတစ်လုတ်၊ တစ်နပ်အတွက် ကျွန်ခံသူဖြစ်သောကြောင့် သူ့ကို 'ဘတ္တဘတိက' ဟု ခေါ်ကြသည်။

(ဘတ္တဘတိက = ထမင်းတစ်နပ်အတွက် ကျွန်ခံသူ။)

ဂန္ဓသူဌေးက တောသားကို ထမင်းတစ်ဆုပ်ပင် မကျွေးချင်သည်မှာ နှမြောသောအချက် ပါသလို တောသားက အညတြပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေခြင်းလည်းပါ၏။ တောသားနေရာတွင် ဈာန်အဘိဉာဉ်ရ ပုဂ္ဂိုလ်ထူးတစ်ယောက်သာ ဖြစ်နေမည်ဆိုလျှင် သူစားနေသောထမင်းမှ တစ်ဝက်ခန့်ကိုပင် ပေးလှူဖြစ်လိမ့်မည် ထင်သည်။ ထိုအချိန်မှ စ၍ ယခု အချိန်ထိအောင် ဒါနပြုသူ အများစုသည် ပုဂ္ဂိုလ်ထူးကိုသာ ဦးစားပေးကြ၏။ အညတြများကို ဦးစားမပေးကြပေ။

**အမှန်ကား ပုဂ္ဂိုလ်ထူးကိုသာမက အညတြ ဆင်းရဲသားများကိုလည်း လှူသင့်သည်သာဖြစ်၏။ မိမိ သံသရာကျင်လည်ရသည့်အခါ ပုဂ္ဂိုလ်ထူးအဖြစ်ထက် အညတြဘ၀ဖြင့် ကျင်လည်ရသည်က များမည်သာ ဖြစ်၏။ မိမိ လှူခဲ့စဉ်က ပုဂ္ဂိုလ်ထူးကိုသာ အဓိကထားခဲ့ရာ မိမိ ပုဂ္ဂိုလ်ထူးအဖြစ် ကျင်လည်သောအခါတွင်သာ ထိုကုသိုလ်က အကျိုးပေးမည်ဖြစ်၏။ မိမိ အညတြဘ၀ဖြင့် ကျင်လည်သောအခါတွင်ကား လှူမည့်သူ ရှိမည် မဟုတ်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် မိမိလှူဒါန်းစဉ်က အညတြများ မပါဝင်ခဲ့သောကြောင့်ပင် ဖြစ်၏။**

ဘတ္တဘတိကသည် သုံးနှစ်ပြည့်သည်အထိ ဂန္ဓသူဌေးထံတွင် ကျွန်ခံ၏။ သုံးနှစ် ပြည့်သောအခါ ဂန္ဓသူဌေးကဲ့သို့ပင် တစ်သိန်းတန် ထမင်းပွဲကြီးကိုစားရန် ပြင်ဆင်ပေးထား၏။ နံ့သာရေများချိုးပြီး ထမင်းစားရန် တစ်သိန်းတန်ပလ္လင်ပေါ် ထိုင်လိုက်စဉ်မှာပင် ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဘတ္တဘတိကရှေ့လာပြီး ဆွမ်းရပ်လေ၏။

ဘတ္တဘတိကတွင် သဒ္ဓါလည်းရှိသည်၊ စေတနာလည်းရှိသည်။ ငါ့ကို လှူသည့်အတွက် ကောင်းကျိုးအနန္တရမည်ဟု သိမြင်တော်မူသောကြောင့် ယခုလို ကြွလာခဲ့ခြင်းဖြစ်သည်။ ဘတ္တဘတိကကား ဥစ္စာဆင်းရဲသော်လည်း အတွေးအခေါ်ကား ချမ်းသာသူဖြစ်၏။

"ငါသည် အတိတ်ဘဝက ဒါနကုသိုလ် မရှိခဲ့သောကြောင့် တစ်နပ်စာ ထမင်းအတွက် သုံးနှစ်ကျွန်ခံရခြင်း ဖြစ်သည်။ ဤထမင်းကို ယခု စားသောက်လျှင် ငါ့ကို တစ်ရက်သာ ချမ်းသာအောင် စောင့်ရှောက်မည်။ အကယ်၍ မစားဘဲ မထေရ်မြတ်ကိုလှူခဲ့လျှင်ကား ထိုဒါနကုသိုလ်သည် ငါ့အား ကမ္ဘာပေါင်းများစွာ ချမ်းသာအောင် စောင့်ရှောက်ပေလိမ့်

မည်”ဤသို့တွေးပြီး သုံးနှစ်ကျွန်ခံမှုရသော တစ်နပ်စာထမင်းကို မထေရ်မြတ်အား အကုန်အစင် လောင်းလှူလိုက်လေသည်။ ထို့နောက် ဦးချ၍ ယခုလို ဆုတောင်း၏။

“အရှင်ဘုရား၊ ဤကုသိုလ်ကြောင့် ဖြစ်ရာဘဝတွင် စည်းစိမ်ဥစ္စာများ ပေါများချမ်းသာရပါလို၏။ အရှင်ဘုရားတို့ သိမြင်အပ်သော တရားထူး၊ တရားမြတ်ကိုလည်း သိမြင်ရပါလို၏”

သင်တောင်းသောဆုသည် လျှင်မြန်စွာ ပြည့်ပါစေသတည်းဟု မထေရ်မြတ်က ဆုပေးပြီးလျှင် ဂန္ဓမာဒနတောင်သို့ ပြန်ကြွလေ၏။ ဤလူအပေါင်းသည် ဂန္ဓမာဒနတောင်သို့ ရောက်သည့်တိုင်အောင် ငါ့ကို ကြည့်ရှုလျက် တည်ပါစေသတည်းဟု အဓိဋ္ဌာန်လိုက်သဖြင့် အလှူရှင် ဘတ္တဘတိကနှင့် ပရိသတ်များသည် မထေရ်မြတ် ပြန်ကြွသည့်အတိုင်း အမှတ်သညာဖြင့် မြင်နေကြရ၏။

ဂန္ဓမာဒနတောင်သို့ ရောက်သောအခါ ရှိနှင့်သော ပစ္စေကဗုဒ္ဓါများနှင့်အတူ အပါးငါးရာတို့သည် တစ်သိန်းတန်ဆွမ်းကို အညီအမျှ ဘုန်းပေးကြရပေ၏။ ဘတ္တဘတိက၏ ပြုနိုင်ခဲသောအမှုကို မြင်ရသော ပရိသတ်များ၏ ချီးမွမ်းသံသည် ပွဲတင်ထပ်မျှ မြည်ဟီးသွား၏။ ဂန္ဓသူဌေးကြီးသည် ထိုအကြောင်းကို ကြားသောအခါ ဘတ္တဘတိကကိုခေါ်၍ ယခုလို ပြော၏။

## အောင်မြင်ခြင်း၏ သော့ချက်တစ်ခု

"ဘတ္တာဘတိက၊ ငါသည် စည်းစိမ်ဥစ္စာများစွာ ရှိသော်လည်း တစ်စုံတစ်ခုကိုမှ မလှူဖူးချေ။ သင်၏ ခက်ခဲသောဒါနမျိုးကား အံ့ဖွယ် ရှိပါပေစွ။ အသပြာတစ်ထောင်ယူ၍ ထိုကုသိုလ်အဖို့ကို ငါ့အား အမျှ ပေးပါ"

ဘတ္တာဘတိက,ကလည်း ဝမ်းမြောက်ဝမ်းသာနှင့် အမျှပေး၏။ ဂန္ဓသူဌေးကြီးသည် နှမြောစေးနဲသူဖြစ်သော်လည်း မိမိထက်သာသူကို ချီးမွမ်းနိုင်၏။ မိမိထက် တကယ်သာသူကို တွေ့မြင်ရပါလျက် မချီးမွမ်း နိုင်ခြင်းသည် ဝဏ္ဏမစ္ဆရိယကြောင့် ဖြစ်သည်။

ဝဏ္ဏမစ္ဆရိယဟူသည် သူတစ်ပါး၏ ကောင်းသတင်းကို ဝန်တို ခြင်းပင် ဖြစ်၏။ ထိုဝဏ္ဏမစ္ဆရိယရှိသူများသည် ဖြစ်ရာဘဝ၌ အရုပ်ဆိုး အကျည်းတန်ဖြစ်တတ်၏။ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး အရာဌာန အားလုံး၌ အောင်မြင်မှု မရသူများသည် ကဲ့ရဲ့ပြစ်တင်ဖို့သာ သတိရပြီး ချီးမွမ်းထာမနာပြုဖို့ မေ့လျော့သူများသာ ဖြစ်သည်။

**ကိုယ့်ထက် သာသူအပေါ် ဝမ်းသာလျှင် မုဒိတာဟူသော ကု သိုလ်ဖြစ်သည်။ ကိုယ်အောက် နိမ့်သူအပေါ် သနားလျှင် ကရုဏာဟူ သော ကုသိုလ်ဖြစ်သည်။ ကုသိုလ်ချင်း တူသော်လည်း မြန်မာအများစု သည် ကရုဏာကုသိုလ်ကို ယူတတ်ကြသော်လည်း မုဒိတာကုသိုလ်ကို မယူတတ်ကြပေ။ မုဒိတာ ကုသိုလ်ကို မယူတတ်ခြင်းသည် တွေးခေါ် မြော်မြင်မှုပညာ နည်းပါးခြင်းပင် ဖြစ်၏။**

**သေချာ စဉ်းစားကြည့်လျှင် ကရုဏာကုသိုလ် ဖြစ်ဖို့အတွက် မိမိအိတ်ထဲမှ အနည်းနှင့်အများ ကုန်ရတတ်သေး၏။ မုဒိတာကုသိုလ် အတွက်ကား ဘာမျှ ကုန်စရာမလိုပေ။ ဥစ္စာပစ္စည်း ကုန်ရမှ ရသည့် ကုသိုလ်ကိုသာ ယူတတ်ပြီး၊ ဥစ္စာပစ္စည်း မကုန်ရဘဲ ရသည့် ကုသိုလ်ကို မယူတတ်ခြင်းသည် တွေးခေါ်မြော်မြင်မှုပညာ ချို့တဲ့ခြင်းကြောင့်ပင် ဖြစ်၏။**

ဂန္ဓသူဌေးသည် လေးစားကြည်ညိုလွန်းသောကြောင့် ဘတ္တဘတိက,အား စည်းစိမ်ချမ်းသာ တစ်ဝက်ကို ခွဲ၍ပေးလေသည်။ မင်းကြီးသည်လည်း ထိုသတင်းကို ကြားသောအခါ အသပြာတစ်ထောင်ပေး၍ ကုသိုလ်ကို သာဓုခေါ်ပြီးလျှင် ကြီးကျယ်သော စည်းစိမ်ချမ်းသာကို ချီးမြှင့်၍ သူဌေးကြီးအရာကို ပေးလေသည်။

ထိုသူဌေးဘဝမှ စုတေသောအခါ နတ်ပြည်၌ ကာလရှည်ကြာ စည်းစိမ်ချမ်းသာများကို ခံစားပြီးလျှင် ယခု ဘုရားသာသနာ၌ အရှင်သာရိပုတ္တရာအမျိုး သူဌေးကတော်ဝမ်းတွင် ပဋိသန္ဓေနေသည်။ မွေးဖွားပြီး ခုနစ်နှစ်အရွယ်မှာပင် ရှင်ပြုကာ ထိုအရွယ်မှာပင် ရဟန္တာဖြစ်ခဲ့လေသည်။ ဘွဲ့အမည်မှာ 'သုခသာမဏေ' ဖြစ်သည်။

(ဓမ္မပဒ၊ သုခသာမဏေ ဝတ္ထု)

နယူးယောက်မြို့မှ ဝေမာလွင်သည် ဤဝတ္ထု၌ပါသော ဘတ္တဘတိကနှင့် တူလှသည်။ ဘတ္တဘာတိကသည် ထမင်းတစ်နပ်အတွက် သုံးနှစ်ကျွန်ခံပြီး ရလာသောဆွမ်းကို မစားဘဲ ပစ္စေကဗုဒ္ဓါအား လှူဒါန်းခဲ့သည်။ ဝေမာလွင်သည် မွေးရပ်မြေ မြန်မာပြည်ကို ခွဲခွာကာ အမေရိကန်ပြည်သို့ ခက်ခဲပင်ပန်းစွာ ရောက်အောင်သွားခဲ့ရသည်။

တရုတ်တို့၏ ထုံးစံအတိုင်း သားကို ဦးစားပေးသော်လည်း သမီးကို ဦးစားမပေးသောကြောင့် ဝေမာလွင်သည် ကျောင်းစရိတ်ရရန် ကွန်ပျူတာနှင့် ပတ်သက်သော အလုပ်ကို အချိန်ပိုင်း ဝင်လုပ်ရသည်။ ထိုသို့ အလုပ်လုပ်ပြီး ကျောင်းနေနိုင်ရန်အတွက် မိဘဆွေမျိုးများနှင့် တစ်မြို့စီခွဲပြီးနေရသည်။

ကျောင်းတစ်ဖက်နှင့် လုပ်ရသော အလုပ်မှ ရသည့်ငွေများကို မကုန်သင့်တာ မကုန်အောင် ခြိုးခြံချွေတာ သုံးပြီး တစ်နှစ်ပြည့်တိုင်း မြန်မာပြည်သို့ပြန်ပြီး အလှူလုပ်တတ်သူ ဖြစ်သည်။ သို့သော် အရင် သူလှူခဲ့သော အလှူများက ဉာဏ်မယှဉ်သော အလှူများသာ ဖြစ်ခဲ့၏။ လောကအတွက်၊ သာသနာအတွက် ကျေးဇူးများမည့်နေရာမျိုး၌ ရွေးချယ် လှူဒါန်းရကောင်းမှန်း မသိခဲ့ချေ။

## ရှိလို့မလှူ သိလို့လှူသူ

စာရေးသူ၏ တရားများကို နာရသောအခါတွင်မှ ကျေးဇူးများမည့်နေရာများတွင် လှူရကောင်းမှန်း သိလာသည်။ တစ်ရက်တွင် စာရေးသူထံ စာရေးဆက်သွယ်လာသည်။ သူ၏လုပ်အားခ ချွေးနည်းစာ သိန်း (၁၅၀) ကို တကယ် လိုအပ်သည့် နေရာတွင် လှူချင်ပါသည်။ ဆရာတော်က ညွှန်ကြားပေးပါဟု ဆိုလာသည်။ ဝေမာလွင်က ရှိလို့လှူခြင်း မဟုတ်၊ သိလို့ လှူခြင်းသာ ဖြစ်၏။

ထိုစာကို ဖတ်ပြီးသည်နှင့် မှော်ဘီမြို့တွင် စာရေးသူ တည်ဆောက်နေသော သုံးထပ်ကျောင်း ဓမ္မာရုံကြီးကို မြင်ယောင်လာသည်။

ဆောက်နေသည်မှာ နှစ်နှစ်ကျော်ကြာပြီဖြစ်သော်လည်း ကျောင်းကြီးမှာ အုတ်မြစ်အဆင့်မှာပဲ ရှိသေးသည်။ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ မကွေး၊ ရှမ်းပြည်နယ်စသော ဒေသစုံမှ ယောဂီများ စုပေါင်းတရားနာ၊ တရားထိုင်ရန်အတွက် ဤဓမ္မာရုံကြီးကို ဆောက်နေခြင်းဖြစ်သည်။

မြိတ်နှင့် ကော့သောင်းတွင် တရားစခန်းများ ဖွင့်လှစ်နိုင်ပြီဖြစ်သော်လည်း ရန်ကုန်၌ ဖွင့်လှစ်နိုင်ခြင်း မရှိသေးပေ။ စာရေးသူ၏စာအုပ်ကို ဖတ်ရသူများ၊ တရားခွေကို နာရသူများက ရန်ကုန်တွင် တရားစခန်း မဖွင့်သေးဘူးလားဟူ၍ ဖုန်းတဂွမ်ဂွမ်ဖြင့် ဆက်မေးနေသည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။

ရွှေပြည်သာမြို့မှ ကျောင်းမှာ ပေ (၄၀×၁၂၀) သာ ရှိသဖြင့် တရားစခန်းဖွင့်ရန် မည်သို့မျှ မဖြစ်နိုင်ပေ။ ထို့ကြောင့် မှော်ဘီမြို့နယ်၊ ဖန်ခါးကုန်းရွာထဲတွင် ပါဝင်သော တောကျကျ နေရာတစ်ခုတွင် သုဒ္ဓဝိပဿနာရိပ်သာကျောင်းကို လာရောက်တည်ထောင်နေရခြင်း ဖြစ်သည်။ ပရဟိတအလှူများကို ခေတ္တရပ်ထားပြီး ရသမျှဓမ္မပူဇာများဖြင့် တရကြမ်း ဆောက်လိုက်လျှင် နှစ်နှစ်အတွင်း ပြီးပါသည်။

သို့သော် စာရေးသူလှူနေသော ပရဟိတဒါနများမှာ လနဲ့ချီ ရပ်ဖို့ အသာထား၍ တစ်ရက်မျှပင် ရပ်၍ မရပါ။ ဆင်းရဲနွမ်းပါးသော မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးသည့် အလုပ်ကို တစ်ရက်ရပ်လိုက်သည်နှင့် ထိုတစ်ရက်အတွက် အနည်းဆုံး လူငါးယောက် မျက်မမြင်ဘဝသို့ ရောက်သွားပေလိမ့်မည်။ ယခုဆိုလျှင် နွမ်းပါးသော မျက်စေ့ဝေဒနာရှင်ပေါင်း (၄၈၅)ယောက်တို့အား ကျပ်သိန်းပေါင်း (၂၂၉) သိန်းကျော် အကုန်အကျခံကာ ခွဲစိတ်ကုသပေးပြီး ဖြစ်သည်။ ထိုကုသိုလ်

များကို စာရှုသူများအား အမျှ အမျှ အမျှ ပေးဝေပါ၏။ ရောဝတီတိုင်းမှ နာဂစ်ဒုက္ခသည်တို့အား လှူဒါန်းခဲ့သော ကျပ်သိန်းငါးရာကျော်မှာလည်း ဓမ္မပူဇာထဲမှ အလှူငွေများပင် ဖြစ်သည်။

ထို သိန်းငါးရာကျော်ကို နာဂစ်ဒုက္ခသည်များအား မလှူဘဲ၊ ကိုယ့်ကျောင်းကို ဆောက်လိုက်လျှင် သုံးထပ်လုံး မပြီးသော်လည်း တစ်ထပ်တော့ ကောင်းကောင်းပြီးပါသည်။ နေစရာမရှိ၊ စားစရာမရှိဖြစ်နေသော ဒုက္ခသည်များကို ပစ်ထားပြီး တိုက်သစ်ကြီးပေါ်တွင် ဇိမ်ခံ၍မနေနိုင်ပါ။ စာရေးသူ၏နှလုံးသားသည် ထိုမျှ အတ္တဆန်၍မရပါ။ ထို့ကြောင့် ဒုက္ခသည်များကို ဦးစားပေး၍ လှူဒါန်းလိုက်ခြင်းပင် ဖြစ်သည်။

ယခု ကိုယ့်တရားကိုနာရ၍ ကြည်ညိုနေသော ပရိသတ်တစ်ဦးက သိန်း(၁၅၀) လှူချင်ပါသည်။ လိုနေသောနေရာကို ညွှန်ပြပေးပါဟု ဆိုလာသောအခါ အုတ်မြစ်မှ မတက်နိုင်သော သုံးထပ်ကျောင်းကြီးကို ညွှန်ပြချင်စိတ် ပေါက်လာပါသည်။ ထိုစိတ်သည် ဝိပဿနာအမြင်ဖြင့် ကြည့်လျှင် လောဘစိတ်ပင်ဖြစ်သည်။ ကိလေသာစိတ်ပေါ်လျှင် နောက်စိတ်က ပေါ်မှန်းသိပြီး ပယ်သတ်ပစ်ရသည်။ စာရေးသူ ထိုနည်းဖြင့် သိန်း (၁၅၀) အား အလှူခံချင်စိတ်ကို ပယ်သတ်လိုက်သည်။ ပြီးလျှင် အောက်ပါ စာတစ်စောင်ကို ဝေမာလွင်ထံ ပြန်ရေးလိုက်ပါသည်။

သို့

ဝေမာလွင်

ဝေမာလွင် ရေးလိုက်တဲ့စာကို ဖတ်ရပါတယ်။ လိုအပ်တဲ့နေရာ လှူမယ်ဆိုရင်တော့ အခုအချိန်မှာ တကယ် လိုအပ်နေတဲ့ နေရာဟာ

နာဂစ်ဒုက္ခဒဏ်ကို ခံလိုက်ရတဲ့ ဧရာဝတီတိုင်းပဲဖြစ်ပါတယ်။ ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ဘေးပေါက်ရွာလေးမှာ ဆရာတော်ရဲ့ တရားစခန်း တစ်နှစ်မှာ တစ်ကြိမ်ဖွင့်တယ်။ သွပ်မိုးပျဉ်ကာကို အဓိကထားပြီး ဆောက်ထားတဲ့ ရိပ်သာပေ့ါ။ ဒီနာဂစ်ကြောင့် ဆရာတော်ရဲ့ ရိပ်သာ အဆောက်အဦအားလုံး ပြိုကျသွားတယ်။

အဲဒီရွာက ရွာဦးကျောင်းလည်း ပြိုကျသွားတယ်။ မူလတန်းကျောင်းလည်း ပြိုကျသွားတယ်။ ဒီသုံးနေရာလုံးဟာ တကယ်လိုအပ်တဲ့နေရာတွေပေ့ါ။ ဒီသုံးနေရာမှာ အလိုအပ်ဆုံးကို ညွှန်ပြပါဆိုရင် မူလတန်းကျောင်းကိုပဲ ညွှန်ပြရမယ်။ ဗုဒ္ဓဘာသာတွေဟာ ကျောင်းကန်ဘုရားကို လှူဒါန်းရမှန်းသိပေမယ့် လူမှုရေးနှင့် သက်ဆိုင်တဲ့ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတွေကိုတော့ လှူဒါန်းရကောင်းမှန်း သိပ်ပြီးမသိကြသေးဘူး။

နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းအတွင်းမှာ ပြိုကျပျက်စီးသွားတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်းဟာ လေးထောင်ကျော် ရှိပါတယ်။ ဒီကျောင်းအားလုံးကို အစိုးရတစ်ဦးတည်းနဲ့ ဘယ်လိုလုပ် ပြီးနိုင်မှာလဲ။ ပြည်သူများကလည်း တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းလှူကြမှ ဖြစ်မှာပါ။

လပွတ္တာမြို့နယ် အလယ်ရေကျော်ရွာက အလယ်တန်းကျောင်းဆောင်တွေလည်း ပြိုကျပျက်စီးသွားလို့ အခုဆိုရင် ကျောင်းသူ၊ ကျောင်းသားတွေဟာ တာလပတ်တွေမိုးပြီး ဖြစ်သလို စာသင်နေကြရတယ်၊ ဘေးပေါက်ရွာလေးကတော့ နဂိုတကည်းက ဆင်းရဲတော့ ပိုဆိုးတာပေ့ါ။ ဒါ့ကြောင့် ဘေးပေါက်ရွာက မူလတန်းကျောင်းကိုပဲ ပြင်ဆောက်ဖို့ ဆရာ

တော် အကြံပြုပါတယ်။

စာရေးသူ၏ ညွှန်ကြားချက်အတိုင်း မူလတန်းကျောင်းဆောင်ကား ဆောက်လုပ်ပြီးစီးသွားပေပြီ။ အုတ်ရေကန်နှင့် စားပွဲ၊ ကုလားထိုင်များလုပ်ရန် (၁၅)သိန်းကျပ်ကိုလည်း ဆက်လက်လှူဒါန်းသွားသည်။

သူ ယခုလို လှူဒါန်းခြင်းသည် ရှိလို့လှူခြင်း မဟုတ်၊ သိလို့လှူခြင်းသာဖြစ်ကြောင်း စာတစ်စောင်ကို (၂၅. ၁. ၂၀၀၉) ရက်နေ့က စာရေးသူထံ ရေးပို့ခဲ့သည်။ သူ၏စာကို ဖတ်ကြည့်ပါက ရှေ့တွင် စာရေးသူရေးသားခဲ့သော ဘတ္တာဘတိကနှင့်တူလှကြောင်း စာဖတ်သူ ကောင်းကောင်း သဘောပေါက်နိုင်ပါသည်။

**မိဘများသည် သား၊ သမီးများအပေါ်တွင် အကြီး၊ အငယ်၊ ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားမှုမပြုဘဲ အညီအမျှချစ်သင့်သည်။ အညီအမျှ အခွင့်အရေးပေးသင့်သည်။ ကုသိုလ်ကံကြောင့် လူဖြစ်ရတာချင်းအတူတူ မိန်းကလေးကိုနှိမ်ပြီး ယောကျ်ားလေးကို ဦးစားပေးခြင်းသည် သဘာဝ မကျပေ။ ထိုသို့ မိဘများ၏ အချစ် မညီမျှမှုကြောင့် တချို့သောကလေးများ စိတ္တဇဝေဒနာပင် စွဲကပ်သွားသည်။**

ဝေမာလွင်၏ စာတွင် ဤခံစားချက်လေးများလည်း ပါသည်။ လူတိုင်းအတွက် အကျိုးများနိုင်သဖြင့် ဝေမာလွင်၏စာကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

သို့

ဆရာတော်အရှင်ဇဝန

တပည့်တော် ဝေမာလွင် ရှိသေစွာဖြင့် စာရေးလိုက်ပါတယ်။ ကျောင်းရေစက်ချ အလှူပွဲမှာ ဆရာတော် ကိုယ်တိုင် ကြွရောက်ချီးမြှင့်တဲ့အတွက် ဆရာတော်ကို ကျေးဇူး အရမ်းတင်ပါတယ်။ ဆရာတော်ရဲ့ တရားကိုလည်း အမြဲနားထောင်ပါတယ်။ နားထောင်တိုင်းလည်း မှတ်မိအောင်၊ ကျင့်ကြံနိုင်အောင် သေသေချာချာ နာယူပါတယ်။

တပည့်တော် ကျောင်းဆောက်လှူဒါန်းတဲ့အကြောင်း မိဘများအား အသိမပေးရခြင်းအကြောင်းကို ရှင်းပြလိုပါတယ်။ တပည့်တော် မိဘတွေဟာ ဆရာတော်ရဲ့ တရားခွေထဲကအတိုင်း မိရိုးဖလာ ဗုဒ္ဓဘာသာတွေပါ။ တပည့်တော်ကိုယ်တိုင်လည်း ဆရာတော်တရားတွေ မနာခင်က ဒီအတိုင်းပါပဲ ဘုရား။

တပည့်တော်မိခင်က တရုတ်အရမ်းဆန်တယ် ဘုရား။ တပည့်တော် ငယ်ငယ်ကဆို မြန်မာသူငယ်ချင်းတောင် ပေးမပေါင်းဘူး ဘုရား။ တပည့်တော် မိဘတွေကို ကျောင်းအလှူအကြောင်းပြောဖို့ သူတို့ရဲ့ စိတ်ကို တီးခေါက်ကြည့်တဲ့အခါ အမေက - 'လှူတယ်ဆိုတာ ကိုယ့်မှာ ပိုမှ လှူရမှာ' တဲ့။ ပြီးတော့ တပည့်တော်မိဘတွေက ဒေါ်လာလေးသိန်း တန်အိမ်ကို နှစ်သုံးဆယ်ဆပ်စနစ်နဲ့ ၂၀၀၈ ခုနှစ်က အကြွေးဝယ်လိုက်ပါတယ်။

ဒီမှာ(အမေရိကန်)တော့ လူတိုင်းအကြွေးစနစ်နဲ့ အိမ်တွေဝယ်ကြတာချည်းပါပဲ။ အိမ်ဝယ်ပြီးတဲ့အခါမှာလည်း လစဉ် အကြွေးဆပ်နိုင်အောင် မိဘတွေ စိုးရိမ်သောကရောက်ပါတယ်။ မိဘတွေရဲ့ အဓိက

အိမ်ဝယ်တဲ့ရည်ရွယ်ချက်က တပည့်တော် မောင်လေးအတွက်ပါဘုရား။ တပည့်တော်ကတော့ မိဘတွေကို အဲဒီလို ပူပင်သောက မရောက်စေချင်ဘူး။

မိဘတွေ အိမ်ဝယ်မယ်ဆိုတုန်းက တပည့်တော်အနေနဲ့ ဘာမှ ဝင်ပြောခွင့် မရခဲ့ပါဘူး။ တရုတ်လူမျိုးတွေရဲ့ ထုံးစံအတိုင်း သားကိုပဲ အလေးပေးခဲ့ပါတယ်။ မောင်လေးရဲ့စိတ်တိုင်းကျအတိုင်း ဒီအိမ်ကိုဝယ်ဖြစ်သွားခဲ့တယ်။ သမီးမိန်းကလေးနဲ့ သားယောကျ်ားလေးကို တန်းတူအခွင့်အရေးမပေးတာ တပည့်တော်မိဘတွေရဲ့ စိတ်ထဲမှာ အခုထက်ထိ ရှိနေတုန်းပါပဲ ဆရာတော်။

ဆရာတော်နဲ့ တခြား ဆရာတော်တွေရဲ့ တရားတွေကို နားမထောင်မိခင် အချိန်ကတော့ ဒီအကြောင်းတွေ တွေးမိတိုင်း မိဘတွေအပေါ် စိတ်နာမိတယ်။ တပည့်တော် အခုတော့ တကယ်ကို နေတတ်သွားပြီ။ ဆရာတော်ရဲ့ မိဘကျေးဇူးဆပ်ဖူးပြီလား၊ ဆရာတော်ဦးဇောတိကရဲ့ မိဘမေတ္တာတရားတွေ နားထောင်ပြီးတဲ့အခါ မိဘတွေကို စိတ်မဆိုး၊ စိတ်မနာတော့ပါဘူး။

တပည့်တော်မိဘတွေအနေနဲ့ မောင်လေးကို ပိုချစ်၊ ပိုအခွင့်အရေးပေးခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ တပည့်တော်က မွေးပြီးကတည်းက ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်အထိ အဘွားနဲ့ အဒေါ် လက်ပေါ်မှာ ကြီးပြင်းခဲ့တာပါ။ တပည့်တော်မိဘတွေ ရန်ကုန်ပြောင်းလာတော့လည်း တပည့်တော်ဟာ အဘွားတွေနဲ့ပဲ အတူတူနေလာခဲ့ရတယ်။

နောက်တော့ အမေနဲ့ အဘွားက အဆင်မပြေတော့ မိဘတွေက အိမ်ခွဲနေလိုက်ကြတယ်။ တပည့်တော်ကိုလည်း နှစ်တော်တော်

ကြာ အဘွားအိမ်ကို သွားခွင့်မပေးခဲ့ဘူး။ တပည့်တော် အဲဒီကတည်းက အမေ့အပေါ် အမြင်မကြည်ခဲ့ဘူး ဆရာတော်။ တပည့်တော်ငယ်ငယ်က တည်းက အတူနေလာခဲ့တဲ့ အဘွားတွေ အဒေါ်တွေနဲ့ တွေ့ချင်တယ်။

ဒါ့ပြင် အမေ့ကို တောင်းပန်တော့လည်း အမေက ပေးမသွား ခဲ့ဘူး။ အမေက အကြောင်းပြတာကတော့ အဘွားက မြန်မာ၊ အဖေရဲ့ အမေအရင်း မဟုတ်လို့တဲ့။ အဘွားက အဖေ့ရဲ့ မွေးစားအမေလေ။ တပည့်တော် အဖေကလည်း အမေ့ဆန္ဒအတိုင်း တပည့်တော်ကို ပေး မသွားခဲ့ဘူး။ အဲဒီတော့ တပည့်တော် ခိုးလည်တတ်တဲ့အကျင့် ဖြစ်လာ တယ်။ မိဘတွေမသိအောင် ကျူရှင်သွားရင်း၊ ကျောင်းသွားရင်း အဘွား တို့ဆီ ခိုးသွားခဲ့တယ်။

တပည့်တော် မိဘတွေကို တပည့်တော် ငယ်ငယ်ကတည်းက အခုထက်ထိ အရမ်းကြောက်ခဲ့တယ်။ တပည့်တော် နေမကောင်းရင် မိဘတွေကို မပြောဘဲ အဘွားအဒေါ်တွေကိုပဲ ပြောခဲ့တယ်။ ငယ်ငယ် ကဆို တပည့်တော် နေမကောင်းဖြစ်ရင် အရမ်းပျော်တယ်။

ဘာလို့လဲဆိုတော့ တပည့်တော် အဘွားက တပည့်တော်ကို အဘွားအိမ် ခေါ်သွားတယ်လေ။ အဲဒီအချိန်ဆိုရင်တော့ တပည့်တော် မိဘတွေက ခွင့်ပြုတယ်။ ဘာလို့လဲဆိုတော့ အဖေနဲ့အမေက အလုပ် သွားတော့ တပည့်တော်ကို ပြုစုမယ့်သူ မရှိဘူးလေ။ ငယ်ငယ်ကဆို တပည့်တော် နေမကောင်းပါစေနဲ့လို့ ခဏခဏ ဆုတောင်းမိတယ်။

မောင်လေးနေမကောင်းရင်တော့ အမေကဆိုင်မသွားဘဲ ပြုစု တယ်လေ။ အဲဒီ အကြောင်းတွေ တပည့်တော် မစဉ်းစားတာ ကြာပါပြီ။ မိဘတွေကို မူလတန်းကျောင်း ဆောက်လှူတဲ့အကြောင်း ဘာလို့မပြော

တာလဲဆိုတာကို ဆရာတော် သေချာသိစေချင်လို့ အခုလို လျှောက်ပြတာပါ။ ဒီလို သေချာမသိရင် တပည့်တော်အပေါ် တစ်မျိုးထင်မှာစိုးလို့ပါ။

တပည့်တော်တို့ မိသားစု U.S.A ရောက်သော်လည်း အဖေက (၁၅)ရက်ပဲနေပြီး ပြန်သွားတယ်။ အဲဒီတုန်းကလည်း အမေနဲ့ တပည့်တော်က အလုပ်လုပ်ပြီး မောင်လေးက ကျောင်းတက်တယ်။ ရသမျှလခရဲ့ (၇၅%)ကို အမေ့ကိုပေးပြီး (၂၅%)ကို တပည့်တော်ယူလို့ အဖေက ပြောခဲ့ပါတယ်။ အဖေ U.S.A ကို ပြန်လာရင် တပည့်တော်ကို ကျောင်းပေးတက်မယ်လို့ ကတိပေးခဲ့ပါတယ်။ တပည့်တော်လည်း အဖေပြောတဲ့အတိုင်း ပေးခဲ့ပါတယ်။

ဒါပေမယ့် အဖေ U.S.A ပြန်လာ (၉ လ ကြာပြီးနောက်)တဲ့အခါ တပည့်တော်ကို ပေးထားတဲ့ ကတိအတိုင်း လုပ်မပေးခဲ့ပါဘူး။ တပည့်တော်လည်း အလုပ်လုပ်ရင်း တစ်နှစ်ကျော် စောင့်ခဲ့ပါတယ်။ အဖေ အလုပ်အတည်တကျရတဲ့အထိ စောင့်ခဲ့ပါတယ်။ တပည့်တော် အမေနဲ့ အဆင်မပြေခဲ့ဘူး။ ဘာလို့လဲဆိုတော့ အမေက တပည့်တော်ကို မြန်မာလူမျိုးတွေနဲ့ သူငယ်ချင်း ပေးမလုပ်ဘူး။ ဘယ်မှလည်း ပေးမသွားဘူး။ တပည့်တော်နဲ့ အမေနဲ့က အလုပ်အတူတူပဲလေ။ အလုပ်ထဲက မြန်မာသူငယ်ချင်းမတွေနဲ့ ပေါင်းတာလည်း မကြိုက်ဘူး။ အဘွားတို့ဆီ ဖုန်းဆက်တာလည်း မကြိုက်ဘူး။ တပည့်တော် သေချင်လောက်အောင် စိတ်ဆင်းရဲခဲ့ပါတယ်။

နောက်တော့ တပည့်တော် သူငယ်ချင်းရဲ့ ညီမ ရန်ကုန်မှ U.S.A ကို ရောက်လာတာကို အကြောင်းပြပြီး အဲဒီသူငယ်ချင်းအမေနဲ့

အတူတူ မြန်မာမိသားစု အိမ်တစ်အိမ်ရဲ့အခန်းမှာ နေခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး တပည့်တော် အလုပ်လုပ်၊ ငွေစု၊ ညဘက် College ကျောင်းတက်ရင်း ကြိုးစားခဲ့ပါတယ်။

အခုတော့ တပည့်တော် မိသားစုတွေအပေါ် စိတ်နာတာ တကယ် မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော် အခုလို ငွေရှာဖြစ်အောင်၊ လူဖြစ်အောင် လုပ်ပေးထားတာဟာ မိဘတွေဖြစ်နေလို့ပါပဲ။ မိဘတွေ တပည့်တော်ကို အရွယ်ရောက်အောင် မပြုစုခဲ့ဘူး၊ U.S.A ကို မပို့ပေးခဲ့ဘူးဆိုရင် တပည့်တော် အခုလို လူ့နိုင်ငံမှာ မဟုတ်ပါဘူး။ အဲဒီလို ကောင်းကွက်ကို မြင်အောင်ကြည့်ပြီး မိဘကျေးဇူးနားလည်လာတာလည်း ဆရာတော်များရဲ့ တရားတွေကြောင့်ပါ။

ကျောင်းဆောက်လှူတာ မပြောသင့်တဲ့ အဓိကအချက်က တပည့်တော် မိဘတွေကို ပြောရမှာ ကြောက်တယ်။ မိဘတွေ ဆူမှာကြောက်တယ်။ မိဘတွေက ငါတို့အိမ်က အကြွေးတော့ မဆပ်ဘူးဆိုပြီး စိတ်ဆိုးမှာ ကြောက်တယ်။ တပည့်တော် မိဘတွေကို အိမ်ဝယ်တုန်းကလည်း တပည့်တော် တတ်နိုင်သလောက် ဒေါ်လာငါးထောင် ထည့်ခဲ့ပါတယ်။ မိဘတွေ အိမ်ဝယ်တာက ကျောင်းဆောက်တာထက် စောတယ်လေ။

အိမ်ဝယ်တုန်းက မိဘတွေက တပည့်တော်ဆီက ငွေချေးတယ်။ တပည့်တော်လည်း ဒေါ်လာငါးထောင် ချေးလိုက်တယ်။ ဆရာတော်ရဲ့တရားတွေ နားထောင်ပြီး မိဘတွေကို ကျေးဇူးဆပ်ချင်လာတယ်။ ဒါ့ကြောင့် ချေးထားတဲ့ ဒေါ်လာငါးထောင်ကို ပြန်မယူတော့ဘဲ အပြီးပေးလိုက်ပါတယ်။

တခြား ချမ်းသာတဲ့သူတွေအတွက်တော့ ဒေါ်လာငါးထောင်ဟာ ဘာမှ မပြောပလောက်ပေမယ့် တပည့်တော်အတွက်တော့ ပြောပလောက်အောင် များပါတယ်။ ကျောင်းတက်ရင်း တစ်ပါတ်မှ နှစ်ရက်ပဲ အလုပ်လုပ်ရတာမို့ တပည့်တော်ရဲ့ဝင်ငွေဟာ အင်မတန် နည်းပါး,ပါတယ်။

စားချင်တိုင်း မစား၊ ဝတ်ချင်တိုင်း မဝတ်၊ လည်ချင်တိုင်း မလည်ဘဲ ခြစ်ခြစ်ကုတ်ကုတ်စုပြီး လှူခဲ့တာပါ။ တပည့်တော်မိဘတွေ တပည့်တော်ဆီက ငွေချေးတုန်းက တပည့်တော် ဒေါ်လာငါးထောင်ပဲ ရှိတယ်လို့ ပြောခဲ့တယ်။ ဘာလို့လဲဆိုတော့ တပည့်တော်က နှစ်စဉ် လှူဖို့ဆိုပြီး ဒေါ်လာတစ်သောင်းကို ဟိုအရင်ကတည်းက သေချာဖယ်ထားတာ။

ဘယ်လို သေရေး ရှင်ရေး အကြောင်းပဲပေါ်ပေါ် လှူဖို့ချန်ထားတဲ့ ဒေါ်လာတစ်သောင်းကိုတော့ လုံးဝမထိဘူးလို့ အဓိဋ္ဌာန်ထားတာမို့ အိမ်ဝယ်တဲ့အထဲမှာ ဒေါ်လာငါးထောင်ပဲ ထည့်ခဲ့တာပါ။ တပည့်တော် အဲဒီငွေတွေ အားလုံးပေးလိုက်လည်း အိမ်ကအကြွေးက ကျေမှာမှ မဟုတ်တာ။ ဒါ့ကြောင့်လည်း အိမ်ဝယ်တဲ့အထဲမှာ ဒေါ်လာငါးထောင်ပဲ ထည့်ခဲ့တာပါ။

မိဘတွေအိမ်ဝယ်ပြီး နှစ်လလောက်ကြာမှ ဆရာတော်နဲ့ဆက်သွယ်မိပြီး ကျောင်းလှူဖြစ်တာ။ ဒီအကြောင်းတွေကြောင့် ကျောင်းလှူတဲ့အကြောင်း မိဘတွေကို မပြောချင်တာပါ။ အဲဒီ ကျောင်းဆောက်ဖြစ်တဲ့ငွေဟာ တပည့်တော်ရဲ့ တကယ်သန့်ရှင်းတဲ့ လုပ်အားနဲ့ ရတဲ့ငွေပါ။ ဆရာတော် တပည့်တော်ကို တစ်မျိုးထင်မှာစိုးလို့ပါ။

ကောင်းတာလုပ်တာဖြစ်ရက်နဲ့ မိဘတွေကို အသိမပေးဘူးဆိုတော့ ခိုးယူလာတာ၊ သို့မဟုတ် မမှန်တဲ့ နည်းလမ်းနဲ့ ရှာလာတာလို့ ထင်မှာစိုးလို့ပါ။ ဆရာတော်ကို ထပ်ပြီးကျေးဇူးတင်ပါတယ်။ တပည့်တော် အလှူအတွက် အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ နောက်ပြီး ဆရာတော်ကို ဝမ်းသာစရာ လျှောက်ရဦးမယ်။

ဆရာတော်ရဲ့ "အရှုံးမရှိသောဒသသန" (အင်္ဂလိပ်ဘာသာပြန်) စာအုပ်ကို ခရစ်ယာန်ဘာသာဝင် ဖိလစ်ပိုင် အမျိုးအမီးကြီးတစ်ဦးကို လက်ဆောင်ပေးလိုက်တော့ အဲဒီအန်တီကြီးက ဓမ္မ၊ တရားထိုင်တာနဲ့ ပတ်သက်ပြီး အရမ်းစိတ်ဝင်စားတယ်တဲ့။ တပည့်တော်ကို တရားထိုင်တဲ့ နည်းလမ်းတွေ မေးတယ်။ အဲဒီ အန်တီရဲ့ သားက ကင်ဆာရောဂါရှိတယ်တဲ့။

*(မှတ်ချက်) ထိုစာအုပ်ထဲတွင် တရားနာရင်း၊ တရားထိုင်ရင်း ကင်ဆာရောဂါ ပျောက်သွားကြသော မြန်မာအမျိုးသမီးတစ်ဦးနှင့် ဂျပန်အမျိုးသားတစ်ဦးတို့အကြောင်း ပါရှိသည်။*

တပည့်တော်လည်း ဦးဇောတိက၊ သီတဂူဆရာတော်တို့ အင်္ဂလိပ်လိုဟောတဲ့ တရားခွေတွေကို ပေးလိုက်တယ်။ ပြီးတော့ ဆရာတော်ရဲ့ 'မေတ္တာဖြင့်စီးပွားရှာခြင်း' စာအုပ်ကိုလည်း တပည့်တော်ရဲ့ သူငယ်ချင်းတွေက အရမ်းကြိုက်တယ်။ တပည့်တော် ဆရာတော်ရဲ့ အဆုံးအမတွေကို အမြဲလိုက်နာကျင့်ကြံပါ့မယ်။ နောက်တစ်ခုလျှောက်ချင်တာက ဆရာတော်ရဲ့ မော်ဘီရိပ်သာမှာ တပည့်တော်အတွက် ကမ္မ

ဌာန်းကျောင်းဆောက်ဖို့ မြေနေရာချန်ထားပေးပါလို့ ရိုသေစွာလျှောက်ထားအပ်ပါတယ်။

တပည့် - ဝေမာလွင်

ဤစာအုပ် နိဂုံးပိုင်းတွင် လောကကို မိမိအတွက် အသုံးချသူ တစ်ဦးနှင့် မိမိကိုယ်ကို လောကအတွက် အသုံးချသူ တစ်ဦးတို့ အကြောင်းကို တင်ပြမည်ဖြစ်သည်။ ဒုတိယလူ အကြောင်းကို ရှေ့ပိုင်းတွင် အတော်ပြည့်စုံအောင်ဖော်ပြပြီးဖြစ်၍ ဤနောက်ဆုံးခန်းတွင်ကား သူပြုခဲ့သော လူမှုရေးကဏ္ဍအသေးစိတ်ကို တင်ပြမည်ဖြစ်သည်။

လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ကို သိသူများသည် မိမိကိုယ်ကို လောကအတွက် အသုံးချကြသည်။ လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ကို မသိသူများသည် လောကကို မိမိအတွက် အသုံးချကြသည်။ နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစောကား လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ကို မသိသူသာဖြစ်သည်။ သူ နန်းရင်းဝန်ရာထူးကို ရအောင် ယူခဲ့ခြင်းသည် နိုင်ငံ့ကောင်းကျိုးကို ဆောင်ရွက်ဖို့ မဟုတ်။ သူ့ကောင်းကျိုးကို ဆောင်ရွက်ရန်အတွက်သာ ဖြစ်သည်။

## ဆရာနှစ်မျိုး

**မိမိ ပတ်ဝန်းကျင်တွင် လူကောင်းလည်း ရှိ၏။ လူဆိုးလည်း ရှိ၏။ ကြည့်တတ် မြင်တတ်လျှင် လူကောင်းလည်း မိမိဆရာဖြစ်သလို လူဆိုးလည်း မိမိဆရာဖြစ်နိုင်၏။ အကျင့်ကောင်းသော လူတစ်ယောက်ကိုတွေ့လျှင် မိမိလည်း ထိုအကျင့်ကောင်းကို လိုက်ကျင့်ရ၏။ ထိုအကျင့်**

**ကောင်းသောသူသည် မိမိကို အကျင့်ကောင်း ကျင့်ဖြစ်အောင် သင်ပြပေးသောဆရာ ဖြစ်သွား၏။**

**အကျင့် မကောင်းသော လူတစ်ယောက်ကို တွေ့လျှင် ထိုအကျင့်မျိုး မိမိသန္တာန်တွင် မဖြစ်အောင် ရှောင်ကြဉ်ရ၏။ ထိုအခါ အကျင့် မကောင်းသောသူသည် မိမိကို အကျင့်ဆိုးမှ ရှောင်ကြဉ်အောင် သင်ပြပေးသောဆရာ ဖြစ်သွား၏။**

ဖော်ပြပါ ဒဿနအတိုင်း ကျင့်စေလို၍ အတ္တသမားတစ်ဦး အကြောင်းကို ရှာဖွေတင်ပြရန် ကြိုးစားခြင်းဖြစ်၏။ အရှင်ဒေဝဒတ်နှင့် အနှိုင်းခံရလောက်အောင် စိတ်ဓာတ်ညံ့ဖျင်းသော နိုင်ငံရေးသမားတစ်ဦး မြန်မာနိုင်ငံတွင် ထွက်ပေါ်ခဲ့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းကို အိုးမည်းသုတ်သူဟုပင် ဆိုရပါမည်။

ထိုသူကား ဂဠုန်ဦးစောပေတည်း။ ဓမ္မဓိဋ္ဌာန်အရ ပြောရလျှင် ဂဠုန်ဦးစောသည် အဓိကတရားခံ မဟုတ်။ သူ့သန္တာန်တွင် ဖြစ်ပေါ်နေသော လောဘ၊ ဒေါသဟူသော ကိလေသာသည်လျှင် အဓိကတရားခံ ဖြစ်သည်။ ပြစ်မှုကျူးလွန်သူများက အကျိုးတရားသာ ဖြစ်၏။ နောက်လိုက်များသာ ဖြစ်၏။ အညွှန့်၊ အခက်အလက်များသာ ဖြစ်၏။

ပြစ်မှုကျူးလွန်အောင် တိုက်တွန်းပေးသော လောဘ၊ ဒေါသစသော ကိလေသာများသည်သာလျှင် အကြောင်းတရား ဖြစ်၏။ ခေါင်းဆောင် ဂိုဏ်းချုပ်ဖြစ်၏။ ရေသောက်မြစ် ဖြစ်၏။ ထို့ကြောင့် အခက်အလက်သာဖြစ်သောတရားခံများကို အပြစ်ပေးရုံနှင့် လောက၌ ဒုစရိုက်မှုများ ပပျောက်အေးချမ်းသွားမည် မဟုတ်ချေ။

ရေသောက်မြစ်ဖြစ်သော သူတို့ သန္တာန်၌ ဖြစ်ပေါ်နေသည့် လောဘ၊ ဒေါသ စသော ကိလေသာများကို ပယ်သတ်ပေးမှသာလျှင် လောက၌ ဒုစရိုက်မှုများ ပျောက်ပျက် အေးချမ်းသွားမည် ဖြစ်သည်။ ယခုလည်း ဂဠုန်ဦးစောသန္တာန်တွင် အာဃာကို မတရားသဖြင့် လိုချင်သော ဝိသမလောဘ၊ ဗိုလ်ချုပ်အောင်ဆန်းအပေါ် ရန်ငြိုးဖွဲ့သော ဒေါသ၊ ငါသာလျှင် အတော်ဆုံးဟူသော မာနတရားတို့၏ တိုက်တွန်းမှုကြောင့် နိုင်ငံတော်လုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

## တစ်ပြိုင်နက် သားနှစ်ယောက်ဆုံးရသူ၏ ရင်တွင်းစကား

'ကျုပ်သားဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီလိုသတ္တိကြောင်တဲ့အမှုမျိုးကို ငယ်ငယ်ရွယ်ရွယ်ကလေးကပင် ရှုတ်ချခဲ့တဲ့လူဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်က မျိုးချစ်ခေါင်းဆောင်ကြီး ဦးစောကို မသမာသူတို့ ချောင်းမြောင်းပြီး သေနတ်နဲ့ပစ်စဉ်က ဗိုလ်ချုပ်ကိုယ်တိုင် အများကြီးကဲ့ရဲ့ရှုတ်ချတဲ့ စကားတွေကို ပြောခဲ့ပါတယ်။ ဟိုတုန်းက ဗိုလ်ချုပ်ဟာ နယ်လှည့်ရင်း ကျုပ်ထံဝင်ပြီး ကန်တော့သွားတယ်။ အဲဒီတုန်းက ကျုပ်က စိုးရိမ်လွန်းလို့ သားရယ်၊ လူဆိုတာ အထက်ရောက်နေရင် သူတစ်ပါးက မနာလိုလို့ မကောင်းကြံစည်တာမျိုး ခံရတတ်တယ်။ အစစအရာရာ သတိထားပါ သားရယ်လို့ ပြောမိပါတယ်။ ဒီတော့ ကျုပ်သားကဗျာ ဒါကတော့ ဘုရားတောင်မှ အတိုက်အခံ ရှိသေးတာပဲ။ ကိုယ်ကသာ လမ်းမှန်က နေပြီး မှန်တဲ့အလုပ်ကို လက်ကိုင်ထားရင် ဘာမှကြောက်စရာ မလိုပါဘူး အမေရယ်၊ မစိုးရိမ်ပါနဲ့။ စစ်တိုက်နေတုန်းကတောင် မသေခဲ့သေးတာ၊

ယခု တိုင်းပြည်နဲ့ လူထုဟာ အရင်လို မဟုတ်တော့ပါဘူး။ အကောင်း အဆိုး ဝေဖန်တတ်ပါပြီလို့ အားရပါးရ ရယ်ရယ်မောမောနဲ့ ပြောသွား ခဲ့ပါတယ်။

ယခုတော့ ကျုပ်သား ကိုအောင်ဆန်းဟာ သူ့အလွန်မုန်းတီး ရှုံ့ရှာတဲ့ လုပ်ကြံနည်းကြောင့် ကွယ်လွန်သွားရရှာပြီ။ ကျုပ် မှာချင်တာ ကတော့ သူ့ကို လေးစားကြသလို ခေါင်းဆောင်များရဲ့ ညွှန်ကြားချက်ကို ပြည်သူလူထုက ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ လိုက်နာပြီး မိမိ တို့ လိုလားတဲ့ ခရီးကို ရောက်အောင် ဆောင်ရွက်ကြဖို့ပါပဲ။ အဲဒီလို ဆောင်ရွက်လို့ ရည်ရွယ်ချက်ကို ရောက်ကြပြီဆိုရင် အဒေါ်မှာ ခံစား ရတဲ့ သားနှစ်ယောက်ဆုံးရတဲ့ အပူမီးဟာ ငြိမ်းတန်သလောက် ငြိမ်းပါ လိမ့်မယ်။’

ဤစကားကား ဗိုလ်ချုပ်အောင်ဆန်း၊ အစ်ကိုဖြစ်သူ ဝန်ကြီး ဦးဘဝင်းနှင့် အခြားဝန်ကြီးများ လုပ်ကြံသတ်ဖြတ်ခံရစဉ်က သားနှစ် ယောက် တစ်ပြိုင်နက်ဆုံးခဲ့ရသော အမေစု၏ စကားများပင်ဖြစ်သည်။ ဗိုလ်ချုပ်တို့ ကျဆုံးသည်ဟု ကြားရသည်နှင့် အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီကလည်း ယခုလို သုံးသပ်ပြောကြားခဲ့သည်။

‘မြန်မာ့လွတ်လပ်ရေးကို တိုက်ပွဲးလျှင်- မြန်မာ့လွတ်လပ်ရေးကို အိမ်တိုင်ယာရောက်ပို့ပေးခဲ့သော အာဇာနည်ပုဂ္ဂိုလ်များကို ယခုကဲ့သို့ သွေးအေးအေးနှင့် လုပ်ကြံသတ်ဖြတ်ခြင်းဆိုသည်မှာ ယုံကြည်စရာပင် မရှိချေ။ ကျွန်ုပ်သည် လွန်လေပြီးသော ခေါင်းဆောင်များ၏ ဆွေမျိုး ဉာတိများကိုလည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကိုလည်းကောင်း ကရုဏာ သက်ပါ၏။ ယခုဖြစ်ရသည်မှာ သာမည်လူသတ်မှု မဟုတ်ပါချေ။ ဤ

အမှု၏နောက်တွင် နိုင်ငံရေး လောဘဇော ရှိနေလိမ့်မည်။

ယခုအခါ ကမ္ဘာအရပ်ရပ်၌ နိုင်ငံရေး ပြိုင်ဆိုင်မှုတို့တွင် ဤလောဘဇော ထကြွနေသော အချက်မျိုးကို တွေ့မြင်နေရသည်။ ဤအချက်သည် မနုဿလူသားတို့၏ နောင်ရေးအတွက် အတိတ်နိမိတ်ကောင်း မဟုတ်ချေ။ ထို့ကြောင့် ဤဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်ကို မူတည်၍ အိန္ဒိယနိုင်ငံသည် သင်ခန်းစာ ယူရမည်။ ဤ အဖြစ်သည် မြန်မာနိုင်ငံအတွက်သာလျှင် ဝမ်းနည်းကြေကွဲဖွယ်ရာ မဟုတ်။ အာရှအတွက်လည်း ဝမ်းနည်းကြေကွဲစရာဖြစ်သည်။ ကမ္ဘာတစ်ခုလုံးအတွက်လည်း ဝမ်းနည်းကြေကွဲစရာဖြစ်သည်။'

**(မဟတ္တမဂန္ဒီ)**

*(သန်းဝင်းလှိုင်ပြုစုသော*
*ဂဠုန်ဦးစော၏နောက်ဆုံးနေ့များ စာအုပ်၊ နှာ/၂၄-၂၆)*

## ဂဠုန်ဦးစော၏ နောက်ဆုံးနေ့

၁၉၄၈ ခု၊ မေလ (၈)ရက်နေ့၊ နံနက် (၅)နာရီ၊ (၃၀)မိနစ်တွင် ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် မှုကြီးတို့ကို အင်းစိန်၊ ဗဟိုအကျဉ်းထောင်အတွင်းရှိကြိုးစင်၌ ကြိုးပေးလိုက်လေသည်။ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ရန်ကုန် ဗဟိုအကျဉ်းထောင်အတွင်း၌ တစ်ချိန်တည်း ကြိုးပေးခဲ့သည်။ ကြိုးပေးမည့်နေ့က ဦးစောသည် သူ့အား သောက်ရန်ပေးထားသော နံနက်စာ လက်ဖက်ရည်ကို အနီး၌ ဆွမ်းကပ်ခဲ့သည်။

ဖယောင်းတိုင် သုံးတိုင် ထွန်းညှိ၍လည်း ပူဇော်ခဲ့သည်။ ပြီးမှ အပြင်တွင်စောင့်နေကြသော အကျဉ်းဌာနမင်းကြီး ဦးဘမောင်၊ ဦးသန်းနွဲ့ (နောင် အကျဉ်းဌာနမင်းကြီး)၊ ဆရာဝန်၊ တရားသူကြီး စသူတို့ကို ပြုံးရွှင်စွာ နှုတ်ဆက်သည်။ ဦးစောသည် ရှမ်းဘောင်းဘီ မီးခိုးရောင်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။

ကြိုးစင်ရှိရာသို့ ထွက်ခွာလာကြရာ ဘုရားရုပ်ပွားတော်တစ်ဆူ တည်ထားကိုးကွယ်ရာကို လွန်လာသဖြင့် ပြန်လှည့်၍ ဒူးတုတ်ဝပ်ချသည်။ ကြိုးစင်ဘက်သို့ ဆက်လက် ထွက်ခွာကြရာတွင် မြင်ရာလူကို လှမ်း၍ နှုတ်ဆက်သည်။ မမြင်ရာသူကို မေး၍ နှုတ်ဆက်လိုက်ကြောင်း မှာကြားသွားသည်။

အထူးခုံရုံး နာယက ဦးကျော်မြင့်နှင့်တကွ သူ့အပေါ် တာဝန် အရ ဆောင်ရွက်ရမည့်သူများကို အမုန်းထားမှုမရှိပါဟု ပြောကြားသွားခဲ့သည်။ ထို့နောက် တည်တည်ငြိမ်ငြိမ်ပင် ကြိုးစင်ပေါ်သို့ တက်သွားလေသည်။ ကြိုးစင်ပေါ်တွင် ဦးစောသည် သူ၏လည်ပင်းကို သူကိုယ်တိုင် ကြိုးကွင်းစွပ်လိုကြောင်း တောင်းဆိုခဲ့သည်။

သို့ရာတွင် ကြိုးစင်မှတာဝန်ရှိသူတို့က ခွင့်မပြုခဲ့ပေ။ ထိုစဉ်က ကြိုးစင်အနီးတွင် မြန်မာ့အလင်း အယ်ဒီတာချုပ် ဦးသန်းတင့် (ဓူဝံ)၊ (၁၉၀၈-၁၉၈၉) လည်း ရှိသည်။ ဆရာဦးသန်းတင့်သည် ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ အစိုးရ ရုပ်ရှင်နှင့် ပြဇာတ်ဌာန ညွှန်ကြားရေးဝန်အဖြစ် တာဝန်ထမ်းဆောင်နေ၏။ ဦးစောအား ကြိုးပေးသည့်သတင်းကို ရုပ်ရှင်ရိုက်ကူးရန် ဦးမျိုးမြင့် (နောင်ဗိုလ်မှူးမျိုးမြင့်)နှင့် အတူ အင်းစိန်ထောင်အတွင်း ရောက်ရှိနေခြင်း ဖြစ်သည်။

ရန်ကုန်ထောင်ကြီးအတွင်း၌ ကြိုးပေးခဲ့ကြသည့် စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကိုလည်း အလားတူ ရုပ်ရှင်ရိုက်ကူးယူသည်။ ထိုရုပ်ရှင် ရိုက်ကူးသည့်အဖွဲ့ထဲတွင် ဆရာဦးသန်းတင့်သည် မပါဝင်လို၍ အင်းစိန် ထောင်သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ အကြောင်းကား စိန်ကြီးနှင့် ရန်ကြီးအောင်တို့ နှစ်ဦးစလုံးသည် ဆရာဦးသန်းတင့်၏ လက်ပေါ်တွင် ကြီးပြင်းလာခဲ့ကြသူများ ဖြစ်နေသောကြောင့်ပင်။

## ဂဠုန်ဦးစော၏ နောက်ဆုံးစာတစ်ဆောင်

ဂဠုန်ဦးစောအား ကြိုးဒဏ်အတည်ပြုပြီးနောက် ဦးစော၏ဇနီး ဒေါ်သန်းခင်က ၁၉၄၈ ခု၊ ဧပြီလ (၂၇)ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရ အဖွဲ့နှင့် ဝန်ကြီးများထံသို့ ဦးစောအား ကြိုးဒဏ်ပေးပြီးနောက် ၎င်းရုပ် ကလာပ်ကို နေအိမ်သို့ယူလိုပါသဖြင့် ခွင့်ပြုပါရန် လျှောက်ထားခဲ့သည်။

သို့သော် အစိုးရက ဦးစော၏ ရုပ်ကလာပ်ကို ထောင်သင်္ချိုင်းမှ လွဲ၍ အခြား မည်သည့် သင်္ချိုင်းအတွင်းမှ မြှုပ်နှံခွင့်မရှိဟု ဆိုသည်။ သရဏဂုံတင်ခွင့်ကိုကား အစိုးရက ခွင့်ပြုခဲ့သည်။ ကြိုးတိုက်ထဲရောက် နေသော ဦးစောကလည်း ဇနီးဒေါ်သန်းခင်အား ပရိဒေဝမီး မတောက် လောင်စေရန် အောက်ပါအတိုင်း စာတစ်စောင်ကို ၁၉၄၈ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့က ပေးပို့လိုက်သည်။ စာပါ အကြောင်းအရာမှာ -

မာမီခင်

ကျွန်တော့် အလောင်းကို အိမ်သို့ မယူပါနှင့်။ ဘယ်ကိုမှလည်း မယူပါနှင့်။ သေပြီးသော အပုပ်ကောင်ကြီးဟူ၍ တရားနှင့်ဖြေပါ။ သတိသံဝေဂဖြစ်ပါ။ အနိစ္စတရားနှင့် အနတ္တတရားများကို ပွားများပါ။ သေပြီးဖြစ်၍ မထူးပါ။ ထို့ကြောင့် မာမီ(ဒေါ်သန်းခင်)တို့ ဒုက္ခမရှာပါနှင့်တော့။ သေသူကို ရည်ရွယ်၍ ပဋ္ဌာန်းခံခြင်း၊ ရှင်ပြုခြင်း၊ ဆွမ်းကျွေးခြင်း စသော ကုသိုလ် ကောင်းမှုများကို ပြုပါက မာမီတို့မှာ ကုသိုလ်ရနိုင်ပါသည်။ ဤသို့သော ကုသိုလ်ရေးများကိုသာ ဂရုစိုက်ပါ။

(ပုံ) မောင်စော - ဟူ၍ ဖြစ်သည်။

သာယာဝတီ ဦးသန်းမြင့်က (၁၅-၇-၁၉၇၁)နေ့ထုတ် အိုးဝေဂျာနယ်တွင် “ ဂျူန်ဦးစော၏ နောက်ဆုံးနေ့ ” ခေါင်းစဉ်ဖြင့် ယခုလို ရေးသားခဲ့သည်။

ထိုနေ့ကား ၁၉၄၈ ခု၊ မေလ (၈)ရက်နေ့ အရုဏ်ဦးပင် ဖြစ်သည်။ နံနက်ခင်း၏ ပူနွေးသော အရုဏ်ဦး၏ ရောင်ခြည်သည် ခပ်ဆိုင်းဆိုင်း ခပ်မှိုင်းမှိုင်းဖြင့်ရှိစဉ် အင်းစိန်ထောင်ကြီး၏ ဗူးဝတွင် တရားရေးရာဌာန အတွင်းဝန် ဦးစံညွန့်၊ အကျဉ်းဌာနမင်းကြီး ဦးဘမောင်၊ ရဲချုပ်၊ ရဲမင်းကြီးများ၊ တရားသူကြီးများ၊ ဆရာဝန်များနှင့် ခွင့်ပြုချက်ဖြင့် ရောက်ရှိလာကြသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိများသည် စုဝေးရောက်ရှိနေကြလေပြီ။

အင်းစိန်ထောင်မှ ထောင်ပိုင်ကြီး ဦးတင်မောင်သည် ရောက်ရှိလာကြသော ဌာနဆိုင်ရာများအား ခရီးဦးကြိုပြုလျက် ထောင်ကြီးအတွင်းသို့ ဧည့်ကပင် ရှေ့ဆောင် ခေါ်ယူသွားပြီး ယနေ့ နံနက်၊ နေမ

ထွက်မီ အပြီးဆောင်ရွက်ရမည်ဖြစ်သော လုပ်ငန်းတစ်ခုအတွက် အမှား အယွင်း အတိမ်းအစောင်း မရှိအောင် ပိပိရိရိ ဆောင်ရွက်ထားပြီးသား ကိစ္စများကို ထပ်လောင်းစစ်ဆေးနိုင်ရန် တင်ပြနေသည်။

ယင်းကိစ္စကား အခြားမဟုတ်။ လုပ်ကြံမှုတရားခံ ဦးစောတို့ အား အချိန်မီကြိုးမိန့်ပေးရန် အစီအစဉ်ပင် ဖြစ်ပေသည်။ ဦးစောသည် ၎င်း၏ လွတ်မြောက်ရေးကို နည်းမျိုးစုံဖြင့် ကြိုးစားသေးသည်။ အယူခံ များ၊ အသနားခံစားများ အဆင့်ဆင့်ဖြင့် တစ်မျိုး၊ ၎င်း၏ အားကိုးရာ နိုင်ငံခြား သံရုံးတစ်ရုံးသို့ လျှို့ဝှက် အကူအညီတောင်းခံသည်က တစ်ဖုံ၊ နောက်ဆုံး ဦးစောသည် သူ့ကိုယ်သူ လုပ်ကြံရန်ပင် ကြံစည်ခဲ့သည်။

သို့သော် သူ၏ကြိုးစားမှုများမှာ အရာမထင်ခဲ့၊ အထမမြောက် ခဲ့ပေ။ မျှော်လင့်ချက် ကုန်ဆုံးသည်နှင့် ဦးစောသည် သူလိုချင်သော အခွင့်အရေးများကို တန်းစီတောင်းတော့သည်။ ၎င်းတို့မှာ သူ့အတွက် သေဒဏ်အတည်ဖြစ်လျှင် လက်ထိပ်မခတ်ဘဲ ကြိုးစင်သို့တင်ရန်၊ ၎င်း ၏ ဘဝကူးကောင်းရန် သူ့အား ဘာမျှမပြောကြတော့ဘဲ ဆိတ်ငြိမ်စွာ နေခွင့်ပြုရန်နှင့် လယ်တီဆရာတော်ကြီး ရေးသားပြုစုထားသော တရား စာအုပ်များ၊ ဒီပနီများကို ဝယ်ပေးရန် မေတ္တာရပ်ခံ တောင်းဆိုခဲ့သည်။

တစ်နေ့ - ဦးစောနှင့် ၎င်းအတွက် အထူးတာဝန်ချထားသူ ထောင်အရာရှိငယ် (ဒု-ထောင်မှူး) တစ်ဦးတို့ စကားစပ်မိကြသည်။ ဦးစောက တရားသံဝေဂသံပါပါနှင့် သွယ်ဝိုက်ဖြောင့်ချက်ပေးသကဲ့သို့ ပြောခဲ့သည်မှာ -

# ဂျူလျန်ဦးစော၏ နောက်ဆုံးသံဝေဂစကား

"ကျုပ်ဟာ တစ်သက်လုံး ဗုဒ္ဓဘာသာလို့ပြောခဲ့တာပဲ။ တကယ်တော့ မည်ကာမတ္တ ဗုဒ္ဓဘာသာမျှသာ ဖြစ်ခဲ့တာကို ခုလို တရားစာပေလေ့လာမိမှ ပိုပြီးသိရတယ်။ ကျုပ်ဟာ လောကမှာရှိတဲ့ မကောင်းမှုမှန်သမျှ မလုပ်ခဲ့ဖူးတာလည်း မရှိဘူး။ ကျုပ်ဟာ လောကရဲ့ခံစားရမယ့် အကောင်းဆုံးတွေကိုလည်း မခံစားဖူးတာ မရှိဘူး။ ဒါပေမယ့် ခုတွေ့ရတဲ့ တရားတော်ရဲ့ အဆီအနှစ်တွေကို ကျုပ်တစ်ခါမှ မတွေ့ခဲ့ဖူးဘူး" - ဟု ဖွင့်ဟလျှက် -

"ကျုပ်မှာ အာဏာရှိတဲ့ အချိန်တုန်းကလည်း ဘာသာရေးကို အလေးအနက် မပြုမိဘူး။ ဘာသာရေးဟာ ကျုပ်အတွက် ဟန်ပြအယောင်ဆောင်တစ်ခုလောက်သာ ရှိခဲ့တယ်။ ကျုပ်ဆန္ဒမှာ ရှိတာက ကျုပ်အာဏာ တည်မြဲရေး၊ ကြီးပွားရေးနဲ့ တိုင်းပြည်ကို ကျုပ်ကြိုက်တဲ့ပုံစံသွင်းချင်တာပဲ ကျုပ်မှာ အဓိကဖြစ်ခဲ့တယ်။ အဲဒီ အချိန်ကသာ ခုတွေ့ရတဲ့ တရားတော်တွေကို တွေ့ရလျှင် ခုလိုလည်း ဖြစ်မယ်မထင်မိဘူး" ဟု ဖွင့်အံခဲ့သည်။

ဤမျှသာမက ဦးစောတွင် ကြီးမားသော အစွဲအလမ်းကြီးတစ်ခုကြောင့် သူ့တွင် စိတ်အထိခိုက်ဆုံး ဖြစ်ခဲ့ရသေးသည်။

"အဲဒီတုန်းက ကျုပ်ဟာ နန်းရင်းဝန်ကြီးဘဝနဲ့ ရွှေဘိုနယ်ကို ရောက်ခဲ့တယ်။ ဒီအချိန်က ရွှေဘိုနယ်မှာ အတော်ထင်ရှားကျော်ကြားနေတဲ့ အလောင်းဘုရား ဦးအောင်ဇေယျ ကိုးကွယ်ခဲ့တဲ့ သက်န်းနက်ဘုရား မတ်ရပ်ဆင်းတုတော်ဟာ အတော်တန်ခိုးကြီးတယ်၊ ဆုတောင်း

ပြည့်တယ်၊ လိုတရတယ်၊ ရန်ကို အောင်နိုင်တယ် ဆိုတဲ့ သတင်းကြောင့် ဒီဘုရားကို မရအရ၊ ရတဲ့နည်းနဲ့ ကျုပ်ယူခဲ့မိတယ်”

*(မှတ်ချက်) မသမာသောနည်းဖြင့် ယူခဲ့ခြင်းကို ဆိုလိုဟန်တူသည်။*

ဒါပေမယ့် ကိုးကွယ်လိုလို့ ကြည်ညိုတဲ့သဒ္ဓါနဲ့ပင့်ခဲ့တာ မဟုတ်ဘူး။ ကျုပ်အကျိုးအတွက် ကြည့်ပြီး ယူခဲ့တာပဲ။ ဒီတော့ သာမန်မျှသာ ကိုးကွယ်မှုအဆင့်တွင် မဟုတ်ဘဲ ကျုပ်ရဲ့အဆောင်သဘောမျိုးပဲ ထားခဲ့မိတယ်။ ဒါဟာ ကျုပ်ရဲ့ မဟာအမှားကြီးပဲ။ နောက်မှ သိရတာက အဲဒီဆင်းတုတော်ကြီးဟာ တန်ခိုးကြီးသလောက် အလွန်ခိုက်တယ်ဆိုတာ သိရတော့ နောက်ကျသွားပြီ။”

“ဒီတော့ ကျုပ်ဟာ အင်္ဂလိပ်အကျဉ်းသမားဖြစ်လိုက်၊ သေနတ်ချောင်းပစ်ခံရလိုက်နဲ့ နောက်ဆုံး ခုချိန်ထိ ဖြစ်ခဲ့ရတာပဲ။ နောက် ကျုပ်ဒီရောက်မှ အဲဒီဆင်းတုတော်ကြီးကို ရွှေတိဂုံစေတီတော် စနေထောင့်မှာ ကျောင်းဆောင်တစ်ခုနဲ့ လှူဒါန်းလိုက်ရတယ်” ဟု ဝမ်းနည်းစွာ ပြောခဲ့သည်။ ၎င်းဘုရားအား ဦးစောကို သံရဏဂုံတင်စဉ်မှ ရေစက်ချသွားခဲ့သည်။

## ဘုရားက မခိုက်ပါ၊ မရိုက်ပါ

(မှတ်ချက်) ဤနေရာ၌ ဗုဒ္ဓဘာသာအများစု၏ မှားယွင်းနေသော အယူအဆတစ်ခုကို ဖြေရှင်းပေးလိုပေသည်။ ဗုဒ္ဓဘာသာအများစုသည် ‘ဘုရားရုပ်ပွားများ၊ စေတီများက ခိုက်သည်’ ဟု ယူဆတတ်ကြသည်။ အမှန်က ခိုက်ဟူသည် မကောင်းကျိုးများ ကျရောက်ခြင်းကို ဆိုလိုပေ၏။

ထိုမကောင်းကျိုးများကို သက်ရှိထင်ရှားဘုရားရှင်ကလည်း မလုပ်သလို၊ သက်မဲ့ ရုပ်ပွားဆင်းတုတော်များကလည်း မလုပ်ပေ။

သို့ဆိုလျှင် မည်သူက လုပ်လေသနည်း။ ထိုဘုရားရှင်နှင့် ရုပ်ပွားတော်တို့အပေါ် မရိုမသေပြုလုပ်သော အကုသိုလ်ကံ စေတနာက ပြုလုပ်ပေးခြင်း ဖြစ်သည်။ အရှင်ဒေဝဒတ်ကို မြေမျိုအောင် ဘုရားရှင်က လုပ်သည် မဟုတ်။ ဘုရားရှင်ကို သေအောင်သတ်ဖို့ အားထုတ်သောသူ၏ စေတနာဆိုးခေါ် အကုသိုလ်က လုပ်ခြင်းဖြစ်သည်။

ယခုဖြစ်ရပ်တွင်လည်း ဦးစောကို ဒုက္ခရောက်အောင်လုပ်သည်မှာ သက်န်းနက်ရုပ်ပွား မဟုတ်။ ထိုရုပ်ပွားတော်ကို လောကီ အာဏာ ပါဝါကိစ္စတွင် အဆောင်အဖြစ် မရိုမသေအသုံးချခဲ့သော စေတနာဆိုး အကုသိုလ်ကြောင့်သာ ဖြစ်သည်။ လောဘ၊ ဒေါသ ကင်းစင်ပြီးဖြစ်သော ဘုရားရှင်သည် မည်သည့်သတ္တဝါ၏ဆိုးကျိုးကို မျှော်လင့်လေမည်နည်း-

တစ်ဆက်တည်း သိသင့်သည်မှာ -

**မကောင်းကျိုးကို ဘုရားရှင်နှင့် ရုပ်ပွားများက ပေးသည်မဟုတ်သလို ကောင်းကျိုးကိုလည်းပေးသည် မဟုတ်ပေ။ မိမိကို ကောင်းကျိုးပေးသည်မှာ ထိုဘုရားရှင်နှင့် ရုပ်ပွားများ၊ သံဃာတော်များအပေါ်တွင်ထားသော စေတနာသာ ဖြစ်သည်။**

မဟာမြတ်မုနိကို ရှိခိုးပူဇော်ခြင်းနှင့် မိမိအိမ်မှ သုံးလက်မရုပ်ပွားလေးကို ရှိခိုးပူဇော်ခြင်း နှစ်မျိုးတွင် မည်သည့် ပူဇော်မှုက ကောင်းကျိုးကို ပိုရသနည်းဟု မေးခဲ့ပြားအံ့။ အဖြေကား ရုပ်ပွားကို ကြည့်ပြီးဆုံးဖြတ်၍မရ။ စေတနာကိုကြည့်ပြီး ဆုံးဖြတ်ရမည်ဟု ဖြစ်၏။ မည်ကဲ့သို့ဆုံးဖြတ်မည်နည်း -

ရှိခိုးပူဇော်ချိန်တွင် စေတနာ တစ်ကျပ်သားခန့်သာ ပါလျှင် ကောင်းကျိုး တစ်ကျပ်သားခန့်သာ ရသည်။ စေတနာ တစ်ပိဿာခန့် ပါလျှင် ကောင်းကျိုး တစ်ပိဿာခန့် ရသည်။ ဤသုံးသပ်ချက်ကိုကြည့်၍ မည်သည့် ရုပ်ပွားစေတီကို ရှိခိုးပူဇော်သည်ဖြစ်စေ သဒ္ဒါ၊ စေတနာ အပြည့်ဖြင့် ရှိခိုးပူဇော်သင့်၏။

နာမည်ကြီး ရုပ်ပွားတွေနောက်လိုက်ရင်း အလိမ်အညာခံရသူများကို တွေ့ရသောကြောင့် ယခုလို ရှင်းလင်းရေးသားရခြင်း ဖြစ်သည်။

**ထောင်ကို ကြောက်စရာမလို၊ ဒုစရိုက်မှုများကိုသာ ကြောက်ရမည်။ အပါယ်လေးပါးကို ကြောက်စရာမလို၊ အကုသိုလ်ကံများကိုသာ ကြောက်ရမည်။ ရုပ်ပွားစေတီများကို ကြောက်စရာမလို၊ ထိုရုပ်ပွားစေတီများကို မရိုမသေ ပြုလုပ်သော စေတနာဆိုးကိုသာ ကြောက်ရမည်။ ရုပ်ပွားစေတီက ခိုက်ခြင်း မဟုတ်၊ စိတ်ဆိုး စေတနာဆိုးကသာ ခိုက်ခြင်း ဖြစ်သည်။**

**(စာရေးသူ)**

ဦးစောအကြောင်းကို ပြန်ဆက်အံ့။

ယနေ့သည် ဦးစောအတွက် နောက်ဆုံး နေ့ရက်၊ နောက်ဆုံး အချိန်သို့ ရောက်ခဲ့ပြီ။ အစီအစဉ်များအရ ကျွန်တော်တို့အားလုံးသည် အသင့်ဖြစ်နေကြပြီ။ တရားရေးဌာန အတွင်းဝန်နှင့် အကျဉ်းဌာနမင်းကြီးတို့ ရှေ့ဆောင်လျှက် ကျွန်တော်တို့သည် ဦးစောထားရာ ကြိုးတိုက်သို့ ဆိတ်ငြိမ်စွာ လျှောက်လာကြသည်။ ဦးစော၏ ကြိုးတိုက်လေးသည် ခတ်မီးရောင်၊ ဆီမီးရောင်များကြောင့် လင်းသယောင်ရှိနေသည်။

# ကြိုးဒဏ်ပေးပုံ မြင်ကွင်းကျယ်

ကြိုးတိုက်ရှေ့သို့ ကျွန်တော်တို့ အရောက်တွင် ဦးစောသည် အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်သည်။ ကြိုးတိုက်တွင်းရှိ ဦးစော၏ ဆင်းတု ကလေးတွင် ဆီမီးပတ်လည်၊ ကော်ဖီဆွမ်း၊ မုန့်ဆွမ်းများဖြင့် ပန်းရေချမ်း များပါ ဝေဝေဆာဆာ ကပ်လှူထားသည်ကို တွေ့ရသည်။

ဦးစော၏ အစားအသောက် တာဝန်ကိုယူရသော အကျဉ်းသား ကလေး မောင်စင်ကာပူမှာ ၎င်း၏ ဆရာအတွက် နံနက်စာကို နံနက် သုံးနာရီကပင် အသင့်စီစဉ်ပေးသော်လည်း ဦးစောကား စားမသွားတော့ ပေ။ ဦးစောသည် ၎င်း၏ကိုယ်တွင် သူ၏ဇနီး ဒေါ်သန်းခင် (မာမီကြီး) အကြိုက် ဟု ပြောသော အဝါရောင် ပိုးရှမ်းဘောင်းဘီ၊ အပြာနုရောင် ပိုးရှပ်လက်တို၊ ရေညှိရောင် မော်လမြိုင် ရှေ့ထိုးဖိနပ်များဖြင့် သပ်ရပ်စွာ ဝတ်ဆင်လျက် အသင့်ရှိနေသည်။

ကျန်ခဲ့သော သူပိုင်ပစ္စည်းလေးများကို သူပေးလိုသောသူများ၏ အမည်ဖြင့်ယှဉ်လျက် သူ့ခုတင်ပေါ်တွင် တန်းစီတင်ခဲ့ပြီး ၎င်းနှင့်အတူ ရှိနေသော အရာရှိငယ်တစ်ဦးအား လွှဲအပ်ခဲ့သေးသည်။ ထောင်မှူးကြီး ဦးစံတင်သည် ကြိုးကျတရားခံများ ဝတ်စားရမြဲဖြစ်သည့် အကျီဖြူ အရှေ့ ကျောကွဲ (ဝတ်ရုံဖြူ) ကို လက်တစ်ဖက်ပေါ် တင်လျက် ကျန်လက်တစ် ဖက်မှ ဦးစော၏ ကြိုးတိုက် သံတံခါးသော့ကို ဖွင့်မည်ပြုစဉ် -

"ဒီဟာကြီးကို ဟိုပေါ်ရောက်မှ ဝတ်ပေးရင် မဖြစ်ဘူးလား"ဟု ဦးစောက ပြောလိုက်ရာ ထောင်မှူးကြီး၏ တံခါးဖွင့်နေသော လက်သည် တန့်သွားပြီး သက်ဆိုင်ရာအရာရှိများ၏ မျက်နှာကို ဆင့်ကဲဆင့်ကဲ ကြည့်

လိုက်သည်။ ပြီးမှ အမိန့်ရသည်အလား ကြိုးတိုက် သံတံခါးကို ဖွင့်လိုက်သည်နှင့် ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးတို့သည် ဦးစောအား ဝဲယာ ညှပ်လျက် တွဲပြီးဖြစ်နေတော့သည်။

ဦးစောကား လက်ထိပ်မပါ။ ဝတ်ရုံဖြူဗလာဖြင့် ၎င်း၏ နောက်ဆုံးခရီးဖြစ်သော ကြိုးစင်ရှိရာသို့ ညင်သာတိတ်ဆိတ်စွာဖြင့် လိုက်ပါလာခဲ့သည်။ ကျွန်တော်တို့သည် ဆိတ်ငြိမ်လေးလံသော ခြေလှမ်းများဖြင့် ဦးစော၏နောက်မှ ကပ်လျက်ပါလာကြသော်လည်း ခံစားချက်က ပြင်းထန်သည်ဟု ဆိုရပါမည်။

အသက်ရှိ ကျန်းမာဝဖြိုးလျက်ရှိသောသူတစ်ဦးအား အသုဘအဖြစ် လိုက်ပါပို့ဆောင်သကဲ့သို့ ရှိနေသည်မှာ ကျွန်တော်တို့အတွက် မသက်သာလှပါ။ ကြိုးစင်အား မြင်နေရလေပြီ။ ကြိုးစင်ရှေ့ ရောက်လုနီးနီး ဦးစောမှာ ခြေလှမ်း လေးလာသည်။ ခြေဒရွတ်ဆွဲလာသည်။ သို့သော် သတိက မလွတ်ပေ။

သူ၏ သိပ‌ောင်းကျွမ်းပ‌ောင်းများကို အပြုံးဖြင့် နှုတ်ဆက်လျက်ရှိပြန်သည်။ ကြိုးစင်ခြေရင်းသို့အရောက် ထောင်မှူးကြီး၏ သတိပေးမှုဖြင့် အသင့်ရှိနေသော ဆင်းတုတော်ကလေးအား ဦးညွတ်ဝတ်ပြုလျက် ဦးစောမှာ ဖိနပ်မပါတော့ဘဲ ထောင်မှူးကြီး ဦးစံတင်၏ တွဲခေါ်ရာ ကြိုးစင်သို့သာ တန်းတန်းမတ်မတ် တက်သွားတော့သည်။

ကြိုးစင်မှာ နှစ်ယောက် တစ်ပြိုင်နက် ပေးနိုင်သော နှစ်ခုတွဲဖြစ်သော်လည်း အခွင့်အရေးတောင်းတတ်သော ဦးစော၏ တောင်းပန်ချက်အရ သူ့အား နောက်ဆုံးအခွင့်အရေးဖြင့် သူတစ်ဦးတည်းကိုသာ ပထမ ကြိုးမိန့်ပြစ်ဒဏ်ကို ခံယူစေခဲ့သည်။

*(မှတ်ချက်) အဆင့်မရှိသူနှင့် အတူမသေလိုဟူသော သဘောမှာ မာနကိလေသာ၏ ရိုက်ခတ်မှုတစ်မျိုးပင် ဖြစ်၏။ တရားဖြင့် တည်ငြိမ်စွာ သေလိုသောကြောင့် တစ်ယောက်တည်းသီးသန့် ကြိုးမိန့်ကို ခံယူခြင်းလည်း ဖြစ်နိုင်ပါသည်။*

အရုဏ်ဦး၏ နေရောင်ခြည်သည် ဦးစောနှင့်ပြိုင်တူ ကြိုးစင်ပေါ်သို့ ရောက်ခဲ့ကြပြီ။ ဦးစောသည် ဇင်းအလိုမရှိသော ကျောကွဲအင်္ကျီအဖြူရှည်ကြီးကို ဝတ်ရန် လက်လျှိုပေးစဉ် ကြိုးစင်ပတ်ဝန်းကျင်တွင် ရှိကြသော အမှုထမ်း၊ အရာထမ်းများအား လူစေ့ မတ်တပ်ကြည့်လျက် နောက်ဆုံးသောအပြုံးဖြင့် နှုတ်ဆက်ပြန်သည်။ မကြာပါလေ။ ဦးစော၏ ခြေစုံ လက်စုံတို့တွင် ကြိုးတုပ်ပေးလျက်ရှိရာ ဦးစောသည် မျက်စိကို မှိတ်လိုက်သည်။

ထိုစဉ် ထောင်မှူးကြီးက ဦးစောအား ခေါင်းစွပ်အိပ် အဖြူကို စွပ်ပေးလျက် ကြိုးကွင်းတင်လိုက်စဉ် ဦးစောရပ်လျက်ရှိသော အောက်ခံသံပြားကြီးနှစ်ချပ်မှာ တစ်ခဏအတွင်း ဂျိုင်းခနဲ မြည်ဟီးလျက် ပွင့်ထွက်သွားသံနှင့်အတူ သူလည်း လုပ်ကြံမှုကြီး၏ခေါင်းဆောင် တရားခံအဖြစ်မှ ဘဝသစ်သို့ ကူးပြောင်း၍ ငြိမ်သက်လျက်ရှိပေပြီ။

ဦးစောကိစ္စအပြီး ထောင်မှူး၊ ထောင်ကြပ်တို့ ခြံရံလျက် မှုံကြီးအား တွဲထုတ်လာကြပြန်သည်။ သူလည်း ဝတ်ရုံဖြူကျောကွဲကြီး ဝတ်လျက် ဒယီးဒယိုင် လက်ထိပ်မပါ ကြိုးစင်ပေါ်သို့ ရောက်ရှိလာသည်။ သူနှင့် ယှဉ်လျက်ရှိသော တစ်ဖက်ခန်းမှ ကြိုးမိန့်ချပြီးသူကို ငုံ့ကြည့်သည်။ ပြီးမှ ဒါ ဦးစောလားဟု မှုံကြီးကမေးရာ ဦးစံတင်က ခေါင်းညိတ်အဖြေပေးရင်း မှုံကြီးအား ခေါင်းစွပ်အိပ်ဖြူကို စွပ်ပေးလိုက်သည်။

မှုံကြီးကား ခေါင်းစွပ်မခံဘဲ ခေါင်းရှောင်ရင်း ကျွန်တော်ပြော စရာရှိသေးတယ်ဟု စကားစလာရာ ထောင်မှူးကြီးက ပြောသာပြောပါ။ အချိန်တွေ ကျန်သေးပါတယ်ဟု နှစ်သိမ့်ရင်း၊ ခေါင်းစွပ်ထဲက ပြောနိုင် ပါတယ်ဟု ခေါင်းစွပ်ကို စွပ်လိုက်သည်။ မှုံကြီးသည် ခေါင်းစွပ်ထဲမှပင် သူ၏ မပြတ်သေးသော လက်ကျန်စကားကို ကျန်လက်တစ်ဖက်ကို မြှောက်ကာ (ဦးစောအိမ် ဝိုင်းစဉ် ခုခံ၍ ရရှိသောဒဏ်ရာကြောင့် လက် တစ်ဖက် ဖြတ်ထားသည်) ကျွန်တော်တို့ ခေါင်းဆောင်ကြီးဟာဟု အစချီ နေစဉ် သူနင်းထားသော သံပြားကြီးမှာ ပွင့်ထွက်သွားပြီး သူ့ဆရာ ခေါင်း ဆောင်ကြီးနှင့်အတူ ဘေးချင်းယှဉ်လျက် ၎င်း၏ဘဝကို နိဂုံးချုပ်ရရှာ သည်။

ထို့နောက် ကြိုးမိန့်ပြစ်ဒဏ် ခံယူပြီးသော ဦးစောနှင့် မှုံကြီးတို့ အား နာရီဝက်အကြာတွင် ထောင်ဆရာဝန်များဖြစ်ကြသော ဒေါက်တာ အောင်သိန်းနှင့် ဒေါက်တာထွန်းဝင်းတို့မှ လာရောက်စစ်ဆေးလျက် ၎င်း တို့တွင် အသက်မရှိတော့ကြောင်း မှတ်ချက်ပေးကြသည်။ ပြီးမှ ဦးစော နှင့် မှုံကြီးတို့၏ အလောင်းများကို ကြိုးစင်မှ အသင့်ရှိနေသော အခေါင်း များထဲသို့ စနစ်တကျ နေရာချပေးခဲ့ကြသည်။

တတိယအသုတ် မောင်စိုးနှင့် သက်နှင်းတို့ ရောက်ရှိလာပြန် သည်။ သူတို့ကား ပထမအသုတ်ကဲ့သို့ တည်ငြိမ်မှုမရှိ။ တုန်လှုပ်ချောက် ချားလျက်ရှိကြသည်။ ၎င်းတို့အား ကြိုးတိုက်မှ အပြင်သို့ရောက်ရန် ခဲယဉ်းစွာ ထုတ်ခဲ့ရသည်။ အချို့ ကြိုးတရားခံများ ယခုကဲ့သို့ ၎င်းတို့၏ နောက်ဆုံး အချိန်ကလေးတွင် ကြောက်ကန်ကန်လျက် အစွမ်းကုန် ခုခံ တတ်ကြသောကြောင့် ကြိုးတိုက်တရားခံများအား ထုတ်ယူရာတွင် သတိ

ကြီးစွာထားရသည်။ လိမ္မာပါးနပ်ရန်လည်း လိုသည်။

ယခုတွင် အမှုထမ်း၊ အရာထမ်းများ၏ ပါးနပ်လိမ္မာစွာ ဆောင်ရွက်မှုဖြင့် မောင်စိုးနှင့်သက်နှင်းတို့မှာ ကြိုးစင်တန်းများပေါ်တွင် ရောက်ရှိနေကြပြန်လေပြီ။ အစဉ် တုန်လှုပ်ချောက်ချားလွန်းသော နှစ်ယောက်မှာ ကြိုးစင်သံပြားများပေါ် နင်းပြီးသည်နှင့် မတုန်မလှုပ် ကျောက်ရုပ်ပမာ သံပြားများ ပွင့်ထွက်သွားချိန်အထိ ငြိမ်သက်စွာဖြင့်ပင် သူတို့၏ဆရာ ခေါင်းဆောင်ကြီးနှင့်အတူ ဘဝနိဂုံးချုပ်သွားကြပေသည်။

*(ဦးသန်းမြင့်၊ သာယာဝတီ ဂဠုန်ဦးစော၏နောက်ဆုံးနေ့၊*
*အိုးဝေဂျာနယ် (၁၅-၇-၁၉၇၁) စာ ၂၃-၃၅)*

ထိုစဉ်က စိန်ကြီးသည် အသက် (၂၁)နှစ်ရှိပြီး ကြို့ပင်ကောက်မြို့သား ဖြစ်သည်။ ၎င်းသည် မင်းတိုင်ပင်အမတ်ဟောင်းနှင့် မြူနီစပယ်စီအီးအို (အမှုဆောင်အရာရှိ) လူကြီးလုပ်ခဲ့သူ ဦးမောင်ကြီး၏ သားဖြစ်သည်။ ကြို့ပင်ကောက် အင်္ဂလိပ် - မြန်မာ စာသင်ကျောင်းမှ ခုနစ်တန်းအောင်ခဲ့ပြီး ၁၉၄၂ ခု၊ ဂျပန်ခေတ်တွင် ဘီအိုင်အေတပ်တွင် ဗိုလ်ကလေးအဆင့်ဖြင့် စစ်မှုထမ်းခဲ့သူ ဖြစ်သည်။

မိခင်ဖြစ်သူ ဒေါ်နှင်းနှင့် ဦးစောသည် နဂိုကပင် ခင်မင်ရင်းနှီးနေသဖြင့် ကြို့ပင်ကောက်သို့ ဦးစော တရားပွဲလာရောက်ကျင်းပပြီး အပြန် ဦးစောနှင့်အတူ လိုက်ပါနေခဲ့သူ ဖြစ်သည်။ ရန်ကြီးအောင်ခေါ် မောင်လှထွန်းသည် ကြိုးပေးခံရစဉ်က အသက် (၁၉)နှစ်သာ ရှိသေးသည်။ သူသည် အုတ်ဖို မြို့၊ အရှေ့အလယ်ကုန်းရွာနေ ဦးမောင်ထွန်း၏ သားဖြစ်သည်။

ငယ်စဉ်က - အုတ်ဖိုမြို့ ဦးစံလှ မြန်မာစာသင်ကျောင်းတွင် သုံးတန်းအထိ ပညာသင်ကြားခဲ့သူ ဖြစ်သည်။ ဦးစောနှင့် တူဝရီးတော်ပြီး ၎င်း၏ဖခင် ဦးမောင်ထွန်းနှင့် ဦးစောသည် ညီအစ်ကို ဝမ်းကွဲတော်သည်။ ဦးစောအား ကြိုးပေးလိုက်သောအခါ ကြိုးမှာ တစ်ချက်တည်းနှင့် ငြိမ်သက်သွားသည်ဟု ဆိုသည်။

စိန်ကြီးနှင့် ရန်ကြီးအောင်တို့၏ ကြိုးမှာမူကား အချိန်အတန်ကြာအောင် လူးလွန့်၍နေခဲ့သည်။ ကြိုးလူးလွန့်ခြင်းမှာ သေရမည်ကို စိုးရိမ်ထိတ်လန့်ပြီး ရုန်းကန်သည့်သဘောပင် ဖြစ်သည်။ ဦးစောမှာမူ သေရမည်ကို ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ခြင်းမရှိဘဲ စိတ်ပိုင်းဖြတ်ထားဟန်ရှိ၍ ကြိုးမှာ မလူးလွန့်၊ မလှုပ်ရှားတော့ပဲ ဒေါက်ဖြုတ်ချလိုက်ပြီးသည့်နောက် တစ်ချက်တည်းနှင့် ငြိမ်သက်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

လုပ်ကြံမှုဖြင့် အဖမ်းခံခဲ့ရသည့် ၁၉၄၇ ခု၊ ဇူလိုင် (၁၉)ရက်နေ့က ဦးစော၏ ကိုယ်အလေးချိန်မှာ (၁၄၈)ပေါင် ရှိခဲ့ပြီး ကြိုးပေးအသတ်ခံရမည့် တစ်ရက်အလို ၁၉၄၈ ခု၊ မေလ (၇)ရက်နေ့တွင် ကိုယ်အလေးချိန် (၁၂၆)ပေါင်သာ ရှိတော့သည်။

ဦးစောသည် သူ၏သမီး မေသန်းစောခေါ် ဘေဘီစော (၎င်းသည် ဦးစော၏ သမီးအရင်း မဟုတ်ပေ၊ ဒေါ်သန်းခင်၏ ပထမအိမ်ထောင်မှသမီးဖြစ်သည်)ထံသို့ နောက်ဆုံးပေးစာ မှာတမ်းတစ်စောင်ကို ကြိုးပေးခံရတော့မည့်ဆဲဆဲ ရက်ပိုင်းအတွင်းတွင် ရေးသားသွားခဲ့လေသည်။ ထိုစာကို သက်ဆိုင်ရာ အာဏာပိုင်တို့က မေသန်းစောထံသို့ ပို့ပေးခဲ့သည်။

ဖခင် ဦးစောက သမီးထံ ထောင်တွင်းမှ ရေးသားပေးခဲ့သော မှာတမ်းစာထဲတွင် -

## ကြိုးသမား၏ သံဝေဂစာတမ်း

ဒေါသနှင့် အာဃာတ,တရားများသည် ကောင်းကျိုးကိုမပေးဘဲ ဆိုးကျိုးကိုသာပေးသည်။ သူသည် ဒေါသမီးကို ရင်ဝယ်ပိုက်ပြီး အာဃာတ,တရား ကြီးမားလွန်းခဲ့သဖြင့် သူ၏ဘဝကို တိုတိုနှင့်ပိုင်းကာ ဇာတ်သိမ်း ဆိုးခဲ့ရသည်။ အကယ်၍ ဒေါသမီးကို ရင်ဝယ်မပိုက်ဘဲ ငြိမ်းသတ်နိုင်ခဲ့ပြီး အာဃာတ,တရားကိုလည်း ဖျောက်ဖျက်ပစ်နိုင်ခဲ့မည် ဆိုပါလျှင် ယခုလို အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝကို တိုတိုပိုင်းရမည် မဟုတ်ချေ။ သူမြတ်နိုးသော ဇနီး၊ သူချစ်သော သမီးတို့နှင့်လည်း အိုအောင်မင်းအောင် နေထိုင်ရပြီး တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်သွားနိုင်မည် ဖြစ်သည်။ ယခုမူကား လွန်ခဲ့လေပြီ။ ပြီးခဲ့လေပြီ။ သို့တစေလည်း ဖခင်ဖြစ်သူ၏ အမှားမျိုး၊ နောင်တမျိုး၊ သံဝေဂမျိုးကို သမီးဖြစ်သူ မကြုံတွေ့ရလေအောင် ဖခင်၏ ဘဝသင်ခန်းစာကို ယူ၍ ဒေါသမီးကို ရင်ဝယ် မပိုက်ထွေးဘဲ ငြိမ်းသတ်ပစ်ပါ။ မည်သူ့အပေါ်မျှ ရန်ငြိုးဖွဲ့၊ ရန်ငြိုး မထားဘဲ အာဃာတ,တရားကို ဖျောက်ဖျက် မေ့ပျောက်ပစ်ပါလေ ချစ်သမီး။

ဖေဖေ ဂဠုန်ဦးစော

# မှော်ဆရာ့စက်ကွင်း

ငယ်ရွယ်နုရွ၊ ပျိုမျစ်လှ၍၊ မာနယစ်မူး၊ ရူးနေသူ
ပညာထွန်းတောက်၊ ပါရဂူမြောက်၍၊ မောက်မာ မာန၊ ကြွနေသူ
ဥစ္စာဓနေ၊ ပေါကြွယ်ဝ၍၊ အတ္တမာန၊ ကြီးနေသူ
များခွေရံရှိ၊ အာဏာပြည့်၍၊ အတိမာန ရောက်နေသူ
အားအင်ပြည့်မား၊ များထက်သာ၍၊ မာနတံခွန် ထူနေသူ
အများနှင့်ဆန့်ကျင်၊ အဟုတ်ထင်၍၊ မှော်ဝင်မာန ပူးနေသူ
အရာရာကျရှုံး၊ ချစ်သူမုန်း၍၊ နုံးချည့်မာန စွဲနေသူ
ဖိုးဖလံအဖြစ်၊ မီးဝယ်နစ်သို့၊ မုန်း ချစ် စွန်းတွက်၊ မာနတက်ဘိ
လက်ရှိအခြေ၊ အောင်မြင်နေလည်း၊ ရေပွက်ပမာ၊ ခဏသာ
ကံဟောင်းကူဖေး၊ အကျိုးပေးကြောင့်၊ လူရေးခွင်ဝယ်၊
လူတွင်ကျယ်လုပ်၊ မာန်စွယ်ထုတ်ပြ၊
သရုပ်လှလည်း၊ လင်းရလျှပ်စီး၊ တစ်ပြက်သာ
သြော် . . . လူတွေ လူတွေ၊ အပူတွေကြား၊ အယူမှားလျက်
တရားဆိတ်သုဉ်း၊ အချိန်ဖြုန်းသော်၊ လုံးရာမှပြား၊ ပြားရာမှအက်
အက်ရာမှကွဲ၊ ကွဲရမှကြေ၊ ကြေရာမှမွ၊ မွရာမှလွင့်၊ လွင့်ရမှပျောက်
နိဂုံးရောက်သော်၊ တောက်လောင်မစဲ၊ မီးကျင်းထဲမှ
လူးလဲမထသာ၊ နာကြီးနာသည်၊ မာနဒဏ်က၊ စုန်းမှော်အသွင်
မသာတမျှ၊ နံစွနှုလုံးညှော်ဝင်၊ ထာဝရ၊ ဟန်မကျ၊ ပြုံးပျော်မရွှင်။

(အောင်ပန်းဝေ - ရွှေဘို)

ဦးစောဘဝကို အောက်ကျ နောက်ကျ ဖြစ်စေသော အဓိက တရားခံထဲတွင် မာနလည်း တစ်ပါးအပါအဝင် ဖြစ်သည်။ ထိုမာန၏ အပြစ်ကို ထင်သာမြင်သာရှိစေရန် အထက်ပါကဗျာကို ထည့်သွင်း ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။

ဦးစောသည် ဘာသာရေးအသိပညာမဲ့ခဲ့သောကြောင့် လူ့ဘဝ ကို ကာမဂုဏ်ခံစားဖို့အတွက် အသုံးချခဲ့သည်။ လောကကို မိမိကိုယ် ကျိုးအတွက် အသုံးချခဲ့သည်။ ထို့ကြောင့် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာလုံး နစ်နာခဲ့ရပေသည်။ ယခုဖော်ပြမည့် ဦးစိုးနိုင်သည်ကား ဘာသာရေး အသိပညာရှိခဲ့သောကြောင့် လူ့ဘဝကို ကုသိုလ်ရဖို့အတွက် အသုံးချခဲ့ သည်။ မိမိကိုယ်ကို လောကအကျိုးအတွက် အသုံးချခဲ့သည်။

ထို့ကြောင့် ယခု ပစ္စုပ္ပန်ဘဝမှာပင် စာရေးသူတို့ကဲ့သို့ ရဟန်း ပုဂ္ဂိုလ်များ၏ ကြည်ညိုလေးစားဖြင်းကိုပင် ခံခဲ့ရသည်။ နောင်သံသရာ တွင်လည်း အထက်တန်းကျကျ ကျင်လည်ပြီး နိဗ္ဗာန်သို့ ရောက်ဦးမည် ဖြစ်သည်။

## ခေတ်သစ် အနာထပိဏ်

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိပြည်တွင် ဇေတဝန်ကျောင်းတော်ကြီးကို (၅၄)ကုဋေ အကုန်အကျခံ တည်ဆောက်လှူဒါန်းသော အနာထပိဏ် သူဌေးကြီးဆိုလျှင် ဗုဒ္ဓဘာသာတိုင်းနီးပါး သိကြသည်။ ထို့ကြောင့် အလှူ အတမ်း ရက်ရောသူများကို ခေတ်သစ်အနာထပိဏ်သူဌေးဟု ခေါ်တတ် ကြသည်။ သို့သော် ဘုရားတည်၊ ကျောင်းဆောက်၊ ဘာသာရေး တစ်ခု

တည်းတွင် လှူရုံဖြင့် အနာထပိဏ်ဘွဲ့ကို ခံယူ၍ မရပေ။

ရှင်းပြအံ့ -

'အနာထပိဏ်' ဟူသည် သူ၏ အမည်အရင်း မဟုတ်။ သူ့အား အများက ပေးထားသော ဂုဏ်ပုဒ်တစ်ခုသာ ဖြစ်သည်။ အနာထပိဏ်၏ အဓိပ္ပါယ်မှာ ကိုးကွယ်အားထားရာမရှိသော ဒုက္ခသည်များအား ထမင်း ကျွေးတတ်သူဟု ဖြစ်သည်။ သူ၏ အမည်အရင်းမှာ သုဒတ္တဖြစ်သည်။ အနာထပိဏ်သည် မိဘမဲ့ကလေးများကစ၍ ဒုက္ခရောက်နေသူများကို အမြဲထောက်ပံ့ ကူညီကျွေးမွေးလေ့ရှိသည်။

ဦးစိုးနိုင်သည်ကား ခေတ်သစ် အနာထပိဏ်ဘွဲ့ကို ခံယူထိုက် သူ ဖြစ်သည်။ သူသည် ဘာသာရေးတွင်သာမက လူမှုရေးတွင်ပါ ထိ ရောက်အောင် လှူဒါန်းနေသူ ဖြစ်သောကြောင့်ပင်။ စစ်ကိုင်းတိုင်း အတွင်း ဘာသာရေး၊ လူမှုရေး နှစ်ရပ်ပေါင်း သိန်းကိုးထောင်ကျော် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ စာရှုသူများ ဝမ်းမြောက်နုမော်သာခု ခေါ်နိုင်ရန် ဦးစိုးနိုင်၏ အလှူအချို့ကို ရှာဖွေတင်ပြလိုက်ပါသည်။

### စစ်ကိုင်းမြို့နယ်၊ မအူပင်ကျေးရွာတွင် လှူခဲ့သောဒါနများ

(က) တေတ်ပြား တည်ထားကိုးကွယ်ခဲ့သော စေတီတော်အား ကျပ် သိန်း (၆၀၀) အကုန်အကျခံ၍ ပြုပြင်မွမ်းမံခြင်း။

(ခ) အစိုးရ အလယ်တန်းကျောင်း၊ နှစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ရာတွင် ကျပ်သိန်း (၂၀) ပါဝင်လှူဒါန်းခြင်း။

(ဂ) သောက်သုံးရေအတွက် ရေတွင်းတစ်တွင်း တူးပေးခြင်း။

(ဃ) အလျားပေ(၁၀၀၀)၊ အနံ (၂၅)ပေရှိသော ရွာလယ်လမ်းမကြီး

အား ကျပ်သိန်း (၄၀) အကုန်အကျခံ၍ ကျောက်ချောလမ်း ခင်းပေးခြင်း။

**စစ်ကိုင်းမြို့နယ်၊ ညောင်တုန်းရွာတွင်ပြုလုပ်ခဲ့သော အလှူဒါနများ**

(က)အစိုးရ အလယ်တန်းကျောင်း နှစ်ထပ်ဆောင် တစ်ဆောင်ကို ကျပ်သိန်း (၃၀) အကုန်အကျခံ၍ လှူဒါန်းခြင်း။

(ခ) စစ်ကိုင်းမြို့နယ်၊ ကျေးရွာများ၏အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်း၊ ဖြတ်သန်း သွားလာမှု လွယ်ကူ ချောမွေ့စေရေး အတွက် ကျေးရွာ အလယ်ရှိ ချောင်းအား ကျပ်သိန်း (၂၅၀) ကျော်တန် ကွန်ကရစ်တံတားကြီး ဆောက်လုပ်လှူဒါန်းခြင်း။

(ဂ) အထက်အပိုဒ် (က) ပါ အစိုးရ အလယ်တန်းကျောင်း၏ ရှေ့ဘက် ကပ်လျက်ရှိသော ချောင်းကူးတံတားအတွက် သံပေါင်များ ကျပ်သိန်း (၂၀)ဖိုး လှူဒါန်းခြင်း။

**စစ်ကိုင်းမြို့နယ်၊ သပြုးကျေးရွာတွင်ပြုလုပ်ခဲ့သော အလှူဒါနများ**

(က)ကျေးရွာ အနောက်ဘက်ရှိ ချောင်းအား ဖြတ်၍ အနံ(၈)ပေ၊ အလျားပေ(၅၀)ရှိသော ကွန်ကရစ်တိုင်၊ သစ်သားခင်း တံတား တစ်စင်းကို ကျပ်သိန်း (၅၅) အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်းခြင်း။

(ခ) ထို ကျေးရွာနေ လူငယ်တစ်ဦးတွင် စွဲကပ်နေသော ရေဖျဉ်း ရောဂါကို ကျပ် (၁၅) သိန်း အကုန်အကျခံ၍ ပျောက်ကင်း အောင် ကုသပေးခြင်း။

**စစ်ကိုင်းမြို့နယ်၊ ကြွယ်လူးကျေးရွာတွင်ပြုခဲ့သော ဒါနများ**

(က)အလျား ပေ(၅၀၀)၊ အနံ (၁၀)ပေရှိ ရွာလယ် လမ်းမကြီးအား ကျပ်သိန်း(၅၀) အကုန်အကျခံ၍ ကျောက်ချောလမ်း ခင်းပေးခြင်း။

(ခ) ရွာအနောက်ဘက်ရှိ အလျားပေ(၃၀)၊ အနံ(၆)ပေ၊ အမြင့်ပေ(၂၀)ရှိ ချောင်းကူးတံတားအား ကျပ်သိန်း(၃၀) အကုန်အကျခံ၍ လှူဒါန်းခြင်း။

စစ်ကိုင်းမြို့နယ်၊ မိုးကြိုးကျေးရွာ ရွာဦးကျောင်းဆရာတော်ကြီး ခံစားနေရသော သွေးကင်ဆာရောဂါ ပျောက်ကင်းရန် နေ့စဉ်လှူဒါန်းနေသည်မှာ ယခုအချိန်ထိ ကျပ်သိန်း (၅၀) ကျော် ရှိနေပြီ ဖြစ်သည်။ ဆက်လက် လှူဒါန်းလျက်ရှိသည်။

စစ်ကိုင်းမြို့၊ လေးကျွန်းမာန်အောင်ဘုရားကြီးအား ရွှေသင်္ကန်း ကပ်လှူခြင်း၊ ဆိုဒီယမ် ဆလိုက်မီးတော် လှူဒါန်းခြင်း၊ ဓမ္မာရုံအတွက် မတည်ငွေ လှူဒါန်းခြင်း၊ နှစ်စဉ် ဘုရားပွဲ ကျင်းပရာတွင် သံဃာတော်များနှင့် သီလရှင်များအား အလှူဝတ္ထုနှင့် နဝကမ္မငွေများ ကပ်လှူခြင်းတို့အတွက် စုစုပေါင်း ကျပ်သိန်း (၈၀)ကျော်ခန့် ရှိသည်။

စစ်ကိုင်းမြို့၊ ဆင်များရှင်ဘုရားအနီးရှိ ဒေါက်တာမေချိုချိုအေး မျက်စိအထူးကုဆေးခန်းတွင် ငွေကြေးမတတ်နိုင်သည့် ဆင်းရဲသားလူနာများအား မျက်စိခွဲစိတ်ကုသရန်အတွက် ပထမအကြိမ် အလှူတော်ငွေ ကျပ်သိန်း (၂၀) လှူဒါန်းခဲ့သည်။

စစ်ကိုင်းမြို့ ဂမွန်းကျေးရွာတွင် ရေကြီး၍ နစ်မြုပ်ပျက်စီးသွားသော တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ပြုပြင်ဆောက်လုပ်ရန်အတွက် ကျပ်(၁၅)သိန်း ထည့်ဝင်လှူဒါန်းသည်။

မုံရွာမြို့ ဗောဓိတစ်ထောင် ရပ်တော်မူဘုရားကြီး တည်ရန်အတွက် အလှူတော်ငွေ ကျပ်သိန်း (၅၀၀)ကို ထည့်ဝင် လှူဒါန်းခဲ့သည်။

မုံရွာမြို့ သေ့ဝတီ သီလရှင်စာသင်တိုက်ကြီးအား ၂၀၀၅ ခုနှစ်မှစ၍ ယခုအချိန်ထိ ဆန်နှင့် လစဉ်အလှူငွေ တစ်လလျှင် ကျပ် ၃၀၀၀၀ဝိတို့အား လှူဒါန်းလျက်ရှိရာ စုစုပေါင်းအလှူငွေ ကာလတန်ဖိုး ကျပ်သိန်း (၃၀) ခန့် ရှိသည်။ ၎င်းအပြင် အထက်ပါကျောင်းတိုက်မှ မြစ်ကြီးနားသို့ ခွဲထွက်သွားသော သီလရှင်ကျောင်းအတွက် အလှူငွေ ကျပ်သိန်း (၅၀) လှူဒါန်းခဲ့သည်။

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ် ဂျုံးဂျုံးကျကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် အလှူငွေကျပ် (၂၁)သိန်း ပါဝင်လှူဒါန်းခဲ့သည်။ ဦးစိုးနိုင်ကယ်တင်ခဲ့ရသော နောက်ကြည့်ကျွန်းကျေးရွာ သမိုင်းကို ဦးစိုးနိုင်ရေးသားထားသည့်အတိုင်း ကူးယူတင်ပြလိုက်ပေသည်။

## ဒုစရိုက်ရွာဖြစ်ရခြင်းအကြောင်းရင်း

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် နောက်ကြည့်ကျွန်း ကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း (၈၀)ခန့်မှ စ၍ ဒုစရိုက်မှုများဖြင့် ကျော်ကြားသော ရွာကြီးတစ်ရွာဖြစ်ခဲ့သည်။ ကျေးရွာ၏ ဘုရားစေတီနှင့် ဘုန်းတော်ကြီးကျောင်းသည် ခန့်မှန်းခြေ (၁၉၇၀) ခုနှစ်ခန့်တွင် မြစ်ရေ

တိုက်စားမှုကြောင့် ရေထဲသို့ မျောပါဆုံးရှုံးပျောက်ကွယ်သွားခဲ့ရသည်။

သို့ဖြစ်၍ နောက်ကြည့်ကျွန်း ရွာသူရွာသားများသည် ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်းများ မရှိသည့်အတွက် ယဉ်ကျေးလိမ္မာမှု မရှိခြင်း၊ စာပေပညာ မတတ်မြောက်ခြင်း၊ အသိတရားမရှိခြင်း စသည်တို့ကြောင့် ကိုယ်ကျင့်တရားများ ပျက်စီးလာကြသည်။ ထို့ကြောင့် ၎င်းတို့၏ စားဝတ်နေရေးအတွက် ဧရာဝတီမြစ်ကြောင်းမှ မျောချလာသည့် အစိုးရနှင့် ပုဂ္ဂလိက သစ်ဖောင်၊ ဝါးဖောင်များအား ခိုးယူခြင်းမှ အစပြု၍ အဆင့်ဆင့် ကြီးထွားလာခဲ့သည်။

၂၀၀၀ ခုနှစ် အရောက်တွင် စစ်ကိုင်းတိုင်း၊ မန္တလေး၊ အမရပူရ၊ တံတားဦးမြို့နယ် အသီးသီးရှိ လူနေအိမ်များမှ စက်ဘီးများ၊ မော်တော်ဆိုင်ကယ်များ ခိုးယူခြင်း၊ အခြားတွေ့ရာပစ္စည်းကို ခိုးယူခြင်းများ ပြုလုပ်လာကြသည်။ ၎င်းအပြင် အမှတ်(၃၃)၊ ခြေမြန်တပ်မ ဌာနချုပ်၏ မွေးမြူရေးကြက်ခြံမှ ကြက်များခိုးယူခြင်း၊ နောက်ကြည့်ကျွန်းရွာအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများမှ စိုက်ပျိုးထားသော လယ်ယာစိုက်ခင်း၊ အသီးအနှံများအား ခိုးယူလာသည်အထိ ဆိုးရွားလာကြသည်။

၎င်းအပြင် ကျေးရွာ ပြည်သူလူထုနှင့် အမှတ် (၂) ရဲစခန်း၊ ပြည်သူ့ရဲ တပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် နောက်ကြည့်ကျွန်း ကျေးရွာမှ လူဆိုး၊ သူခိုးများအား ဝိုင်းဝန်းဖမ်းဆီးလျက်ရှိရာ ယခုအချိန်ထိ ဦးရေ (၃၀)ကျော်အား ဖမ်းဆီးရရှိခဲ့ပြီး ပြစ်ဒဏ်များ အသီးသီး စီရင်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် ယခု ပြစ်ဒဏ်ခံရသူများ၏ ရှေ့တွင်လည်း ခိုးမှုဖြင့် ပြစ်ဒဏ်ချခံရသူပေါင်း ဦးရေ (၃၀)ကျော်ရှိကြောင်း သိရသည်။

ရိုးသားကြိုးစားစွာ အလုပ်လုပ်ရန် အားပေးခြင်း၊ ပတ်ဝန်းကျင် ကျေးရွာရှိ ရွာသူရွာသားများနှင့်အတူ အားပေးစကားပြောခြင်း၊ လူမှုရေး လုပ်ငန်းများ ကူညီလုပ်ကိုင်ပေးခြင်းဖြင့် ၎င်းတို့၏ ကိုယ်ကျင့်တရား၊ စိတ်နေသဘောထားများကို တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲပေးခဲ့ သည်။

အထက်ပါ အကြောင်းတရားများကို ကျွန်တော် သိရခြင်းမှာ ကျွန်တော်သည် စစ်ကိုင်းမြို့နယ်၊ ဒေါင်းမကျေးရွာရှိ မိဘများ နေထိုင် ရာသို့ တစ်လလျှင်တစ်ခေါက် သွားရောက် ကန်တော့လေ့ရှိသည်။ စစ် ကိုင်းမြို့မှ ဒေါင်းမကျေးရွာသို့ မော်တော်ကားဖြင့်ဖြတ်သွားစဉ် လုံခြုံရေး ကင်းတဲများဖြင့် ညစဉ် ရွာသားများ ကင်းစောင့်နေကြောင်း တွေ့ရ၍ မေးကြည့်ရာ နောက်ကြည့်ကျွန်းရွာမှ လူဆိုးသူခိုးများကို ကာကွယ်ရန် ဖြစ်ကြောင်း ဖြေကြားရာမှတဆင့် သိရခြင်းဖြစ်သည်။

ကျွန်တော်သည် (၁. ၁. ၂၀၀၇)နေ့မှ စ၍ နောက်ကြည့်ကျွန်း ကျေးရွာ၏ နောက်ခံသမိုင်းဖြစ်စဉ်အား လေ့လာကြည့်ရာ အောက်ပါ အချက်များကို သုံးသပ်ဆင်ခြင်မိပါသည်။

(၁) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေခံကောင်းများ ဖြစ်ထွန်းစေရန် အတွက် မူလအခြေခံဘုန်းတော်ကြီးကျောင်းနှင့် ဘုရားပုထိုး၊ စေတီများ မရှိခြင်းတို့ကြောင့် ဘာသာ၊ သာသနာ၊ ယဉ်ကျေး မှုများ နာကြားသင်ယူမှု မရှိခြင်း။

(၂) စာပေပညာ မသင်ကြားရသည့်အတွက် အခြေခံအသိပညာ များ မရှိခြင်း။

(၃) စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရန် လယ်ယာမြေ

မရှိခြင်း။

(၄) ရှေးလူကြီးများလက်ထက်မှစ၍ ၎င်းတို့၏ မကောင်းမှုစရိုက်ဆိုးများကြောင့် အနီးပတ်ဝန်းကျင်ရွာများက ဝိုင်းပယ်ထားရာ အထီးကျန်စွာ နေထိုင်ကြရသည်။

ထိုအကြောင်းကြောင့် နောက်ကြည့်ကျွန်း ရွာသားများသည် ယခုကဲ့သို့ လူဆိုး၊ သူခိုးများ ဖြစ်လာရခြင်း ဖြစ်သည်။

ဥပမာအားဖြင့် ကျွန်တော် ငယ်စဉ်အခါက ကြားသိခဲ့ရသော ၎င်းရွာမှ ဦးသံချောင်းဆိုသူသည် စာပေမတတ်မြောက်ခြင်းမှ အစပြု၍ ၎င်း၏ စားဝတ်နေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့၏ သစ်၊ ဝါး ဖောင်များအားခိုးယူပြီး အသက်မွေးဝမ်းကြောင်းပြုခဲ့ရသည်။ ၎င်းသေဆုံးသွားသောအခါ သူ၏သားဖြစ်သူ ဦးစိုးမင်းသန်းမှာလည်း ဖခင်အလုပ်ကိုပင် ဆက်လုပ်ခဲ့သည်။ ဦးစိုးမင်းသန်းမှာ ပြစ်မှုကြီးသဖြင့် ယခုအခါ ထောင်ဒဏ် (၁၂)နှစ် ကျခံရလျက်ရှိသည်။

ဦးစိုးမင်းသန်းမှ အစပြု၍ ၎င်းနှင့် ပူးပေါင်းကြံစည်သူ လူဆိုးသူခိုးများလက်ထက်တွင် စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ တံတားဦးစသော မြို့နယ်အသီးသီးမှ ဆိုင်ကယ်၊ စက်ဘီး စသည်တို့အပြင် တွေ့ရာပစ္စည်းများကို ခိုးယူ၍ အသက်မွေးခဲ့ကြသည်။

ထိုကဲ့သို့ စစ်ကိုင်းမြို့နယ်အတွင်းနှင့် မိမိ၏မိဘများ နေထိုင်သည့် ဒေါင်းမကျေးရွာ အနီးတဝိုက်တွင် ဆိုးရွားသည့် အကျင့်စရိုက်များရှိနေသည့် နောက်ကြည့်ကျွန်း ကျေးရွာမှ ရွာသားများအား ယဉ်ကျေးလိမ္မာသည့် လူ့ဘောင်အဖွဲ့အစည်းသို့ ပြုပြင်ပြောင်းလဲနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်။

ပြစ်ဒဏ် ကျခံဆဲနှင့် ပြစ်ဒဏ် ကျခံခဲ့ရသောသူများ၏ သားသမီး (၄၇)ယောက်အား မိဘများ၏ခွင့်ပြုချက်၊ ကျေးရွာဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၁၃. ၆. ၂၀၀၇) နေ့တွင် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၂၆) မူလတန်းကျောင်းတွင် အခြေခံမူလတန်းပညာများ သင်ကြားပေးလျက်ရှိပါသည်။ ၎င်း (၄၇)ဦးအတွက် စားဝတ်နေရေးနှင့် ပညာရေးများအတွက် အစစအရာရာ လိုလေသေး မရှိအောင် ထောက်ပံ့ပေးလျက်ရှိသည်။

ကျွန်တော်သည် နောက်ကြည့်ကျွန်း ကျေးရွာအတွင်းရှိ ခိုးယူစားသောက်နေထိုင်ကြသော မိသားစုတို့၏ ဘဝများအား လေ့လာတွေ့ရှိရသောအခါ လွန်စွာ စိတ်မကောင်း ဖြစ်မိပါသည်။ ၎င်းတို့၏ ဘဝများမှာ ကျေးရွာတည်ရှိရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သစ်ပင်၊ ချုံပုတ်များဘေးတွင် ဝါးတဲလေးများ တည်ဆောက်၍ နေထိုင်ပြီး၊ နေ့ပိုင်းတွင် ရေလုပ်ငန်း၊ တံငါလုပ်ငန်းများလုပ်၍ ညပိုင်းတွင် အစိုးရနှင့် ပုဂ္ဂလိကပိုင် ပစ္စည်းများကို ခိုးယူစားသောက်ကြသည်။

သို့ဖြစ်၍ ၎င်းတို့၏ အခြေခံ စားဝတ်နေရေးအတွက် (၄. ၃. ၂၀၀၇)မှ စတင်၍ လစဉ် အိမ်ထောင်စု တစ်စုအတွက် ဆန် (၆)ပြည်၊ ငွေကျပ် (၅၀၀၀) ထောက်ပံ့ပေးခြင်း၊ ၎င်းတို့၏ သားသမီးများဖြစ်သည့် (၁၄)နှစ် အရွယ် (၁၅)ယောက်အား ကျွန်တော့်၏ ကုမ္ပဏီများတွင် အလုပ်ခန့်ထား၍ လစာငွေများ ထောက်ပံ့ပေးခြင်း၊ အဝတ်အထည်များ ထောက်ပံ့ပေးခြင်း၊ လူ့အသုံးအဆောင်ပစ္စည်းများ လှူဒါန်းပေးခြင်းတို့ကို လစဉ် ဆောင်ရွက်လျက်ရှိသည်။

စုစုပေါင်း လစဉ် ဆန် (၁၅)အိတ်နှင့် ငွေသား (၃)သိန်းကျပ် လှူဒါန်းလျက်ရှိသည်။ ၎င်းအပြင် မွေးမြူရေးဖြင့် အသက်မွေးဝမ်း ကြောင်းပြုနိုင်ရန် အိမ်ထောင်စု တစ်စုတွင် နို့စားနွားမ တစ်ကောင် ကာလတန်ဖိုး ကျပ်သုံးသိန်းခွဲ ပံ့ပိုးလျက်ရှိရာ၊ ယခုအချိန်အထိ အိမ် ထောင်စုသုံးစုအတွက် နို့စားနွားမသုံးကောင် ပံ့ပိုးပေးခဲ့သည်။

နောက်ကြည့်ကျွန်းကျေးရွာ၌ 'လေးကျွန်းချမ်းသာ'ဘွဲ့အမည်ခံ စေတီတစ်ဆူ တည်ထားပေးခဲ့ပါသည်။ ထီးတော်တင်ပွဲအား (၁၆. ၁၂. ၂၀၀၇)နေ့တွင် ဆင်ယင်ကျင်းပခဲ့သည်။ ဘုရားတည်ခြင်းနှင့် အနေ ကဇာတင်ခြင်းတို့အတွက် လှူဒါန်းငွေမှာ ငွေကျပ် သိန်း (၄၈၀)ကျော် ဖြစ်သည်။ ထို့အပြင် မန္တလေးမြို့၊ မစိုးရိမ်တိုက် နာယကချုပ် ဆရာ တော် ဦးရာဇဓမ္မာဘိဝံသနှင့် မြကျောက်ဆရာတော်ကြီးများ ဦးဆောင်၍ သံဃာတော် (၄၇)ပါး ကို ပင့်ဆောင်ပြီးလျှင် ရွာသူရွာသားများကိုယ်တိုင် သင်္ကန်း (၄၃)စုံကို ကပ်လှူစေခဲ့သည်။ ဆရာတော်ကြီးများ၏ ဩဝါဒ တရားများကိုလည်း နာယူစေခဲ့သည်။

နောက်ကြည့်ကျွန်း ရွာဦးဘုန်းတော်ကြီးကျောင်း နှစ်ထပ် ဆောင် ဆောက်လုပ်ရန်လည်း မြေနေရာဝယ်ယူထားပြီး ဖြစ်သည်။ နှစ် ထပ်တိုက်ကျောင်းအတွက် ကျပ်သိန်း (၃၀၀)ခန့် လှူရန် စီမံထားပြီးဖြစ် သည်။ နောက်ကြည့်ကျွန်း ကျေးရွာသည် ပတ်ဝန်းကျင် ကျေးရွာများနှင့် ကူးလူးဆက်ဆံ သွားလာနိုင်ရန် ယခင်အချိန်အခါက လှည်းလမ်း၊ ယာဉ် သွားလမ်းများ မရှိပါ။ မိမိမှ အလျား (၇၀၀)ပေ၊ အကျယ်ပေ (၅၀)ရှိ မြေကွက်အား ဝယ်ယူ၍ ယာဉ်သွားလမ်း၊ လှည်းသွားလမ်းများ ဖောက် လုပ်ပေးခဲ့သည်။

ကျွန်တော်သည် နောက်ကြည့်ကျွန်းကျေးရွာသို့ တစ်လလျှင် လေးကြိမ်ခန့် သွားရောက်၍ ဘာသာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများကို ကိုယ်ကျင့်တရား ကောင်းမွန်စွာ ကြိုးစားလုပ်ဆောင်ကြရန် အားပေးစကား ပြောကြားခြင်း၊ ပတ်ဝန်းကျင်ကျေးရွာရှိ ရွာသူရွာသားများနှင့် တွေ့ဆုံပေးကာ အားပေးစကား ပြောကြားခြင်း၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ၎င်းတို့၏ ကိုယ်ကျင့်တရား၊ စိတ်နေသဘောထားများကို တဖြည်းဖြည်း ပြုပြင်ပြောင်းလဲပေးခဲ့ပါသည်။

ထိုကဲ့သို့ ပြုပြင်ပြောင်းလဲလာမှုကြောင့် ပတ်ဝန်းကျင်ကျေးရွာများသည် ယခင်ကကဲ့သို့ ညအချိန် ကင်းစောင့်ခြင်းတာဝန်များ မပြုလုပ်ရတော့ဘဲ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်လျက်ရှိကြသည်။ ၎င်းအပြင် နောက်ကြည့်ကျွန်းကျေးရွာမှ ပြစ်ဒဏ်ကျခံ၍ပြန်လွတ်လာသည့် ရွာသား (၃၈)ဦးအား ဒုလ္လဘရဟန်းခံပြီး တရားအားထုတ်စေနိုင်ရန် စီစဉ်ထားပြီးဖြစ်သည်။

ဦးစိုးနိုင် + ဒေါ်အေးအေးခိုင်၊
အေးအေးခိုင်ကျောက်စိမ်းကုမ္ပဏီ

## မြေပြင်ပေါ်က ငရဲပြည်

ရာဇဂြိုဟ်ပြည်တွင် ကုဋေများစွာ ချမ်းသာသော သူဌေးကြီးတစ်ဦးရှိ၏။ 'မဟာဓနသူဌေး' ဟု အမည်တွင်၏။ ထိုသူဌေးကြီးတွင် တစ်ဦးတည်းသော သားတစ်ယောက်ရှိ၏။ သူဌေးကြီးသည် သူ၏သားကို မည်သည့်အတတ်ပညာမှ သင်မပေးချေ။ သူ၏အတွေးမှာ ငါ့သားသည်

အလွန်ဆုံး တစ်နေ့တစ်ထောင် သုံးသည့်တိုင်အောင် အနှစ်တစ်ရာသုံး သော်လည်း ငါစုထားသောငွေများ မကုန်နိုင်။ ထို့ကြောင့် အသက်မွေး ဝမ်းကျောင်းပညာ ဘာမှ သင်စရာမလိုဟု ဆုံးဖြတ်လေသည်။

ငွေမှတစ်ပါး တခြားဘာမှမရှိသောသူကို သူဌေးဟုခေါ်သည် ဟု ဖွင့်ဆိုချက်သည် ထိုသူဌေးကြီးမျိုးကိုပင် ရည်ညွှန်းဟန် ရှိသည်။ သားဖြစ်သူ အရွယ်ရောက်သောအခါ အဆင်း ရှိသော်လည်း အချင်း (အရည်အချင်း) မရှိသော အမျိုးသမီးကြီးတစ်ဦးနှင့် လက်ဆက်ပေးလေ သည်။ သူဌေးကြီး ကွယ်လွန်သောအခါ သူ့သားသည် လိုအပ်တာထက် ပို၍ အပျော်အပါး၊ အသောက်အစားနှင့်သာ အချိန်ကုန်ခဲ့သည်။

အထွက်သာရှိပြီး အဝင် မရှိလေသောအခါ နှစ်အနည်းငယ် အတွင်းမှာပင် ဆင်းရဲနွမ်းပါးခြင်းသို့ ရောက်ခဲ့ရသည်။ အသက်မွေးဝမ်း ကျောင်းပညာ တစ်ခုမှ မတတ်သောအခါ ချေးငှားစားပြီး အသက်မွေး ရ၏။ ချေးငွေများ ပြန်မဆပ်နိုင်သောအခါ ပိုင်ဆိုင်သမျှ တိုက်တာခြံ များကို ပေးလိုက်ရပြီး ခွက်လက်စွဲကာ တောင်းစားရတော့သည်။

ဇနီးသည်ကလည်း မျှော်လင့်ချက်မရှိသော သူ့ကို စွန့်ခွာသွား ခဲ့သည်။ ထိုသူဌေးသားသည် ပထမအရွယ်တွင် စီးပွားဥစ္စာကို အားကြိုး မာန်တက် ရှာဖွေခဲ့လျှင် အထက်တန်းစား သူဌေးကြီး ဖြစ်နိုင်ပေသည်။ လောကီဥစ္စာ မရှာဘဲ လောကုတ္တရာဥစ္စာ ရှာမည်ဆိုလျှင် ရဟန္တာဖြစ်နိုင် ပေသည်။ ဒုတိယအရွယ်တွင် စီးပွားဥစ္စာကို ရှာဖွေက အလတ်တန်းစား သူဌေး ဖြစ်နိုင်ပေသည်။ လောကုတ္တရာ ဥစ္စာရှာဖွေက အနာဂါမ်သော် လည်းကောင်း၊ သကဒါဂါမ်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

တတိယအရွယ်တွင် စီးပွားဥစ္စာရှာဖွေက သူဌေးအငယ်စား တစ်ယောက်ဖြစ်နိုင်ပေသည်။ လောကုတ္တရာဥစ္စာရှာဖွေက သောတာပန် တည်နိုင်ပေသည်။ သူသည် အရွယ်သုံးပါလုံး အချိန်ဖြုန်းခဲ့သောကြောင့် ဥစ္စာနှစ်မျိုးလုံး မရတော့ပေ။ **လူသားသည် ဥစ္စာစည်းစိမ်ထက်လည်း ကောင်း၊ ခြေလက်အင်္ဂါထက်လည်းကောင်း အသက်ကို ပို၍တန်ဖိုးထား တတ်သည်။ သို့သော် အသက်ကို တန်ဖိုးထားသော လူသားသည် အချိန် ကိုကား တန်ဖိုးမထားတတ်ကြ။**

**အမှန်ကား စက္ကန့်၊ မိနစ်၊ နာရီ စသော ထိုအချိန်တိုလေးများ ပေါင်းစည်းထားခြင်းကို အသက်ဟု ခေါ်ခြင်း ဖြစ်သည်။ ထို့ကြောင့် အချိန်နှင့် အသက်သည် အတူတူသာဖြစ်၏။ အသက်ကို တန်ဖိုးထား သောသူသည် အချိန်ကို တန်ဖိုးထားရမည်သာဖြစ်၏။ အချိန်ကို တန်ဖိုး ထားသောသူသည် အချိန်မှန်သမျှထဲမှ ကုသိုလ်၊ ပညာ၊ ဥစ္စာ ဤသုံးမျိုး တို့တွင် တစ်မျိုးမျိုးကို အမြဲတမ်းရအောင် ယူနေရမည် ဖြစ်သည်။**

ဖော်ပြပါ သူဌေးသားကား မိမိအသက်ကို တန်ဖိုးမထားသူ တစ်ယောက်ပင် ဖြစ်၏။ မဟာဓန သူဌေးကြီးသည် မိမိသားကို ဥစ္စာ အမွေပေးရန်သာ သတိရပြီး၊ ဓမ္မအမွေပေးရန် မေ့လျော့ခဲ့၏။ သူတို့ နေထိုင်ရာ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတွင် ဘုရားရှင်သည် ညစဉ် တရားဟောကြားလျက်ရှိ၏။ သို့သော် သူ့သားကို တစ်ကြိမ်မျှ တရား နာရန် မတိုက်တွန်းခဲ့ပေ။

ဥစ္စာသည် ထဝရဥစ္စာ၊ ဇင်္ဂမဥစ္စာ၊ အင်္ဂသဥစ္စာ၊ အနုဂါမိက ဥစ္စာဟု လေးမျိုးရှိ၏။ တိုက်တာခြံမြေစသော ရွှေ့ပြောင်း၍ မရသော ဥစ္စာသည် ထာဝရဥစ္စာပင် ဖြစ်၏။ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော ရွှေ့

ပြောင်း၍ရသော ဥစ္စာသည် ဇင်္ဂမဥစ္စာပင် ဖြစ်၏။ အသက်မွေးဝမ်းကျောင်း အတတ်ပညာ တစ်ခုခုသည် အင်္ဂသမဥစ္စာပင် ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်များကား အနုဂါမိကဥစ္စာပင် ဖြစ်၏။

ဤဘဝ၊ ဤခန္ဓာ၊ ဤသားမယားများ ရှိသည့်အတွက် ရှေ့ဥစ္စာသုံးမျိုးကိုလည်း ရှာရမည်သာ ဖြစ်၏။ သို့သော် ထိုမျှနှင့် မပြီးသေး။ ရဟန္တာ မဖြစ်သေးသမျှ ဘဝသံသရာများစွာ ကျင်လည်ရမည်ဖြစ်သောကြောင့် ကုသိုလ်ဥစ္စာကိုလည်း ရှာဖွေဆည်းပူးရမည်သာဖြစ်၏။ သေရွာသို့ ရောက်သောအခါ ရှေ့ဥစ္စာသုံးမျိုးသည် နှမ်းတစ်စေ့စာမျှ ပါမလာနိုင်သည်ကို အထူးသတိပြုသင့်၏၊ မိမိပြုထားသော ကုသိုလ်ဥစ္စာသည်သာ သံသရာသို့ ပါလာမည်ဖြစ်၏။

## တိရစ္ဆာန်နှင့်တူသောလူများ

လူဖြစ်သော်လည်း လူနှင့်မတူဘဲ တိရစ္ဆာန်နှင့်တူသော လူသားများရှိ၏။ ဝမ်းစာရှာခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း ဤလေးချက်သည် လူမှာလည်းရှိ၏။ တိရစ္ဆာန်မှာလည်း ရှိ၏။ ဤလေးချက်ပြည့်စုံရုံမျှနှင့်တော့ လူဟူ၍ မခေါ်ရ။ တိရစ္ဆာန်ဟုသာ ခေါ်ရကြောင်း ဝိမာနဝတ္ထု၊ အဋ္ဌကထာတွင် ဖွင့်ပြချက်ရှိ၏။

လူက တိရစ္ဆာန်ထက် သာသွားသော အချက်မှာ ပရဟိတ အလုပ်ကို လုပ်ခြင်းပင် ဖြစ်၏။ အများအကျိုးဆောင်သော အလုပ်ကို လူကသာ လုပ်တတ်၏။ တိရစ္ဆာန်က မလုပ်တတ်။ အများအကျိုးဆောင်ခြင်းဟူသည် ဝိပဿနာစကားနှင့် ပြောရလျှင် အတ္တနှင့် လောဘကို

သတ်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် အနိမ့်ဆုံးဖြစ်သောဒါနကို ပြုလျှင်ပင် ငါကောင်းစားဖို့ဟူသောစိတ်နှင့် မပြုဘဲ လောကကောင်းစားဖို့ဟူသော စိတ်ဖြင့်ပြုလျှင် ထိုဒါနသည် ငါဟူသော ဒိဋ္ဌိကိလေသာနှင့် ကောင်းစားဖို့ ဟူသော လောဘကိလေသာကို ပယ်သတ်ပြီးသားဖြစ်၏။

ဒွိပိဋကဆရာတော် ဦးဇာဂရသည် လယ်တီဝိပဿနာတရား များကို ဟောကြားပြသရင်း မိဘမဲ့ တိုင်းရင်းသားကလေးငယ်များစွာကို စောင့်ရှောက် ပြုစုထားသည်။ လှိုင်မြို့နယ်မှ မေတ္တာဝါဒီ ဆရာတော် ကြီးနှင့် လှိုင်မဟာစည် ဆရာတော်ကြီးတို့သည်လည်း မိဘမဲ့ကလေး များစွာကို ပရိယတ်၊ ပဋိပတ် အလုပ်နှင့်အတူ ကျွေးမွေးစောင့်ရှောက် လျက်ရှိကြသည်မှာ လေးစားကြည်ညိုစရာကောင်းလှသည်။

**ဘုန်းကြီးများ ဆင်းရဲသည်မှာ လူအချို့ ချမ်းသာသလောက် အဆင့်မှာ ရှိပါသည်။ ထို့ကြောင့် 'တစ်ယောက်အားနှင့် ယူသော် မရ၊ တစ်သောင်းအားနှင့် ယူသော် ရ၏' ဟူသော စကားအတိုင်း ဘုန်းကြီး ကျောင်း တစ်ကျောင်းလျှင် မိဘမဲ့ကလေး သုံးယောက်လောက် စောင့် ရှောက်ပေးမည်ဆိုလျှင် မြန်မာတိုင်းရင်းသား ကလေးများ ဘာသာခြား တို့လက်ထဲသို့ ရောက်တော့မည် မဟုတ်ချေ။ ထို့အတူ တတ်နိုင်သော ဗုဒ္ဓဘာသာ မိသားစုများသည် မိဘမဲ့ကလေး တစ်အိမ်တစ်ယောက် လောက် တာဝန်ယူမည်ဆိုလျှင်ပင် မိဘမဲ့ကလေးများအတွက် ပူစရာ မလိုတော့ပေ။**

ဗုဒ္ဓဘာသာများသည် တောင်တစ်တောင် တွေ့လျှင် စေတီ တစ်ဆူ မရ,ရအောင် တည်ကြ၏။ မြန်မာပြည်တွင်ကား တောင်များတွင် စေတီမရှိသောတောင် မရှိသလောက် ရှား၏။ စေတီတည်ခြင်းကား

ကောင်းပါ၏။ သို့သော် တောင်ခြေမှ ဝတ်ပြတ် ဆင်းရဲနေသော ဗုဒ္ဓဘာသာ မိသားစုများကို ပေးကမ်းထောက်ပံ့ဖို့ မေ့လျော့နေခြင်းကား မကောင်းပေ။

## တောင်ပေါ်မှာဘုရား၊ တောင်အောက်မှာဘာသာခြား

ထိုအချိန်တွင် ဘာသာခြား သာသနာပြုများက တောင်ခြေမှ ဆင်းရဲသား ဗုဒ္ဓဘာသာများကို စီးပွားရေး၊ လူမှုရေးကိစ္စများကို အားတက်သရော ထောက်ပံ့ကြသည်။ တောင်ပေါ်တွင် လက်ဝါးကပ်တိုင်ကြီး သိန်းတစ်ထောင် အကုန်အကျခံ စိုက်ထူခြင်းထက် တောင်အောက်က ဆင်းရဲသားများကို ထောက်ပံ့ခြင်းသည် သူတို့ ဘာသာအတွက် ပို၍ ကျေးဇူးများကြောင်း ဘာသာခြား သာသနာပြုများက သိကြသည်။

**ဗုဒ္ဓဘာသာ အများစုသည် မြေပြင်မှာ ဘုရားတည်ဖို့သာ ကြိုးစား၏။ ဘာသာခြားများက လူတို့၏ နှလုံးသားတွင် အကြင်နာမေတ္တာ ဘုရားများတည်ဖို့ ကြိုးစား၏။ ဗဟိဒ္ဓထက် အဇ္ဈတ္တ,က ပိုမိုထိရောက်သည်မှာ သဘာဝပင် ဖြစ်၏။ ထို့ကြောင့်လည်း ကမ္ဘာနှင့်ချီလိုက်လျှင် ဗုဒ္ဓဘာသာဝင်က အနည်းဆုံးအဆင့်သို့ ရောက်နေခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာများက တောင်ထိပ်တွင် ထီးတော်တင်အောင်ပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပနေချိန်တွင် တောင်အောက်မှ ဗုဒ္ဓဘာသာ လေးငါးရွာမှာ ဘာသာခြားသို့ ပြောင်းသွားကြလေပြီ။ တောင်ပေါ်မှာ စေတီဆစ်ဆူ တည်ပြီးတိုင်း တောင်အောက်မှ လူတစ်သောင်းခန့်သည် ဘာသာခြားဘဝသို့ ရောက်သွားကြလေပြီ။**

**တောင်ပေါ်က ဗုဒ္ဓဘာသာဘုရား၊ တောင်အောက်မှာ ဘာသာခြား မဖြစ်ရလေအောင် ဆင်းရဲသားများ ထောက်ပံ့ရေးကို ပထမထားပြီး စေတီတည်ရေးကို ဒုတိယထားလျှင် သာသနာပြုရာ၌ ပိုမိုထိရောက်အောင်မြင်ပေလိမ့်မည်။**

ဒုတိယ ကမ္ဘာစစ်အတွင်းက တောင်တွင်းကြီးတွင် သမ္မာကျမ်းစာကို တစ်ခွန်းမှမဟောဘဲ ဗုဒ္ဓဘာသာ လယ်သမား၊ ယာသမားများစွာကို ခရစ်ယာန်ဘာသာဝင် ဖြစ်သွားအောင် သာသနာပြုနိုင်သော ဓမ္မဆရာတစ်ဦး ရှိခဲ့ဖူးသည်။

သူပြောသော စကားတစ်ခွန်းမှာ ဗုဒ္ဓဘာသာ သာသနာပြုရဟန်းရှင်လူများအား ထိရောက်သော သာသနာပြုနည်းကို ညွှန်ပြသကဲ့သို့ဖြစ်၏။ ထိုစကားမှာ -

“ **ထမင်းဆာနေတဲ့သူကို ဘုရားရှိခိုးခိုင်းလို့ မရဘူး**” ဟူ၏။

မှန်၏။ ထမင်း နပ်မှန်အောင် မစားနိုင်သူတစ်ဦးအား ဘုရားရှိခိုးဖို့၊ တရားနာဖို့ မည်မျှလောက် ဟောဟော ရလိမ့်မည် မဟုတ်ပေ။ သူ့နာမည်ကို မြန်မာများက မြန်မာအသံထွက်ဖြင့် ဗိုလ်ကိတ်ကြီးဟုခေါ်ကြသည်။ သူသည် ဆင်းရဲနွမ်းပါးနေသော ဗုဒ္ဓဘာသာလယ်သမား၊ ယာသမားများ အဆင်ပြေအောင် အစစအရာရာ ကူညီ၏။

စပါး အထွက် တိုးအောင်၊ ပဲ၊ ဝါ စသည် အထွက်တိုးအောင် နည်းလမ်းများ ရှာပေး၏။ ပဲမျိုးကောင်းများကို ရှာပေး၏။ မျိုးသစ် ဖြစ်အောင်လည်း တီထွင်ပေး၏။ အရင်က မြန်မာကြက်များသည် အသားသိပ်မပါကြ။ အရိုးနှင့် အရေသာရှိသည်။ ထိုမြန်မာကြက်များ အသားများလာအောင် ဗိုလ်ကိတ်ကြီးက နိုင်ငံခြားမှ ကြက်မျိုးကောင်းများ ရှာ

ဖွေပြီး မျိုးစပ်ပေး၏။ သူ့ ကျေးဇူးကြောင့် မြန်မာကြက်များ အသားတိုး လာခြင်း ဖြစ်သည်။

မြန်မာများအတွက် အာဟာရဓါတ် ပြည့်ဝသော ပဲတစ်မျိုးကို သူ တီထွင်ပေးခဲ့သည်။ ထိုပဲအတွက် နာမည်ပေးရန် စဉ်းစားကြသော အခါ သူ့စေတနာကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ကိတ်ဟုပင် ပေးလိုက်ကြသည်။ ဗိုလ်ကိတ်ပဲ ရှိနေသမျှ သူ့ကို အမြဲသတိရနေကြမည်သာ ဖြစ်သည်။ သူသည် ဗုဒ္ဓဘာသာ တောင်သူလယ်သမားတို့၏ ဆာနေသောဗိုက်ကို အစာဖြည့်ပေးလိုက်သောအခါ သမ္မာကျမ်းစာကို တစ်ခွန်းမှ မဟောရဘဲ တောင်တွင်းကြီးနယ်၌ ခရစ်ယာန်ဘာသာဝင်တွေ အများကြီးဖြစ်သွားသည်။

**ပျားကို ရှာသောသူသည် မိမိလိုအပ်သော ပျားကိုရလျှင် -**

**ကြက်ဆူပင်,ပင် ဖြစ်သော်လည်း၊ တောတွင် အမြတ် မှတ်ရာသည်။**

**ပညာရှိကို ရှာသောသူသည် ပညာကိုရလျှင် -**

**သုဘရာဇာပင် ဖြစ်သော်လည်း လူတွင်အမြတ် မှတ်ရာသည်။**

ဆိုသော လုံးတော်ဆရာတော်၏ အဆုံးအမအတိုင်း ကောင်းမြတ်သော သာသနာပြုနည်းမှန်လျှင် ဘာသာခြားဆီကပင် ဖြစ်သော်လည်း ကျေးဇူးတင်စွာဖြင့် လက်ခံရယူရမည်သာဖြစ်၏။ မြို့တစ်မြို့တွင် လူထု၏ မရှိမဲ့ရှိမဲ့ငွေဖြင့် စေတီကြီးတစ်ဆူ ခြစ်ခြုပ်တည်ရာ သိန်းပေါင်းနှစ်သောင်းကျော် ကုန်သည်။ ဌာပနာသွင်းသော ရတနာပစ္စည်းသည်ပင် သိန်းပေါင်းငါးထောင်ခန့် ရှိမည်ထင်သည်။ ထိုမြို့တွင် အစဉ်အဆက်က တည်ပြီးသား စေတီပေါင်းပေါင်းများစွာရှိ၏။

ယခုခေတ်တွင် တည်ထားသော စေတီသစ်ပေါင်းများစွာလည်း ရှိ၏။ ထို့ကြောင့် စေတီသစ်၊ ဘုရားသစ်ကား ထပ်၍ မလိုလောက်အောင် ပေါများနေ၏။ ထိုမြို့တွင် ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးဖြင့် အောင်ပြီး ဆေးတက္ကသိုလ် ဆက်မတက်နိုင်သဖြင့် အလုပ်ထွက်လုပ်ရသော ကျောင်းသား ကျောင်းသူ အတော်များများရှိနေသည်ကို တွေ့ရသည်။ ထိုမြို့ရှိ ဆေးရုံသို့ သွားကြည့်လျှင် နားကြပ်နှင့် ပါးစပ်သာရှိ၏။ ဆေးအသာထား၍ ပတ်တီးစကိုပင် အပြင်မှာဝယ်ရသည်။

ဘုရားတည်၍ ကုန်မည့် သိန်းပေါင်းနှစ်သောင်းကို နွမ်းပါးသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအတွက် ငွေပဒေသာပင်များပြုလုပ်၍ ဘဏ်မှာအပ်ပြီး လှူဒါန်းလိုက်မည်ဆိုလျှင် လောကအတွက် အဘယ်မျှလောက် ကျေးဇူးများလိုက်လေမည်နည်း။ ဗောဓိတစ်ထောင်၊ ကံ့ကော်တစ်ထောင်၊ အင်ကြင်းတစ်ထောင်၊ သရက်တစ်ထောင် စသော တစ်ထောင်ရုပ်ပွားများကို စာရေးသူ ဖူးမြော်ဖူးပါသည်။

## ဘုရားဖူးရင်း ငိုရသည်

သို့သော် ကြည်နူးရသည့်အခါထက် စိတ်ထိခိုက်ရသည့်အခါကပိုများပါသည်။ တစ်ခုသော တစ်ထောင်ဘုရားများကို ဖူးမြော်ကြည့်ရာ ဘုရားရုပ်ပွားဟူ၍ပင် မသိနိုင်တော့။ ဘာရုပ်တွေပါလိမ့်ဟု တွေးတောယူရသည်အထိ ပုံတွေကပျက်စီးနေသည်။ အမိုးအကာ မပါသဖြင့် မိုးရွာတော့စို၊ နေပူတော့ခြောက်နှင့် ရုပ်ပွားများမှာ မဲခြောက်ပြီး ပျက်စီးနေလေပြီ။

ဘုရားတည်ဖို့အတွက် အလှူရှင်ရှာရန် လွယ်ကူသော်လည်း ပြုစုစောင့်ရှောက်ဖို့၊ သန့်ရှင်းရေးလုပ်ဖို့ အလှူရှင်ရှာရန်ကား မလွယ်ကူပေ။ ထို့ကြောင့် တစ်ထောင်ရုပ်ပွားများကို တောထဲတွင် ဒီအတိုင်းပစ်ထားရာ မြက်ပင်များ၊ ချုံပုတ်များက ရုပ်ပွားများကို ဖုံးလွှမ်းနေပေသည်။ တစ်ထောင်ရုပ်ပွားများ ခန္တီပါရမီကို ဖြည့်ဆည်းရင်း ချုံပုတ်တွေအောက်တွင် စံနေကြရရှာသည်။ နောက် ငါးနှစ်ခန့်ကြာလျှင် ထိုရုပ်ပွားများအားလုံးပျက်စီးပြီး မြေကြီးဖြစ်ရပေတော့မည်။ ရဟန်းမို့ မျက်ရည်မကျသော်လည်း နှလုံးသားထဲမှာကား ငိုမိနေပါပြီ။

တစ်ဆူကို ငါးသိန်း၊ အဆူတစ်ရာဆိုလျှင် သိန်းငါးရာ၊ အဆူတစ်ထောင်ဆိုလျှင် သိန်းငါးထောင် ဗုဒ္ဓဘာသာတို့၏ချွေးနည်းစာ သိန်းငါးထောင်သည် ချုံပုတ်များ၊ မြက်ပင်များအောက်မှာပင် ကုန်ဆုံးခဲ့ရပြီ။ ရွှေဘိုမြို့သို့ တရားဟောကြွစဉ်က မိဘမဲ့ပရဟိတကျောင်း တစ်ကျောင်းသို့ သွားရောက် လှူဒါန်းခဲ့သည်။ ထိုကျောင်းကို တည်ထောင် ဖွင့်လှစ်သူမှာ စာရေးဆရာကြီး ဦးသန်းထွန်း (ရွှေဘို)ပင် ဖြစ်သည်။ ဆရာကြီး၏ ပရဟိတကျောင်းကြီးမှာ ကျယ်ဝန်းသော်လည်း ကလေးငယ် သုံးဆယ်သာ ရှိသည်။ သုံးရာခန့် လက်ခံနိုင်အောင် ကျယ်ဝန်းလျက် အဘယ့်ကြောင့် သုံးဆယ်သာ လက်ခံရလေသနည်းဟု မေးမြန်းကြည့်ရာ ဆရာကြီးက -

"လက်ခံချင်တာပေါ့ ဘုရား၊ ကျွေးစရာ မရှိလို့ ဒီလောက်ပဲ လက်ခံရတာပါ။ ဆရာတော် သိတဲ့အတိုင်းပဲ ဗုဒ္ဓဘာသာ အများစုဟာ အခုလို လူမှုရေး ကိစ္စတွေမှာ လှူဒါန်းရကောင်းမှန်း သိပ်ပြီး မသိကြသေးဘူး ဘုရား။ တောင်ပေါ်ဒေသက မိဘမဲ့တိုင်းရင်းသားကလေးတွေ

အများကြီး လာအပ်ကြတယ်။ တပည့်တော်တို့ကျောင်းက ကျွေးစရာ မရှိတော့ လက်မခံနိုင်ဘူး”

“ဘာသာခြား ပရဟိတကျောင်းတွေကတော့ ဘယ်နှစ်ယောက် လာလာ ကျွေးနိုင်တယ်။ ဒီတော့ တပည့်တော်တို့ ဗုဒ္ဓဘာသာ တိုင်းရင်း သားကလေးတွေဟာ ဘာသာခြားတွေပဲ ဖြစ်ကုန်တော့တာပေါ့။ ဘာသာ ခြား သူဌေးတွေက သူတို့ ဘာသာအတွက် တကယ် ကျေးဇူးများမယ့် နေရာကို ရွေးလှူတတ်ကြတယ် ဘုရား။ တပည့်တော်တို့ ဗုဒ္ဓဘာသာ သူဌေး အများစုကတော့ ကျေးဇူးများမယ့် နေရာကို ရွေးလှူတတ်တဲ့ အလေ့အထ သိပ်မရှိကြသေးဘူး ဘုရား”

ချုပ်ပုတ်ထဲ၊ မြက်ထဲတွင် အလကားဖြစ်သွားမည့် သိန်းပေါင်း ငါးထောင်ထဲမှ သိန်းပေါင်းငါးရာလောက်ကို ထိုကဲ့သို့သော ဗုဒ္ဓဘာသာ ပရဟိတကျောင်းများသို့ လှူဒါန်းကြမည်ဆိုလျှင် တိုင်းရင်းသားရင်သွေး ငယ်လေးများ ဘာသာခြားဘဝသို့ ရောက်လိမ့်မည် မဟုတ်ပေ။ ဒါန၊ သီလ၊ ဘာဝနာ သုံးပါးလုံးသည် ဗုဒ္ဓချမှတ်ခဲ့သော ဝိမုတ္တိလမ်းစဉ်များ ဖြစ်သည်။ ဝိမုတ္တိ - လွတ်မြောက်ခြင်းဟူသည် ခန္ဓာမှ လွတ်မြောက်ခြင်း ပင်ဖြစ်၏။

ခန္ဓာဟူသည် အကျိုးတရား ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟ စသော အကြောင်းတရားများကြောင့် ဤခန္ဓာသည် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ အကျိုးတရားကို မလိုချင်လျှင် အကြောင်းတရားကို အရင်သတ် ရ၏။ ထိုတွင် ဒါနကုသိုလ်သည် လောဘဦးစီးသော ကိလေသာများကို ပါးအောင်၊ နည်းအောင် ပြုလုပ်နိုင်စွမ်းရှိ၏။

သီလ ကုသိုလ်သည် ဒေါသ ဦးစီးသော ကိလေသာများကို ပါးအောင်၊ နည်းအောင် ပြုလုပ်နိုင်စွမ်းရှိ၏။ ဘာဝနာသည် မောဟ ဦးဆောင်သော ကိလေသာများကို ပါးအောင်၊ နည်းအောင် ပြုလုပ်နိုင် စွမ်းရှိ၏။ ထိုကဲ့သို့သော အသိတရားများကို ဓမ္မများက ပေးနိုင်စွမ်းရှိ၏။ ရာဇဂြိုဟ်မှ မဟာဓနသူဌေးကြီးသည် သူ့သားအား ထိုဓမ္မအမွေပေးရန် သတိမရခဲ့ပေ။ ဘုရားရှင်ထံတွင် တစ်ကြိမ်ခန့် တရားနာရုံနှင့် ထိုအသိ များကို အပြည့်အဝရနိုင်၏။ သူတို့မြို့တွင် ဘုရားရှင်သည် ညစဉ်တရား ဟောနေ၏။ သို့သော် သူ့သားအား တစ်ကြိမ်မျှ တရားနာရန် မတိုက် တွန်းခဲ့။

ထို့ကြောင့်လည်း ယခုလို ဇရပ်ပေါ်တွင် သူတောင်းစားဘဝနှင့် ရောက်လာရခြင်းဖြစ်သည်။ သာဝတ္ထိမြို့မှ အနာထပိဏ်သူဌေးကြီးကား သားသမီး အားလုံးကိုသာမက ကာမေသုကံကို လက်ရဲဇက်ရဲ ကျူးလွန် နေသော တူတစ်ယောက်ကိုပင် ဓမ္မအမွေ ရအောင်ပေးပြီး နိဗ္ဗာန်သို့ အရောက်ပို့ခဲ့သည်။

အနာထပိဏ်တွင် သားသမီး လေးယောက်ရှိ၏။ သမီးအကြီး နှစ်ယောက်သည် သောတာပန်၊ အငယ်ဆုံးသမီးလေး သုမနကား သက ဒါဂါမ်၊ သားဆိုး သားမိုက် အရက်သမား မောင်ကာဠကိုပင် ငွေတစ် ထောင်ပေးပြီး ဘုရားရှင်၏တရားကို နာယူစေခြင်းဖြင့် သောတာပန် တည်စေခဲ့သည်။ ယခုလည်း ခေမအမည်ရှိ သူ၏ တူတစ်ယောက်သည် သူတစ်ပါး၏ မယားများ၊ သမီးပျိုများနှင့် ဖောက်ပြားလျက်ရှိသည်။ ခေမ၏ ရုပ်ဆိုးတောင်းကြောင့် အမျိုးသမီးများသည် သူ့ကိုမြင်ရလျှင် ကြွေပျက်လောက်အောင် ငမ်းငမ်းတက်ဖြစ်ကြ၏။

သူတစ်ပါး မယားနှင့် ညအခါ သွားရောက် ပျော်ပါးလေ့ရှိ၏။ မင်းချင်းတို့က ဖမ်းမိသောအခါ မင်းကြီးထံသို့ ပို့သကြ၏။ ကောသလ မင်းကြီးသည် အနာထပိဏ် သူဌေးကြီး၏ မျက်နှာကိုထောက်ပြီး အပြစ် မပေးဘဲ ပြန်လွှတ်လိုက်၏။ လွှတ်ပြီး မကြာမီမှာပင် သူတစ်ပါးမယားနှင့် ပျော်ပါးပြန်ရာ ထပ်မိသဖြင့် ဘုရင့်ထံ ထပ်ရောက်ပြန်၏။ မင်းကြီးက လည်း အနာထပိဏ်ကို အားနာသဖြင့် ပြန်လွှတ်ပေး၏။ နောက်ဆုံးတွင် သူဌေးကြီးသည် တူဖြစ်သူကို သူကိုယ်တိုင် ဘုရားရှင်ထံ ခေါ်သွားပြီး တရားနာစေသည်။ မြတ်စွာဘုရားသည် ဖေါ်ပြပါအဓိပ္ပါယ်ရှိသော နှစ် ဂါထာကို ဟောကြားတော်မူသည်။

## ကာမေသုကာ၏ ဆိုးကျိုးများ

(၃၀၉) မိုက်မဲ တွေဝေစွာ သူတစ်ပါးမယားကို အတင့်ရဲစွာ မှီဝဲလေ့ရှိ သူသည် အကုသိုလ်ဖြစ်ခြင်း၊ စိုးရိမ်သောကကြောင့် နှစ်ခြိုက် စွာ မအိပ်ရခြင်း၊ အကဲ့ရဲ့ ခံရခြင်း၊ ငရဲသို့ကျရခြင်း ဟူသော ဆိုးကျိုးတို့ကို ခံစားရ၏။

(၃၁၀) အကုသိုလ် ဖြစ်ရခြင်း၊ ငရဲသို့ကျရခြင်း ဟူသော ဆိုးကျိုးများ အပြင် မိန်းမကလည်း အထိတ်တလန့်၊ ယောကျ်ားကလည်း အထိတ်တလန့် မှီဝဲရခြင်းကြောင့် မွေ့လျော်သာယာခြင်းမှာ အနည်းငယ်သာတည်း။ ပရဒါရကံကြောင့် မင်းသည် ကျူးလွန် သူကို ကြီးလေးသောပြစ်ဒဏ်စီရင်၏။ ထို့ကြောင့် ယောကျ်ား သည် သူတစ်ပါးမယားကို မမှီဝဲရာ။

(ဓမ္မပဒ၊ နိရယဝဂ်၊ သူဌေးသားခေမဝတ္ထု)

တရားအဆုံးတွင် ခေမသည် သောတာပန်တည်ပြီး ငါးပါးသီလ လုံခြုံသွားသည်။ မဟာဓနသူဌေးသားကိုကား တရားပွဲသို့ပို့မည့် ဆွေမျိုး တစ်ယောက်မျှ မရှိခြင်းကား သူ့အတွက် ကံအဆိုးဆုံးပင်ဖြစ်၏။ တစ်ရက်တွင် ဇရပ်ပေါ်ဆာဆာနှင့် အိပ်နေသောသူ့ကို ခိုးသူများက သူတို့နှင့်အတူ ခိုးဝှက်ရန် ခေါ်ငင်လေရာ အသိဉာဏ် မရှိသော ထိုသူသည် ခိုးသူတို့နှင့် ပါသွားလေသည်။

ခိုးသူတို့က သူ့အား တင်းပုတ်လက်နက်တစ်ခုကို ပေးပြီးလျှင် ခြံတံခါးဝ၌ ထားခဲ့ကြ၏။ အနားရောက်လာသူ မှန်သမျှကို ဤတင်းပုတ်နှင့် သေအောင် ထုသတ်ရမည်ဟု မှာထားခဲ့ကြ၏။ ခိုးသူတို့ ပစ္စည်းများ ယူပြီးချိန်မှာပင် အိမ်ရှင်များနိုးလာ၍ အော်ဟစ် အကူအညီတောင်းရာ ခိုးသူတို့သည် ဉစ္စာထုပ်ကိုဆွဲ၍ ဘေးလွတ်ရာသို့ ပြေးကြသည်။

ထိုလူဖျင်းကား ဘယ်မှထွက်မပြေးဘဲ တင်းပုတ်ကြီးကိုင်လျက် ရပ်နေရာ ဝိုင်းလာသူများ၏ ဖမ်းဆီးခြင်းကိုခံရ၏။ မင်းကြီးက ထိုလူဖျင်းကို သုသာန်ထုတ်၍ ခေါင်းဖြတ်သတ်ရန် အမိန့်ပေးလိုက်၏။ ထိုခေတ်ကထုံးစံအတိုင်း သူ့ခေါင်းတွင် အုတ်မှုန့်များလိမ်းကျံလျက် ခေါင်းရမ်းပန်းကိုပန်စေပြီး ကြိုးတုပ်ကာရိုက်နှက်လျက် လမ်းကုန်အောင် စည်တီး၍ လှည့်လည်စေသည်။

အသက်ခံရမည့် ခိုးသူကို ထွက်ကြည့်သူတို့တွင် ရာဇဂြိုဟ်မှ အချောအလှတွင် နာမည်ကြီး သုလသာအမည်ရှိ ပြည့်တန်ဆာမ တစ်ယောက်လည်း ပါသည်။ သုလသာသည် ရှေးဘဝတစ်ခုက ထိုသူ၏ မယားဖြစ်ခဲ့ဖူးသောကြောင့် သနားကြင်နာစိတ် ပြင်းစွာ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကတွတ်မုန့်နှင့် သောက်ရေကို အာဏာသားတို့အား

ပေးလိုက်ပြီး မသတ်မီ အချိန်လေးတွင် ထိုသူဌေးသားကို ကျွေးရန် မှာလိုက်သည်။

## သုသာန်ထဲမှ မုန့်ဆွမ်းအလှူ

သုသန်ထဲရောက်၍ မသတ်မီအချိန်ကလေးတွင် အာဏာသားတို့က သုလသာ ပေးလိုက်သော ကတွတ်မုန့်လေးခုနှင့် သောက်ရေကို ထိုသူအား ပေးကြသည်။ ထိုလူဖျင်းသည် မုန့်တို့ကိုစားရန် ပြင်ဆင်နေစဉ်မှာပင် အရှင်မဟာမောဂ္ဂလာန်သည် သူ့ရှေ့သို့ ကြွလာ၍ ဆွမ်းရပ်လေသည်။ ထိုသူသည် ဤအတိုင်း သေသွားလျှင် ငရဲသို့ကျမည်ဖြစ်သည်။ အကယ်၍ ထိုမုန့်ကို သူမစားဘဲ မထေရ်မြတ်ကို လှူပြီးမှ သေလျှင် နတ်ပြည်သို့ရောက်မည်ဖြစ်သည်။

အရှင်မောဂ္ဂလာန် သုသာန်ထဲထိ ဆွမ်းလာရပ်ခြင်းသည် ထိုသူအတွက်သာ ဖြစ်သည်။ အရှင်မြတ်အတွက် မဟုတ်။ **ပညာမဲ့တို့၏ အမြင်အားဖြင့် ပေးသောသူသည်ကုန်၏။ ယူသောသူသည်ရ၏။ ပညာရှိတို့၏အမြင်အားဖြင့်ကား ပေးသောသူသည်ရ၏။ ယူသောသူသည် မရ။ ပညာမဲ့တို့၏ အမြင်အားဖြင့် အလှူခံသူသည် လှူသူကို ကျေးဇူးတင်ရသည်။ ပညာရှိတို့၏ အမြင်အားဖြင့် လှူခွင့်ရသူက အလှူခံကို ကျေးဇူးတင်ရသည်။** ယခုဖြစ်ရပ်ကို ရှေ့ဆက်ဖတ်လျှင် ဖော်ပြပါဒဿနလေး၏ အဓိပ္ပါယ်ကို သေချာသိလာပေလိမ့်မည်။

“သတ်မည့်ဆဲဆဲ၊ ငါ့အတွက် ဤမုန့်နှင့် ရေကို စားသောက်ခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း။ မထေရ်မြတ်ကို လှူခြင်းက သံသရာ

အတွက် ကုသိုလ်ရိက္ခာထုပ် ဖြစ်လိမ့်မည်” ဟု စဉ်းစားပြီး မထေရ်မြတ်အား ကပ်လှူလိုက်သည်။ မထေရ်မြတ်သည် ရာဇဝတ်သား၏ သဒ္ဓါတရားများကို တိုးပွားစေခြင်းငှာ ထိုသူ မြင်လောက်သော နေရာမှာပင် မုန့်တို့ကို ဘုဉ်းပေး၍ ရေကိုသောက်ကာ ကြွသွားတော်မူသည်။

မထေရ်မြတ် ကြွသွားသည်နှင့် အာဏာသားတို့သည် ထိုသူ၏ ခေါင်းကိုဖြတ်ကာ သတ်လိုက်ကြသည်။ လယ်ယာမြေကောင်းဖြစ်သော ရဟန္တာမထေရ်၌ ပြုလုပ်အပ်သော ဒါနကုသိုလ်သည် ထိုသူ အလိုရှိလျှင် လူသက်ဖြင့် (၉၂၁)ကုဋေ ခြောက်သန်း အသက်ရှည်သော ပရနိမ္မိတဝသဝတ္တီနတ်ဘုံထိ ရောက်နိုင်၏။ သို့သော် မရောက်ခဲ့။ အနှစ်ကိုးသန်း အသက်ရှည်သော စတုမဟာရာဇ်အနွယ်ဝင် ညောင်ပင်စောင့် ရုက္ခစိုးကြီးသာ ဖြစ်ခဲ့ရသည်။

ငါသည် သုလသာကျေးဇူးကြောင့် ဤဒါနကို ပြုခွင့်ရတာဟူ၍ သုလသာအပေါ် စွဲလမ်းခြင်းကြောင့် ဖြစ်၏။ သူသည် ရုက္ခစိုးနတ်ဘဝရောက်သည်အထိ သုလသာကို မမေ့။ တစ်ရက်တွင် ဥယျာဉ်သို့ သုလသာသည် တခြားအဖော်များနှင့်အတူ ပျော်ပွဲစားရောက်လာသည်။ ရာဇဂြိုဟ် မြို့သူမြို့သားများ လာနေကျ ဥယျာဉ်ကြီးပင်ဖြစ်၏။

ရုက္ခစိုးသည် ဥယျာဉ်ကြီးတစ်ခုလုံးကို အမှောင်တိုက်ကြီး ဖြစ်အောင် ဖန်ဆင်းပြီးလျှင် သုလသာကို သူ့ဗိမာန်သို့ဆောင်ယူကာ ပေါင်းသင်းနေလေသည်။ သူသည် ဇာတိဿရဉာဏ် ရသောကြောင့် သူ၏ နောက်ဘဝ အကြောင်းကိုလည်း သုလသာအား သနားစဖွယ် ပြောပြရှာသည်။ ရုက္ခစိုးနှင့် သုလသာတို့ ပေါင်းဖော်နေသည်မှာ ခုနစ်ရက်တိုင်ခဲ့ပြီ ဖြစ်သည်။

ထိုအချိန်တွင် သုလသာ၏ မိခင်သည် သမီးကို ရှာမတွေ့၍ ငိုကြွေး ပူဆွေးနေရာ လူအချို့က အရှင်မဟာမောဂ္ဂလာန်ထံ သွားမေးလျှင် သမီးရှိရာကို သိနိုင်ကြောင်း အကြံပေးကြသဖြင့် မထေရ်မြတ်ထံ ရောက်လာသည်။ အရှင်မဟာမောဂ္ဂလာန်က ဤနေ့မှ နောက်ခုနစ်ရက်မြောက်သောနေ့တွင် ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရား တရားဟောတော်မူစဉ် ပရိသတ်အစွန်၌ တွေ့မြင်ရလိမ့်မည်ဟု မိန့်ဆိုတော်မူလိုက်သည်။

ထိုအချိန်မှာပင် သုလသာသည် မိခင်ကြီး ပူဆွေးသောကရောက်နေမှာဖြစ်သည့်အတွက် မိခင်ထံပြန်ပို့ရန် တောင်းပန်ရာ ရုက္ခစိုးနတ်သည် ဘုရားရှင်၏ တရားပွဲအစွန်၌ သုလသာကို ပို့ပေးခဲ့သည်။

(ပေတဝတ္ထုပါဠိတော်၊ ဥရဂဝဂ်၊ ခေတ္တူပမပေတဝတ္ထု)

ဤစာအုပ်သည် ဦးစိုးနိုင်၏ဒါနမှုများ ဖော်ပြအပြီးတွင် ပြီးဆုံးနေပြီ ဖြစ်သည်။ သို့ပါလျက် ဤရုက္ခစိုးနတ်နှင့် လူမိန်းမတို့ ပေါင်းသင်းခြင်းဝတ္ထုကို အဘယ့်ကြောင့် ဆက်ရေးရသနည်းဆိုသော် ရှေ့တွင် မြိတ်မြို့၊ တံငါရွာမှ နတ်သမီးနှင့် လူအမျိုးသားတို့ ပေါင်းဖော်ခြင်းကို ဖော်ပြခဲ့သည်။ စာပေစိစစ်ရေးအချို့နှင့် ခေတ်လူငယ်အချို့က မဖြစ်နိုင်၊ စိတ်ကူးယဉ် ဒဏ္ဍာရီမျှသာဟု မှတ်ထင်မည်စိုးသောကြောင့် ဗုဒ္ဓလက်ထက်ကလည်း ဤကဲ့သို့ရှိခဲ့ဖူးသည်ဟု သိအောင် ဆက်လက်ရေးသားခြင်းဖြစ်သည်။ မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါးသော ကလေးများကို ကျွေးမွေးစောင့်ရှောက်သော ဒါနမျိုးကို ကာလဒါနဟုလည်းကောင်း၊ ပါရမီထိုက်သောဒါနဟုလည်းကောင်း၊ ဉာဏ်ယှဉ်သောဒါနဟုလည်းကောင်း ခေါ်ရသည်။

လောကအတွက်၊ သာသနာအတွက် တကယ်ကျေးဇူးများသည့် နေရာ၌ လျှုဒါန်းသော ကာလဒါန အလှူရှင်များသည် ဖြစ်ရာဘဝတွင် ချမ်းသာသောအခါ ပထမအရွယ် ငယ်ငယ်လေးကတည်းက ချမ်းသာသည်။ ပါရမီထိုက်သောဒါနဖြစ်သည့်အတွက် လူနတ်ချမ်းသာကိုလည်း ခံစားရသည်။ ကိလေသာကုန်ရာ နိဗ္ဗာန်ကိုလည်း ရောက်သည်။

ဉာဏ်ယှဉ်သောဒါနဖြစ်သည့်အတွက် ချမ်းသာသည့်အပြင် ဉာဏ်ပညာ ထက်မြက်ခြင်းဟူသော ကောင်းကျိုးတစ်ခုကို ပိုရသည်။ ထိုဉာဏ်ကြီးရှင်များသည် ဘုရားရှင်၏ တရားကို တစ်ကြိမ်နာရုံနှင့် ရဟန္တာဘဝသို့ ရောက်သည်။ တခြားဘာသာ၊ တခြားလူမျိုးများတွင် ဆင်းရဲသားများကို စီးပွားရေးထောက်ပံ့ရေး အသင်းအဖွဲ့များ ရှိသည်။

ဗုဒ္ဓဘာသာ မြန်မာများတွင်ကား မရှိပေ။ ဘင်္ဂလားဒေ့ရှ်၌ 'ယူနပ်စ်' အမည်ရှိ လုပ်ငန်းရှင်ကြီး တစ်ဦးသည် ဆင်းရဲသားများကို အနည်းဆုံးသော အတိုးနှုန်းဖြင့် ငွေချေးပေးရာ ဘင်္ဂလားဒေ့ရှ်မှ ဆင်းရဲသားပေါင်းများစွာ အဆင်ပြေသွားကြသည်။ ယခင်က သူဌေးများကိုသာ ပိုက်ဆံချေးကြသည်။ ဆင်းရဲသားများကို မချေးပေ။ ထို့ကြောင့် ဆင်းရဲသားများမှာ ဒုက္ခန္ဓွံမှ မတက်နိုင်တော့ပေ။

ယူနပ်စ်၏ နည်းသည် ဆင်းရဲသား အများစုကို အမှန်တကယ် စီးပွားရေး အဆင်ပြေအောင် ပြုလုပ်ပေးနိုင်သောကြောင့် ယခုဆိုလျှင် အမေရိကန်အပါအဝင် နိုင်ငံပေါင်း တစ်ရာနီးပါးသည် သူ့နည်းအတိုင်း ဆင်းရဲသားများကို အနည်းဆုံးသော အတိုးနှုန်းဖြင့် ငွေချေးပေးနေပြီ ဖြစ်သည်။

ဆင်းရဲသားတို့၏ဖခင် ယူနပ်စ်ကိုလည်း ကမ္ဘာက နိုဘယ်ဆုကြီးကို ချီးမြှင့်ခဲ့သည်။ မြန်မာပြည်တွင် မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဝါးခင်းကုန်းဆရာတော် ဦးတိက္ခ၏ အစဖော်ပေးမှုကြောင့် နာရေးကူညီမှုအသင်းကြီး တစ်ပြည်လုံးတွင် ပေါ်လာရာ ဆင်းရဲသားများမှာ သေရေးအတွက် စိတ်အေးကြရပြီ ဖြစ်သည်။

ခွာရန် ခက်သော လောကီ အစွဲအလမ်းတွေကို ခွာချကာ အသုဘယာဉ်ကို ကိုယ်တိုင်မောင်းပြီး ပို့ပေးသော ရုပ်ရှင်သရုပ်ဆောင်ကျော်သူ၏ လုပ်ဆောင်မှုကိုလည်း မြန်မာပြည်သားတို့က ဘယ်သောအခါမှ မေ့လိမ့်မည် မဟုတ်ပေ။ ယခုအခါ ဆင်းရဲသားတို့၏ စီးပွားရေးအတွက် သာရေးကူညီမှုအသင်း တစ်ခုသာ လိုပါတော့သည်။

သာရေးကူညီမှုအသင်းကြီးကို စွမ်းနိုင်သူတစ်ယောက်ကသာ စတင်လိုက်မည်ဆိုလျှင် တစ်ပြည်လုံး နောက်က လိုက်လာမှာ မလွဲပေ။ မြန်မာတို့တွင် မွေးလာကတည်းက ကရုဏာနှလုံးသား ပါလာပြီးသားဖြစ်သည်။ ဆင်းရဲသားတို့အား အရင်းအနှီးထောက်ပံ့ရန် သာရေးကူညီမှုအသင်းကြီးအတွက် မြန်မာပြည်တွင် နောက်လိုက်ကောင်းများ အများအပြားရှိပါသည်။

စတင်မည့် ခေါင်းဆောင်ကောင်းသာ လိုပါတော့သည်။ ပြောရဲပါသည်။ ထိုသာရေးကူညီမှုအသင်းကြီးကို စတင်သူ၏နာမည်ကို မြန်မာလူမျိုးအဆက်ဆက်သည် ဘယ်သောအခါမှ မေ့ပျောက်လိမ့်မည် မဟုတ်ပေ။ စာရွက်ပေါ်တွင် ရေးထားသော စာသည်သာ သဘာဝ၏ တိုက်စားမှုကြောင့် ကြာလာလျှင် ပျောက်ချင် ပျောက်ပေလိမ့်မည်။

နှလုံးသားတွင် ရေးထားသော နာမည်သည်ကား ဆွေစဉ်မျိုးဆက် သယ်ဆောင်သွားမည်ဖြစ်သောကြောင့် ဘယ်သောအခါမှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပေ။

**လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို မသိသူသည် လူ့လောကကြီးကို မိမိအတွက် အသုံးချသည်။ လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို သိသူသည် မိမိကိုယ်ကို လောကအတွက် အသုံးချသည်။**

သာဝတ္ထိမြို့ထဲတွင် တောင်းစားနေရသော မိဘမဲ့ခုနစ်နှစ်သားအရွယ် လောသကတိဿအမည်ရှိ သူငယ်လေးကို ရှင်ပြုပေးပြီး ရဟန္တာဖြစ်သည်အထိ ပြုစုစောင့်ရှောက်ခဲ့သူမှာ ဘုရားရှင်၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ် ကိုယ်တိုင် ဖြစ်သည်။

မိဘတို့ စွန့်ပစ်ခံရသော ဇမ္ဗုလသူဌေးအလောင်း သူငယ်လေးကို သူဌေးကြီးဘဝရောက်သည်အထိ ပြုစုစောင့်ရှောက်ခဲ့သူမှာ အရှင်မဟာကဿပမထေရ် ကိုယ်တိုင် ဖြစ်သည်။

စိတ္တဇဝေဒနာ စွဲကပ်ကာ ကိုယ်လုံးတီးဖြင့် လျှောက်သွားနေသော အခြေအနေမဲ့ မပဋာစာရာကို ရဟန်းမ,ဝတ်ပေးပြီး ရဟန္တာဖြစ်သည်အထိ ပြုစုစောင့်ရှောက်ခဲ့သူမှာ ဘုရားရှင် ကိုယ်တိုင် ဖြစ်သည်။

ဤအချက်တို့ကိုထောက်၍ မိဘမဲ့ကလေးတို့ကို စောင့်ရှောက်ခြင်း၊ အခြေအနေမဲ့ ဆင်းရဲသားတို့ကို ကူညီခြင်းတို့သည် ယခုခေတ်မှ ပေါ်သော အထူးအဆန်းလုပ်ငန်း မဟုတ်။ ဘုရားရှင်နှင့် ရဟန္တာတို့၏ ကာယကံ မေတ္တာနှင့် ကာယကံ ကရုဏာကို ညွှန်ပြရာ လုပ်ငန်းဟောင်း၊ ကျင့်စဉ်ဟောင်းသာ ဖြစ်သည်။

လူဖြစ်ခြင်း၏ အဓိကရည်ရွယ်ချက်ကို
မသိသော ပညာမဲ့သည်
လူ့ဘဝကို ကာမဂုဏ်ခံစားဖို့အတွက် အသုံးချ၍
အပါယ်လေးပါးသို့ သွားသည်။

လူဖြစ်ခြင်း၏ အဓိကရည်ရွယ်ချက်ကို
သိသော ပညာရှိသည်
လူ့ဘဝကို ကုသိုလ်ရဖို့အတွက် အသုံးချ၍
နိဗ္ဗာန်သို့ သွားသည်။

**မေတ္တာရှင် (ရွှေပြည်သာ)**
(၃. ၈. ၂၀၀၈) နေ့တွင် စတင်ရေးသား၍
(၁၆. ၉. ၂၀၀၉) နေ့၊ မွန်ပြည်နယ်၊
သထုံမြို့နယ်၊ ကျိုက်ကော်၊ သိမ်ဆိပ်ရွာ၊
ပြည့်စုံထွန်း ဆေးမျိုးစုံရောင်းဝယ်ရေး
မိသားစုတို့၏ နေအိမ်တွင်
ရေးသားပြီးစီးသည်။